www.burmeseclassic.com

နေဝန်းသစ်စာပေ

# ဒေါင်းနဂါးပဝါ

ဒုတိယပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

BURMESE CLASSIC

...ဒတ်....

လောကကြီးသည် ဖြူစင်မှုရှိသည်။

လောဘ၊ ဒေါသ မောဟတရားများသည် အရောင်အသွေးများ ဖြစ်ကြသည်။

သစ္စာ တရားသည် တိုးတက်စေခြင်းဖြင့် လည်းကောင်း၊ ...ကျက်စီးစေခြင်းဖြင့် လည်းကောင်း ဒဏ်ခတ်တတ်ပေသည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပျော်ပျော် စားသောက်ဆိုင်...

ဆိုင်အပေါ်ထပ်၌ လူရှင်းနေ၏။

ဆိုင်လုလင်တစ်ယောက်သည် ယန်ခွမ်းတို့ သုံးယောက်အား အလွန် ရိုသေကိုင်းရှိုင်းစွာဖြင့် ဖိတ်ခေါ်လာခဲ့လေသည်။

အပေါ်ထပ်တွင် လူတစ်ရာခန့် ထိုင်နိုင်နက် စားသောက်နိုင်အောင် ကျယ်ဝန်းပေသည်။

သို့သော် ယခုအချိန်တွင် စားပွဲတစ်လုံးသာ ခင်းကျင်းထား ပြီး စားသောက်မည့်သူ တစ်ယောက်တည်း ရှိနေ၏။

ထိုလူမှာ ဘော့ဇ်ဘီလူးမုအိ ဖြစ်လေသည်။ မုအိသည် ကြိုတင် ရောက်ရှိလျက် ယန်ခွမ်းတို့အား စောင့်ဆိုင်းနေခြင်း ဖြစ်ပေ သည်။

အပေါ်ထပ်သို့ရောက်သည်နှင့် ဆိုင်လုလင်က...

'အစ်ကိုလေးတို့နှစ်ယောက် ဒီမှာနေခဲ့ကြပါခင်ဗျာ'

မိန်းမသေးတို့နှင့် ချူးရှာတို့အား ရိုကျိုးစွာဖြင့် တားမြစ် လေသည်။ မိန်းမသေးတို့က ယန်ခွမ်းအား ကြည့်လိုက်ကြ၏။

ယန်ခွမ်း ခေါင်းညိတ်ပြလိုက်လေသည်။

ထိုအခါမှ မိန်းမသေးတို့နှင့် ချူးရှာတို့ နောက်ဆုတ်လိုက်ကြ လေသည်။

ဆိုင်လုလင်က...

'အစ်ကိုလေးတ ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

ယန်ခွမ်းအား ဖိတ်ခေါ်သွားပြီး မုအိနှင့် မျက်နှာချင်းဆိုင် နေရာချပေးလေသည်။ ယန်ခွမ်း ရောက်လာသည်ကို မြင်လျှင် မုအိ၏မျက်နှာ ပြုံးရွှင်သွားသည်။



'မိတ်ဆွေလေး လာမှလာပါ့မလားလို့ ကျုပ်ဖြင့် စိတ်ပူ လိုက်ရတာဗျာ၊ မိတ်ဆွေလေးကိုတွေ့မှပဲ စိတ်အေးရတော့တယ်'

ဟု ဝမ်းသာအားရ ပြောလာလေသည်။

ယန်ခွမ်းက မုအိနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်၏။ စားပွဲ ပေါ်၌ ဟင်းလျာ အမျိုးပေါင်းသုံးဆယ်ခန့်နှင့် အကောင်းစား အရက်တစ်အိုး ရှိနေပါ၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်သောအခါ ကွာခြားမှု သိသာထင်ရှားလာ၏။

ယန်ခွမ်းသည် ယခုနှစ်အတွင်း ခန္ဓာကိုယ် ထွားကျိုင်း သန်မာသော ယောကျ်ားပျိုတစ်ယောက်ဖြစ်လာသည့်တိုင် မုအိ နှင့်ယှဉ်လိုက်သောအခါ ကလေးငယ်တစ်ယောက်ကဲ့သို့ဖြစ်သွား ရပေသည်။

အမှန်ဆိုလျှင်လည်း ယန်ခွမ်းသည် မုအိ၏ 'တူ' အရွယ်သာ ရှိသေးသည် မဟုတ်ပါလား။

မုအိ၏မျက်နှာ သကာလုံးထားသော်လည်း သူ၏ အတွင်း အဇ္ဈတ္တသဏ္ဌာန်မှာ ခါးသီး ရှုံ့ရှာဖွယ် ကောင်းလှကြောင်း ယန်ခွမ်း နားလည်ထားပြီး ဖြစ်၏။

မုအိသည် သူ့အား အဆိပ်ခတ်ထားသည့်အရက်ဖြင့် အဆုံး စီရင်ပစ်ရန် စီစဉ်ထားမှန်းလည်း သိရှိထားပြီး ဖြစ်ပေတော့ သည်။

မုအိက...

'မိတ်ဆွေလေးအတွက်သတင်းကောင်းပါရှိဦးမယ်၊ ကျုပ်တို့ ဆီကိုရောက်လာတဲ့ 'တရားခံယန်ချမ်း' ဟာ ရွှေ့ ခရီးဆက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



မကြာသေးခင်ကပဲ ထွက်သွားပြီ၊ သူ့အနေနဲ့ ကျုပ်တို့မြို့မှာ ဘယ်လိုအကြောင်းကိစ္စမှ မရှိဘူးဆိုတာ သေချာသွားတာပေါ့'

ဟု ပြောလေသည်။

တရုတ်ခေါင်းယန်ချင်း၏အမည်ကြားလျှင် ဒုစရိုက်သမားများ စိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့သွားတတ်ကြပေသည်။

ထိုအကြောင်းကို ယန်ခွမ်း သိရသည်မှာ မကြာသေးချေ။ တရုတ်ခေါင်းယန်ချင်းသည် လောက်ချန်းမြို့မှ ဒုစရိုက်သမားများအား နှိမ်နင်းမည်ဆိုပါက သူလည်း လွတ်မည်မဟုတ်ပါ။

တရုတ်ခေါင်းယန်ချင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရလိမ့်မည် ဖြစ်ပေသည်။

'သူဟာ ကျုပ်တို့လိုလူစားတွေအတွက် တကယ့် အန္တရာယ်ရှိတဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် ကျုပ်က ထိပ်တိုက်ရင်မဆိုင်ဘဲ ရှောင်မယ်လို့ ဆုံးဖြတ်ထားတယ်၊ ဟဲ....ဟဲ.... လေ့ကုန်းဆိုရင် တရုတ်ခေါင်းဆိုတဲ့ နာမည်ကြားတာနဲ့ ကြောက်ဒူးတုန်နေတော့တာပဲ၊ မိတ်ဆွေရလေးက သူ့ကို သဘောကျနိုင်ပါ့မလား'

တု ပြောလာလေသည်။

ယန်ခွမ်းက ပြုံးခြင်းရယ်ခြင်းမရှိ မျက်နှာထားတည်တည်ဖြင့်....

'ကျုပ်က ကြောက်တတ်တဲ့လူတွေကိုကော ကောက်ကျစ်တဲ့လူတွေကိုပါ မုန်းတယ်ဗျ'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

မုအိ သဘောကျစွာ ရယ်မောလိုက်၏။



'ဒါကြောင့်လဲ မိတ်ဆွေလေးကို ခေါင်းမာတဲ့နဂါး၊ အကြောက်ကင်းတဲ့နဂါးလို့ ခေါ်နေကြတာကိုး၊ ကျုပ်တော့ သိပ်ကိုသဘောကျသွားပြီ၊ ကျုပ်တို့နှစ်ယောက်သာ လက်တွဲလိုက်မယ်ဆိုရင် ဘယ်သူမှ အနှောင့်အယှက်ပေးဝံ့တော့မှာ မဟုတ်ဘူး၊ လောက်ချန်းမြို့ကို တစ်ယောက်တစ်ဝက်စီ ယူကြတာပေါ့'

ယန်ခွမ်းက....

'မြောက်ပိုင်းကလေ့ကုန်းကို ဘယ်လိုလုပ်သိမလဲ'

ဟု မသိချင်ဟန်ဖြင့်ဆောင်ကာ မေးလိုက်လေသည်။

မုအိက....

'လေ့ကုန်းက မိတ်ဆွေလေးကို သဘောကျတာ မဟုတ်ဘူး၊ ကိစ္စမရှိပါဘူးလေ သူ့ကို ကျုပ်ပဲ တာဝန်ယူလိုက်ပါ့မယ်၊ မိတ်ဆွေလေးက အရှေ့နဲ့အနောက် ကျုပ်က တောင်နဲ့မြောက် ပေါ့ ဘယ့်နှယ်လဲ'

ယခုမှ ယန်ခွမ်းပြုံးလိုက်သည်။

'အရှေ့နဲ့အနောက်ဆိုတော့ ဖြောင့်ဖြောင့်ကြီး ဆန့်ထွက်နေတာပဲ သိပ်တော့မဟန်ဘူးဗျ'

'ဘာလဲ၊ ကျုပ်ရဲ့ပိုင်နက်နဲ့ အနီးကပ် လုပ်ချင်နေရလို့လား'

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'နယ်မြေနဲ့ပတ်သက်ပြီး ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းသာပြောစမ်းပါ၊ ကိုယ့်အချင်းချင်းတွေပဲ ဘာမှအားနာနေစရာမလိုပါဘူး မိတ်ဆွေလေးရဲ့'

'အင်း...ခင်ဗျားက လမ်းမှင့်ဖွင့်ပေးတော့လဲ ကျုပ်ပြောချင်တာလေးတစ်ခုကို ပြောရဦးမယ်'

'ပြောပါ...ပြောပါ'

'ကျုပ်စိတ်ထဲမှာ အရှေ့နဲ့အနောက်နယ်မြေဟာ ဆန့်ကျင်ဘက်ဖြစ်နေတော့...'

'ဘာလဲ၊ နယ်မြေချင်းဖလှယ်ချင်တဲ့သဘောလား မိတ်ဆွေလေး'

မုအိက ကြားဖြတ်မေးသည်။

ယန်ခွမ်း ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ပါဘူးဗျာ'

'ဒါဖြင့်...'

'ကျုပ်အတွက်အသင့်ပြေသွားအောင် ခင်ဗျားဆီက မြောက်ပိုင်းနယ်မြေကိုယူရင် ကောင်းမလားလို့ပါ၊ လောကန်းရဲ့လူတွေက ကျုပ်ကိုချောင်းမြှော်နေတယ်လို့ သတင်းတွေလဲ ထွက်နေတယ်မဟုတ်လား'

မုအိ မျက်နှာကွက်ခနဲပျက်သွားလေသည်။

'မိတ်ဆွေလေးက ကျုပ်ရဲ့ခင်မင်ရင်းနှီးမှုကို စော်ကားလိုက်တာပဲဗျ'



ဟုလည်း မအောင့်အည်းနိုင်ဘဲ လွှတ်ခနဲပြောလိုက်၏။

ယန်ခွမ်းက...

'ကျုပ်က ခင်ဗျားပိုင်နက်ကို မျက်စောင်းထိုးတာမှ မဟုတ်တာဗျာ၊ ခင်ဗျားအတွက် ထိခိုက်နစ်နာစရာအကြောင်း မရှိပါဘူး'

မုအိ သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ မိတ်ဆွေလေးသဘောပဲ၊ လောကန်းကိုဖယ်ရှားပစ်နိုင်တယ်ဆိုရင်တော့ မြောက်ဘက်ကိုရမှာပဲ၊ ကဲ...ကဲ အရက်သောက်လိုက်ပါဦး၊ စားရင်းသောက်ရင်း စကားပြောကြတာပေါ့'

ပြောပြောဆိုဆို ယန်ခွမ်းအတွက် အရက်တစ်ခွက် ငှဲ့ပေးလိုက်လေသည်။

ယန်ခွမ်းသည် ဒုစရိုက်သမားတို့၏ ခေါင်းဆောင်တစ်ယောက် ဖြစ်လာခဲ့သော်လည်း မုအိတိုက်သော အရက်ခွက်အဆိပ်ခတ်ထားမှန်းလည်း သိရှိထား၏။

သို့သော် သူက ခြင်းဆန်ခြင်းမပြုဘဲ

'မြောက်ဘက်ပိုင်းအတွက်'

ဟု ရည်စူး၍ပြောကာ အရက်ကိုတစ်ရှိန်ထိုး မော့ချပစ်လိုက်သသည်။ မုအိ၏မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာလေသည်။

ယန်ခွမ်းသည် သူ၏လက်ခုပ်ထဲမှရေ ဖြစ်သွားပြီဟု ထင်ချင်မိသည် မဟုတ်ပါလော။

www.burmeseclassic.com



'မိတ်ဆွေလေးက အရှေ့ကော အနောက်ကော ရထားတဲ့ အပြင် မြောက်ဘက်ကိုပါ လိုချင်တယ်ဆိုတော့ လောဘကြီး လွန်းတာပေါ့ဗျာ'

ဟု ပြောလေသည်။

ယန်ခွမ်းက....

'အမှန်အတိုင်းပြောရရင် မြောက်ဘက်ကော၊ တောင်ဘက် ကော အားလုံး ကျုပ်က လိုချင်တာဗျ'

'ဩြော်.... မိတ်ဆွေလေးက လောက်ချန်း တစ်မြို့လုံးကို တစ်ယောက်တည်း အပိုင်စီးချင်တဲ့သဘောပေါ့'

'သေချာတာပေါ့ဗျာ၊ လောက်ချန်းမြို့မှာ ခြေကုပ်ယူပြီး အနီးပတ်ဝန်းကျင်မြို့ရွာတွေကို လွှမ်းမိုးနိုင်အောင် ကြိုးစား မယ်၊ ဒီလိုကနေ တစ်ဆင့်ပြီးတစ်ဆင့်တက်လို့ ပြည်မကြီးတစ်ခု လုံးကို လက်ဝါးကြီးအုပ်ဖို့ကြိုးစားရမှာပဲ'

မုအိ ခေါင်းခါယမ်းလိုက်လေသည်။

'မိတ်ဆွေလေးဟာ ယယ်ယယ် ရှယ်ရှယ်နဲ့ ရည်ရွယ်ချက် ကြီးမားတာကို ချီးကျူးပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ် တစ်ယောက်လုံး ရှိနေသေးတယ်ဆိုတာကို သတိမထားမိတာ အံ့ပါရဲ့'

'စိတ်ချ၊ ကျုပ်က ခစ်ဗျားကို ထည့်တွက်ပြီးသားပါ၊ ခင်ဗျားရဲ့တောင်ဘက်ကို ကျုပ်လက်အောက် ထည့်သွင်းပေးပြီး ဒီမြို့က ခင်ဗျားထွက်သွားလိမ့်မယ်၊ ကျုပ်ပြောတာ မှန်တယ် မဟုတ်လား'



မုအိ ဒေါသကိုမထိန်းနိုင်တော့ဘဲ စားပွဲကို လက်ဝါးဖြင့် [illegible]နှင့်ခနဲမြည်အောင် ရိုက်ချပစ်လိုက်လေသည်။

'မင်းဟာ မနေ့တစ်နေ့ကမှ ဒီမြို့ကိုရောက်လာပြီး လက်ဝါး ကြီးအုပ်ဖို့ ကြိုးစားတာကို ကျုပ်ကလက်ပိုက်ကြည့်နေရမှာလား၊ နဂါးလေး မင်းသောက်လိုက်တဲ့အရက်ထဲမှာ အဆိပ်ခပ်ထား တယ်ဆိုတာ မင်းသိရဲ့လား'

ဟုလည်း အော်ပြောလိုက်လေသည်။

ယန်ခွမ်း မျက်မှောင်ကြုတ်ကာ....

'ဒီနေရာဟာ အေးချမ်းတဲ့နေရာ မဟုတ်လား၊ ခင်ဗျားက ဘာကြောင့် အကောက်ကြံချင်ရတာလဲဗျ'

'တွ....အေးချမ်းတဲ့ နေရာဆိုတာ ဘယ်မှာရှိသလဲ ငါ့ကို ပြောပြစမ်းပါ၊ ငါက ဒါတွေ နားမလည်ဘူး၊ ငါ့အတွက် [illegible]ညောင့်ခလုတ်မှန်သမျှ အားလုံးရှင်းပစ်ရမှာပဲ၊ အခုကော [illegible]. ဘာတတ်နိုင်သေးသလဲ'

'ကျုပ်...'

ယန်ခွမ်း စကားဆုံးအောင် မပြောနိုင်ပါ။

ရုတ်တရက် ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး စားပွဲပေါ် မှောက်လျက် လဲကျသွားလေတော့သည်။

'ဝုန်း'

'ခွမ်း....ခွမ်း....ခွမ်း'

ပန်းကန်များ ကြမ်းပြင်ပေါ် ပြုတ်ကျကာ ကွဲကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်း၌ရှိနေကြသည့် မီးသွေးတုံးနှင့် ချုံးရှာတို့သည် ယန်ခွမ်း၏အဖြစ်အပျက်ကို တွေ့မြင်ကြရသော်လည်း တုပ်တုပ်မျှ မလှုပ်ဘဲရပ်ကြည့်နေကြပါသည်။

'ဟာ... ဟား...ဟား'

မုအိ သဘောကျစွာ ရယ်မောလိုက်လေသည်။

'ခုတော့ မင်း ဘာတတ်နိုင်သေးသလဲ။ လောက်ချန်းမြို့မှာ မင်းမနိုင်မယ့်လူဟာ မင်းလာ။ ငါ့လား ပြောစမ်းပါဦးကွ'

ပြောပြောဆိုဆို ယန်ခွမ်း၏ဆံပင်ကို ဆောင့်ဆွဲလိုက်လေသည်။ ယန်ခွမ်း ဇက်ကျိုးကျသလိုရှိနေရာမှ ခေါင်းထောင်လာပါ၏။

မုအိက ယန်ခွမ်း၏မျက်နှာကို စိုက်ကြည့်ရင်း...

'ငါ့ မေးတာ ဖြေစမ်းပါဦးကွ'

ဟု လှောင်ပြောင်လိုက်လေသည်။

ယန်ခွမ်းက မဖြေပါ။

သို့သော် သူ၏မျက်လုံးအစုံသည် မုအိအား စိုက်ကြည့်နေ၏။ မုအိ ကြောင်အမ်းအမ်း ဖြစ်သွား၏။

မျက်လုံးချင်းဆုံမိသည်နှင့် ယန်ခွမ်း၏မျက်လုံးများသက်ဝင်လှုပ်ရှားနေကြောင်း သတိပြုမိလိုက်သည် မဟုတ်ပါလား။

'ဟင်...မင်း...မင်း...'

ယန်ခွမ်း၏မျက်နှာ ပြုံးယောင်သန်းလာသည်။

'လောက်ချန်းမြို့ရဲ့ အတော်ဆုံးသမားတော်ကြီး ဝမ်းယိုဟာ အရှေ့ပိုင်းမှာနေတာဘဲ။ အဆိပ်ကြိုတင်ကာကွယ်နိုင်တဲ့ ဆေးကို သူက ဖော်စပ်တတ်တယ်'



ဟု ပြောလာလေသည်။

မုအိသည် ထိတ်လန့်... ယန်ခွမ်း၏ဆံပင်ကို လက်လွှတ်ကာ နောက်သို့ဆုတ်ရန် ...လိုက်လေသည်။

ထိုအချိန်မှာပင် ယန်... ၏လက်တစ်ဖက် အပေါ် မြောက်တက်လာ၏။ အလင်းရောင်... ဝင်းလက်သွားပြီးဓားမြှောင်တစ်ချောင်းသည် မုအိ၏ရင်၌ စိုက်ဝင်သွားလေသည်။

'အင့်...'

မုအိ မသဲမကွဲ ညည်းညူလိုက်၏။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်သွားပြီး...

'ဝုန်း...'

ကြမ်းပြင်ပေါ် ဖုံအိတ်ကြီးတလုံး ပစ်ချလိုက်သကဲ့သို့ ခွေပစ်ကာ လဲကျသွား၏။ ထိုအချိန်မှာပင် ယန်ခွမ်းက ထရပ်လာလေတော့သည်။

...ဝ...

www.burmeseclassic.com

www.burmeseclassic.com



လောက်ချန်းမြို့သည် အစဉ်သဖြင့် စည်ကား သိုက်မြိုက်နေသည့် မြို့ကြီးတစ်မြို့ ဖြစ်ပေသည်။

အိုတ်အုတ်ကျက်ကျက် စည် [illegible] ည်နှင့်အမျှ လူရှုပ်လူပွေ လူလိမ်လူကောက် ပေါများလှ [illegible]

ဒုစရိုက်မှု ကျူးလွန်ရန် အခွင့်အရေး စောင့်နေသူများကို နေရာတိုင်း၌ တွေ့ရှိနိုင်ပေသည်။

နေ့စဉ်နှင့်အမျှ ဒုစရိုက်မှုများ ဖြစ်ပွားလေ့ ရှိ၏။

ဆိုသော် ယခုနှစ်အတွင်း ဒုစရိုက်မှုများ သိသိသာသာကြီး လျော့နည်းသွားလေသည်။

လမ်းပေါ်၌ ခိုးဆိုးလုယက်သူများလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွား၏။

ထိုအဖြစ်အပျက်ကို မြို့သူမြို့သားများသာမက မြို့တော်ဝန်ပါ သတိပြုခဲ့မိလေသည်။ ဒုစရိုက်မှု အသေးအဖွဲ့ ကျူးလွန်ခြင်းသည်ပင် ရာဇဝတ်မှု မြောက်ပေသည်။

ထို့ကြောင့် ကြီးမားသော ရာဇဝတ်မှုခင်းများ ဖြစ်ပေါ်လာခြင်း မရှိစေရန် မြို့တော်ဝန်နှင့် ဥပဒေဘက်တော်သားများက ကြိုးပမ်းကြ၊ ကြိုတင်ကာကွယ်ကြဖြင့် အလုပ်များနေသဖြင့် လမ်းပေါ်မှ မှုခင်းအသေးအဖွဲ့များကို တစ်ခါတစ်ရံ မျက်ခြည်ပြတ်ခဲ့ရပေသည်။

ယခုတော့ တစ်မြို့လုံး အေးချမ်း ငြိမ်သက်နေသည် ဖြစ်ရာ လူတိုင်းလိုလို စိတ်ချမ်းမြေ့ ပျော်ရွှင်နေကြလေတော့သည်။



ဒုစရိုက်မှုများ လျော့ပါးသွားရသည့် အစိက အကြောင်းရင်းမှာ ယန်ခွမ်း၊ ချူးရှာနှင့် မီးသေးတာ်တို့၏ လက်ချက် ဖြစ်ကြောင်း မည်သူကမျှ သိနိုင်ကြလိမ့်မည် မဟုတ်ပါချေ။

ယန်ခွမ်းသည် လောက်ချန်းမြို့တွင် ပြိုင်ဘက် မရှိသည့် ခေါင်းဆောင်ဖြစ်လာခဲ့၏။ သူ၏ အသက် ဆယ်ခြောက်နှစ်အရွယ်၌ မြေအောက်ရာဇာတစ်ယောက်အဖြစ်ကို ရောက်ရှိလာခြင်း ဖြစ်ပေသည်။

ယခင်က အထင်အမြင်သေးခဲ့သည့် ဒုစရိုက်သမားများပင် သူ့ကို ရိုကျိုးလာကြသည်။ လေးစားလာကြပေသည်။

လောက်ချန်းမြို့မှ ဒုစရိုက်လောကသားတိုင်းသည် ယန်ခွမ်း၏ အမိန့်ကို တိတိကျကျ လိုက်နာလာရလေသည်။

'မည်သည့် ကိစ္စတွင်မဆို ယန်ခွမ်း ပြောလျှင် ပြောသည့်အတိုင်း ဖြစ်လိမ့်မည်'

ဟူ၍လည်း ဒုစရိုက်သမားများကြား၌ ပြောစမှတ် ဖြစ်လာ၏။ အာခံရန် မည်သူမျှ မကြိုးစားရဲကြချေ။

ထို့အပြင် ဝူးတာ၊ ကျားကြီး၊ လေ့ကုန်းနှင့် မုအိုတို့ မင်းမူထမ်းစဉ် အချိန်က ငယ်သားများ ဒုက္ခသုက္ခနှင့် အမြဲ ကြုံတွေ့နေခဲ့ရသော်လည်း ယန်ခွမ်း ခေါင်းဆောင် ဖြစ်လာသောအခါ ငယ်သားများ အကျိုးခံစားခွင့်များ ရှိစေရန် ဆောင်ရွက်ပေးသဖြင့် ဝမ်းသာကြ၊ ကျေးဇူးတင်ကြလေသည်။

လောက်ချန်းမြို့မှ ဒုစရိုက်သမားအားလုံး ယန်ခွမ်း၏ သစ္စာခံများ ဖြစ်လာကြသည်မှာ မဆန်းတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ယန့်ခွမ်းသည် မုအိအား ဖယ်ရှားပြီးသည်နှင့် ချူးရှာ၏ အကြံအစည်ကို စတင် အကောင်အထည်ဖော်ခဲ့လေသည်။

ထို့ကြောင့်လည်း လူသိထင်ရှား ဒုစရိုက်မှုများ ပပျောက်သွားရခြင်း ဖြစ်၏။ သို့သော် လူမသိနိုင်သည့် ဒုစရိုက်မှုများ တိုး၍ ဖြစ်ပေါ်လာ၏။

ယန့်ခွမ်း တည်ထောင်လိုက်သည့် ဒေါင်းနဂါးဂိုဏ်းသည် လူကောင်းများအပေါ် အန္တရာယ် မပြုဘဲ လူယုတ်မာများ ဒုစရိုက်သမားများဘက်သို့ မြားဦးလှည့်ထားလေတော့သည်။

ယမာဆိုရလျှင်...

...စ...

စန်းတုံး အကြီးအကျယ် စိတ်ညစ်နေပါသည်။

သူအညည်သိ ဖြစ်နေသည့် စားပွဲဆီသို့ လှမ်းကြည့်လိုက်၏။

လူသန်ကြီးတစ်ယောက်သည် အရက် အလွန်အကျွံသောက်ကာ မူးယစ်နေပြီး မဖွယ်မရာ စကားများ လူကြားမကောင်းအောင် ပြောနေကြောင်း တွေ့ရလေသည်။



ထိုလူသန်ကြီးအား ယခုမှ တွေ့ရသည်မဟုတ်ဘဲ ညနေပိုင်း အချိန်ရောက်တိုင်း တွေ့ရခြင်း ဖြစ်သည်။

လူသန်ကြီးသည် ဆိုင်ထဲ၌ ထင်သလို သောက်စား မူးယစ်ပြီး နောက် ပိုက်ဆံ တစ်ပြားတစ်ချပ်မျှ မပေးဘဲ ထွက်သွားလေ့ ရှိသည်။

တစ်ကြိမ်တွင် ပိုက်ဆံတောင်းမိသောဆိုင်လုလင်တစ်ယောက်မှာ လူသန်ကြီး၏ လက်သီးစာ မိခဲ့လေသည်။

ထို့နောက်ပိုင်း၌ ကျသင့်ငွေတောင်းရန် မည်သူမျှမစဉ်းစား ကြတော့သကဲ့သို့ ဆိုင်ရှင်ဖြစ်သော စန်းတုံးကလည်း လျစ်လျူရှုထားရပေတော့သည်။

ထိုလူသန်ကြီးထံမှ ငွေမရခြင်းကြောင့် စန်းတုံး စိတ်ပျက်ရသည်က နည်းပေသည်။

ထိုလူသန်ကြီး၏ ရမ်းကားမှုကြောင့် အခြားသော စားသောက်သူများအား အနှောင့်အယှက် ဖြစ်ရခြင်းအတွက် စိတ်ညစ်ရခြင်းက ခပ်များများ ဖြစ်လေသည်။

သူ၏ ဆိုင်သို့ လာနေကြ ဖောက်သည်များ တဖြည်းဖြည်း လျော့လာပြီ ဖြစ်သည်။

'ကြာရင် ဆိုင်ပိတ်လိုက်ရတော့မှာပဲ'

စန်းတုံးမှာ မအောင့်အည်းနိုင်ဘဲ လွတ်ခနဲ ညည်းညူလိုက်လေသည်။ ထိုစဉ်....

www.burmeseclassic.com

www.burmeseclassic.com



‘ဘာဖြစ်လို့များ ဒီလောက်တောင် ညည်းညူနေရတာ
လဲဗျာ’

စကားသံနှင့် အတူ လူတစ်ယောက် လှမ်းလာနေသည်ကို
တွေ့မြင်ရ၏။ စန်းကုံးက လူသန်ကြီးအား မေးငေါ့ပြရင်း....

‘ဘယ်သူရှိမလဲ၊ ဟိုမှာ ဆူဆူညံညံ လုပ်နေတာ မတွေ့ဘူး
လား၊ သူ့ကြောင့် ကျုပ်ဆိုင်က ဖောက်သည်တွေ စိတ်ပျက်ပြီး
တခြားဆိုင် ပြောင်းကုန်ကြပြီဗျ၊ နောက်ဆို တစ်ယောက်မှ လာ
ကြတော့မှာ မဟုတ်ဘူး’

ဟု ပြောလိုက်လေသည်။

သူ၏ရှေ့သို့ ရောက်လာသည့် လူရွယ်က....

‘သူ့ကို နောက်မလာရဲအောင် မောင်းထုတ်ပစ်လိုက်ပေါ့
ဗျ၊ သူမလာတော့ဘူးဆိုရင် ခင်ဗျား၏ ဖောက်သည်တွေ ပြန်လာ
ကြမှာပဲပေါ့’

‘အမယ်လေး...မောင်းထုတ်ဖို့ဆိုတဲ့ စကား မပြောစမ်းပါနဲ့
ဗျာ၊ ကြားသွားလို့ ကျုပ်လည်ပင်း လာညှစ်နေပါဦးမယ်’

‘ဟား...ဟား...ဟား...ဒီလောက်တောင်ပဲလားဗျာ’

လူရွယ် ရယ်မောလိုက်သည်။

စန်းတုံးက ...

‘သိပ်ဆိုးတဲ့လူဗျ၊ တနင့်တပိုးစားပြီး ပိုက်ဆံလဲ ဘယ်တော့
မှ မပေးဘူး၊ သူ့ကို ဆုံးမနိုင်မယ့်လူရှိရင် ထိုင်ပြီးရှိခိုးကန်တော့
လိုက်ချင်ပါရဲ့ဗျာ’



လူရွယ်က လက်ကာပြလိုက်သည်။

‘ဒီလောက်တောင် မလိုပါဘူးဗျာ၊ ခင်ဗျားကိုကူညီနိုင်တဲ့
သူတွေ ရှိပါသေးတယ်ဗျ’

‘ဘာ...ဘယ်လို’

‘ခင်ဗျားက ဒေါင်းနဂါးဂိုဏ်းအကြောင်း မကြားဖူးဘူး
ထင်တယ်’

ဆိုင်ရှင်စန်းတုံး ခေါင်းခါယမ်းလိုက်သည်။

‘ဘယ်က ဒေါင်းနဂါးဂိုဏ်းလဲ၊ ကျုပ် တစ်ခါမှမကြားဖူး
ပါလားဗျ’

‘အခု ကြားဖူးပြီမဟုတ်လား’

‘နေစမ်းပါဦး၊ သူတို့က ကျုပ်ကို ဘယ်လိုများ ကူညီနိုင်မှာ
မို့လဲ’

‘ဟိုလူ ခင်ဗျားဆိုင်မှာ လာပြီးမနှောင့်ယှက်ရဲအောင် ဆုံးမ
နိုင်တယ်လေ’

ဆိုင်ရှင်စန်းတုံး ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

‘တကယ်လားဗျ’

‘နေဦး၊ သူ့အကြောင်း ကျုပ်က မြို့တော်ဝန်ဆီ သွားတိုင်
ခဲ့တယ်၊ မြို့တော်ဝန်က ဖမ်းချုပ်ထားလိုက်သေးတယ် ဒါပေ
မယ့် ဒီလူက ပြန်လွှတ်ပေးလိုက်တာနဲ့ ကျုပ်ဆိုင်ကို လာပြီး
ဒီ့ထက်ဆိုး သောင်းကျန်း တော့တာပဲ၊ ကျုပ်ဘာ ထပ်မတိုင်ရဲ
တော့ဘဲ ငြိမ်ခံနေရတာ၊ ခင်ဗျားတို့က ဆုံးမနိုင်ဘယ်၊ အာမခံ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူက မကျေနပ်လို့ ကျုပ်ကိုရန်ရှာရင် ဘယ်လိုလုပ်မလဲ’

လူရှယ်က....

‘ဒီအတွက် စိတ်ချ၊ သူတစ်ခါရမ်းကားရင် တစ်ခါဆုံးမမယ်၊ နှစ်ခါရမ်းကားရင် နှစ်ခါဆုံးမမယ်’

‘ဒါဆို သူလာပြီးမရမ်းကားရဲအောင် ကျုပ်ဆိုင်ကို ကာကွယ်စောင့်ရှောက်ပေးမယ် ဆိုပါတော့’

‘ဟုတ်တယ်’

‘ဝမ်းသာလိုက်တာဗျာ၊ ဒါထက် တကယ်ကော ဆုံးမနိုင်ပါ့မလားဗျာ’

လူရှယ် ရယ်မောလိုက်၏။

‘တကယ်ပါဗျ၊ သူ့ကိုဆုံးမပေးမယ်၊ ခင်ဗျားဆိုင်ကို သူမှမဟုတ်ဘူး၊ တခြား ဘယ်သူမှ လာပြီး မနှောင့်ယှက်ရဲအောင် ကာကွယ်ပေးမယ်၊ ခင်ဗျားဘက်က ဘယ်လို ကျေးဇူးတုန့်ပြန်မလဲ’

ဆိုင်ရှင် စန်းတုံးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ....

‘ဟာ....အနှောင့်အယှက်မရှိပဲ အေးအေးဆေးဆေး ဆိုင်ဖွင့်ရမယ်ဆိုရင် ကျုပ်က ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ရမှာပေါ့ဗျာ’

ဟု ပြောလေသည်။



လူရှယ်က....

‘ကျုပ်တို့က ခင်ဗျားကိုကူညီလို့ ခင်ဗျားအတွက် တာဝန်ကြီးစေရပါဘူး၊ တစ်လကို ငွေတစ်ရာ ထောက်ပံ့မယ်ဆိုရင် ဆိုင်ကို မွဲတစ်ပေါက် မစွန်းစေရအောင် စောင့်ရှောက်ပေးမှာပါ’

‘ငွေတစ်ရာ ဟုတ်လား၊ ခင်ဗျားတို့သာ စောင့်ရှောက်စမ်းပါ၊ တစ်ရာမဟုတ်ဘူး၊ နှစ်ရာပေးပါ့မယ်’

‘ခင်ဗျား သဘောတူတယ်ပေါ့’

‘တူတယ်၊ ခင်ဗျားဘက်ကသာ ကျိန်းသေရင် ကျုပ်က တစ်နှစ်စာ ငွေကြိုတင်ပေးထားလိုက်ဦးမယ်’

‘ကောင်းပြီ’

လူရှယ်သည် ဆိုင်ရှင် စန်းတုံးရှေ့မှခွာကာ လူသန်ကြီးထံသို့ လျှောက်သွားလေတော့သည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီးသည် အရက်အိုးကို မ,ယူကာ တစ်စက်မကျန် ကုန်အောင် မော့သောက်ပစ်လိုက်၏။

ထို့နောက် အရက်အိုးကို ကြမ်းပြင်ပေါ် ပစ်ပေါက်ခွဲပစ်လိုက်လေသည်။

'ခွမ်း'

အရက်အိုး စိစိညက်ညက် ကွဲကြေသွားသည်နှင့်....

'ဟား....ဟား....ဟား'

လူသန်ကြီး ဟားတိုက်ရယ်မောလိုက်၏။

လူရွှယ်သည် လူသန်ကြီးအနီးသို့ ရောက်သွားပြီဖြစ်လေသည်။

သူ၏မျက်နှာ ပြုံးရွှင်နေသည်။

လူသန်ကြီးကိုကြည့်ရင်း....

'ခင်ဗျား တော်တော်သောက်နိုင်တာပဲဗျ'

ဟု ပြောလေသည်။

လူသန်ကြီး ရယ်မောရင်း....

'ဟဲ....ဟဲ....ငါက နောက်ထပ် အရက် တစ် စည် လောက် သောက်ရမယ်ဆိုရင်လဲ သောက်နိုင်သေးတယ်ကွ'

'နေပါဦး၊ ခင်ဗျားက အရက်တစ်စည်မပြောနဲ့၊ အရက်တစ်အိုးတောင် ဝယ်နိုင်လို့လား'

'ဘာကွ'

လူသန်ကြီးသည် လူရွှယ်ကို မျက်လုံးကြီးပြူးကာ ကြည့်လိုက်ပြီး....



'ဘာပြောတယ်ကွ၊ ပိုက်ဆံ ဟုတ်လား၊ ငါ့မျက်နှာကို သေသေချာချာကြည့်ထား၊ အရက်ကို ဘယ်တော့မှ ပိုက်ဆံပေး မသောက်ဘူး၊ အလကားစားမယ်၊ အလကား သောက်မယ်၊ ကျေနပ်ဘူးလား၊ လာခဲ့စမ်းပါ၊ ငါက ကိုင်ပေါက်ပြီး ဆုံးမလိုက်မယ်'

ဗလအားကိုးဖြင့် မိုက်မဲစွာ ပြောလေသည်။

လူရွှယ် ရယ်မောလိုက်သည်။

'ခင်ဗျားကိုပြောတဲ့လူကို ကိုင်ပေါက်ပစ်မယ်ဆိုတာ တကယ်ပဲလားဗျာ'

'ဘာလဲ မင်းက မယုံလို့လား'

'ခင်ဗျားဗလက ဆိပ်ကမ်းမှာ ထမ်းတာပိုးတာလောက်ပဲ အသုံးဝင်မယ်ထင်တယ်'

'မင်း... မင်း....တောက်....ညကြသေးတာပေါ့ကွာ'

လူသန်ကြီးဒေါသပွသွားပြီး လူရွှယ်၏လက်မောင်းကို ဖျတ်ခနဲ ဖမ်းဆုပ်ကာ ကိုင်ပေါက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် လူရွှယ်၏ လက်တစ်ဖက် လှုပ်ရှားသွား၏။

လူရွှယ်၏လက်သီးမှာ လူသန်ကြီး၏မျက်နှာကို တည့်တည့် ဆော်မတ် ထိုးမိလိုက်၏။

'ခွပ်....'

'အား....'

www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီး စူးရှစွာ အော်ဟစ်လိုက်၏။

လူသန်ကြီးမှာ ကြမ်းပြင်ပေါ် ပက်လက်လန် လဲကျသွားပြီး ယက်ကန်ယက်ကန် ဖြစ်နေ၏။

လူရွယ်က....

'ခင်ဗျားက ဗလသာ ကြီးတယ်၊ ပျော့လှချည်လားဗျာ။ ထစမ်းပါဦး'

ပြောရင်း လူသန်ကြီး၏ အင်္ကျီကော်ပိုးကို ဆွဲကာ ထူလိုက်လေ၏။

လူသန်ကြီးသည် ဒေါသတကြီး ကုန်းရုန်းထလာပြီး....

'ခွေးတိရစ္ဆာန်....မင်းကို ငါ....'

သူ စကားဆုံးအောင် မပြောလိုက်ရပါချေ။

အကြောင်းမှာ လူရွယ်၏ လက်ဆဲ၌ ခုံးမြှောင် တစ်လက် ရောက်ရှိလာပြီး သူ၏ လည်မျိုကို ထောက်ထားလိုက်ခြင်း ဖြစ်လေသည်။

လူသန်ကြီး၏ မျက်နှာ သွေးဆုတ်သွားသလို ဖြူဖပ်ဖြူလျော် ဖြစ်သွားလေတော့သည်။

လူရွယ်က....

'ခင်ဗျားရဲ့ မျက်နှာကို ဒီဆိုင်မှာ ဘယ်တော့မှ မတွေ့ချင်ဘူး။ ကျုပ်ပြောတာ နားလည်ရဲ့လား'



ဟု ငေါက်လိုက်လေသည်။

လူသန်ကြီးသည် လူရွယ်ကို မျက်လုံးပြူး၍ ကြည့်နေရာမှ တကယ်လုပ်မည့်သူဖြစ်ကြောင်း နားလည်သွားရကား ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

လူရွယ်က လူသန်ကြီးအား ဆောင့်တွန်းလိုက်ပြီး....

'ခင်ဗျား သွားတော့'

ဟု ငေါက်လိုက်၏။

လူသန်ကြီးမှာ လူရွယ်အား ရန်ပြုခြင်းမပြုရဲဘဲ တွေတွေကြီး ငေးကြည့်နေ၏။

လူရွယ်က....

'ခင်ဗျား မသွားသေးဘူးလား'

ဟု မေးလိုက်၏။

လူသန်ကြီး ဘာမျှ မပြောဘဲ ကြမ်းပြင်ပေါ်မှ လူးလိမ့်ထကာ ခပ်ကုပ်ကုပ်ကလေး ထွက်သွားလေတော့သည်။

လူရွယ်က ဆိုင်ရှင် စန်းတုံးကို လှမ်းကြည့်လိုက်၏။

ဆိုင်ရှင်က ပါးစပ်အဟောင်းသား ဖြစ်နေ၏။ လူရွယ်က ပြုံးပြလိုက်၏။

ဆိုင်ရှင် စန်းတုံးက အတန်ကြာ ငေးကြည့်နေပြီး ပြန်လည် ပြုံးပြလိုက်၏။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ အားရပါးရ ပြုံးလိုက်ကြပြီးနောက် သဘောတူညီမှုသည် ပို၍ အခွန့်ရှည် ခိုင်မာသွားခဲ့လေတော့သည်။

....ပ....

ဆိပ်ကမ်းတစ်ဝိုက် ကြက်ပျံမကျ စည်ကားနေသည်။

ကုန်စည် တင်ဆောင်လာသည့် လှေကြီးများ ဆိုက်ကပ်လာသည်ဖြစ်ရာ ကုန်သည်များ၊ အလုပ်သမားများ ခြေကျင်းလိမ်နေကြပေတော့သည်။

လောက်ချန်းမြို့၏ ဆိပ်ကမ်းတွင် ငွေအင်အား တောင့်တင်းသည့် ကုန်သည်များက လက်ဝါးကြီး အုပ်ထားကြပေသည်။

အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာသည့် ကုန်သည်များကို ဆိပ်ကမ်းတွင် သိမ်းကြုံးဝယ်ယူကာ မြို့တွင်းရှိ ဈေးအသီးသီး၌ ပြန်လည် ရောင်းချပေသည်။



ဆိပ်ကမ်းတွင် အလုအယက် ဝယ်ယူခြင်း၊ အလုပ်သမားများက အလုပ်ကို လုလုပ်ကြခြင်းကြောင့် မကြာခဏ ပြဿနာဖြစ်တတ်ပေသည်။

ယခုလည်း ရုတ်ရုတ်သဲသဲဖြင့် ပြဿနာတစ်ခုဖြစ်ပေါ်နေလေသည်။ အလုပ်သမားနှစ်ယောက်သည် သစ်သီးများ အပြည့်ထည့်ထားသည့် ခြင်းတောင်းကြီး တစ်ခုအား ထမ်းပိုးသယ်ဆောင်ခဲ့ရင်း ပတ်သက်၍ ကုန်သည် တစ်ယောက်နှင့် အချေအတင်များနေကြခြင်း ဖြစ်ပေသည်။

အရပ်ပုပု ဂင်တိုတို အလုပ်သမားက ကုန်ပစ္စည်းပိုင်ရှင်ကို မကျေမနပ်ဖြင့် ပြောဆိုနေလေသည်။

'ခင်ဗျား စဉ်းစားကြည့်ပါဗျာ၊ သစ်သီးခြင်းတောင်းကြီး တောင်းကို ဆိပ်ကမ်းကနေ ကုန်လှောင်ရုံထဲ အရောက်ထမ်းပိုးပေးခဲ့ ငွေသုံးကျပ်ပေးရတာ ထုံးစံပါ၊ ခင်ဗျားက နှစ်ကျပ်ပဲ ပေးမယ်ဆိုတာ သက်သက်နှိမ်တာပဲဗျ'

ကုန်သည်က....

'ဟေ့–မင်းထမ်းချင်ထမ်း၊ မထမ်းချင်နေ၊ ငါက ငွေနှစ်ကျပ်ပဲပေးနိုင်မယ်၊ မင်းမထမ်းရင် တခြားလူ ထမ်းလိမ့်မယ်'

ဟု ခပ်ပြတ်ပြတ်ပင် ပြောလေသည်။

ပထမအလုပ်သမားသည် ဒုတိယအလုပ်သမားကိုကြည့်ကာ 'မင်းက သက်သက်ဈေးဖျက်တာပဲ၊ ထမ်းရပိုးရတာ ဘယ်လောက် ပင်ပန်းသလဲ၊ လူတိုင်း ငွေသုံးကျပ်ယူနေတာ၊ မင်းက

www.burmeseclassic.com



ဈေးဖျက်ပြီး နှစ်ကျပ်ယူမယ်ဆိုတော့ သူတို့က ပိုပြီး အကြိုက်တွေ့တာပေါ့’

ဟု ပြစ်တင် ပြောဆိုလိုက်လေသည်။

ဤတွင် ဒုတိယအလုပ်သမားက....

‘မင်း မထမ်းချင်နေ၊ ငါ့သဘောနဲ့ ငါထမ်းတာ ဘာဖြစ်သလဲ’

ဟု ဘုဆတ်ဆတ် ပြောလေသည်။

ပထမအလုပ်သမား ဒေါပွသွား၏။

‘မင်းကြောင့် တခြားလူတွေပါ နစ် နာ ကုန် လိမ့် မယ် ကွ၊ သူတို့က တမင် ဈေးနှိမ်ပေးတာကို လက်ခံပြီး လုပ်မယ်ဆိုရင် နောက်ထပ် ဒီထက်နှိမ်ဦးမယ်’

‘ဒါတွေ ငါနားမလည်ဘူး၊ ငါ ပိုက်ဆံရဖို့ပဲ သိတယ်၊ ဘေးဖယ်ကွာ၊ အချိန်ကုန်တယ်၊ အလုပ် လုပ်ရဦးမယ်’

ပြောပြောဆိုဆို သစ်သီးတောင်းကို ထမ်းပို့ရန် ဟန်ပြင်လိုက်လေသည်။ ပထမအလုပ်သမားသည် ဒေါသကို မထိန်းနိုင်တော့ဘဲ....

‘ဘဝတူချင်း မညာတဲ့ကောင် သိကြသေးတာပေါ့ကွာ’

အော်ငေါက်ကာ လက်သီးဖြင့် လှမ်းထိုးလိုက်လေသည်။

ဒုတိယအလုပ်သမားကလည်း....

‘ငါက မင်းကို ကြောက်နေရမှာလား’

ဟု အော်ပြောရင်း ပြန်လည် ခုခံ ထိုးကြိတ်လေသည်။



ရန်ပွဲတစ်ခု ချက်ချင်းပင် ဖြစ်ပေါ်လာလေတော့သည်။

ကုန်သည်သည် နောက်သို့ ဇာပျာကယာဆုတ်ကာ....

‘ငါ့သစ်သီးခြင်းကို ဘယ်သူ ထမ်းပိုးပေးမလဲ၊ ငွေငါးကျပ်ပေးမယ်’

ဟု အော်ပြောလိုက်လေသည်။

ထိုအခါ ခပ်လှမ်းလှမ်း၌ ရပ်ကြည့်နေသည့်အလုပ်သမားများ ဝိုင်းအုံလာကြလေတော့သည်။

သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်နေသည့် အလုပ်သမားနှစ်ယောက်အား မည်သူကမျှ ဂရုမစိုက်ကြချေ။

ကုန်သည်က....

‘မြန်မြန်လုပ်၊ ငွေငါးကျပ်ပေးမယ်’

ဟု အော်ပြောသည်။

အလုပ်သမားများသည် သူထမ်းမည် ငါထမ်းမည်ဟု အလုအယက်ဖြင့် ဝိုင်းလာကြပြီး သစ်သီးခြင်းတောင်းအား ဟိုလူဆွဲ သည်လူဆွဲဖြင့် တစ်ယောက်နှင့်တစ်ယောက် ရန်စောင်လာကြလေတော့သည်။

‘ငါထမ်းမှာကွ’

‘အံမယ်....ငါအရင်လာတာ’

‘ဟေ့–ငွေပိုရမယ်ဆိုလို့ လုမနေနဲ့၊ ငါက ထမ်းပိုးနေကျကွ၊ ငါပဲထမ်းမယ်’

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများအချင်းများနေကြသည်မြင်လျှင် ကုန်သည်မှာ စိတ်မရှည်နိုင်တော့သည့်အသွင်ဖြင့်....

'ကြာတယ်ကွာ၊ မြန်မြန်ပို့ပေးနိုင်တဲ့လူကို ငွေတစ်ဆယ်ပေးမယ်'

ဟု အောင်ပြောလိုက်၏။

အမှန်တော့ သစ်သီးခြင်းတောင်းကို အမြန်ဆုံးသယ်သွားစေလို၍ စိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်ပေသည်။

သို့သော် သူ၏စကားသည် အလုပ်သမားများအား ရန်တိုက်ပေးသကဲ့သို့ ဖြစ်သွားလေတော့သည်။

ဆိပ်ကမ်းတွင် ရန်ပွဲများ ထစ်ချုပြီးတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ထိုသို့ အုတ်အော်သောင်းနင်း ဖြစ်နေချိန်မှာပင်....

'အားလုံးရပ်လိုက်စမ်း'

ကျယ်လောင်မာသော အော်ငေါက်သံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အလုပ်သမားများ ချက်ချင်းပင် ရှဲသွားကြ၏။

လှမ်းကြည့်လိုက်သောအခါ ထွားကျိုင်း သန်မာလှသည့် ခေါင်းတုံးကြီးတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ခေါင်းတုံးကြီးမှာ တင်းမာခက်ထန်သည့် မျက်နှာထားပိုင်ရှင် ဖြစ်လေသည်။



အလုပ်သမားများ အလယ်တွင် ခေါင်းထောက်ကာ ရပ်လိုက်ပြီးလျှင်....

'မင်းတို့ဟာ ဘဝတူချင်း ကူညီရိုင်းပင်းချင်တဲ့စိတ်မရှိဘူး၊ ငွေတစ်ကျပ်တစ်ပြားပိုရတာနဲ့ လုပြီးလုပ်ချင်ကြတယ်၊ ငါကြည့်နေတာကြာပြီ၊ ထုံးစံအတိုင်း ငွေသုံးကျပ်ပေးရတာ ငါသိတယ်၊ တမင်နှိမ်ပြီး နှစ်ကျပ်တည်းပေးတာကို ဘာကြောင့် လုပ်ချစ်ရတာလဲ'

ဟု ပြောလေသည်။

ထိုအခါ ငွေနှစ်ကျပ်ဖြင့် ထမ်းပိုးပေးမည့် အလုပ်သမားမှာ ခေါင်းငုံ့သွားလေသည်။

ခေါင်းတုံးကြီးက ကုန်သည်ကိုစိုက်ကြည့်ရင်း....

'ခင်ဗျားက သုံးကျပ်ပေးသင့်ပါလျက်နဲ့ နှိမ်ပြီး နှစ်ကျပ်တည်းပေးတာ ဘာသဘောလဲ၊ ခင်ဗျားမှာ ကိုယ်ချင်းစာစိတ်မရှိသေးဘူးလား၊ ကောင်းပြီ၊ အလုပ်သမားတွေက ဘယ်လောက်ပေးပေး မထမ်းဘူးဆိုရင် ခင်ဗျားဘယ်လိုလုပ်မလဲ၊ ကိုယ်တိုင်ထမ်းရတဲ့အဖြစ်မျိုး ရောက်ချင်လို့လား'

ဟု ပြောလေသည်။

ကုန်သည်က ကပျာကယာ လက်ကာပြလိုက်သည်။

'ဟာ....ကျုပ်မထမ်းနိုင်ဘူး၊ ဒီလောက်အလေးကြီး ကျုပ်က ဘယ်လိုလုပ်နိုင်မှာလဲ'

ခေါင်းတုံးကြီး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများကို ဝေ့ကြည့်ရင်း....

'ကဲ....ခင်ဗျားတို့ကြားတဲ့အတိုင်းပဲ၊ ခင်ဗျားတို့မှထမ်းမပေးရင် ဘယ်သူက ထမ်းပေးမလဲ၊ တန်ရာတန်ဖိုး မပေးဘူးဆိုရင် ထမ်းမပေးဘဲနေလိုက်ရုံပေါ့၊ ဘယ်သူက မပေးဘဲနေနိုင်တော့မှာလဲ၊ ငါတို့ပို့ပေးမှရမှာဆိုပြီး မတန်တဆ တောင်းလို့လဲ မဖြစ်ဘူး၊ သူ့ဘက်ကိုယ့်ဘက် မျှမျှတတရှိအောင် လုပ်ကြမှ နှစ်ဘက်စလုံး ကောင်းမှာ၊ ကဲ....ကျုပ်ပြောတာ အားလုံးသဘောပေါက်ပြီး လက်ခံကြမယ်ထင်တယ်၊ ဘယ်လိုလဲဗျ'

ခေါင်းတုံးကြီး၏ စကားအဆုံးတွင်....

'လက်ခံတယ်....လက်ခံတယ်'

အလုပ်သမားများက တညီတညွတ်တည်း ထောက်ခံလိုက်ကြလေသည်။

ခေါင်းတုံးကြီးက ကုန်သည်ကို ကြည့်လိုက်၏။

ကုန်သည် မနေနိုင်တော့ပါ။

'ကျုပ်လဲ လက်ခံပါတယ်ဗျာ'

ဟု ပြောလေသည်။

ခေါင်းတုံးကြီးက....

'အလုပ်သမားတွေအားလုံး၊ အလုပ်ရှင်တွေအားလုံး အပြန်အလှန် ဆက်နွယ်နေတာမို့ မျှမျှတတ ဆက်ဆံလုပ်ကိုင်ကြမယ်ဆိုရင် နှစ်ဘက်စလုံး အကျိုးဖြစ်ထွန်းမှာပဲ၊ ခုလို ပြဿနာတွေ



ပေါ် ပေါက်လာတော့မှာ မဟုတ်ဘူး၊ တကယ်လို့များ ခင်ဗျားတို့က သဘောတူကြမယ်ဆိုရင် ကျုပ်တို့က ကြားဝင် အကျိုးဆောင်ပေးချင်တယ်'

ကုန်သည်သည် ရှေ့သို့လှမ်းထွက်လာပြီး....

'မင်းပြောတဲ့အတိုင်းဆို ကျုပ်က တမင်သက်သက် ဈေးနှိမ်ပေးသလိုဖြစ်နေတယ်၊ သုံးကျုပ်ပေးရတာ ထုံးစံဖြစ်ပေမယ့် အကြောင်း မညီညွတ်လို့ ကုန်လှေတွေ ညဉ့်နက်သန်းခေါင် ဆိုက်ကပ်လာတဲ့အခါ အလုပ်သမားတွေက လုပ်ခကို အဆမတန် တောင်းကြတာဗျ၊ အဲဒီအခါမှာ ကျုပ်တို့ဘက်က တောင်းသလောက် ပေးရတာ၊ ဒါကြောင့် ဈေးနှိမ်လို့ရတဲ့အခါ ကျုပ်တို့ဘက်ကလဲ ပြန်ပြီးဈေးနှိမ်ကျတာ ဆန်းသလား'

ဟု ပြောလေသည်။

ခေါင်းတုံးကြီး ပြုံးလိုက်သည်။

'ကျုပ်နားလည်ပါတယ်ဗျာ၊ ဒါကြောင့် ဆိပ်ကမ်းမှာ မှီခိုလုပ်ကိုင်နေသူအားလုံး အကျိုးမယုတ်အောင် စီစဉ်ပေးပါ့မယ်'

ကုန်သည်က....

'ကျုပ်တို့ဘက်က တန်ရာတန်ကြေးပေးဖို့ ဝန်မလေးပါဘူး၊ သူတို့ကိုသာ ပြောပါ'

'ခင်ဗျားတို့ပေးရင် သူတို့ဘက်ကလဲ မသန်တဆ မတောင်းတော့ဘူးလို့ ကျုပ်တာဝန်ယူတယ်'

'ဒီလောက်များတဲ့ အလုပ်သမားတွေကို မင်းက ဘယ်လိုလုပ်တာဝန်ယူနိုင်မှာလဲ၊ သူတို့က မင်းရဲ့စကား နားထောင်ကြပါ့မလားကွ'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတုံးကြီး မြူးလိုက်သည်။

'ဒေါင်းနဂါး ဂိုဏ်းခေါင်းဆောင် ယန်ခွမ်းဟာ ပြောရင် ပြောတဲ့အတိုင်း လုပ်တယ်ဆိုတာ ခင်ဗျားတို့ ကြားဖူးမှာပါ။ ဆိပ်ကမ်းမှာ ဘယ်လိုပြဿနာမျိုးမှ မဖြစ်အောင် ဒေါင်းနဂါး ဂိုဏ်းက တာဝန်ယူမယ်ဆိုရင် ဘယ်သူကကန့်ကွက်မှာလဲ၊ တစ်ခုပဲ ရှိတယ်၊ အားလုံးရဲ့အကျိုးကို ရှေ့ရှုပြီး တာဝန်ယူရမှာဖြစ်လို့ အားလုံးက ပြန်ပြီး ကျေးဇူးတုန့်ပြန်ရလိမ့်မယ်၊ မများပါဘူး၊ ခင်ဗျားတို့အတွက် ငွေတစ်ရာဖိုး ကျေးဇူးရှိရင် ငွေတစ်ရာကျပ် တုန့်ပြန်ဖို့ပါပဲ'

ဆိပ်ကမ်းဒေသ တင်ဝိုက်တွင် ယခင်က ငူးတိခေါင်းဆောင် သည့် ဒုစရိုက်သမားများ မင်းမူနေခဲ့ကြပေသည်။

ထိုစဉ်က ငူးတိတို့လူစုသည် ထင်တိုင်းကဲ့ခဲ့ကြလေရာ ခေါင်း နဂါးဂိုဏ်း၏ လွှမ်းမိုးမှုသည် လက်ခံနိုင်လောက်သည့် ကိစ္စဟု အားလုံး နားလည်မိကြလေသည်။

ပြဿနာဖြစ်ပေါ်ခြင်းမရှိဘဲ အေးအေးဆေးဆေး လုပ်ကိုင် စားသောက်ရမည်ဆိုလျှင် ဒေါင်းနဂါးဂိုဏ်းအပေါ် မည်သူ မဆို ကျေးဇူးတုန့်ပြန်နိုင်မည် ဖြစ်ပေသည်။

တစ်ယောက်တစ်ပေါက် ဖြစ်နေသည့် အလုပ်သမားများ သည် ချက်ချင်းပင် တညီတညွတ်တည်း ထောက်ခံလိုက်ကြ လေသည်။

'သဘောတူတယ်၊ ကျုပ်တို့သဘောတူတယ်'

ကျန်ခဲ့သည့်လည်း ကျေကျေနပ်နပ်ပင် သဘောတူလိုက်လေ သည်။



...ဖြင့် ဒေါင်းနဂါးဂိုဏ်းသည် လူအများ လက်ခံနိုင် ...သည့် နည်းလမ်းများကို အသုံးပြုရင်း လောက်ချန်း ...း စိုးမိုးမင်းမူနိုင်ခဲ့လေတော့သည်။

...ါင်းနဂါးဂိုဏ်း ဟူသောအမည်သည် လူတိုင်းနှင့် ရင်းနှီး ...သည်။

...သူကမျှ ဒေါင်းနဂါးဂိုဏ်းအား အာခံရန် စိတ်မကူးကြ ... ဒေါင်းနဂါးဂိုဏ်း၏ လွှမ်းမိုးမှုအတွက် ကြောက်ရွံ့ ...ခြင်းလည်း မရှိကြချေ။

...ါင်းနဂါး ဂိုဏ်းသည် လောက်ချန်းမြို့ တစ်မြို့လုံးအား ...တစ်ခုပမာ လွှမ်းခြုံထားလေသည်။

...တိုင်းလူတိုင်းသည် ဒေါင်းနဂါးဂိုဏ်းအား ကျေနပ်စွာ ...ကြသည်မှာ အံ့ဩစရာကိစ္စတစ်ခု ဖြစ်ခဲ့ရပေတော့သည်။

...၀...

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာ၏ အိမ်မျက်ကြီး အား ပြုပြင်မွမ်းမံလိုက်ခြင်း… နေချင့်စဖွယ်ကောင်းသည့် အဆောက်အအုံကြီး တစ်လုံးအ… ပြောင်းလဲသွားလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် လမ်းပေါ်၌ ကျဝ… ကျက်စားရသည့် ခြေသလုံးအိမ်တိုင်အသားများ ဘဝမှ တ… တပန်းပေါ်များသည့် ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ရပြီဖြစ်သည်။

သူတို့သည် ဘဝနာခဲ့ကြသူများဖြစ်ကြရာ ဘယ်သောအခ… အဝမ့်မေ့ကြမည့်သူများ မဟုတ်ကြပါချေ။

ချူးရှာနှင့် ပေါင်းသင်းခဲ့သည်မှာ မကြာသေးသော်လ… သူတို့သုံးယောက်သည် ယယ်ပေါင်းကြီးဖော်များပမာ ဖြစ်… ပေတော့သည်။

သူတို့သည် ဟိုမရောက် သည်မရောက် ကလေးကြီး… အရွယ်မှ သန့်ပြာထွားကျိုင်းသည့် လူငယ်များအဖြစ် ပြောင်… လာကြ၏။

သူတို့၏အသက်အရွယ်နှင့် သူတို့တွေ့ကြုံခဲ့ရသည့် ဘဝအ… အကြားမှာ မမျှတအောင်ပင် များပြားလွန်းလှပေသည်။

ထို့ကြောင့် အရွယ်ရောက်လာလေလေ ရင့်ကျက်… လေလေ ဖြစ်ခဲ့ရပေသည်။

သူတို့သည် လောက်ချန်းမြို့၌ ဒေါင်းနဂါးဂိုဏ်းကိုထူထော… ကာ သြဇာဖြန့်ကျက်နိုင်သည်နှင့် လူတိုင်းလက်ခံနိုင်သည့်… ငန်းမျိုးဖြင့် ဝင်ငွေရှာရင်း ရပ်တည်နိုင်ဖို့ရန် ကြိုးစားခဲ့ကြ… သည်။



တစ်ဘက်မှလည်း ဒေါင်းနဂါးဂိုဏ်းအား ပို၍တောင့်တင်း သစေရန် ဆောင်ရွက်ခဲ့ကြသည်။

ချူးရှာ၏အစီအစဉ်ဖြင့် ယုံကြည်စိတ်ချရသူများကို ရွေးချယ် ၍ တာဝန်အသီးသီး ခွဲဝေပေးအပ်ပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်စေ၏။

အမှတ်တမဲ့ဆိုလျှင် လောက်ချန်းမြို့၌ ဒုစရိုက်မှုများ လျော့နည်းသွားပြီး အေးချမ်းသာယာနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

လောက်ချန်းမြို့၏ နေရာတိုင်း၌ ဒေါင်းနဂါးဂိုဏ်း၏သြဇာ သက်ရောက်နေသည်ကို မည်သူမျှ သတိပြုမိကြလိမ့်မည် မဟုတ်ချေ။

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့သည် ဒေါင်းနဂါးဂိုဏ်းကို ဦးဆောင်ရင်း လျှို့ဝှက်သိုသိပ်သည့်နည်းစနစ်ဖြင့် လောက်ချန်းမြို့အား စိုးမိုးထားနိုင်ခဲ့ပေတော့သည်။

မည်သို့ဆိုစေ အမြင့်ဆုံးသစ်ပင်သည် လေပြင်းတိုက်ခတ်မှုကို ခံစားရသကဲ့သို့ အောင်မြင်ကျော်ကြားမှု၏ဒဏ်ကို ယန်ခွမ်း ခံစားခဲ့ကြရလေသည်။

လောက်ချန်းမြို့အား တရားမဝင် စိုးမိုးချုပ်ကိုင်ထားခြင်း ဒုစရိုက်လောက၏ ခေါင်းဆောင်နေရာကို ရယူနိုင်ခဲ့သော ၏ အခြားသော ဒုစရိုက်ကမ္ဘာမှ ရာဇာများသည် သူတို့အား သတိပြုမိလာခဲ့လေသည်။

ကျီးကန်းသည် ဗျိုင်း မဟုတ်သကဲ့သို့ ဗျိုင်းသည်လည်း ကျီးကန်းမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြီးကန်း၏သဘာဝကို ကြီးဖုတ် အမျိုးအနွယ်တို့သာလျှင် နားလည်ကြမည်ဖြစ်သည်။

ဒုစရိုက်သမားတို့၏ သဘာဝကိုလည်း ဒုစရိုက်သမားများ သာလျှင် နားလည်ကြပေသည်။

သဘာဝချင်း တူလျှင် ဆက်နွယ်မှု အလိုလိုရှိနေသည်မှာ လောက၏သစ္စာတရား ဖြစ်ပေသည်။

....o....

## မင်လယ်ဇရန်

အိပ်မက်ကို မေ့ပျောက်ရနိုင်စကောင်း၏။

အာသာမြင်းစွာဖြင့် နောက်ထပ် တမ်းတမြင့်မက်နိုင်မည် မဟုတ်။

တစ်ကြိမ်မှ နှစ်ကြိမ်ဟူသော တမ်းတမှုသည် ဆားငန်ရည် သောက်မိသည်နှင့် ပမာဆင်သည်။

ဒုစရိုက်လောကတွင် အိပ်မက်ကို အကြိမ်ကြိမ် မြင်မက်နိုင်သကဲ့သို့ ဆားငန်ရည်ကို အကြိမ်ကြိမ် သောက်နိုင်သည့် သဘော ရှိလေသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



နှစ်,နှပ်,...

နှစ်,နှစ် ဟူသော အချိန်ကာလမှာ လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရပေသည်။

လောက်ချွန်းမြို့မှ ဒေါင်းနဂါးဂိုဏ်းခေါင်းဆောင်ယန်ခွမ်း၏ အသက် ဆယ့်ရှစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်လေသည်။

ယန်ခွမ်းသည် ပြတင်းပေါက် အနီးတွင် ရပ်ကာ ခြံဝင်း အတွင်း၌ စိုက်ပျိုးထားသည့် ပန်းပင်များကို ငေးမော ကြည့် နေ၏။

လေပြည်လေညင်း ဝေ့ယမ်း တိုက်ခတ်လာသော အခါ ကြိုင်မွှေးသင်းပျံ့သည့် ပန်းရနံ့များ လွင့်ပျံ့လာပါသည်။

ယန်ခွမ်း အသက်ပြင်းပြင်း ရှူရှိုက်လိုက်လေသည်။ အင်္ကျီ အိတ်ထဲမှ ဘူးကလေးတစ်ဘူး နှိုက်ယူလိုက်၏။

ဘူးထဲမှ ပဝါပိုင်းကလေးကို လှုတ်ယူလိုက်၏။ ကြိမ်ဖန် များစွာ ကိုင်တွယ် ကြည့်ရှုခဲ့ခြင်းကြောင့် ပဝါပိုင်းလေးမှာ ခေါက်ရိုးကျိုးနေပြီ ဖြစ်လေသည်။

ပဝါပေါ်မှ နဂါးရုပ်ကား ထင်ရှားစွာ ရှိနေဆဲ။

ယခုချက်ချင်းပင် အသက်ဝင်လာပြီး ပဝါထဲမှ ခုန်ထွက်လာ လာတော့မည့်အသွင်း ထင်မှတ်ရပေသည်။

ယန်ခွမ်းသည် ပဝါပိုင်းကလေးကို ကြည့်ရင်း အဒေါ်ကြီး မေယုံ၏ တဲအိမ်ကလေးကို မြင်ယောင်လာလေသည်။



တဲအိမ်ကလေးအတွင်း ထရံတောင့်နှင့် ကပ်လျက် ဂွမ်းစောင် အစုတ်ကလေးခင်းထားသည့် အိပ်ရာပေါ်၌ပက်လက်လှဲလျောင်း နေသည့် အမျိုးသမီး တစ်ယောက်သည် ရောဂါဝေဒနာ ဖိစီး နှိပ်စက်မှုကြောင့် သေငယ်စောပြင့် မျောနေပြီ ဖြစ်သည်။

ထိုအမျိုးသမီးသည် သူ၏ မိခင် ကျင်းလန် ဖြစ်လေသည်။ ကျင်းလန်သည် အသားအရည် ဝါဖန့်ဖန့် ဖြစ်နေချေပြီ။

မကြာမီ ဘဝ နေဝင့်ချိန် ရောက်ရှိတော့မည် ဖြစ်ကြောင်း ထင်ရှားနေ၏။ သို့တိုင် သူမသည် သူ၏ လက်ကို ဆုပ်ကိုင်ရင်း စကားများ တတွတ်တွတ် ပြောနေသည်။

သူ၏ ဘဝအတွက် အရေးကြီးသော စကားများ ဓလောက ပေါ်၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့မည့်သူအတွက် ဓမ္မာလင့် ချက်များ ဖြစ်ပေသည်။

'သား...မေမေ မရှိတော့တဲ့ နောက်ပိုင်း လောကပေါ်မှာ သား တစ်ယောက်တည်း မျက်နှာငယ်ပြီးကျန်ရစ်ခဲ့မှာကို မေမေ မလိုလားဘူး၊ ဒါကြောင့် မေမေ့ စကားကို သေသေချာချာ နားထောင်ပါ၊ သားမှာ ဖေဖေ ရှိသေးတယ်၊ သား ဖေဖေရဲ့ အမည်ဟာ ယန်ယင်းပင်လို့ ခေါ်တယ်၊ ပြည်မမှာ ရှိတယ်ကွယ့်၊ ဟောဒီ ပဝါလေးကို သိမ်းထား၊ သား ဖေဖေဆီမှာလဲ ဒေါင်းပုံ ပါတဲ့ ပဝါတစ်ပိုင်း ရှိတယ်ကွယ့်'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။ သူ၏ မိခင်သည် သူ့အား ခွဲခွာသွားသည့်တိုင် သူမ ကိုယ်တိုင်လည်း ယန်ယင်းပင် ည်သည့်နေရာ၌ ရှိသည်ကို သိပုံမရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မသို့သွားရန် သူ့အား တိုက်တွန်းခဲ့ပေသည်။ ပဝါတစ်ပိုင်းကို အရင်းပြုကာ ဖခင် ရှာပုံတော်ဖွင့်ခဲ့သူ၏ ဘဝမှာ အစမကောင်းသဖြင့် အနှောင်းသေချာဖို့ လွယ်မည်မထင်ပါ။

‘ငါ့ဖေဖေကို ဘယ်တော့များမှ တွေ့ရမှာလဲ’

ယန်နွမ်း တီးတိုး ညည်းညူလိုက်လေသည်။

လောက်ချန်းမြို့သည် သူ၏လက်တွင်းသို့ ရောက်လာပြီ ဖြစ်သည်။ ယန်ယင်းပင်ဟု အမည်ရှိသော လှေပေါင်း ဆယ်ယောက်ခန့် လောက်ချန်းမြို့၌ ရှာဖွေတွေ့ရှိခဲ့သည့်တိုင် သူ၏ပဝါပိုင်းကို သိရှိသူ တစ်ယောက်တစ်လေမျှပင် မရှိချေ။

သူ၏ ဖခင်သည် လောက်ချန်းမြို့၌ မရှိမှန်း သေချာသွားပြီ ဖြစ်သည်။

‘ငါက ဒီမြို့မှာ အခြေချနေမယ်ဆိုတာ ငါ့ဘဝအတွက် ဘယ်လိုများ အဓိပ္ပာယ်ရှိနိုင်မှာမို့လဲ’

ယန်နွမ်းသည် တွေးတော စဉ်းစားရင်း ဖခင်ဖြစ်သူအား လိုက်လံရှာဖွေလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုသို့ ရှာဖွေမည်ဆိုလျှင် လောက်ချန်းမြို့အား ကျောခိုင်း ထွက်ခွာသွားရလိမ့်မည် ဖြစ်ပေသည်။

မီးသွေးတုံးနှင့် ချူးရှာသည် မည်သို့မျှ သဘောကျလိမ့်မည် မဟုတ်ပါချေ။ သူတို့သည် ရှာဖွေနိုင်သည့်အခြားသောနည်းလမ်း အမျိုးမျိုးကို တင်ပြကြလိမ့်မည် ဖြစ်ပေသည်။



သူတို့၏ နည်းလမ်းများသည် အကျိုးဆက်များစွာ ဖြစ်ပေါ်လာနိုင်သည့် နည်းလမ်းများ ဖြစ်ပေတော့သည်။

ဖခင်ဖြစ်သူအား ရှာဖွေရန် အဓိကလိုအပ်ချက်မှ တည်ငြိမ်သော ဘဝတစ်ခု ရရှိဖို့ဖြစ်ကြောင်း ယန်နွမ်း နားလည်ထားပါသည်။

တည်ငြိမ်သောဘဝကို အခြေခံကာ ရှေ့သို့တက်လှမ်းရမည်။ ပြည်မတခွင် မြဲပြဲစင်အောင် ရှာဖွေရမည်ဖြစ်လေသည်။

လောက်ချန်းမြို့အား ကျောခိုင်းကာ သူတစ်ယောက်တည်း လိုက်လံရှာဖွေခြင်းထက် ဒေါင်းနဂါးဂိုဏ်း၏ ကြီးထွားလာသည့် အင်အားကို အသုံးချကာ ရှာဖွေစေခြင်းက တွေ့ရှိရန် ပို၍နီးစပ်သည် မဟုတ်ပါလား။

မည်သို့ပင် တွေးတွေး နောက်ဆုံးတွင် ဒေါင်းနဂါးဂိုဏ်း ဆထက်ထမ်းပိုး ကြီးပွားတိုးတက်လာစေရန် ဆောင်ရွက်ခြင်းနှင့် သူ၏ဖခင်အား ရှာဖွေခြင်းသည် ဆက်နွယ်နေပေတော့သည်။

ယန်နွမ်း အမျိုးမျိုး တွေးတောစဉ်းစားနေစဉ်မှာပင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယန်နွမ်းက ပဝါကို သိမ်းဆည်းလိုက်ပြီး….

‘မီးသွေးတုံး၊ ဘာဖြစ်လာတာလဲ’

ဟု လှည့်မကြည့်ဘဲ မေးလိုက်၏။

ခြေသံကြားလိုက်သည်နှင့် မီးသွေးတုံး၏ခြေသံဖြစ်ကြောင်း မှတ်မိလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံး၏ခြေသံကို နားမထောင်ခြင်းဖြင့် အလောတကြီး ဝင်လာမှန်း ရိပ်မိသဖြင့် မေးလိုက်ခြင်းဖြစ်လေသည်။

ယန်ခွမ်း လှည့်ကြည့်လိုက်ချိန်တွင် မီးသွေးတုံးသည် သူ၏ အနီးသို့ ရောက်ရှိလာပြီဖြစ်လေသည်။

သူ၏မျက်နှာတွင် စိုးရိမ်မှုပြနသည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေပါ၏။

'ယန်ခွမ်း၊ ပြဿနာတော့ ပေါ်ပြီကွ'

ဟု ပြောလေသည်။

ယန်ခွမ်း ပြုံးလိုက်သည်။

'ငါတို့ လောက်ချန်းမြို့ကို ပေါင်းစည်းလိုက်တာ နှစ်နှစ် ရှိသွားပြီ၊ ခုမှ ပြဿနာပေါ်လာတယ်ဆိုတော့ အသေးအဖွဲ့ မဖြစ်နိုင်ဘူးထင်တယ်၊ ပြောစမ်းပါဦးကွ၊ ဘယ်လိုပြဿနာများ ပေါ်နေလို့လဲ'

ဟု မေးလိုက်၏။

မီးသွေးတုံးက...

'ငွေအိုးကြီးကို မင်းသိတယ်မဟုတ်လား'

'ချူးရှာ အမြဲတမ်းပြောနေတာပဲ၊ ငါကြားဖူးတာပေါ့ကွာ၊ သူဟာ လောက်ချန်းမြို့ကလူတွေရဲ့ ဖောက်သည်ကြီးပဲ မဟုတ် လား'



ယခင်က လောက်ချန်းမြို့အား လေးပိုင်းခွဲကာ အရှေ့၊ အနောက်၊ တောင်၊ မြောက် နယ်မြေများသတ်မှတ်ကာ ဂူးတီး၊ ကျားကြီး၊ လောကုန်းနှင့် မုအိတို့ မင်းမူခဲ့ကြလေသည်။

ထိုအချိန်က ဂူးတီးတို့သည် ခိုးခိုးလုယက်၍ ရသမျှကို ငွေအိုးကြီးဆိုသူနှင့် ဆက်သွယ်ကာ သူ့ထံရောင်းချလေ့ ရှိပေသည်။

ငွေအိုးကြီးသည် ဒုစရိုက်လောကတွင် ကျင်လည်ကျက်စားရင်း မတရားနည်းလမ်းဖြင့် ရယူထားသည့် ပစ္စည်းဟူသမျှကို လက်ခံ ဝယ်ယူသူတစ်ယောက် ဖြစ်ပေသည်။

ငွေအိုးကြီးသည် အဆက်အသွယ်ကောင်းသည်။

ငွေးကမ်းစွန့်ကြဲမှု ရက်ရောသည်။

အမြင်ကျယ်သည်ဟု နာမည်ကြီးနေသူ ဖြစ်ပေသည်။

ချူးရှာသည် ဒုစရိုက်လောကနှင့် နီးစပ်ခဲ့သူဖြစ်ရာ ငွေအိုး ကြီးအကြောင်း ကောင်းစွာသိထားခဲ့ပေသည်။

ငွေအိုးကြီးသည် ဒေါင်းနဂါးဂိုဏ်း၏ ဩဇာကို တိုးတက် ပြန့်ပွားလာစေရန် ကူညီဆောင်ရွက်ပေးနိုင်သူ၊ ယန်ယင်းပင်၏ သတင်း ရှာဖွေစုဆောင်းပေးနိုင်သူ ဖြစ်သည်ဟု ပြောခဲ့ဖူးပေ သည်။

ယခု...

ငွေအိုးကြီး ရောက်လာသည့်ဟု သတင်းကြားလိုက်ရခြင်း ကြောင့် ယန်ခွမ်း စိတ်ဝင်စားသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးက....

‘ငွေအိုးကြီးရောက်လာပြီလို့ ချူးရှာကပြောတယ်ကွ’

‘သူ ဘယ်မှာလဲ’

‘ငွေအိုးကြီးနဲ့ သွားတွေ့မယ်ဆိုပြီး ထွက်သွားတာကြာပြီ၊ ခုထိ ပြန်ရောက်မလာသေးဘူးကွ’

ယန်ခွမ်း မျက်မှောင်ကုပ်သွား၏။

အနည်းငယ် စဉ်းစားပြီးမှ....

‘မင်းက ချူးရှာအတွက်စိုးရိမ်နေတယ် ဟုတ်လား’

ဟု မေးလိုက်၏။

မီးသွေးတုံး ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်၊ ခုချိန်ဆို သူပြန်ရောက်လာဖို့ ကောင်းပြီကွ၊ သူပြန်ရောက်မလာတော့ တစ်ခုခုများဖြစ်....’

သူ၏စကားမဆုံးမီ....

‘ငါဘာမှမဖြစ်ပါဘူးကွာ’

ချူးရှာ၏အသံ ထွက်ပေါ်လာ၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ လှမ်းကြည့်လိုက်သောအခါ ချူးရှာ ပြုံးပြုံးရွှင်ရွှင်ဖြင့် ဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။



မီးသွေးတုံးက....

‘မင်းအတွက် ငါက စိုးရိမ်နေတာကွ’

ဟု လှမ်းပြောလေသည်။

ချူးရှာက....

‘ငါ့အတွက် စိုးရိမ်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ်ကွာ၊ ငွေအိုးကြီးက လက်ရုံးရည်သမားမဟုတ်ဘူး၊ နှလုံးရည်သမားလို့ ငါပြောခဲ့တာပဲကွ၊ သူက ငါ့ကို ရှင်းပစ်ချင်တယ်ဆိုရင်တောင် ဒီမြို့မှာတော့ ကြိုးစားမှာမဟုတ်ဘူးကွ’

ယန်ခွမ်းက....

‘မင်းက သူနဲ့သွားတွေ့ပြီးပြီ မဟုတ်လား’

ဟု မေးလိုက်၏။

ချူးရှာ ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်’

‘သူက ဘာသဘောနဲ့ လာတာလဲ’

‘ထုံးစံအတိုင်းပေါ့ကွာ၊ သူ့ဖောက်သည်တွေဆီကို လာတာ ပါ’

ယန်ခွမ်းက....

‘သူ့ဖောက်သည်တွေမှ မရှိတော့တာ’

‘ကိစ္စမရှိဘူး၊ လောကချုန်းမြို့မှာ ဘယ်သူရှိသလဲ၊ သူက ရှိတဲ့ အဆင်ပြေအောင် ဆက်ဆံသွားမယ့်လူပဲ’

www.burmeseclassic.com

www.burmeseclassic.com



'မင်းဆိုလိုတာက ငါတို့ကို သူက အသိအမှတ်ပြုလိုက်တယ် ဆိုတဲ့သဘောပေါ့ ဟုတ်လား'

ချူးရှာက ရယ်မောလိုက်သည်။

'ဒါကြောင့်လဲ သူက မင်းနဲ့တွေ့ချင်တယ်လို့ ပြောတာ'

'ဘာ...ဘယ်လို'

'ဝူးတိ၊ ကျားကြီး၊ လေ့ကျင်းနဲ့ မုအိတို့ကို ဖယ်ရှားပစ်လိုက်တဲ့ လူဟာ ဘယ်လိုလူစားမျိုးဆိုတာ သူက သိပ်ပြီးသိချင်နေတယ် လေကွာ၊ လေးပိုင်းကွဲနေတဲ့မြို့ကို တစ်ပေါင်းတစ်စည်းတည်း ဖြစ်အောင် လုပ်နိုင်တဲ့လူဟာ မခေဘူးလို့ သူကပြောတယ်ကွ'

ယန်ခွမ်း၏မျက်နှာ တည်သွားသည်။

'သူနဲ့တွေ့ဖို့ အမှန်တကယ်လိုအပ်တယ်လို့ မင်းထင်သလား'

ဟု မေးလိုက်၏။

ချူးရှာသည် ရယ်မောခြင်းမပြုတော့ပါ။

'ဟုတ်တယ်၊ တို့တွေ့ဖို့လိုလိမ့်မယ်'

'သူ ဘယ်မှာလဲ'

'ရွှင်ပျော်ပျော်စားသောက်ဆိုင်မှာ'

'ကောင်းပြီ၊ ငါသွားတွေ့လိုက်မယ်'

ယန်ခွမ်းက ခြေလှမ်းပြင်လိုက်သည်။

ချူးရှာက...

'နေဦး၊ သူနဲ့တွေ့ရမယ် ဆိုပေမယ့် မင်းက သွားတွေ့လို့ မဖြစ်ဘူး'



'ဘာဖြစ်လို့လဲ'

'အခုအချိန်မှာ မင်းဟာ အကြီးအကဲတစ်ယောက် ဖြစ်နေပြီ မဟုတ်လား'

ယန်ခွမ်း ငြိမ်သွားလေသည်။

ဒေါင်းနဂါးဂိုဏ်း၏ခေါင်းဆောင် ဖြစ်လာပြီးသည့်နောက် မိုင်းတွင် အကြီးအကျယ် ပီသအောင် နေထိုင်ရမည်ဖြစ်ရာ လူမြင်ကွင်းသို့ မထွက်ဘဲ ရှောင်နေခဲ့ရလေသည်။

အရေးကြီးသည့် ကိစ္စများ၌သာ ဆုံးဖြတ်ချက်ချပြီး အသေးအဖွဲ့ကိစ္စများအား ငယ်သားခေါင်းဆောင်များနှင့် လွှဲထားရပေသည်။

ချူးရှာက...

'တို့ကဒီမှာနေတယ်၊ သူက ဒီကိုရောက်လာတယ်၊ ဒါကြောင့် တွေ့ချင်တယ်ဆိုရင် မင်း သွား တွေ့ စရာ မလိုဘူး၊ သူလာတွေ့လိမ့်မယ်'

ဟု ပြောလေသည်။

မီးသွေးအိုး သဘောတူလိုက်သည်။

'ဟုတ်တယ်၊ သူလာတွေ့ရလိမ့်မယ်'

ဟု ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ပင့်သက်ရှိုက်ကာ....

'ကောင်းပြီ၊ သူ့ကိုခေါ်ခဲ့ပါ'

ဟု တိုးတိတ်ပြောလိုက်လေတော့သည်။

....၀....

ငွေအိုးကြီးသည် အသက် လေးဆယ်ခန့်ရှိပြီး ဦးခေါင်း အလွန်ကြီးသူ ဖြစ်သည်။ သူ၏မျက်လုံးများသည် ကြွက်မျက်လုံး များပမာ ရှိလေသည်။

သူ၏ ပုံပန်းသဏ္ဍာန်ကို ကြည့်ရုံဖြင့် အလွန် ဉာဏ်များသူ ဖြစ်ကြောင်း သိနိုင်ပေတော့သည်။

အတွင်းသတိထားပြီး ဆက်ဆံရမည် ဖြစ်ကြောင်း ယန်ခွမ်း နားလည်မိ၏။ ချူးရှာသည် ငွေအိုးကြီးအား အသင်ကြီးဖို့ လေးစားပုံရလေသည်။ လိုလေသေးမရှိ ပြင်ဆင်ပြီး ဧည့်ခံခဲ့ လေသည်။



စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်များ အလျှံ ပယ် ရှိနေ၏။ ငွေအိုးကြီးနှင့် ယန်ခွမ်းတို့ မျက်နှာချင်းဆိုင် ထိုင် နေကြ၏။

မီးသွေးတုံးနှင့် ချူးရှာတို့မှာ ယန်ခွမ်း၏ ဝဲယာ တစ်ဘက် တစ်ချက်၌ ရပ်နေကြသည်။

ငွေအိုးကြီးသည် စားသောက်ဖွယ်ရာများ၊ အရက်များကို လက်ဖျားနှင့်ပင် မထိချေ။

ရောက်လာသည့် အချိန်မှစပြီး ယန်ခွမ်းကိုသာ တစ်ချိန်လုံး အကဲခတ် ကြည့်နေပေတော့သည်။

ယန်ခွမ်းကလည်း သူ့အား အကဲခတ်ကြည့်နေ၏။ တစ်ဦးကို တစ်ဦး မည်သို့ အသုံးချရမည် ဆိုသည်ကို အကဲခတ်နေကြခြင်း ဖြစ်ပေတော့သည်။

ငွေအိုးကြီးကပင် အရင်ဆုံး စကားစလာသည်။

'ယန်ခွမ်း မြို့ကလူတွေနဲ့ ကျုပ် ဆက်ဆံလာခဲ့တာ နှစ်ပေါင်း အတော်ကြာလာပြီ၊ ဒါပေမယ့် ဘယ်သူကမှ တစ်မြို့လုံး ချုပ် ကိုင်ဖို့ မကြိုးစားနိုင်ခဲ့ကြဘူး၊ မင်းကျမှပဲ အားလုံး တစ်ညီ တစ်ညွတ်တည်း ဖြစ်လာတော့တာမို့ မင်းကို ချီးကျူးပါ တယ်ကွာ'

သူ၏ စကားဆုံးသည်နှင့် မီးသွေးတုံးက....

www.burmeseclassic.com

www.burmeseclassic.com



'အကြီးအကဲလို့ ခေါ်ပါဗျာ'

ဟု ဝင်ပြောလိုက်သည်။

ယန်ခွမ်းသည် လောက်ချန်းမြို့ ဒုစရိုက်လောက၏ အကြီးအကဲ ဖြစ်သည် မဟုတ်ပါလား။

ငွေအိုးကြီးသည် မီးသွေးတုံးအား တစ်ချက် ကြည့်လိုက်ပြီး သဘောကျစွာ ပြုံးလိုက်သည်။

ယန်ခွမ်းက....

'ခင်ဗျားရောက်လာတာကို ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျား နာမည် ကြားဖူးနေတာ ကြာပါပြီ'

ဟု ပြောလိုက်၏။

ငွေအိုးကြီး ရယ်မောလိုက်သည်။

'ဟဲ ဟဲ ဟဲ...အကြီးအကဲလေးကလဲ ကျုပ်နဲ့ အကျိုးတူ စီးပွားဘက် ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ထားပါတယ်၊ ကျုပ် ပြောတာ မှန်ရဲ့လားဗျာ'

'ခင်ဗျားက ကျုပ်ရဲ့ အကျိုးအတွက် ဘယ်လိုဆောင်ရွက်ပေး နိုင်မယ်ဆိုတာ ပြောပြနိုင်မလားဗျ'

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။

'အကြီးအကဲလေးဟာ လောက်ချန်းမြို့ကွက် ကလေးထဲမှာပဲ တစ်သက်လုံး နေသွားမယ်လို့ ကျုပ်မထင်ဘူး၊ လောက်ချန်း



မြို့ဖြစ်ကို လက်လှမ်းမီသလောက် ခြေဆန့်မယ်ဆိုရင် ကျုပ်နဲ့ မိတ်ဆွေဖွဲ့ထားတာ အကောင်းဆုံးပဲ၊ ကျုပ်က အကြီးအကဲလေး လိုအပ်တဲ့ အကူအညီတွေကို ပေးနိုင်မှာ သေချာပါတယ်'

ဟု ပြောလေသည်။

ငွေအိုးကြီးရောက်လာသည်နှင့် မည်သို့မည်ပုံ ဆက်ဆံရမည် ကို ယန်ခွမ်း မီးသွေးတုံးနှင့် ချူးရှာတို့ တိုင်ပင်ဆွေးနွေးခဲ့ကြ ပြီး ဖြစ်လေသည်။

လောက်ချန်းမြို့တွင် ခေါင်းထောင်နိုင်ခဲ့ပြီဖြစ်ရာ သူတို့၏ သြဇာကို အခြားမြို့ရွာဒေသများအထိ ဖြန့်ကျက်နိုင်ဖို့ လိုသည်ဟု ချူးရှာက ယုံကြည်ထား၏။

မီးသွေးတုံးမှာ အေးချမ်းသောဘဝကို ပိုင်ဆိုင်ရပြီဖြစ်၍ ငွေအိုးကြီးနှင့် အဆက်သွယ်မလုပ်ဘဲ အေးအေးဆေးဆေး နေ လိုသည်။

သို့သော် ယန်ခွမ်းက ချူးရှာ၏အဆိုပြုချက်ကို သဘောတူခဲ့ လေသည်။ ခေါင်းနဂါးဂိုဏ်း၏ သြဇာအရှိန်အဝါ ကြီးမား လာသည်နှင့်အမျှ မိမိ၏အစ်အားကို အသုံးပြုကာ ဖခင်ဖြစ်သူ အား ရှာဖွေနိုင်မည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့် ငွေအိုးကြီးနှင့်မိတ်ဆွေဖွဲ့ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။ နှစ်ယောက်နှင့် တစ်ယောက်ဖြစ်နေရာ မီးသွေးတုံးမှာ ဘာမျှ မပြောသာတော့ချေ။ ငွေအိုးကြီး၏ စကားဆုံးချိန် ယန်ခွမ်းက....

www.burmeseclassic.com



'ကျုပ်အကျိုးအတွက် ခင်ဗျား ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာ သာဓကတစ်ခု ပြောပြနိုင်မလား'

ဟု မေးလိုက်၏။

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။

'လွယ်ပါတယ်၊ လောက်ချန်းမြို့တောင်ဘက် မိုင်ငါးဆယ်အကွာမှာ 'ယင်းတိ'ဆိုတဲ့ မြို့ကလေးတစ်မြို့ရှိတယ်၊ အဲဒီမှာ 'ဓားနှစ်လက်မောင်စု'ဆိုတဲ့လူ ကြီးစိုးနေတယ် 'မောင်စု'ဟာ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အချင်း လုံးဝမရှိတဲ့လူပဲ၊ သူ့ကို အလွယ်တကူ ဖယ်ရှားပစ်နိုင်တယ်၊ ဒေါင်းနဂါးဂိုဏ်းက ယင်းတိမြို့ကို တာဝန်ယူမယ်ဆိုရင် လုပ်ငန်းတွေ တိုးတက်လာမှာပဲ'

ဟု ပြောလေသည်။

ယန်ခွမ်း ငြိမ်ကျသွားသည်။

သူ၏ဩဇာ အရှိန်အဝါကို အမြို့မြို့ အနယ်နယ်သို့ ဖြန့်ကျက်ရန် စိတ်ကူးသည်။ ငွေအိုးကြီးနှင့် တွေ့သောအခါ စိတ်ကူးအဆင့်မှ လက်တွေ့ အကောင်အထည်ဖော်သည့် အဆင့်သို့ ပြောင်းလဲလာလေတော့မည် မဟုတ်ပါလား....

ချူးရှာ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။



'ယင်းတိမြို့ဟာ အတော်စည်ကားတဲ့မြို့ပဲ'

ဟု လွတ်ခနဲ ဝင်ပြောလိုက်လေသည်။

မှန်ပေသည်။ ယင်းတိမြို့သို့ သူရောက်ခဲ့ဖူးပေသည်။ လောက်ချန်းမြို့ထက် နှစ်ဆခန့်ပိုကြီးသော မြို့ကြီးတစ်မြို့ဖြစ်သည် မဟုတ်ပါလား....

ငွေအိုးကြီး သဘောကျစွာ ပြုံးလိုက်လေသည်။

'ဟုတ်တယ်၊ လောက်ချန်းမြို့ထက် ပိုကြီးတာပေါ့၊ စီးပွားရေးလုပ်ငန်းတွေလဲ ပိုများတယ်၊ အနယ်နယ် အရပ်ရပ်က ကုန်သည်ပွဲစားတွေ သိုင်းလောကသားတွေလဲ မပြတ်ဝင်ထွက်နေကြတယ်၊ လောက်ချန်းမြို့ကို ချုပ်ကိုင်နိုင်သလို ယင်းတိမြို့ကို ချုပ်ကိုင်နိုင်မယ်ဆိုရင် ဒေါင်းနဂါးဂိုဏ်းရဲ့ အရှိန်အဝါ ပိုကြီးလာမှာပဲ'

ဟု ရှင်းပြလေသည်။

ဤတွင် မီးသွေးဘုံးက....

'ဓားနှစ်လက်မောင်စုရဲ့ အင်အားနဲ့ ကျုပ်တို့အင်အား ဘယ်သူက ပိုများသလဲ'

ဟု ကြားဖြတ်မေးလိုက်သည်။

ငွေအိုးကြီး ပါးစပ်ပိတ်သွားလေသည်။

ချူးရှာက...

'ဟာ သူတို့ဟာ ပိုပြီးအင်အားကြီးတာပေါ့၊ မောင်စုဟာ ယင်းတိမြို့မှာ အခြေချပြီး ဒုစရိုက်လောကကြီး တစ်ခုလုံးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်နေတာပဲ၊ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်လို့ သဘောင်းကြီးတယ်ကွ'

ယန်ခွမ်းက ဘာမျှမပြောဘဲ ပြောသမျှစကားများကို ငြိမ်သက်စွာဖြင့် နားထောင်နေပါသည်။

ငွေအိုးကြီးက…

'မောင်စိုးဟာ အတော်ကိုပေါက်ပေါက်ရောက်ရောက်ရှိတာ အမှန်ပါပဲ၊ ဒါပေမယ့် ရက်စက်ကြမ်းတမ်းလွန်းလို့ နာမည်ပျက်နေတယ်၊ လောက်ချန်းမြို့ကို ဒေါင်းနဂါးစိုးမိုးထားသလို တည့်တည်ငြိမ်ငြိမ်မရှိဘူး၊ နေရာတိုင်းမှာ ပြဿနာပေါ်နေတယ်၊ မောင်စိုးဟာ သူ့ရဲ့ပိုင်တက်တွေကိုသာ အကြမ်းနည်းနဲ့ ရှင်းပစ်တတ်သလို သူ့အမိန့်ကို မနာခံတဲ့တပည့်တွေကိုလဲ ရက်ရက်စက်စက် နှိပ်ကွပ်ပစ်တတ်တယ်'

မီးသွေးတုံး နှာခေါင်းရှုံ့လိုက်သည်။

'ဒါနဲ့များတော့င် သူ့ကိုဖယ်ရှားပစ်ဖို့ ခင်ဗျားက အကြံပေးသေးသလား၊ ကျုပ်တို့ပျက်စီးသွားအောင်လုပ်တဲ့ သဘောမပေါ့ဟုတ်လား'

ငွေအိုးကြီး ကပျာကယာ လက်ကာပြလိုက်လေသည်။

'ကျုပ်အပေါ် အထင်မလွဲပါနဲ့ဗျာ၊ ဒုစရိုက်ကမ္ဘာထဲမှာ ကျုပ်ကျင်လည်ကျက်စားခဲ့တာ ကြာပါပြီ၊ ဘယ်သူနဲ့ပဲတွေ့တွေ့



ကျုပ်အတွက် အကျိုးစီးပွားဖြစ်ထွန်းခဲ့တာချည့်ပါပဲ၊ ဘယ်သူ့ကိုမှ မုန်းတီးစရာ မလိုပါဘူး၊ ကျုပ်အခုလိုပြောပြနေတာဟာ ဒေါင်းနဂါးဂိုဏ်းရဲ့လုပ်ရပ်တွေကို သဘောကျမိလို့ပါပဲ'

သူ၏စကားကို စိတ်ဝင်စားခြင်းရှိမရှိ ယန်ခွမ်းတို့အား အကဲခတ်ကြည့်လိုက်ပြီးမှ ဆက်ပြောလေသည်။

'ဒေါင်းနဂါးဂိုဏ်းရဲ့ ဩဇာအရှိန်အဝါ တည်ဆောက်ပုံဟာ အင်မတန်နူးညံ့သိမ်မွေ့တယ်၊ လူတိုင်းက ကြည်ကြည်ဖြူဖြူလက်ခံနိုင်တဲ့ သဘောရှိတယ်၊ မောင်စိုးရဲ့အခြေအနေကို ကျုပ်ကောင်းကောင်းကြီးသိတယ်၊ သူဟာ ဩဇာကြီးမားပေမယ့် ဘယ်သူ့ကိုမှ မယုံရဲအောင် ဖြစ်နေတယ်၊ နေရာတိုင်းမှာ အခွင့်အရေးရရင် သူ့ကိုသုတ်သင်ပစ်ချင်သူတွေရှိနေတယ်၊ တကယ်လို့များ ဒေါင်းနဂါးဂိုဏ်းဟာ ယင်းတို့မြို့မှာ ဩဇာထူထောင်နိုင်မယ်ဆိုရင် လောက်ချန်းမြို့မှာလိုပဲ တည်ငြိမ်မှုရှိအောင် စိုးမိုးထားနိုင်မယ်လို့ ကျုပ်ယုံကြည်တယ်လေ'

ချူးရှာက…

'ခင်ဗျားက ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်မယ့် သဘောလား'

ငွေအိုးကြီး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ အခုကျုပ်ပြောနေတဲ့စကားတွေသာ မောင်စိုးရဲ့ နားထဲ ရောက်သွားမယ်ဆိုရင် ကျုပ်ကို နံပါတ်တစ်ရန်သူအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်လိုက်မှာ သေချာပါတယ်ကွာ၊ မင်းတို့နဲ့ပူးပေါင်းဆောင်ရွက်ချင်တဲ့စိတ်ကြောင့် ကျုပ်ဘက်က အရင်းအနှီးမနည်းဘူးဆိုတာ နားလည်ပါ၊ ရှင်းရှင်းပြောမယ်၊ မင်းတို့ရဲ့လုပ်နည်းလုပ်ဟန်တွေဟာ သွေးပိုညာဉ်ဂိုဏ်းရဲ့ လုပ်ဟန်တွေနဲ့ဆင်တယ်၊ သူတို့က အင်မတန်ကြောက်စရာကောင်းတဲ့ နည်းလမ်းတွေကို သိမ်သိမ်မွေ့မွေ့ အသုံးချပြီး ဩဇာထူထောင်ကြတယ်၊ မင်းတို့ကတော့ လူတိုင်းကို အနုနည်းနဲ့ဆွဲဆောင်စည်းရုံးပြီး ဩဇာထူထောင်တယ်၊ ဒုစရိုက်ကမ္ဘာအကြောင်း ကောင်းကောင်းကြီးသိထားမယ်ဆိုရင် တစ်နေ့မှာ မင်းတို့ဟာ သွေးပိုညာဉ်ဂိုဏ်းနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့အဆင့်ကို ရောက်လာလိမ့်မယ်ဆိုတာ ကြိုတင်တွေးမိကြမှာပဲ၊ ကျုပ်က စီးပွားရေးသမားပါ၊ သွေးပိုညာဉ်ဂိုဏ်းနဲ့ ဘယ်လိုမှအစေးကပ်မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းတို့နဲ့ လက်တွဲချင်တဲ့ဆန္ဒရှိနေပါတယ်၊ ကဲ...မင်းတို့ဘယ်လိုသဘောရကြသလဲ’

ငွေအိုးကြီးသည် ချူးရှာထက်အဆပေါင်းများစွာ အတွေ့အကြုံရင့်ကျက်ပြီး ဗဟုသုတကြွယ်ဝသူ၊ ဉာဏ်များသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြလေသည်။

မီးသွေးတုံးက...

‘ငါတို့ ခုအတိုင်း အေးအေး ဆေးဆေး နေသွားလို့ မရဘူးလား’

ဟု ပြောလေသည်။



ယန်ခွမ်းနှင့် ချူးရှာတို့က ငွေအိုးကြီးအား ကြည့်လိုက်ကြလေသည်။

ငွေအိုးကြီးက တည်ကြည်သောမျက်နှာထားဖြင့်....

‘ကျုပ်အတွေ့အကြုံကို ပြောရမယ်ဆိုရင် ဒုစရိုက်လောကမှာ အေးအေး ဆေးဆေးနေတဲ့လူကို ပူပူလောင်လောင်လူတွေက ဝါးမြိုသွားကြတာချည့်ပါပဲ၊ မင်းတို့ကပြဿနာမရှာရင် ပြဿနာက မင်းတို့ဆီကို အလိုလိုရောက်လာလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ မင်းတို့ကို ရေမြေလို့ ထင်မှတ်လို့မဲ’

‘ကျုပ်တို့က နဂါးဗျ’

မီးသွေးတုံးက ပြောလိုက်သည်။

ငွေအိုးကြီးက....

‘နဂါးက အေးအေးဆေးဆေးနေတော့ ရေမြွေလို့ အထင်ခံရမှာ မဆန်းပါဘူးလေ’

‘ကိစ္စမရှိဘူး၊ ကျုပ်တို့ကိုလာထိရင် နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်ရုံပဲပေါ့’

ငွေအိုးကြီးက သူ့အားစိုက်ကြည့်လိုက်ပြီး....

‘တကယ်လို့များ ပြဿနာတစ်ခုပြီးတစ်ခု မင်းတို့ဆီကို ရောက်လာမယ်ဆိုရင် ငြိမ်ငြိမ်ပြေပြေရှင်းနေရတာနဲ့ မင်းတို့လဲ ပူပူလောင်လောင်ဖြစ်လာမှာပဲ၊ လောက်ချုန်းမြို့ဟာ မင်းတို့လက်ထဲ

www.burmeseclassic.com



မှာ ရှိတယ်ဆိုတာကို သက်သေပြဖို့ အတော့်ကိုကြိုးစားရတော့မယ်'

'အခု ကျုပ်တို့လက်ထဲမှာ ရှိနေတာပဲဗျ'

'မှန်တယ်၊ ပြဿနာတစ်ခုပြီးတစ်ခု ပေါ်လာရင်း ခုလို အခြေအနေမျိုးရှိအောင် မနည်းကြိုးစားရမှာကို မဝေး ဖြင်းမလား'

မီးသွေးတုံး ငြိမ်ကျသွားလေသည်။

ယခုအချိန်တွင် သူတို့၏လက်အောက်၌ လောက်ချန်းမြို့ရှိနေသည်မှာ သေချာလှ၏။ မည်သူမဆို ထိုအတိုင်း လက်ခံကြမည်ဖြစ်သည်။

သို့သော် သူတို့အားဖယ်ရှားပြီး အပိုင်စီးရန်ကြိုးစားသူများ ပေါ်ထွက်လာသည့်အခါ သူတို့၏ ဩဇာအရှိန်အဝါ ဆက်လက်တည်တံ့နေနိုင်စေရန် အပြင်းအထန် ခုခံတွန်းလှန်ပစ်ရတော့မည် ဖြစ်ပေသည်။

ဒုက္ခပေးမည့်လူအားလုံးကို ဖယ်ရှားပြီးနောက် သူတို့အတွက်ရရှိမည့် အကျိုးကျေးဇူးမှာ လောက်ချန်းမြို့အား စိုးမိုးထားနိုင်ခြင်းသာ ဖြစ်ပေသည်။

ယခုလက်ရှိအခြေအနေနှင့် မည်သို့ကွာခြားပါမည်နည်း။

ချူးရှာက....



'လောက်ချန်းမြို့ကို ဘယ်သူက မျက်စိကျနေတာလဲ'

ဟု မေးလိုက်၏။

ငွေအိုးကြီး၏ စကားအသွားအလာကိုကြည့်ခြင်းဖြင့် သူတို့အား ဖယ်ရှားရန် ကြံစည်သူများ ရှိနေပြီဖြစ်ကြောင်း ထင်ရှားသည် မဟုတ်ပါလား။

ဘဝရပ်တည်နေနိုင်ရေးအတွက် ရုန်းကန်တိုက်ခိုက်ရသည့်သဘောကို သုံးယောက်သား ငယ်စဉ်ကပင် နားလည်ခဲ့ကြပြီဖြစ်ပေသည်။

ယခု သူတို့ ဆက်လက် ရပ်တည်နေနိုင်ရန် မည်သူ့ကိုမဆို ရင်ဆိုင်ရတော့မည် ဖြစ်ပေသည်။

ငွေအိုးကြီးသည် ရုတ်တရက် အဖြေမပေးသေးဘဲ ယန်ခွမ်းကို စိုက်ကြည့်လိုက်သည်။ ယန်ခွမ်းကလည်း သူ့အား စိုက်ကြည့်နေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အတန်ကြာ စိုက်ကြည့်နေလိုက်ပြီးမှ....

ငွေအိုးကြီးက....

'မောင်စုံ'

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက....

'ကျုပ် သူနဲ့တွေ့ချင်တယ်'

ဟု တုံးတိတိ ပြောလိုက်လေတော့သည်။

....ဝ....

ယဝ်းတိမြို့....

ယဝ်းတိမြို့သည်အလွန်စည်ကားသိုက်မြိုက်သည့်မြို့ကြီးတစ်မြို့ဖြစ်ပေသည်။ ယန်ခွမ်း ချူးရှာနှင့် မီးသွေးတုံးတို့သည် ယဝ်းတိမြို့သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်လေသည်။

သူတို့သုံးယောက် ပခုံးချင်းယှဉ်ကာ မင်းလမ်းမကြီးအတိုင်း လျှောက်သွားနေကြသည့်တိုင် လောက်ချန်းမြို့အား စိုးမိုးထားသည့် ဒေါင်းနဂါးဂိုဏ်းမှ ခေါင်းဆောင်များ ဖြစ်ကြောင်းမည်သူမျှ သိနိုင်ကြမည် မဟုတ်ပါချေ။



ချူးရှာသည် စည်ကားသိုက်မြိုက်လှသည့် မင်းလမ်းမကြီးအတိုင်း အရှေ့ဘက်သို့ မျှော်ကြည့်လိုက်ပြီး....

'လောက်ချန်းမြို့ဟာ ဒီမြို့ရဲ့ လေးပုံတစ်ပုံလောက်ပဲ ရှိတယ်၊ ငါတို့သာ ဒီမြို့မှာ လက်မထောဝ်နိုင်ဖို့မယ်ဆိုရင် အတိုင်းထက်အလွန်ပဲကွ'

ဟု ပြောလေသည်။

မီးသွေးတုံး မကျေမနပ်ဖြစ်သွားသည်။

'မင်းကိုယ်မင်း ဘယ်လိုလူစားမျိုးထင်နေလို့လဲ'

ဟု ဟောက်လိုက်သည်။

ချူးရှာက....

'ငါဟာ ဒေါင်းနဂါးဂိုဏ်းက လူလေကွာ'

'ဒေါင်းနဂါးဂိုဏ်းဟာ လောက်ချန်းမြို့မှာပဲ ရှိတာကွ'

ချူးရှာ ရယ်မောလိုက်သည်။

'မင်းသိပါတယ်ကွာ၊ မကြာခင် ငါတို့ ဒီမြို့မှာလက်မထောဝ်နိုင်တော့မှာပါ'

မီးသွေးတုံး ဘာမျှမပြောဘဲနေလိုက်လေသည်။

ယန်ခွမ်းက....

'ဟိုမှာ ကြည့်စမ်း'

တစ်နေရာဆီသို့ လက်ညှိုးညွှန်ကာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာနှင့် မီးသွေးတုံးတို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

'ရွှေဂေဟာ'

ဟု ဆိုင်းဘုတ်ရှိသော ဆိုင်ကြီးတစ်ဆိုင် တွေ့ရလေသည်။

မီးသွေးတုံးက....

'ငွေအိုးကြီးပြောတာ ဒီဆိုင်ပဲကွ'

ချူးရှာက ယန်ခွမ်းအား ကြည့်လိုက်ပြီး....

'ယန်ခွမ်း၊ အခုအချိန်မှာ နောက်ဆုတ်မယ်ဆိုရင် ငါတို့ နောက်ဆုတ်လို့ရသေးတယ်ကွ'

ဟု တိုးတိုးပြောလိုက်လေသည်။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'ငါ ဆုံးဖြတ်ပြီးပြီဆိုတာ မင်းသိဖို့ကောင်းတယ်'

'ယန်ခွမ်း၊ အားလုံးအတွက် မင်းတစ်ယောက်တည်း အနစ်နာခံရမယ်ဆိုတာ သဘာဝမကျဘူးကွ'

ယန်ခွမ်းက....

'မင်းတို့နှစ်ယောက်က ထွက်သွားတော့မယ် ဆိုပါတော့'

'ဟာ...ဘာဖြစ်လို့ ထွက်သွားရမှာလဲ'

'ဒါဖြင့် ငါတစ်ယောက်တည်းဆိုတဲ့စကားကို မသုံးနဲ့'

ချူးရှာ ခေါင်းယမ်းလိုက်သည်။



'ငါတို့က မင်းနဲ့အတူတူရှိနေမယ်ဆိုပေမယ့် ပစ်မှတ်ကတော့ မင်းတစ်ယောက်တည်းပဲဖြစ်နေမှာကွ'

ယန်ခွမ်းက....

'ခုချိန်မှာ ဒါတွေတွေးနေလို့ ဘာထူးမှာလဲကွ၊ ငါတို့ ဒီကိုတောင် ရောက်လာကြပြီမဟုတ်လား၊ ကဲ....သွားကြရအောင်'

စကားအဆုံးလျှင် ရွှေဂေဟာဆီသို့ဦးတည်ကာ ခပ်သွက်သွက် လျှောက်သွားလေသည်။

ချူးရှာနှင့် မီးသွေးတုံးတို့ နောက်မှလိုက်သွားကြလေသည်။ ကြာပါချေ။ သူတို့သုံးယောက် ရွှေဂေဟာ စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိသွားကြလေသည်။

အဖြူရောင်ဝတ်စုံဆင်တူ ဝတ်ဆင်ထားကြသည့် ဆိုင်လုလင်များသည် ဆိုင်ပေါက်ဝ၌ရပ်ကာ ရောက်ရှိလာသူများအား ပျူပျူငှာငှာ ကြိုဆိုနေကြ၏။

ယန်ခွမ်း၊ မီးသွေးတုံးနှင့် ချူးရှာတို့မှာ ညစ်ပေပေကောင်လေးများအသွင်မျိုး မဟုတ်တော့ပါ။

အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ထားနိုင်ကြသူများဖြစ်နေချေပြီ။ ချူးရှာနှင့် မီးသွေးတုံးတို့သည် ရွှေရောင် ပိုးဖဲအဝတ်အစားများဖြင့် ချမ်းသာကြွယ်ဝသည့်အသွင် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယန်ခွမ်းမှာမူ အညိုရောင် ချည်ထည်ပါးပါးတစ်ထည် ဝတ်ဆင်ထား၏။

သူ၏ ဥပမိရုပ်ကြောင့် မည်သူမျှ အထင်သေးရဲဘော့မည် မဟုတ်ပါချေ။

သူတို့ ရောက်ရှိလာသည်နှင့် ဆိုင်လုလင်များ ပျာပျာသလဲ ကြိုဆိုလိုက်ကြလေသည်။

'ကြွပါခင်ဗျာ... ကြွပါ'

ဆိုင်လုလင်တစ်ယောက်က ဆိုင်ထဲသို့ လမ်းပြဖိတ်ခေါ်သွားလေသည်။ ဆိုင်ထဲ၌ ဝင်ထွက် သွားလာသူမစဲ တသဲသဲရှိပေသည်။

ဆိုင်အောက်ထပ်၌ စားပွဲများခင်းကျင်းထားပြီးစားသောက်နေသူ သုံးလေးဆယ်ခန့် ရှိပေသည်။

အချို့လူများသည် အပေါ်ထပ်သို့ တက်သွားကြသည်ကို တွေ့ရ၏။ ထို့အပြင် ဆူဆူညံ့ညံ့အသံများသည် ဆိုင်အနောက်ဘက်မှ ထွက်ပေါ်နေသည်ကို ကြားရလေသည်။

ယန်ခွမ်းတို့က အနောက်ဘက်သို့ လှမ်းကြည့်လိုက်ကြသဖြင့် ဆိုင်လုလင်က...

'အစ်ကိုလေးတို့က အနောက်ဘက်ကို သွားကြမလို့လား ခင်ဗျာ'

ဟု မေးလေသည်။



ချူးရှာက...

'ဟုတ်တယ်'

'ကောင်းပါပြီဗျာ၊ ကျုပ်နောက် လိုက်ခဲ့ပါ'

ပြောရင်း ဆိုင်အနောက်ဘက်သို့ ခေါ်ဆောင်သွားလေသည်။

ဆိုင်မကြီးနှင့်ဆက်စပ်ထားသည့် တံခါးကို ဖွင့်လိုက်သည်နှင့် ဆူဆူညံညံအသံများ ဝေါခနဲ ထွက်ပေါ်လာလေသည်။

အတွင်းဘက်၌ လူပေါင်း သုံးလေးရာမျှရှိနေပြီး လောင်းကစားနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

'ဘာကစားစရာကိုစွလဲဟေ့'

ယန်ခွမ်းတို့သုံးယောက် လောင်းကစားခန်းမကြီးအားအကဲခတ် ကြည့်နေစဉ်မှာပင် ကျယ်လောင်သော အော်မြည်ပေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ခန္ဓာကိုယ် သန်မာထွားကျိုင်းသည့် လူသန်ကြီးတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။

ဆိုင်လုလင်က...

'ကစားမယ့်လူသုံးလေးယောက်ကို လာပို့တာပါဆရာချူး'

ဟု ရိုရိုသေသေ ပြောလိုက်လေသည်။

ဆရာချူးဆိုသည့် လူသန်ကြီးက ယန်ခွမ်းတို့အားဝေ့ကြည့်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ ငွေဘယ်လောက်ပါလို့လဲ'

ဟု မေးလေသည်။

ချူးရှာက အိတ်ထဲမှ ငွေလွှဲလက်မှတ်တစ်ထပ် နှိုက်ထုတ်လိုက်ပြီး....

'ခင်ဗျား မမြင်ဖူးရင် ကြည့်ထား'

ဟု ပြောလိုက်လေသည်။

ဆရာချူး၏မျက်နှာ တည်သွား၏။

'ငွေပါတယ်ဆိုရင် ပြီးတာပဲ၊ ဝင်ခဲ့'

ဟု ခပ်ဖြတ်ဖြတ် ပြောသည်။

ဆိုင်ရှင်က ယန်ခွမ်းတို့အား ပြုံးဖြဲလိုက်ပြီး....

'မိတ်ဆွေလေးတို့ ဝင်သွားကြပါ၊ ကြိုက်တဲ့ဝိုင်းမှာ လောင်းကစားနိုင်ပါတယ်ဗျာ'

စကားဆုံးလျှင် အရှေ့ဘက် ခန်းမဘက်သို့ ပြန်ထွက်သွားလေသည်။

ဆရာချူးက ခွင့်ပြုလိုက်သဖြင့် ယန်ခွမ်းတို့မှာ လောင်းကစား ခန်းမသို့ ဝင်ခွင့်ရရှိသွားကြသည်။

ဆရာချူးက....

'မင်းတို့ ဘာကစားမလဲ'

ဟု မေးလိုက်သည်။



ချူးရှာက....

'အံစာ ကစားမယ်'

'ကောင်းပြီ'

ဆရာချူးသည် သူတို့အား အံစာဝိုင်းသို့ ခေါ်သွား၏။

အံစာလောင်းကစားဝိုင်းမှာ အလွယ်ကူဆုံး၊ အရှင်းဆုံး၊ ကြေးအကြီးဆုံး ကစားဝိုင်းဖြစ်ကြောင်း ငွေအိုးကြီးက ပြောထားပေသည်။

အံစာဝိုင်း၌ ခေးနှစ်လက် မောင်စုနှင့် တွေ့နိုင်သည်ဟု ပြောပြခဲ့သည် မဟုတ်ပါလား။

အံစာဝိုင်းအနီးသို့ ရောက်ရှိသွားလျှင် ဆရာချူးက,...

'ဒီမှာ ကစားမယ့် လူတစ်ယောက် ရောက်လာတယ်၊ နေရာဖယ်ပေးလိုက်ကြစမ်းဟေ့'

ဟု ပြောလိုက်သည်။

အရှုံးကြီးရှုံးကာ လက်ထဲ ငွေအနည်းငယ်မျှသာ ကျန်တော့သည့် လူတစ်ယောက်မှာ မျက်နှာကြီး ရှုံ့မဲ့သွား၏။

'ဆရာချူး-ကျုပ်မှာငွေသုံးသောင်းပါလာတာ တစ်တောင်လောက်ပဲ ကျန်တော့တယ်ဗျ၊ ခဏလောက် ဆက်ပြီး ကစားရမှဖြစ်မယ်၊ ကျုပ် ပြန်နိုင်ချင် နိုင်မှာပါဗျာ'

ဟု စောဒက တက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဆရာချုပ်သည် ဘာမျှ မပြောဘဲ ခါးမှ ဓားကို ဆွဲထုတ်ကာ ခုတ်ချပစ်လိုက်သည်။

'အား....'

ထိုလူမှာ စူးရှစွာ အော်ဟစ်ကာ ကြမ်းပြင်ပေါ် လဲကျသွား၏။

ဆရာချုပ်က လက်ဝေ့ယမ်းပြလိုက်၏။

ထိုအခါ အနက်ရောင် ဝတ်ဆင်ထားသူ တစ်စု ရှေ့သို့ တိုးလာကြပြီး ထိုလူအား ဆွဲထုတ်သွားကြလေတော့သည်။

ဆရာချုပ်က ယန်ခွမ်းတို့ဘက် လှည့်ကာ....

'ကဲ....မင်းတို့ ကစားနိုင်ပြီ'

ဟု ပြောသည်။

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

ချူးရှာက....

'ငါ ကစားမယ်'

ပြောရင်း နေရာဝင်ယူလိုက်၏။

တစ်ဆက်တည်းပင် သူ့ထံ၌ ပါလာသမျှ ငွေအားလုံး ထုတ်ကာ စားပွဲပေါ် ပုံချလိုက်သည်။

ကျန်ရှိနေသည့် ကစားနေကြသူများနှင့် ဒိုင်လုပ်သူသည် ချူးရှာအား အကဲခတ်ကြည့်လိုက်ကြ၏။



သူတို့၏ ကစားဝိုင်း၌ ငွေကုန်လျှင် ဆက်၍ မလောင်းကစားနေခြင်းမပြုဘဲ ထွက်သွားခြင်းက အကောင်းဆုံး မဟုတ်ပါလား။

ထို့အပြင် အံစာဝိုင်းသည် အလွန်ကြေးကြီးသော ဝိုင်း ဖြစ်ရာ တစ်ခဏအတွင်း ရှုံးသွားနိုင်ပြီး တစ်ခဏအတွင်း ငွေ အမြောက်အမြား အနိုင်ရသွားနိုင်ပေသည်။

ငွေမရှိဘဲ ကစားလျှင် မည်သို့ဖြစ်ရမည်ကို လက်တွေ့ သိမြင် နေကြရပေသည်။ ချူးရှာက ငွေအထုပ်လိုက် ထုတ်လိုက်ခြင်း ကြောင့် မည်သူမျှ ကန့်ကွက်ပြောဆိုခြင်း မပြုတော့ချေ။

ဒိုင်လုပ်သူက....

'ကဲ....စမယ်၊ ထိုးကြ...ထိုးကြ'

ဟု အော်ပြောလိုက်၏။

ဆရာချုပ်၏ ဓားချက်ဖြင့် လဲကျသွားသူ၏ အဖြစ်ကြောင့် ငြိမ်ကျသွားသည့် လောင်းကစားဝိုင်းမှာ ပြန်လည်၍ ဆူဆူညံညံ ဖြစ်လာသည်။

လောင်းကစားနေကြသူများမှာ ငွေများထုတ်ကာ လောင်း ကြလေသည်။ ချူးရှာက သူ့တွင်ပါလာသည့် ငွေများ အကုန် ချလောင်း၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ဘာမျှ မပြောကြချေ။ [illegible] တစ်ဝိုင်း ပြီးသွားသောအခါ ချူးရှာ အလျော်ရလိုက်လေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယှန်ခွမ်းနှင့် မီးသွေးကုံးတို့ အေးအေးဆေးဆေးပင် ကြည့်နေကြ၏။

ချူးရှာသည် အနိုင်ရသည့်ငွေနှင့် အရင်းငွေကို ပေါင်းကာ နှစ်ဆတိုးပြီး ထိုးလိုက်၏။

ဤသို့ဖြင့် သုံးလေးကြိမ်မျှ ဆက်တိုက် အနိုင်ရလိုက်သော အခါ သူ၏ရှေ့တွင် ငွေပုံကြီးမှာ မေးစေ့ထိလုမတတ် မြင့်မား လာလေတော့သည်။

ထိုးသားများ မဆိုထားနှင့် ဒိုင်လုပ်သူပါ မျက်စိမျက်နှာ ပျက်လာလေတော့သည်။

'ဝိုင်းစမယ်'

ဒိုင်လုပ်သူက နောက်တစ်ဝိုင်းထပ်ရန် ကြေငြာလိုက်သော အခါ ချူးရှာက....

'ထိုးတယ်'

ရှိသမျှငွေ အကုန်ထိုးလိုက်လေသည်။

ဒိုင်လုပ်သူ မျက်လုံးပြူးသွား၏။

'မင်းအကုန်ထိုးတယ် ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားလက်မခံနိုင်ဘူးလား၊ သတ္တိမရှိလို့လား'

'ဘာပြောတယ်ကွ'

'ခင်ဗျား လက်ခံတယ်ဆိုရင် ကျုပ်ထိုးတယ်၊ လက်မခံဘူး ဆိုရင် ဆက်ထိုးစရာမလိုတော့ဘူး၊ အနိုင်မှိုင်းပြီး ပြန်ရုပ်ချိတော့ တာပေါ့'



ဒိုင်လုပ်သူမှာ ငွေအမြောက်အများ လျော်ထားရသဖြင့် ချူးရှာ အနိုင်ပိုင်းသွားလျှင် အကြီးအကျယ် ထိခိုက်သွားမည် ဖြစ်လေသည်။

ထို့ကြောင့်....

'မင်းတောင်းထိုးရဲသေးဘာ၊ ငါက ငြင်းစရာ မလိုပါဘူး'

ဟုဆိုကာ လက်ခံလိုက်၏။

ယခုတစ်ကြိမ်တွင် လူတိုင်းလူတိုင်းသည် ချူးရှာအား သတိ ပြုမိလာကြပြီ ဖြစ်လေသည်။

အခြားကစားဝိုင်းများမှ လူများပင် ချူးရှာတို့ဝိုင်းသို့ ဝိုင်း ကြည့်လာကြသည်။

ဒိုင်လုပ်သူနှင့် ချူးရှာတို့ တစ်ယောက်ချင်း လောင်းကစား သကဲ့သို့ ရှိနေပြီမဟုတ်ပါလား။

ဆူညံသံညံ့အသံများ တိတ်ဆိတ်သွား၏။

ဒိုင်လုပ်သူ၏ နဖူးပြင်ပေါ်၌ ချွေးများစို့လာသည်။ အံစာ ကို စားပွဲပေါ် ပစ်လိုက်လေသည်။

'ငါးပွင့်'

အော်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အံစာ လောင်းကစားရာတွင် ခြောက်ပွင့်သည် အကြီးဆုံး ဖြစ်ပေသည်။

သုံးပွင့်ရလျှင်ပင် အနိုင်ရဖို့ တစ်ဝက်သေချာနေပြီဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ငါးပွင့်ရလိုက်ခြင်းကြောင့် ဒိုင်လုပ်သူ၏မျက်နှာ ပြုံးရွှင်သွားလေသည်။

'ကဲ...မင်းအလှည့်ပဲ'

ချူးရှာကို ပြောလိုက်၏။

ချူးရှာ ရယ်မောလိုက်သည်။

'ကျုပ်က ခြောက်ပွင့်ရမှာပေါ့ဗျ'

ပြေးပြောဆိုဆို အံစာတုံးကို ယူကာ လှိမ့်လိုက်လေသည်။ အံစာတုံးကလေး လှိမ့်သွားချိန်၌ ဝိုင်းကြည့်နေသူများသည် အသက်ပင်မရှူဝံ့ဘဲ စိုက်ကြည့်နေကြပါ၏။

အံစာတုံးကလေး ရပ်သွားသောအခါ....

'ခြောက်ပွင့်'

တစ်ခဲနက် ဟစ်ကြွေးသံကြီး ဟိန်းထွက်လာ၏။

ဒိုင်လုပ်သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားသည်။

နဖူးကို လက်ဝါးဖြင့် ရိုက်လိုက်ပြီး....

'သေပါပြီ'

ဟု ညည်းညူလိုက်၏။

ချူးရှာက....

'ကဲ....လျော်ပေတော့'

ဟု ဝင့်ကြွားစွာ ပြောလိုက်သည်။

ဒိုင်လုပ်သူ မျက်နှာငယ်ကလေးဖြင့် ရှိနေစဉ်မှာပင်....

'ဘာတွေဖြစ်နေကြတာလဲဟေ့'

စကားသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



အားလုံး လှည့်ကြည့်လိုက်ကြသောအခါ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူပျစ်စွာရှိသူတစ်ယောက်သည် လူတစ်စုခြံရံလျက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မီးသွေးတုံးက....

'မောင်စုံရောက်လာပြီ'

ဟု တိုးတိုး သတိပေးလိုက်၏။

ယန်ခွမ်း၏ မျက်လုံးအောက်မှ ကြွက်သားများ လှုပ်ရှားသွား၏။

မကြာမီ သူကိုယ်တိုင် ဝင်ရောက် လောင်းကစားရတော့မည်ဟု နားလည်လိုက်၏။

သူက အသက်ချင်း လောင်းကြေးထပ်သည့်ပွဲ၌ ပါဝင်လောင်းကစားရမည် ဖြစ်လေသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံအသံများ တစ်မုဟုတ်ချင်း ငြိမ်ကျသွား၏။

လူတိုင်း လူတိုင်း ခေါင်းငုံ့သွားသည်။

ဒိုင်လုပ်သူ၏မျက်နှာ ဇီးကွက်ခန့်သာ ရှိတော့၏။

ဆရာချုပ်သည် ရှေ့သို့ လှမ်းထွက်လာပြီး....

'အစ်ကိုကြီးစု အံစာဒိုင် သောက်သောက်လဲ လျော်နေရလို့ပါ'

ဟု မျက်နှာလို မျက်နှာရ ဆီးကြိုပြောလိုက်လေသည်။

ဓားနှစ်လက်မောင်စုသည် ယင်းတိုမြို့၏ မြေအောက်ရာဇဝတ်ပါး ဖြစ်လေသည်။ သို့သော် သူ့အား လူတိုင်း ကအစ်ကိုကြီးစုဟုသာ ခေါ်ရပေသည်။

မှတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ရှိသူမှာ ဓားနှစ်လက်မောင်စု ဖြစ်လေသည်။ မောင်စုသည် ရှေ့သို့လှမ်းထွက်လာပြီး ဒိုင်လုပ်သူအား စေ့စေ့ကြည့်လိုက်သည်။

စားပွဲပေါ်၌ ငွေများ အစုလိုက် အပုံလိုက် ရှိနေပါသည်။

'ဘယ်လောက် လျော်လိုက်ရပြီလဲ'

ဟု မေးလိုက်သည်။

ဒိုင်လုပ်သူက....

'ဆယ်...ဆယ်သိန်းနီးပါးရှိပါပြီ အစ်ကိုကြီးစု'

ဟု မဝံ့မရဲဖြင့် ပြောလေသည်။

မောင်စုက....

'ငွေဆယ်သိန်းပြည့်အောင် မင်းဘယ်နှစ်ခါ ရှာပေးဖူးသလဲ'



'ကျုပ်....ကျုပ်'

မောင်စုသည် ဆရာချုပ်အား ခေါင်းညိတ်ပြလိုက်ပြီး....

'မင်း တာဝန်ယူလိုက်ပါ'

ဟု ပြောလိုက်သည်။

ဆရာချုပ် ရှေ့တိုးလာလေသည်။

ဒိုင်လုပ်သူမှာ ကြမ်းပြင်ပေါ် ကဗျာကယာ ဒူးထောက်ချလိုက်ပြီး....

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါဗျာ၊ ကျုပ်....'

စကားဆုံးအောင် မပြောလိုက်ရပါ။ ဆရာချုပ်က လည်ကုပ်ကို လက်ဝါးစောင်းဖြင့် ဖျောင်းခနဲမြည်အောင် ရိုက်ချလိုက်သဖြင့် ဒိုင်လုပ်သူမှာ ခွေခွေကလေး လဲကျသွားလေတော့၏။

ဆရာချုပ်က လက်ပေ့ယမ်းပြလိုက်လျှင် အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ရှေ့သို့ခုန်ထွက်လာကြပြီး ဒိုင်လုပ်သူအား တရွတ်တိုက် ဆွဲခေါ်သွားကြလေသည်။

မီးသွေးတုံး မျက်နှာပျက်သွားသည်။

ယန်ခွမ်းအနီးသို့ ချဉ်းကပ်ရင်း....

'ယန်ခွမ်း၊ သတိထားနော်'

ဟု တိုးတိုးသတိပေးလိုက်လေသည်။

ယန်ခွမ်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ငွေအိုးကြီး ပြောတဲ့စကားကို မင်းမေ့သွားပြီလား'

မီးသွေးတုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့၏။ သူတို့သည် ငွေအိုးကြီးနှင့် အပေးအယူလုပ်ကာ ယင်းတိမ်မြို့သို့ လာခဲ့ကြခြင်း ဖြစ်လေသည်။

ငွေအိုးကြီးပြောသည့် စကားများကို ပြန်လည်ကြားယောင် လာလေသည်။

'မောင်စုဟာ ယင်းတိမ်မြို့ရဲ့ မြေအောက် ရာဇာဆိုတော့ နယ်ခွား ပယ်စား တစ်ပါးလို ကိန်းခန်းကြီးရှိတယ်၊ သူ့ကို တော်ရုံတန်ရုံ တွေ့ရဖို့ မလွယ်ဘူး၊ သူ့ဘေးမှာ သက်တော် စောင့်တွေ တစ်ချိန်လုံး ဝိုင်းနေတာပဲ၊ သူကိုယ်တိုင်လဲ သိုင်း ပညာ မခေဘူး၊ သူ့ကို အစောင့်အကြပ်နည်းနည်းနဲ့ အလွယ်က ဆုံး တွေ့နိုင်တာက 'ရွှေဂေဟာ' လောင်းကစားဝိုင်းမှာပဲ၊ မောင်စု ဟာ ဝေါင်းဆောဝ်ဆိုတော့ သူ့ကိုဖယ်ရှားပြီး နေရာလုမယ့်သူ ညှော်က တစ်ပုံကြီး ရှိနေတာကို သူသိတယ်၊ အမြဲတမ်းလျှို လျှို ဝှက်ဝှက်နေထိုင်လှုပ်ရှားတတ်ပေမယ့် ရွှေဂေဟာ လောင်းကစား ဝိုင်းကိုတော့ တစ်နေ့တစ်ခေါက် လာလေ့ရှိတယ်'

မီးသွေးတုံး သက်ပြင်းချလိုက်လေသည်။

ငွေအိုးကြီးပြောသကဲ့သို့ ရွှေဂေဟာ၏ လျှို့ဝှက်လောင်း ကစားဝိုင်းသို့ မောင်စုရောက်လာပြီ ဖြစ်လေသည်။

'ရွှေဂေဟာ၊ ဟာ မောင်စုဦးစီးဖွင့်လှစ်ထားတဲ့ လောင်း ကစားဝိုင်းပဲ၊ အဲဒီမှာရှိတဲ့လူတွေဟာ သူ့ရဲ့ယုံကြည်စိတ်ချရသူ



တွေချည့်ပဲ၊ ဒါကြောင့် သူ့ကိုရှင်းချင့်တယ်ဆိုရင် ရွှေဂေဟာကို သွားတာ အကောင်းဆုံးပဲ၊ တကယ်လို့များ ကျုပ်နဲ့ပူးပေါင်း ဆောင်ရွက်မယ်ဆိုရင် မောင်စုကို ရှင်းပြီးတာနဲ့ သူ့လူတွေကို တားဆီးနိုင်တဲ့လူတစ်ယောက် ကျုပ်က စီစဉ်ပေးမယ်၊ သူက ပဲ မောင်စုရဲ့နေရာကို မင်းတို့ရယူနိုင်ဖို့ လမ်းခင်းပေးလိမ့်မယ်'

မီးသွေးတုံး ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်၏။

သူတို့သည် ငွေအိုးကြီး၏ အကြံအစည်ကို လက်ခံကာ ယင်းတိမ်မြို့သို့ လာခဲ့ကြရာ ရွှေဂေဟာအတွင်းသို့ပင် ရောက်ရှိနေ ကြပြီ ဖြစ်လေသည်။

သူတို့အား ကူညီမည့်သူရှာ၍ လောင်းကစားခန်းမအတွင်း၌ ရှိနေကြမည် ဖြစ်ပါသည်။

ထိုလူသည် အရေးပါ အရာရောက်သူ ဖြစ်ပေသည်။ မည်သူ မည်ဝါဖြစ်ကြောင်းကား မသိရပါ။

ညာဏ်များသည့် ငွေအိုးကြီး၏ဝှက်ဖဲ ဖြစ်လေသည်။ မီးသွေး တုံး တွေးတောစဉ်းစားနေစဉ်မှာပင် မောင်စု၏စကားသံ ထွက် ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မောင်စုသည် ချူးရှာအား စိုက်ကြည့်လိုက်ပြီး....

'မင်း တော်တော်ကံကောင်းတဲ့ ကောင်လေးပဲ၊ ငါနဲ့ တစ်ယောက်ချင်း ကစားမလားကွ'

ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာက....

'စိမ်လိုက်လေ၊ ကျုပ်က ငွေအကုန်ချပြီး လောင်းမယ်၊ ခင်ဗျားလက်ခံမလား'

သူ၏စကားကြောင့် မောင်စုသာမက စိုင်းကြည့်နေကြသူအားလုံး သဘောကျသွားကြလေသည်။

ချူးရှာအား သတ္တိကောင်းသည့် မိုက်မိုက်ကန်းကန်းကောင်လေးဟု လက်ခံသွားကြပေတော့သည်။

မောင်စု ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား.... မင်း မဆိုးဘူး၊ မင်း ရှုံးသွားမှာ မကြောက်ဘူးလားကွ'

'ကျုပ်က ရှုံးမှာကြောက်ရင် ဘယ်တော့မှ လောင်းကစားမှု မလုပ်ဘူးဗျ'

'ကောင်းတယ်....ကောင်းတယ်၊ ကဲ....စကြရအောင်၊ မင်းအရင်ပစ်မလား၊ ငါ အရင်ပစ်ရမလား'

မောင်စုက အံစာတုံးကိုညွှန်ပြကာ မေးလိုက်လေသည်။

ချူးရှာက....

'ခင်ဗျားရဲ့ငွေ ဘယ်မှာလဲဗျ'

ဟု ပြန်မေးလိုက်၏။

မှန်ပေသည်။ စားပွဲပေါ်၌ သူအနိုင်ရရှိထားသည့် ငွေများ အဖွေးသားရှိနေပါ၏။



မောင်စုက....

'ယင်းတိမြို့မှာ ငါ လက်ညှိုးညွှန်ရာ ရေဖြစ်တယ်ဆိုတာ မင်း မသိသေးဘဲကိုး၊ မင်းအနိုင်ရရင် ငွေချက်ချင်း ရစေ့မယ်၊ ငါ တာဝန်ယူတယ်'

'ကောင်းပြီ၊ ခင်ဗျားစကား ခင်ဗျားမှတ်ထားပါ၊ ခင်ဗျားက ကျုပ်ထက်အသက်ကြီးတော့ ခင်ဗျားအရင် စပစ်ပါဗျာ'

မောင်စု ခေါင်းညိတ်သဘောတူလိုက်ပြီး အံစာတုံးလေးကို ကောက်ယူလိုက်၏။ လက်ထဲ အတန်ကြာအောင် ဆုပ်ထားလိုက်ပြီးမှ....

'ကဲ....စပြီ'

ပြောပြောဆိုဆို စားပွဲပေါ် ပစ်တင်လိုက်လေသည်။

တတောက်တောက် မြည်သံနှင့်အတူ အံစာတုံးလေး လိမ့်သွား၏။

လူတိုင်းလူတိုင်း အသက်အောင့်ကာ မမှိတ်မသုန် စိုက်ကြည့်နေကြလေသည်။ အံစာတုံးလေး ရပ်သွားလျှင်....

'နှစ်ပွင့်'

မောင်စု လွှတ်ခနဲ ရေရွတ်လိုက်သည်။

မှန်ပေသည်။ မောင်စု ပစ်လိုက်သည့် အံစာများ နှစ်ပွင့်သာ ရှိပေသည်။ မောင်စု မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်း ဝင်ပြန်သည်လိုက်ပြီး.... ၅

'ကောင်လေး....မင်းက နှစ်ပွင့်ကိုပဲ နိုင်အောင်ကြိုးစားကြည့်စမ်းပါဦးကွာ'

ဟု ပြောလိုက်သည်။

ချူးရှာ ရယ်မောလိုက်၏။

'ဟဲ....ဟဲ....ဟဲ....ကျုပ်က ပစ်တိုင်း ခြောက်ပွင့် ရနေကြဗျ၊ ကဲ...ကြည့်ထားပါ'

ပြောပြောဆိုဆို အံစာတုံးလေးကို ပစ်လိုက်သည်။

အံစာတုံးမှာ စားပွဲပေါ်၌ လိမ့်သွား၏။ ဆူဆူညံညံ အသံများ ဘိတ်ဆိတ်ငြိမ်သက်သွားသည်။

အားလုံးသည် အံစာတုံးလေးကို မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။ အံစာတုံးလေး လိမ့်နေရာမှ ရပ်သွားလျှင်....

'တစ်....'

ဆရာချူး၏ အသံ ဟိန်းထွက်လာသည်။

မှန်ပေသည်။ ချူးရှာ ပစ်လိုက်သည့် အံစာ တစ်ပွင့်သာရှိပေသည်။ ချူးရှာ ရှုံးသွားပြီ ဖြစ်သည်။

'ဟေး....'

ဝိုင်းကြည့်နေကြသူများသည် မောင်စု အနိုင်ရသွားပြီဖြစ်ရာ ဝမ်းသာအားရ ဟစ်ကြွေးလိုက်ကြလေတော့သည်။



ယခုမှ မောင်စု၏ မျက်နှာ ပြုံးဖြုံးရွှင်ရွှင် ဖြစ်လာသည်။ ချူးရှာအား ပြုံးပြလိုက်ပြီး....

'ဒီတစ်ခါတော့ မင်း ကံဆိုးသွားပြီကွ'

ဟု ပြောလိုက်သည်။

ချူးရှာက....

'ထားပါတော့ဗျာ၊ ရှုံးမှတော့ ပေးလိုက်ရုံ ပေါ့၊ ကဲ....ကျုပ်ငွေတွေ ယူလိုက်မေဆော့၊ ကျုပ်သွားတော့မယ်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'နေပါဦးကွ'

မောင်စုက ဟန့်တားလိုက်လေသည်။

ချူးရှာက လှည့်ကြည့်လိုက်ပြီး....

'ခင်ဗျား ဘာပြောချင်လို့လဲ'

မောင်စုက....

'မင်းကျေနပ်ရဲ့လားကွ'

'ခင်ဗျားရဲ့သဘောက ...'

'မကျေနပ်ဘူးဆိုရင် ထပ်ပြီးလောင်းရအောင်'

'ကျုပ်မှာ ငွေမှမရှိတော့တာ'

မောင်စု၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းမှာ တန်ဖိုးရှိတဲ့ အသက်တစ်ချောင်းပိုင်တယ် မဟုတ်လား'

'ဘာဗျ၊ အသက်တစ်ချောင်းဟုတ်လား'

'ဟုတ်တယ်လေ၊ အသက်ချင်းထပ်ပြီး ကစားကြရအောင်'

မီးသွေးတုံး လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ငွေအိုးကြီး ပြောခဲ့သည့်စကားများ မှန်ကန်နေကြောင်း တဖြည်းဖြည်း ပေါ်လွင်လာပြီ မဟုတ်ပါလား။

'မောင်စုဟာ အလောင်းအစား အင်မတန်ဝါသနာထုံတဲ့ လူပဲ၊ သူကအသက်ချင်းထပ်ပြီး လောင်းတာစားလေ့ရှိတယ်၊ အဲဒီအချိန်မျိုးမှာ သူဟာ အနိုင်ရအောင် လုပ်ထားတဲ့အံဇာတုံးကို အသုံးပြုလေ့ရှိတယ်'

ဟူ၍ ပြောပြခဲ့ပေသည်။

'မင်း ဘယ်လိုသဘောရသလဲကွ'

မောင်စုက ထပ်မေးလေသည်။

ချူးရှာက ယန်ခွမ်းကိုကြည့်လိုက်၏။

သူတို့ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဖြစ်ပျက်လာခဲ့ချေပြီ။ ယခု သူက အစပျိုးခဲ့ပြီးပြီဖြစ်သည်။

သူ၏တာဝန်ကုန်ဆုံးသွားပြီး ယန်ခွမ်း ဆက်လက်တာဝန်ယူရတော့မည့်အချိန် ရောက်လာပြီ မဟုတ်ပါလား။



'ကျုပ်က အစားလောင်းမယ်'

ယန်ခွမ်းက ပြောပြောဆိုဆို ရှေ့သို့လှမ်းထွက်လိုက်လေသည်။

မောင်စု မျက်မှောင်ကြုတ်သွား၏။

'မင်းရဲ့အသက်နဲ့လောင်းမယ် ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားနိုင်ရင် ကျုပ်ကို ကြိုက်သလိုလုပ်နိုင်တယ်၊ ကျုပ်နိုင်ရင် ခင်ဗျားအသက်ကို ပေးရမယ်'

ယန်ခွမ်းက အကြောက်အရွံ့မရှိ ပြတ်သားစွာ ပြောလေသည်။

မောင်စု သဘောကျသွား၏။

'ကြိုက်သွားပြီဟေ့၊ ကဲ...မင်းကစမလား၊ ငါကစရမလား' ဟု မေးလေသည်။

ယန်ခွမ်းက...

'ကျုပ်စမယ်'

'ကောင်းပြီ'

မောင်စုသည် သူ့အလှည့်ရောက်တိုင်း အနိုင်ရစေရန် ပြုပြင်ဖန်တီးထားသည့် အံဇာတုံးလေးကို လှမ်းပေးလေသည်။

ထိုအံဇာတုံးလေးအား လိမ့်၍ပစ်လျှင် အပွင့်ရေအနည်းဆုံး ကျမည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပွင့်အမျှားဆုံးလိုချင်ပါက ကြေးကော်ကာပစ်ချလိုက်ရမည် ဖြစ်သည်။

အံစာလောင်းကစားသူတိုင်းသည် လက်လွတ်စပယ် ကြောက်၍ ပစ်လေ့ မရှိကြချေ။

ထိုသို့ပစ်ပုံမျိုးသည် ကံတရားကို အားကိုးရသည်ဖြစ်၍ မည်သူမျှမပစ်လိုကြချေ။

မောင်စုံ၏ အံစာတုံးလေးအကြောင်းကို သိသူနည်းပါးလှသော်လည်း ပါးနပ်လှသည့် ငွေအိုးကြီး ရိပ်မိခဲ့လေသည်။

ထို့ကြောင့် အနိုင်ယူနိုင်သည့်နည်းလမ်း ပြောပြခဲ့လေသည်။ ယန်ခွမ်းသည် ငွေအိုးကြီးသင်ပေးလိုက်သည့်နည်းလမ်းကို အသုံးပြုရန် ကြံစားလိုက်လေသည်။

မောင်စုံ၏အံစာတုံးကို ကောက်ယူပြီးသည်နှင့် လက်ထဲ၌ ဖက်ထားသည့်ငွေအိုးကြီးပေးလိုက်သော အံစာတုံးဖြင့် လဲလိုက်သည်။

မောင်စုံ၏အံစာတုံးသည် အင်္ကျီလက်အိုးကြားမှ တစ်ဆင့် အိတ်ထဲရောက်သွားပြီး ငွေအိုးကြီးပေးလိုက်သည့် အံစာသည် လက်ထဲရောက်လာသည်။

အံစာတုံးချိန်းလဲသည့်နည်းမှာလည်း ငွေအိုးကြီးကပင် သင်ပေးလိုက်ခြင်းဖြစ်လေသည်။

ယန်ခွမ်းသည် အံစာချိန်းလဲပြီးသည်နှင့်....



'ကျုပ်ပစ်တော့မယ်'

ဟု ပြောလိုက်ရာ မောင်စုံ ခေါင်းညိတ်လိုက်သည်။

'မင်းရဲ့အသက်ဟာ အံစာတုံးပေါ်မှာ ရောက်နေပြီကွ၊ ကဲ... ပစ်တော့'

ယန်ခွမ်းက စားပွဲပေါ် လှိမ့်၍ ပစ်လိုက်လေသည်။

အံစာတုံးလေး ရပ်သွားသည်နှင့်....

'သုံး'

အော်ပြောလိုက်သည့်အသံများ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

'ဟား....ဟား....ဟား....'

မောင်စုံ သဘောကျစွာ ရယ်မောလိုက်လေသည်။

အံစာတုံးလေးအား ကောက်ယူရင်း....

'မင်းတော့ ဒုက္ခပဲ၊ ငါက ဘယ်လိုပဲပစ်ပစ် မင်းကို အနိုင်ရမှာ သေချာနေပြီ။ မင်း ဘာလုပ်မလဲ'

ဟု မေးလေသည်။

ယန်ခွမ်းက...

'ခင်ဗျားနိုင်သွားရင် ကျုပ်အသက်ကိုယူပါ၊ ရှုံးသွားရင်တော့ ကျုပ်ရှေ့မှာ လည်စင်းပေးဖို့ပြင်ထား'

'ငါက ရှုံးမယ်တဲ့လားကွ'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မောင်စုက အံစာတုံးလေးကို အပေါ် မြှောက်ပစ်လိုက်လေသည်။ ကျချင်သည့်အပွင့်ကျ ဟူသော သဘောဖြင့် ပစ်ပုံမျိုး ဖြစ်သော်လည်း စိတ်ကြိုက်ပွင့်ထား သည့် အံစာတုံးဆိုလျှင် ခြောက်ပွင့်ကျမည်သာ ဖြစ်ပေသည်။

မောင်စုသည် ယုန်ခွမ်း အံစာချင်း လဲလိုက်သည်ကို မသိဘဲ ပစ်လိုက်ခြင်း ဖြစ်ပေသည်တကား။

တစ်တောက်တောက်မြည်သံနှင့်အတူ အံစာတုံးလေး လိမ့် သွားပြီး အရှိန်သေကာ ရပ်သွားလျှင်....

'နှစ်ပွင့်'

ယုန်ခွမ်းက ပြောလိုက်၏။

ဝိုင်းကြည့်နေသူများ တုပ်တုပ်မျှ မလှုပ်ကြပါ။ မောင်စု မျက်နှာပျက်သွား၏။

ယုန်ခွမ်းက....

'ခင်ဗျား ရှုံးသွားပြီ'

ဟု ပြောလိုက်လေသည်။

မောင်စုသည် နှစ်ပွင့်သာပေါ်နေသည့် အံစာတုံးလေးကို မယုံကြည်နိုင်စွာဖြင့် ကြည့်နေ၏။

ယုန်ခွမ်းက အံစာတုံးချင်းလဲကာ ကတုံးပေါ် ထိပ်ကွက် လိုက်သည့်အဖြစ်ကို ချက်ချင်းနားလည်သွား၏။



ဒေါ်သ ထောဝ်းခနဲ ထွက်သွားပြီး....

'တောက်....မင်းက လူလည်ကျတာပေါ့ ဟုတ်လား'

'ခင်ဗျား ရှုံးသွားပြီ'

ယုန်ခွမ်းက ထပ်ပြောလိုက်၏။

မီးသွေးတုံးနှင့် ချူး*ရှာတို့ကလည်း....

'ဟုတ်တယ်....ဟုတ်တယ်၊ ခင်ဗျားအသက်ကို နဂါးလေး ပိုင်သွားပြီ'

ဟု ဝင်ပြောလိုက်ကြလေသည်။

နဂါးလေးဟူသောအမည်ကြောင့် မောင်စု လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ဘာကွ၊ နဂါးလေး ဟုတ်လား'

ယုန်ခွမ်းက....

'မှန်ပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားနဲ့ အသက်ချင်းထပ်ပြီး လောင်းကစားချင်လို့ လာခဲ့တာပါ၊ အခု ခင်ဗျား ရှုံးသွားပြီ'

မောင်စုသည် ချက်ချင်းပင် ခါးမှ ဓားကိုဆွဲထုတ်ကာ....

'သိကြသေးတာပေါ့ကွာ'

အော်ဟစ်ရင်း ယုန်ခွမ်းအား ခုတ်ချလိုက်လေသည်။ သူ၏ လှုပ်ရှားပုံမှာ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

ဓားရောင် ဝင်းခနဲ လက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'သတိထား'

ချူးရှာက လာမ်း၍ သတိပေးလိုက်လေသည်။

ယန်ခွမ်းက မောင်စုအား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

မောင်စု ဓားဆွဲထုတ်လိုက်သည်နှင့် သူ၏ အင်္ကျီ လက်အိုးအတွင်း ဝှက်ထားသည့် ဓားမြှောင်ကို လက်ထဲ လျှောချကာ မောင်စုထံ ပစ်ပေါက်လိုက်လေသည်။

'အား'

'အင့်'

အော်ဟစ်သံတစ်ချက် ခပ်အုပ်အုပ်။ ညည်းညူးသံတစ်ချက် ထွက်ပေါ်လာလေသည်။ ယန်ခွမ်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်သည်။

သူ၏ ဝဲဘက်ပခုံး၌ သွေးချင်းချင်း နီရဲသွားလေသည်။

သို့သော် သူက မားမားမတ်မတ် ရပ်နေနိုင်ပါသေး၏။

မောင်စုမှာမူ...

မောင်စု၏ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်နေလေ၏။ သူ၏မျက်လုံးကြီးများ ပြူးထွက်နေသလို ပါးစပ် အဟောင်းသား ဖြစ်နေ၏။

ယင်းတို့မြို့၏ မြေအောက်ရာဇာကြီးတစ်ယောက် ယခုကဲ့သို့ ခံလိုက်ရမည်ဟု မည်သူ ယုံကြည်နိုင်ပါမည်နည်း။



သူ၏ အဖြစ်မှာ လမ်းလျှောက်ရင်း ခလုတ်တိုက်သည့် သဘောမျိုး ဖြစ်လေသည်။

မောင်စုသည် ယန်ခွမ်းအားစိုက်ကြည့်ရင်း သတိဝင်လာပြီး အော်ဟေါက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ့ထံမှ စကားသံထွက်ပေါ်မလာဘဲ ပါးစပ်ထဲမှ သွေးများသာ စီးကျလာ၏။

ထို့နောက်...

'ဝုန်း'

ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

....ဝ....

မောင်စု ကြမ်းပြင်ပေါ် စန့်စန့်ကြီးလဲကျနေ၏။

လေဘင်းကစားခန်းမအတွင်းရှိ လူတိုင်းလူတိုင်းသည် အဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက....

'ကျုပ် အနိုင်ရခဲ့တယ်ဆိုတာ ဘယ်သူ ပြင်းချင်သေးသလဲ'

ဟု မေးလိုက်၏။

သူ၏အသံသည် ကြည်လင်ပြတ်သားလှပေသည်။

ရုတ်တရက် မောင်စု၏လူများ သတိဝင်လာကြ၏။

လက်နက်ကိုယ်စီ ဆွဲကိုင်ရင်း....

'တိုက်ကြဟေ့'

အော်ဟစ်ကာ ယန်ခွမ်းထံ ပြေးဝင်လာကြလေတော့သည်။

မီးသွေးတုံးနှင့် ချူးရှာတို့ ရပ်ထိတ်သွားကြ၏။

မောင်စု၏ သက်တော်စောင့်များကသာ ဝိုင်းဝန်းတိုက်ခိုက်ကြမည်ဆိုလျှင် သူတို့အတွက် အသက်ရှင်လမ်း ရှိတော့မည် မဟုတ်မှန်း နားလည်ထားကြပါ၏။

သူ့ကိုအတွက် အန္တရာယ်ကျရောက်တော့မည့်ဆဲဆဲလက်မတင် အချိန်ကလေးမှာပင်....

'ရပ်လိုက်ကြစမ်း'

ဟန့်တားသံ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မောင်စု၏လူများမှာ ဟန့်တားလိုက်သည့်အသံကို ကျက်မှတ်မိလိုက်ကြဟန်ရှိ၏။

ချက်ချင်းပင် ရပ်တန့်သွားကြသည်။



ယန်ခွမ်း၊ သွေးတုံးမီးနှင့် ချူးရှာတို့ ဟန့်တားသံ ထွက်ရာဆီသို့ လှမ်းကြည့်လိုက်၏။

ငွေအိုးကြီး၏အစီအစဉ်အရ သူတို့အား ကူညီမည့်သူသည် အချိန်ကိုက် ထွက်ပေါ်လာပြီဖြစ်ကြောင်း ရိပ်မိလိုက်ကြလေသည်။

လူတစ်ယောက်သည် စားပွဲပေါ်ခုန်တက်ကာ....

'ရပ်လိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်၏။

ထိုလူမှာ မောင်စု၏ လက်ရုံးတစ်ဆူသဖွယ် အားကိုးရသည့် ဆရာချူး ဖြစ်ပေတော့သည်။

'ဟင်....'

ယန်ခွမ်း၊ မီးသွေးတုံးနှင့် ချူးရှာတို့ တအံ့တသြဖြစ်သွားကြလေသည်။

ဆရာချူးသည် မောင်စုအား သစ္စာဖောက်မည့်သူဟု သူတို့ လုံးဝ မထင်မှတ်ခဲ့ကြပါချေ။

ဆရာချူးသည် စားပွဲပေါ်၌ ခါးထောက်ရင်း....

'အားလုံး နားထောင်ကြစမ်း၊ နဂါးလေးဟာ အသက်ချင်း ထပ်ပြီး လောင်းကစားတဲ့ပွဲမှာ အနိုင်ရသွားတယ်၊ ဒါကြောင့် သူက မောင်စုရဲ့အသက်ကို ယူလိုက်တာ မှားသလား'

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်စု၏လူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

လူတစ်ယောက်က...

'အစ်ကိုကြီးစုဟာ ကျုပ်တို့ရဲ့ခေါင်းဆောင်ဆိုတာ ခင်ဗျား မေ့နေပြီလားဗျ'

ဟု အော်ပြောလိုက်၏။

ထိုအခါ ကျန်လူများက...

'ဟုတ်...ဟုတ်တယ်'

'ကျုပ်တို့ခေါင်းဆောင်အတွက် ကျုပ်တို့လက်တုန့်ပြန်ရမယ်' ဟု အော်လာကြသည်။

ဆရာချုပ်က

'ငါတို့ခေါင်းဆောင်ဆိုတာ မှန်တယ်၊ ဒါပေမယ့် သူက နဂါးလေးနဲ့ လောင်းတာလေ ရှုံးတယ်၊ တစ်ယောက်ချင်းယှဉ် တော့လဲ ရှုံးတယ်၊ သူ့မှာ နဂါးလေးလောက် အရည်အချင်း မရှိဘူးဆိုတာ ထင်ရှားမနေဘူးလား'

စကားကိုရပ်ကာ ဒေါသတကြီး ရပ်စောင့်နေသူများအား လှမ်းကြည့်လိုက်လေသည်။

မောင်စု၏လူများ ငြိမ်ကျသွား၏။

လူဆိုးလူမိုက်တို့မည်သည် ကိုယ့်ထက်ဆိုးသူ မိုက်သူများအား ကြောက်ရွံ့တတ်ကြသည့်သဘော ရှိပေသည်။



ဆရာချုပ်က...

'ငါတို့ရဲ့ ခေါင်းဆောင်ဟာ အရည်အချင်းရှိတဲ့လူပဲ ဖြစ်ရမယ်၊ အရည်အချင်းမရှိတဲ့လူကို ခေါင်းဆောင်အဖြစ် လက်မခံနိုင်ဘူး'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

မောင်စု၏ လူများ တွေဝေနေကြပြီ ဖြစ်လေသည်။

သွေးချင်းချင်း နီရဲနေသည့်တိုင် မားမားမတ်မတ် ရပ်နေသည့် ယန်ခွမ်းအား အကဲခတ် ကြည့်လာကြသည်။

ယန်ခွမ်းသည် အသက်ကို ပဓာနမထားဘဲ မောင်စုနှင့် ထိပ်တိုက် ရင်ဆိုင်ခဲ့ပေသည်။

ဆရာချုပ်က...

'နဂါးလေးဟာ လောကချန်း တစ်မြို့လုံးကို ချုပ်ကိုင်ထားသူပဲ၊ သူဟာ လောကချန်းမြို့ကနေ ငါတို့မြို့ကို ရောက်လာခဲ့တယ်၊ မောင်စုနဲ့ ရင်ဆိုင်ခဲ့တယ်၊ သူလို ဘယ်သူလုပ်ရဲသလဲ၊ သူ့လောက် ဘယ်သူ သတ္တိရှိသလဲ'

လောင်းကစားခန်းမအတွင်းရှိ လူတိုင်းလူတိုင်းသည်ယန်ခွမ်း အပေါ် ထားရှိသည့် သဘောထား မသိမသာ ပြောင်းလဲလာကြပြီ ဖြစ်လေသည်။

သူတို့သာ ယန်ခွမ်း နေရာ၌ရှိလျှင် ယခုကဲ့သို့ လုပ်ရဲကြမည် လော်ဟု ယုံကြည်မိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုပ်က....

'မောင်စုဟာ နဂါးလေးကို ရှင်းပြီး လောက်ချန်းမြို့ကို သူ့ရဲ့ ပိုင်နက်ထဲ သွင်းဖို့ ကြံစည်နေတာ အားလုံး အသိပဲ၊ ဒါ ကြောင့်လဲ နဂါးလေးက သူ့ကို ဆုံးမလိုက်တာပဲ၊ ကဲ... ဘယ်သူက နဂါးလေးကို မလေးမစား လုပ်ချင်ကြသေးသလဲ၊ ရန်ပြုချင်ကြသေးသလဲ'

မောင်စု၏ လူများ တုပ်တုပ်မျှပင် မလှုပ်ကြချေ။

ဆရာချုပ်က....

'ငါက မောင်စုထက် ပိုပြီး သတ္တိကောင်းတဲ့ အရည်အချင်း ရှိတဲ့ နဂါးလေးကို လက်ခံကြိုဆိုတယ်၊ ငါတို့ရဲ့ ခေါင်းဆောင်ဟာ အားကိုးထိုက်တဲ့ လူပဲ ဖြစ်ရမယ်'

မောင်စု၏ လူများ တဖြည်းဖြည်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ယန်ခွမ်းသည် လောက်ချန်းမြို့အား နှစ်နှစ်အတွင်းသိမ်းပိုက်လိုက်ပြီး ဒုစရိုက်သမားအားလုံးကို စုစည်းနိုင်ခဲ့သည်။

အခြားသော ဂိုဏ်းခေါင်းဆောင်များနှင့် မတူသော လက်အောက်ငယ်သားများ၏ အကျိုးကို ပို၍ အလေးထားသူ ဖြစ်သည်။

အထက်ပါ သတင်းများသည် လူ့သတင်း လူဆိုင်းဆောင် ဆိုသကဲ့သို့ ဒုစရိုက်လောက၌ မသိမသာ ပျံ့နှံ့နေလေသည်။



မောင်စု၏ လူများအနက် ယန်ခွမ်း၏ သတင်း ကြားဖူးကြသူများလည်း ပါဝင်ကြပေသည်။

မောင်စုအား ဆုံးမလိုက်သူမှာ ဒေါင်းနဂါးဂိုဏ်း၏ အကြီးအကဲ ယန်ခွမ်း ဖြစ်သည်ဟု သိရပြီဖြစ်ရာ နှိမ့်မှုလိုစိတ်များ လျော့ပါးသွားပြီး နှစ်သက်သဘောကျသည့်စိတ်များ ဖြစ်ပေါ်လာကြလေသည်။

ဆရာချုပ်က....

'မောင်စု မရှိတော့တဲ့အတွက် တို့တစ်တွေကို ဆက်ပြီး ဦးဆောင်ရမယ့် လူဟာ ဘယ်သူ ဖြစ်သင့်သလဲ'

ဟူ၍ လမ်းကြောင်းပေးလိုက်လျှင် ယန်ခွမ်းအား လေးစား ကြောက်ရွံ့သွားသူ အချို့က...,

'နဂါးလေးပဲ ဖြစ်သင့်တာပေါ့'

ဟူ၍ ဝိုင်းပြောကြလေသည်။

ဤတွင်....

'ကျုပ် သဘောတူတယ်'

'မောင်စုတောင် မယှဉ်နိုင်တာ ကျုပ်တို့ လက်မခံစရာ အကြောင်း မရှိပါဘူး'

'နဂါးလေးဟာ ယင်းတိမ်မြို့အပေါ် ဘယ်လို သဘောထားသလဲ'

စသည်ဖြင့် တစ်ယောက် တစ်ပေါက် ပြောဆိုလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုပ်းက ယန်ခွမ်းကို လှမ်းကြည့်လိုက်၏။ ယန်ခွမ်းကလည်း သူ့အား အကဲခတ် ကြည့်နေသည် ဖြစ်ရာ နှစ်ဦးသား အကြည့်ချင်း ဆုံမိကြလေသည်။

ဆရာချုပ်းက မည်သူမျှ မရိပ်မိအောင် မျက်လုံးမှိတ်ပြလိုက်၏။ ယန်ခွမ်းအတွက် အချိန်ကျပြီဟု အချက်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ယန်ခွမ်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

'ကျုပ်ရဲ့အရိပ်မှာ နေမယ့်လူအားလုံးအတွက် ကျုပ်တာဝန်ယူတယ်၊ ကျုပ်ပြောရစ် ပြောဘဲ့အတိုင်း ဖြစ်စေရမယ်'

ဟု ပြောလိုက်လေသည်။

သူ၏စကားသည် တိုတိုတုတ်တုတ်ဖြစ်သော်လည်း အဓိပ္ပာယ်ကျယ်ဝန်းလှပေသည်။ ဆရာချုပ်းက လက်နှစ်ဘက် ဆုပ်ကာ ဦးညွတ်ရင်း...

'နဂါးလေးကို ကျုပ်တို့ လက်ကမ်းကြိုဆိုပါတယ်၊ ယင်းတိမြို့ကို ကြွခဲ့ပါ'

ဟု ပြောလိုက်လေသည်။

အစီအစဉ်အတိုင်း အားလုံး ဖြစ်လာသည်။

ငွေအိုးကြီးနှင့် ဆရာချုပ်းတို့သည် ခေါင်းနဂါးဂိုဏ်းအား ယင်းတိမြို့သို့ ဩဇာဖြန့်ကျက်နိုင်ရန် ခင်းပေးခဲ့ကြသည်။

ယန်ခွမ်း ကိုယ်တိုင်ကလည်း ဓားဝင်စုနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်ခြင်းဖြင့် ဂုဏ်ရှိသည် အဆင်ပြေ ချောမောခဲ့လေသည်။



ဓားဝင်စု၏လူများသည် မှားသည် မှန်သည် ဝေဘန်ပိုင်းနိုင်ခြင်းမရှိမီ ယန်ခွမ်းအား ခေါင်းညိတ် လက်ခံခဲ့ကြလေသည်။

ယန်ခွမ်း၏ သံမဏိစိတ်ဓာတ်သည် လိမ်မာပါးနပ်ပြီး အတွေ့အကြုံ ရင့်ကျက်သူများ၏ ကူညီပံ့ပိုးမှုရရှိလာသည်နှင့် ထိပ်ဆုံးသို့ ရောက်ရှိနိုင်ရန် တွန်းအားတစ်ရပ် ဖြစ်ခဲ့ပေသည်။

ယန်ခွမ်း အသက် ဆယ့်ရှစ်နှစ်တင်းတင်း ပြည့်ချိန်၌ မြို့ကြီးမြို့၏ ဒုစရိုက်ကမ္ဘာခေါင်းဆောင်အဖြစ် ရောက်ရှိလာခဲ့လေသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဖြာကျနေသည်။

တောင်ကုန်းလေးပေါ်မှကြည့်လျှင် ယင်းတိမ္မိုကို ပျပ်
ဝပ်ဝပ်ကလေး တွေ့မြင်နေရ၏။

အဝေးတွင် စိမ်းလန်းစိုပြည်သည့်တောအုပ်များ သွယ်
လျက် ရှိနေသည်။

ပတ်ဝန်းကျင် သဘာဝအလှအပများမှာ စာဖွဲ့မကုန်
အောင် လှပသာယာနေပေတော့သည်။

တောင်ကုန်းလေးပေါ်၌ လူနှစ်ယောက်ရှိနေ၏။

ထိုလူနှစ်ယောက်၏မျက်နှာမှာ သဘာဝ အလှအပများ
လိုက်လျောညီထွေမရှိဘဲ မသာမယာ ဖြစ်နေကြ၏။

ထိုလူနှစ်ယောက်မှာ ချူးရှာနှင့် မီးသွေးတုံးတို့ဖြစ်ကြ
သည်။

ချူးရှာသည် ယင်းတိမ္မိုကို ငေးမောကြည့်ရှုနေရာမှ
ပြင်း ဟင်းခနဲချကာ....

'ငါတို့က လောက်ချန်းမြို့မှာ လူဆိုးကောင်ကို မောင်းထုတ်
လူဆိုးလုပ်ခဲ့ကြတယ်၊ ဒါပေမယ့် ငါတို့လုပ်တဲ့ အလုပ်တွေ
ဆိုးတဲ့အလုပ်တွေ မဟုတ်ဘူး'

ဟု ပြောလေသည်။

မီးသွေးတုံး ချက်ချင်း ခေါင်းညိတ် ထောက်ခံလိုက်
သည်။



'မှန်တာပေါ့ကွာ၊ ငါတို့အတွက်သာမကဘူး လူတိုင်းအတွက်
ကောင်းပြေအောင် လုပ်ခဲ့ကြတာပဲ၊ ဒေါင်းနဂါးဂိုဏ်းကြောင့်
ဆင်းအနေ့ခင့်အယှက်ဖြစ်ရတဲ့ လူတောင် မရှိပါဘူး၊ ဒုစရိုက်
ဂိုဏ်းလို့သာ ပြောကြတယ်၊ လမ်းဖေါ်မှာ ပေတောပြီး ခိုးဆိုး
ယက်မယ့်လူတွေတောင် မရှိအောင် ငါတို့လုပ်နိုင်ခဲ့ကြတာပဲ'

ချူးရှာက....

'ယင်းတိမ္မိုဟာ လောက်ချန်းမြို့ မဟုတ်ဘူးကွ'

'ဘာလဲ၊ ငွေအိုးကြီးနဲ့ ဆရာချူးကြောင့်လား'

'သေချာတာပေါ့ကွာ၊ တကယ် ဆိုရင် ငွေအိုးကြီးက
ကောင်ကပဲ၊ သူလုပ်ချင်တဲ့အလုပ်တွေကိုကိုယ်တိုင်မလုပ်ဘဲ ငါတို့ကို
ခိုင်းလုပ်သွားတာ'

'ဟုတ်တယ်၊ ယင်းတိမ္မိုကို လောက်ချန်းမြို့လို ဖြစ်အောင်
လုပ်ချင်ပေမယ့် ငွေအိုးကြီးရှိနေသမျှ လုပ်လို့ရမှာ မဟုတ်ဘူး၊
ခဲ ငါတို့ဟာ တကယ်လူဆိုးတွေ ဖြစ်ရတော့မယ်'

'ဟား....ဟား....ဟား'

ချူးရှာ ဟားတိုက်ရယ်မောလိုက်လေသည်။

မီးသွေးတုံးက....

'မင်း ဘာဖြစ်လို့ ရယ်တာလဲ'

'မင်းစကားကို သဘောကျလို့ပေါ့ကွာ၊ ယင်းတိမ္မိုက
ဆိုက်လုပ်ငန်းတွေကို မောင်စု လက်ထက်ကအတိုင်းပဲဆက်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး လုပ်ကိုင်သွားကြမယ်လို့ ငွေအိုးကြီး အကြံပေး
အတိုင်း ယန်ခွမ်းဆုံးဖြတ်လိုက်တာဟာ တကယ့် ဒုစရိုက်က
ထဲကို ခုန်ဆင်းလိုက်တာပဲ၊ မကောင်းမှုတွေက သူ့ရဲ့ မျှတ
စိတ်ထားကို ဖျက်ဆီးပစ်လိုက်ကြလိမ့်မယ်၊ သူဟာ တက
လူဆိုးကြီးလုံးလုံး ဖြစ်သွားလိမ့်မယ်'

မီးသွေးတုံးက....

'ယန်ခွမ်းအကြောင်း ငါသိပါတယ်ကွာ၊ ငယ်ငယ်ကမတ
ဖိနှိပ်ခံခဲ့ရတာကို သူမေ့မှာမဟုတ်ပါဘူး၊ သူ့မှာ ကိုယ်ခ
စာစိတ် ရှိနေမှာပါ'

ချူးရှာက....

'သူဟာ စိတ်ကောင်းရှိတဲ့လူဆိုတာ ငါ ယုံပါတယ်၊ ဒါ
မယ့် ဒုစရိုက်ကမ္ဘာဟာ ဆားငန်ရေပြည့်နေတဲ့ ပင်လယ်ကြီး
တူတယ်၊ မြောက်လေ-သောက်လေ ဘယ်တော့မှ ရေငတ်
မှာ မဟုတ်ဘူး၊ ယန်ခွမ်းဟာ ဘယ်လောက်ပဲ မျှတတဲ့သဘော
ရှိရှိ မလွှဲမရှောင်သာတဲ့ကိစ္စတွေကြားမှာ တဖြည်းဖြည်းနစ်မြ
သွားပြီး မကြာခင် လူဆိုးကြီးတွေလိုပဲ ဆိုးသွမ်းတဲ့ လူဆိုးကြ
တစ်ယောက် ဖြစ်လာလိမ့်မယ်'

မီးသွေးတုံး အနည်းငယ် တွေးတောစဉ်းစားလိုက်ပြီး...

'မင်းက မောင်စုံအတွက် မကျေမနပ်ဖြစ်နေတဲ့ မောင်
လူယုံတွေကို ဖယ်ရှားပစ်လိုက်တာကို ရည်ရွယ်ပြီး ပြော
လား'



ဟု မေးလေသည်။

ချူးရှာက...

'သိပ်ဟုတ်တာပေါ့ကွာ'

'ငှေဦး ယန်ခွမ်းက ယင်းတိမြို့ကို လုမ်းမိုးလိုက်တဲ့အခါမှာ
မောင်စုံရဲ့ လူယုံတချို့က လုံးဝလက်မခံဘဲ ခါးခါးသီးသီး ဖြစ်
နေကြတယ်၊ သူတို့ကို ဒီအတိုင်းလွှတ်ထားလိုက်ရင် တစ်နေ့
ယန်ခွမ်းကို ဒုက္ခမပေးဘူးလို့ ဘယ်သူပြောနိုင်မှာလဲကွ'

ချူးရှာ ပြုံးလိုက်လေသည်။

'မင်းပြောသလို ငွေအိုးကြီးက ပြောခဲ့တာပဲ'

'ဒါမှန်တာပဲ မဟုတ်လား'

'ယန်ခွမ်းကလဲ မှန်တယ်ထင်လို့ မောင်စုဘက်တော်သား
တွေကို ရှင်းပစ်ဖို့ အမိန့်ပေးလိုက်တာပဲ'

မီးသွေးတုံးက...

'ဒါမှန်ပါတယ်'

ဟု ထပ်ပြောလေသည်။

ချူးရှာက...

'ကောင်းပြီ၊ မောင်စုကသာ ယန်ခွမ်းကို ရှင်းပစ်လိုက်တယ်
ဆိုရင် မင်း ဘယ်လိုသဘောထားမလဲ'

ဟု မေးလိုက်သည်။

မီးသွေးတုံးသည် စဉ်းစားခြင်းပင် မပြုဘဲ...

www.burmeseclassic.com

www.burmeseclassic.com



'ငါက သေချင်သေပါစေ၊ မောင်စုနဲ့ ရင်ဆိုင်မှာပေါ့'

ချူးရှာက....

'မင်းလိုပဲ၊မောင်စုရဲ့လူတွေ ခံစားရမယ်ဆိုတာ မင်း မတွေးမိဘူးလား'

'ဟာ....'

မီးသွေးတုံး လွှတ်ခနဲ အော်လိုက်သည်။

ချူးရှာဆိုလိုသည့် သဘောကို နားလည်သွားပြီ ဖြစ်လေတော့သည်။

ချူးရှာက....

'တကယ်ဆိုရင် ဩဇာအရှိန်အဝါ ကြီးမားလာတာနဲ့အမျှ နေရာအနှံ့ ပေါက်ပေါက် ရောက်ရောက်ရှိမယ်၊ သူရှာချင်တဲ့ လူကို တွေ့အောင်ရှာနိုင်မယ်လို့ ငါပြောခဲ့တာကိုက မှားနေပြီ၊ ငွေအိုးကြီးလာပြီး ဆွေးနွေးတုန်းကလဲ ကန့်ကွက်ဖို့ ကောင်းတယ်၊ ခုတော့ ငါတို့အားလုံး ဆားငံရေသောက်မိတဲ့လူတွေ ဖြစ်ကုန်ပြီကွ'

ဟု ညည်းညူလေသည်။

မီးသွေးတုံးကလည်း....

'ငါတို့ ယန်ယင်းပင်ကို တွေ့အောင်ရှာဖွေနိုင်မှ ဖြစ်တော့မယ်'

ဟု တွေးတွေးဆဆ ပြောလေသည်။



မှန်ပေသည်။ ယန်ခွမ်းသည် သူတွေ့လိုသည့် ယန်ယင်းပင်အား တွေ့ရမည်ဆိုပါက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည် မဟုတ်ပါလား....

ယခုအချိန်တွင် ငွေအိုးကြီးနှင့် ပေါင်းမိကာ ဒုစရိုက်နွံထဲ ဝင်နေမိပြီ ဖြစ်လေသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

အာသိဂ်မေ့ ဝေဒနာ

အတိတ်ဟူသည် ကုန်လွန်ခဲ့ပြီးသော အကြောင်းအရာ ဖြစ်ပေသည်။

မေ့လျော့ခြင်းသည် အသိဉာဏ်၏ ချို့ယွင်းချက် ဖြစ်သည်။ အတိတ်ကို မေ့လျော့ခြင်းသည် ဘဝ၏အဆိုးဝါးဆုံး ဝေဒနာ ဖြစ်လေသည်။

...ဝ...



မျက်ခုံမျက် မျက်နှာပျက်ဖြစ်နေသည့် လူငယ်နှစ်ယောက်သည် ဆရာချုပ်၏ရှေ့တွင် ခပ်ယို့ယို့ ရပ်နေကြသည်။

ဆရာချုပ်က ထိမ်းငှက်တစ်ကောင်၏ မျက်လုံးများသဖွယ် စူးရှတောက်ပသော မျက်လုံးများဖြင့် သူတို့အား စိုက်ကြည့်နေသည်။

သူ၏မျက်နှာတွင် အုံ့ဩသည့် အရိပ်အယောင်များ ထင်ရှားပေါ်လွင်နေ၏။

'ဘာပြောတယ်ကွ၊ လူစိမ်း တစ်ယောက်က ငါတို့လူသုံးယောက် ခြေကျိုးလက်ကျိုးဖြစ်အောင် လုပ်ပစ်လိုက်ကြတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

လူငယ်နှစ်ယောက် ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

'ဟုတ်ပါတယ်၊ ဆရာချုပ်'

'ကဲ....ဘယ်နည်းဘယ်ပုံ ခုလိုဖြစ်ရတယ်ဆိုတာ ပြောစမ်းပါဦး'

လူငယ်တစ်ယောက်က....

'ကျွန်တော်တို့တစ်တွေ ရှေငါးစားသောက်ဆိုင်မှာ ရှိနေတုန်း လူစိမ်းတစ်ယောက် ရောက်လာပါတယ်၊ ရပ်ဝေးကလာတဲ့ လူမှန်းသိလို့ သူ့ဆီမှာ ပါလာတဲ့ပစ္စည်းကိုလုယူဖို့ ကြိုးစားခဲ့ကြပါတယ်၊....ဒါပေမယ့်'

'သူက မင်းတို့ကို မှတ်လောက် သားလောက်ဖြစ်အောင် ဆုံးမလိုက်တယ်ပေါ့'

လူငယ် ပါးစပ်ပိတ်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုး နှာခေါင်းရှုံ့လိုက်သည်။

'နဂါးလေးရဲ့ အရိပ်အောက်မှာနေပြီး အသုံးမကျတဲ့ကောင်တွေ၊ မင်းတို့ကို အပြစ်ပေးဖို့ပဲကောင်းတယ်'

သူက ပြစ်တင် ကြိမ်းမောင်းနေလေရာ လူငယ်လေးနှစ်ဦး ခေါင်းငုံ့ထားလိုက်ကြလေသည်။

ဆရာချုးက မလှမ်းမကမ်း၌ရပ်နေသည့် အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ယောက်အား လှမ်းကြည့်လိုက်ပြီး....

'ကျောက်ပေါက်မာ၊ မင်း သူတို့နဲ့ လိုက်သွားပြီး ငါတို့ရဲ့ ပိုင်နက်ထဲမှာ လာကျူးတဲ့လူစိမ်းကို ဆုံးမလိုက်စမ်း၊ အဲဒီလူစိမ်းအကြောင်း နောက်ထပ် ငါဘာမှမကြားချင်ဘူး'

ဟု အမိန့်ပေးလိုက်၏။

ကျောက်ပေါက်မာဆိုသည့် လူရွယ်က ဦးညွတ်လိုက်ပြီး....

'စိတ်ချပါဆရာချုး'

စကားဆုံးလျှင်....

'သွားကြမယ်'

လူငယ်နှစ်ယောက်အား ခေါ်ဆောင်ကာ ထွက်သွားလေသည်။

လူငယ်နှစ်ယောက် ခပ်ကုပ်ကုပ်ကလေး လိုက်ပါသွားကြ၏။

သူတို့ထွက်သွားပြီးမှ ဆရာချုးက အခန်းအတွင်းဘက်သို့ လှည့်လိုက်၏။

အခန်းတွင်း၌ အမွေးပွကော်ဇောကြီး ခင်းထားသလို အဖိုးတန် အိမ်တောင်ပရိဘောဂများဖြင့် တန်ဆာဆင်ထားပါသည်။



အလှန်ချမ်းသာကြွယ်ဝသူတစ်ယောက်ပိုင်ဆိုင်သည့်ဧည့်ခန်းမျိုး ဖြစ်ပေသည်။

ကျားသစ်ရေ ခင်းထားသည့် ကုလားထိုင် တစ်လုံးပေါ်၌ လူရွယ်တစ်ယောက် အခန့်သားထိုင်နေ၏။

ထိုလူရွယ်သည် အဖိုးတန် ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားပြီးယောကျ်ားပီသစွာ ချောမောခန့်ညားသူ ဖြစ်ပေသည်။

ဆရာချုးသည် လူရွယ်အနီးသို့ လှမ်းသွားပြီး....

'နဂါးလေး၊ ငှက်ဆိုးဂိုဏ်းနဲ့ ဖြစ်တဲ့ပြဿနာကိုတော့ ငယ်သားတွေနဲ့ လွှတ်ထားလို့မဖြစ်ဘူး၊ မင်းကိုယ်တိုင် တာဝန်ယူပြီး ရှင်းမှဖြစ်မယ်'

ဟု ပြောလေသည်။

လူရွယ်မှာ နဂါးလေးအမည်ခံ ခေါင်းနဂါးဂိုဏ်း၏ ခေါင်းဆောင် ယန်ခွမ်းဖြစ်လေသည်။

ယန်ခွမ်းသည် အသက်ဆယ့်ရှစ်နှစ်အတွင်း လောက်ချန်းမြို့နှင့် ယင်းတိုမြို့ မြို့ကြီးနှစ်မြို့အား လွှမ်းမိုးချုပ်ကိုင်ခဲ့လေသည်။

သူ့အား ထောက်ပံ့ကူညီမည့်သူများအဖြစ် ငွေအိုးကြီးနှင့် ဆရာချုးတို့ မားမားမတ်မတ် ပေါ်ထွက်လာခဲ့၏။

ငွေအိုးကြီးနှင့် ဆရာချုးတို့သည် ယန်ခွမ်းအား ငါးနှစ်အတွင်း မိုင်တစ်ရာပတ်လည်အတွင်း သြဇာ လွှမ်းမိုးနိုင်စေရန် ကူညီဆောင်ရွက်ပေးခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုဆိုလျှင် ပြည့်မတခွင်၌ ဒေါင်းနဂါးဂိုဏ်း၏ ဩဇာအရှိန်အဝါ ကြီးမားစွာ လွှမ်းမိုးချုပ်ကိုင်ထားခဲ့ပြီဖြစ်သည်။

ယန်ခွမ်းသည် အသက်နှစ်ဆယ့်သုံးနှစ် အရွယ်တွင် ဒုစရိုက်ရာဇာကြီးတစ်ပါး ဖြစ်လာခဲ့လေတော့သည်။

ဩဇာထူထောင်ထားသည့်နယ်မြေဒေသ ကျယ်ဝန်းသည်နှင့်အမျှ ဒေါင်းနဂါးဂိုဏ်းတွင် လူပေါင်းစုံ၊ ဒုစရိုက်ပေါင်းစုံပါဝင်လာခဲ့ပေသည်။

ဤသို့ဖြင့် ယန်ခွမ်း၊ မီးသွေးကုံးနှင့် ချူးရှာတို့သုံးယောက်၏ မူလအစီအစဉ်မှာ ပြောင်းလဲသွားရတော့သည်။

ဒေါင်းနဂါးဂိုဏ်းသည် ရွှေမဒုစရိုက်ဂိုဏ်းကြီးအဖြစ်ပြောင်းလဲသွားခဲ့ရပေတော့သည်။

မီးသွေးတုံးနှင့် ဆရာချူးတို့သည် ယန်ခွမ်းနှင့် လက်တွဲမဖြုတ်ခဲ့ကြပါချေ။ သို့သော် သူတို့သုံးယောက်သည် ယခင်ကလိုတပူးတွဲတွဲ မရှိတော့ချေ။

ယန်ခွမ်း၏အနီးတွင် တစ်ချိန်လုံး ရှိနေတတ်သူများအဖြစ်ငွေအိုးကြီးနှင့် ဆရာချူးတို့ အစားထိုး ဝင်ရောက်လာကြလေသည်။

ဒေါင်းနဂါးဂိုဏ်း၏ဩဇာအရှိန်အဝါ ကြီးမားလာသည်နှင့်အမျှ ပြိုင်ဘက်များစွာနှင့် ရင်ဆိုင်ခဲ့ရလေသည်။

ယန်ခွမ်းအတွက် အေးအေးချမ်းချမ်း နေရသည်ဟူ၍ မရှိတော့ချေ။



ဒေါင်းနဂါးဂိုဏ်းအား အိုတုသူများ၊ သစ္စာဖောက်သူများ၊ သည့်စားသူများ၊ ဖျက်ဆီးလိုသူများနှင့် တစ်ချိန်လုံး ထိပ်တိုက်ရင်ဆိုင်နေခဲ့ရပေသည်။

ယခုလည်း ငှက်ဆိုးဂိုဏ်းသည် ဒေါင်းနဂါးဂိုဏ်းနှင့် မိတ်ဆွေဖွဲ့ထားသော်လည်း တစ်ဘက်လှည့်နည်းဖြင့် ဒေါင်းနဂါးဂိုဏ်း၏ အကျိုးစီးပွားကို ဖျက်ဆီးနေပေသည်။

ထို့ကြောင့် ငှက်ဆိုးဂိုဏ်းအား ဆုံးမရန် ယန်ခွမ်းတွင်တာဝန်ရှိလာလေတော့သည်။

ဆရာချူးက....

'မကြာသေးခင်က ကျုပ်တို့လူတွေ မိုးကြိုးအာမခံဌာနကငွေသည်းတွေ လုယက်ခဲ့ကြတဲ့အခါ အပြန်လမ်းမှာ ချုပ်ဖျက်ထားကြတဲ့လူတစ်စုက ကြားဖြတ်တိုက်ခိုက်လုယူသွားကြတယ်၊ ကျုပ်စုံစမ်းကြည့်တော့ ငှက်ဆိုးဂိုဏ်းကလူတွေ ဖြစ်နေတယ်ဆိုတာသိရတယ်၊ နဂါးလေး သူတို့ကို လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး'

ဟု ပြောလေသည်။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ ဝေမင်းတင်ကို ဖိတ်လိုက်ပါ၊ ကျုပ်ကသူ့ကို ညှော်ခံဂုဏ်ပြုပါမယ်ဗျာ'

ဆရာချူးသည် ယန်ခွမ်းကိုကြည့်ကာ သဘောကျစွာ ပြုံးလိုက်၏။ ငှက်ဆိုးဂိုဏ်းအားဖြိုခွဲပစ်နိုင်မည်ဆိုလျှင် ငှက်ဆိုးဂိုဏ်း

www.burmeseclassic.com



က ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို သူတို့ သိမ်းပိုက်နိုင်မည် ဖြစ်သည်။

ရန်သူ့ထံမှ ပစ္စည်းများ သိမ်းပိုက်ရရှိလေတိုင်း ပစ္စည်းတန်ဖိုး၏ ငါးပုံတစ်ပုံသည် ဆရားချုပ်အတွက် ရရှိလေ့ရှိသည် မဟုတ်ပါလား။

ငှက်ဆိုးဂိုဏ်းသည် ဒေါင်းနဂါးဂိုဏ်းနှင့် မတိမ်းမယိမ်း ရှိသော ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်ပေသည်။

ထို့ကြောင့် ငှက်ဆိုးဂိုဏ်းအား ဖြိုခွဲနိုင်လျှင် သူတို့၏ ဩဇာ အရှိန်အဝါ နှစ်ဆတိုးလာမည် မဟုတ်ပါလား။

ဒုစရိုက်လောကတွင် သူတို့နှင့် တန်းတူရည်တူဟူ၍ လျှို့ဝှက် သိပ်သည်းလှသည့် သွေးဝိညာဉ်ဂိုဏ်းပင်လျှင် ကျန်ရစ်ခဲ့တော့မည် ဖြစ်ပေသည်။

ဒေါင်းနဂါးဂိုဏ်းသည် တစ်နေ့တွင် သွေးဝိညာဉ်ကိုပင် လွှမ်းမိုးနိုင်မည်မဟုတ်ဟုလည်း မည်သူ ပြောနိုင်ပါမည်နည်း။

ဒေါင်းနဂါးဂိုဏ်းအား ယန်ခွမ်းက ဦးဆောင်နေသည် မဟုတ်ပါလား။

များစွာသော ဒုစရိုက်ဂိုဏ်းတို့၏ ခေါင်းဆောင်များသည် သူတစ်ပါး၏အသက်ကို ဖက်ရွက်မျှပင် တန်ဖိုးမထားကြသော်လည်း ကိုယ့်အသက်အတွက်သာကြောက်ရွံ့ခြင်းများစွာ ဖြစ်ကြ လေ့ရှိပေသည်။

ယန်ခွမ်းကား သူတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ပေသည်။ ထိပ်ါး လာသူအား မဖြစ်မနေ လက်တုံ့ပြန်သကဲ့သို့ သူ၏ အသက် ဆုံးသွားမည်ကို တစ်စက်ကလေးမျှ ကြောက်ရွံ့ခဲ့သူ မဟုတ်ပါ။



ဒေါင်းနဂါးဂိုဏ်းအောင်မြင်ကျော်ကြားလာရသည့် အခါက အကြောင်းရင်းမှာ ယန်ခွမ်း၏ သံမဏိစိတ်ခတ်ကြောင့် ဖြစ်ပေ တော့သည်။

....၁....

ရွှေငါး စားသောက်ဆိုင်....

ရွှေငါးစားသောက်ဆိုင်သည် လူစည်ကားသော လမ်းဆုံ လမ်းခွတစ်နေရာ၌ တည်ရှိလေသည်။

နံနက်ဆိုင်ဖွင့်ချိန်မှစ၍ ညဆိုင်သိမ်းကာနီးအထိ လူမပြတ်ဘဲ တရုန်းရုန်းရှိတတ်သည့် စားသောက်ဆိုင်လည်း ဖြစ်ပေသည်။

ရွှေငါးစားသောက်ဆိုင်အတွင်း၌ပြတင်းပေါက်နှင့်ကပ်လျက် ရှိသော စားပွဲတစ်လုံး၌ လူတစ်ယောက်ထိုင်ကာ စားသောက် နေလေသည်။

ထိုသူမှာ အသက် လေးဆယ်ခန့် ရှိပြီး မေးရိုးကားကားနှင့် မျက်နှာခလေးထောင့်စပ်စပ်ရှိသူ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးအား ယှိမထင်သည့် ရုပ်သွင်မျိုး ဖြစ်ပေသည်။ သူ့ဝတ်ဆင်ထားသည့်အနက်ရောင်အဝတ်အစားများသည် သူ၏ ရုပ်သွင်ကို လေးစားခြင်းထက် ကြောက်ရွံ့ခြင်းကို ပို၍ ဖြစ်စေနိုင်ရန် အထောက်အကူပြုနေ၏။

ထိုလူသည် အစားအစာများကို လက်စသပ်လိုက်ပြီးနောက် အရက်တစ်ခွက်နှင့်ကာ မှာချလိုက်၏။

အရက်ခွက်ကို စားပွဲပေါ် ပြန်ချကာ စားရသောက်ရသည်ကို ကျေနပ်သွားဟန်ဖြင့် ဟားခနဲ တစ်ချက် ရေရွတ်လိုက်၏။

ထိုအချိန်မှာပင် ဆိုင်ထဲသို့ လူတစ်စု ခပ်သွက်သွက် လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝင်လာသူများအနက် တစ်ယောက်က...

'ဟိုမှာ...ဟိုမှာ...'

အနက်ရောင်ဝတ်ဆင်ထားသူအား ညွှန်ပြကာ ပြောလိုက်သည်။ ချက်ချင်းပင် ထိုလူအနီးသို့ လှမ်းသွားကြပြီး ဝိုင်းရံထားလိုက်ကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ မျက်မှောင်ကြုတ်သွားသည်။ သူ့အား ဝိုင်းရံထားသူများအား စေ့စေ့ကြည့်လိုက်၏။

ထိုလူများအနက်မှ အချို့အား မှတ်မိသွားဟန်ဖြင့် သဘောကျစွာ ပြုံးလိုက်ပြီး...

'လက်စသပ်တော့ မပီးဘူးကိုး၊ မမှတ်မိကြသေးဘူးထင်တယ်'



ဟု ပြောလေသည်။

ဝိုင်းရံထားသူများအား ဦးဆောင်လာသူမှာ ကျောက်ပေါက်မာဖြစ်လေသည်။ ကျောက်ပေါက်မာသည် ရှေ့သို့လှမ်းထွက်လိုက်ပြီးလျှင်...

'ကျုပ်ရဲ့ကောင်လေးတွေကို ခင်ဗျားက စော်ကားရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ခင်ဗျားရဲ့အပြစ်အတွက် ပြန်ပြီးပေးဆပ်ရမယ်'

ဟု ခပ်ထန်ထန် ပြောလိုက်လေသည်။

'ဟား...ဟား...ဟား'

အနက်ရောင် ဝတ်ဆင်ထားသူ သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုလူမှာ ခေသူမဟုတ်မှန်း ရိပ်မိလိုက်သည့် ကျောက်ပေါက်မာက သူ၏လူများကို မျက်ရိပ်ပြလိုက်၏။

ထိုအခါ လူငယ်လေးများသည် ဝှက်ထားသည့် လက်နက်အသီးသီးထုတ်ယူကာ ထိုလူအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ကျောက်ပေါက်မာတို့လူစုသည် ထိုလူအား သုတ်သင်ရှင်းလင်းရန် လာခဲ့ကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေးပြောဆိုနေကြခြင်းမရှိဘဲ သုတ်သင်ပစ်ရန် ကြိုးစားအားထုတ်လိုက်ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုပ်သည် ထိုလူနှင့်ပတ်သက်၍ နောက်ထပ်ဘာမျှ မကြားလိုတော့ဟု ပြောခဲ့သည် မဟုတ်ပါလား။

သူတို့ ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်နှင့် ထိုလူသည်ထိုင်ရာမှ ခြေဆောင့်ကာ ခုန်ထလိုက်သည်။

သူ၏လက်တစ်ဘက်သည် စားပွဲပေါ်မှအရက်အိုးကို ဆွဲယူလိုက်ပြီး ရှေ့ဆုံးမှပြေးဝင်လာသူအား ရိုက်ချလိုက်၏။

'ခွမ်း'

'အား'

ရှေ့ဆုံးမှ ပြေးဝင်သွားသူ မြေပေါ်ပုံလျက်သား လဲကျသွားလေသည်။ အနက်ရောင်ဝတ်ဆင်ထားသူသည် စားပွဲပေါ် ခုန်တက်လိုက်ပြီး နောက်ထပ် ပြေးဝင်လာကြသူများအား ခြေထောက်ဖြင့်ကန်ပစ်လိုက်၏။

တိုက်ခိုက်ရန် ပြေးဝင်သွားကြသူများမှာထိုလူ၏ခြေဖနောင့်နှင့်မျက်နှာ မိတ်ဖွဲ့သွားသဖြင့်....

'အား'

'အင့်'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။ တစ်ယောက်ပြီးတစ်ယောက် ဖရိုဖရဲ လဲကျကုန်လေတော့သည်။



ကျောက်ပေါက်မာ မျက်လုံးပြူးသွားလေသည်။ သူ၏လူများ မရှုမလှ ခံနေရသည်ဖြစ်ရာ မနေနိုင်တော့ဘဲ...

'သေပေတော့'

အော်ဟောက်ရင်း ဓားတစ်လက်ဖြင့် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ ကျောက်ပေါက်မာသည် ခေသူမဟုတ်ပါ။

ဒေါင်းနဂါးဂိုဏ်း၏ လက်ရွေးစင် လက်မရွံ့လူမိုက်များ အနက် တစ်ယောက်အပါအဝင် ဖြစ်လေသည်။

ဆရာချုပ်၏ ယုံကြည်စိတ်ချမှုခံရသူလည်း ဖြစ်သည်။ ထို့ကြောင့် သူကိုယ်တိုင် ဝင်ရောက် တိုက်ခိုက် လိုက်သောအခါ အနက်ရောင်ဝတ်ဆင်ထားသူ ဒုက္ခရောက်သွားမည် ထင်မှတ်ရပေသည်။

သို့သော် ထိုလူသည် ကျောက်ပေါက်မာ၏ တိုက်ကွက်ကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းပင် ကျောက်ပေါက်မာ၏ဓားကိုင်ထားသည့် လက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

'ဖျောင်း'

'အား'

ကျောက်ပေါက်မာ စူးရှစွာ အော်ဟစ်လိုက်၏။ လက်ကျိုးသွားပြီး ဓားလွတ်ကျသွားသည်ဖြစ်ရာ ကြောက်စိတ်နှင့်တကြား နောက်သို့ခုန်ဆုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနက်ရောင်ဝတ်ဆင်ထားသူက အလွတ်မပေးဘဲ လက်သီးဖြင့်ထိုးချလိုက်ရာ....

'ခွပ်'

'အား'

ကျောက်ပေါက်မှာ ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားလေသည်။

အနက်ရောင် ဝတ်ဆင်ထားသူက လက်ဝါးနှစ်ဘက်ကို ပွတ်လိုက်ပြီး....

'နောက်တစ်ခါဆိုရင် မင်းထက်ပိုမိုက်တဲ့လူ ခေါ်လာခဲ့'

ဟု ပြောလိုက်လေသည်။

ထို့နောက် ချာခနဲလှည့်ထွက်သွားလေသည်။

ကျောက်ပေါက်မာတို့လူစုမှာ ကြမ်းပြင်ပေါ်၌လူးလိမ့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

...၁...



'အာက'

ဆရာချုပ်၏အသံ ကျယ်လောင်စွာ ဟိန်းထွက် လာလေသည်။

ကျောက်ပေါက်မာ ခေါင်းငုံ့သွား၏။

သူ၏လက်တစ်ဘက် သွင်သွင်ကျူးနေပြီဖြစ်သလို၊ မျက်နှာပေါ်၌လည်း အညိုအမည်းစွဲနေ၏။

ဆရာချုပ်က....

'ကျောက်ပေါက်မာ၊ မင်းကို စိတ်မချရဘူးဆိုရင် မင်းကိုမြှောက်စားထားတာ ဘာအဓိပ္ပာယ်ရှိမှာလဲ'

ဟု ဟောက်လိုက်၏။

ကျောက်ပေါက်မာက....

~~'ဆား ဆရာ ... သိုဝ်းမညာခဲ့ဆက်ကမ်းခဲ့တော်....'~~

'တိတ်စမ်း'

ကျောက်ပေါက်မာ ပါးစပ်ပိတ်သွားလေသည်။

ဆရာချုပ်က....

'သူ့အကြောင်း ငါ ဘာမှမကြားချင်တော့ဘူးလို့ မှာလိုက်တယ် မဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ် ဆရာချုပ်'

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အမိန့်အတိုင်းဖြစ်အောင် မဆောင်ရွက်နိုင်ရင် ဘယ်လို အပြစ်ပေးခံရမယ်ဆိုတာကော မင်းသိတယ် မဟုတ်လား'

ကျောက်ပေါက်မာ မျက်နှာပျက်သွားလေသည်။

ချက်ချင်းပင် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်ပြီး....

'ဆရာချုပ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ သူဟာ ကျုပ်ထက် သိုင်းပညာမြင့်မားလို့ ဘယ်နည်းနဲ့မှ မယှဉ်နိုင်ခဲ့တာပါ၊ ကျွန်တော် ဘောင်းပန်ပါတယ်၊ ချမ်းသာပေးပါဗျာ'

ပျာပျာသလဲ တောင်းပန်လိုက်လေသည်။

ဆရာချုပ် မျက်မှောင်ကြုတ်သွား၏။

'သူ့ရဲ့သိုင်းပညာဟာ မင်းထက်မြင့်မားတယ် ဟုတ်လား'

'ဟုတ်ပါတယ်....ဟုတ်ပါတယ်ဗျာ'

'ကောင်းပြီ မင်းပြောတဲ့အတိုင်းမှန်ရင် မင်းကို ငါခွင့်လွှတ်လိုက်မယ်၊ သူ့ကို ငါကိုယ်တိုင် သွားတွေ့မယ်၊ ကဲ...မင်းသွားပေတော့'

ဆရာချုပ်ကလက်ဝေ့ယမ်းပြလိုက်လျှင် ကျောက်ပေါက်မာ ခပ်ကုပ်ကုပ်ကလေး ထွက်သွားလေတော့သည်။

ဆရာချုပ်သည် သက်ပြင်းချလိုက်သည်။

'သိုင်းပညာတော်တယ် ဆိုပါလား၊ ဘယ်သူများပါလိမ့်'

ဟု တီးတိုး ရေရွတ်လိုက်၏။



ထို့နောက် သူကိုယ်တိုင် သွားတွေ့ရန် ဆုံးဖြတ်လိုက်လေတော့သည်။

....o....

အနက်ရောင်ဝတ်ဆင်ထားသူသည် လူစည်ကားသောလမ်းမကြီးမှ ခွန်၍ လမ်းကြားတစ်ခုအတွင်းသို့ ချိုးဝင်လိုက်၏။

လမ်းကြားအတိုင်း ဆက်၍ လျှောက်သွားရန် ဟန်ပြင်လိုက်စဉ် မှာပင်....

'မိတ်ဆွေ....ခဏနေပါဦးဗျာ'

နောက်ကျောဘက်မှ ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုလူ လှည့်ကြည့်လိုက်သည်။

ထိုအခါ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး ခါးမှာ ဓား တစ်လက် ချိတ်ဆွဲထားသူ တစ်ယောက် လှမ်းဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ မျက်မှောင်ကြုတ်သွားပြီး....

'ကျုပ်ကိုတားမြစ်တာ ခင်ဗျားလား'

ဟု မေးလိုက်၏။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူက....

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို ဆရာချုပ်လို့ လူတွေကခေါ်ကြပါတယ်'

'ခင်ဗျားကို ကျုပ်လဲမသိပါလား'

'ခင်ဗျားကမသိပေမယ့် ကျုပ်ကတော့ ခင်ဗျားကို သိနေပါတယ်'

အနက်ရောင်ဝတ်ဆင်ထားသူ အနည်းငယ် စဉ်းစားပြီးမှ သဘောကျစွာ ပြုံးလိုက်လေသည်။

'လက်စသတ်တော့ ခင်ဗျားဟာ လူမိုက်လေးတွေရဲ့ ဆရာ လူမိုက်ကြီးကိုး'

'ကျုပ်က ဆရာချုပ်ပါ'

'ကဲ... ပြောစမ်းပါဦး၊ ခင်ဗျားကောင်လေးတွေ အတွက် မကျေနပ်လို့ ခင်ဗျားကိုယ်တိုင် လာခဲ့တာလား'

ဆရာချုပ် ခေါင်းညိတ်လိုက်သည်။

'မှန်တယ်၊ ဒီနယ်မြေဟာ ဒေါင်းနဂါးဂိုဏ်းရဲ့ ပိုင်နက်နယ်မြေပဲ၊ ဘယ်သူမဆို ဒေါင်းနဂါးဂိုဏ်းကလူကို ထိပါးပြီးရင် အသက်ရှင်လျက် ပြန်ထွက်သွားရရိုး ထုံးစံ မရှိဘူး'

[illegible]



'ဟား...ဟား...ဟား'

ထိုလူသည် ဆရာချုပ်၏ ခြိမ်းခြောက်စကားကို ကြောက်ရွံ့ခြင်း မရှိသည့်အပြင် ကျယ်လောင်စွာ ဟားတိုက်ရယ်မောလိုက်လေသည်။

ဆရာချုပ် မကျေမနပ် ဖြစ်သွားသည်။

'ခင်ဗျားရဲ့ သိုင်းပညာ မဆိုးဘူးဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် ဒေါင်းနဂါးဂိုဏ်းကို စော်ကားမိရင် သိုင်းပညာ ဘယ်လောက်ပဲ တော်တော် ဒုက္ခရောက်သွားကြရတာချည့်ပဲဗျ'

'ဘယ်ဆိုတဲ့ စာပါလား၊ ကောင်းပြီလေ၊ ရှမ်းကြည့်သေးတာပေါ့၊ ခင်ဗျားက ကျုပ်ကိုနိုင်ရင် ကြိုက်သလို စီရင်နိုင်တယ်၊ ကျုပ်အနိုင်ရခဲ့ရင်တော့ ဒေါင်းနဂါးဂိုဏ်းချုပ်ဆီရောက်အောင် ကျုပ်ကို ခေါ်သွားရမယ်'

ထိုလူ၏ စကားကြားလျှင် ဆရာချုပ် ရင်ထိတ်သွားလေ၏။ ထိုလူ၏ သတ္တိမခေမှုန်း ထင်ရှားနေသည် မဟုတ်ပါလား။

မည်သို့ဆိုစေ အနိုင်ရသည့်အထိ တိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်ကာ....

'ဒေါင်းနဂါး ဂိုဏ်းချုပ်ကို တွေ့ဖို့ထက် ကိုယ့်အသက်ကို ကာကွယ်ဖို့ အရင်ဆုံး ကြိုးစားပါဦး'

ဟု ပြောပြီးလျှင် ခါးမှ ဓားကို ဆွဲထုတ်ကာ တင်ဟုန်ထိုး ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။ ထိုလူကလည်း ချက်ချင်းပင် ပြန်လည် တိုက်ခိုက်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုပ်၏ လှုပ်ရှားမှုသည် လျှပ်ပြက်သလို မြန်ဆန်လွန်းလှ၏။ သူ၏ ဓားခုတ်ချက်သည် တိကျပြီး အားမာန် ပါလှပေသည်။

ဓားချက်တစ်ချက်တည်းဖြင့် ပွဲသိမ်းသွားနိုင်ပေသည်။ အနက်ရောင်ဝတ်ဆင်ထားသူမှာလည်း ခေသူမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားလာလေသည်။

ထိုလူသည် လက်နက် ဆွဲကိုင်ကာ ခုခံခြင်း မရှိသကဲ့သို့ နောက်ဆုတ် ရှောင်တိမ်းသွားခြင်းလည်း မရှိချေ။

'ယား....'

ဩသံပေးကာ ရှေ့သို့ ခုန်ဝင်လာပြီး ဆရာချုပ်နှင့် လူချင်းဝင်လုံးဖို့ ကြိုးစားလိုက်လေသည်။

နဂါးလေးဟု အမည်ရနေသည့် ယန်ခွမ်းသည် ရန်သူကို မိုက်မိုက်ကန်းကန်း ရင်ဆိုင် တိုက်ခိုက်တတ်ပေသည်။

နဂါးလေးယန်ခွမ်း၏ ရင်ဆိုင်တိုက်ခိုက်ပုံမှာ ဘေးမှ ကြည့်နေသူများ အသည်း တထိတ်ထိတ် ဖြစ်စေခဲ့ရသည်ချည်းပင်။

ယခု အနက်ရောင် ဝတ်ဆင်ထားသူ၏ တိုက်ကွက်သည် ယန်ခွမ်း၏ တိုက်ကွက်နှင့် ခပ်ဆင်ဆင် တူနေ၏။

ထိုလူသည် အသက်ကို ပဓာနမထားဘဲ အနိုင်ရဖို့အတွက် သူသေကိုယ်သေ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

နှစ်ယောက်သား ရင်ဆိုင်မိသည်နှင့် မိမိအရေးနိမ့်သွားတော့မည်ဖြစ်ကြောင်း ဆရာချုပ် ချက်ချင်း နားလည်သွား၏။



ဆက်ပြီး ရင်ဆိုင်ဖို့ခြင်း မရှိတော့သဖြင့် နောက်ဆုတ် ရှောင်တိမ်းရန် ကပျာကယာ ကြိုးစားလိုက်လေသည်။

သို့သော် အနက်ရောင် ဝတ်ဆင်ထားသူက အခွင့်အရေး မပေးဘဲ တစ်ဟုန်ထိုး ဝင်ရောက် တိုက်ခိုက်သဖြင့် ထိပ်တိုက် ရင်ဆိုင်မိကြသောအခါ....

'ဝုန်း....'

'အား....'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာ၏။

ဆရာချုပ်မှာ လက်ထဲမှ ဓားလွတ်ကျသွားပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

ထိုလူ၏ လက်သီးချက်ကြောင့်....

'ဝေါ့....'

သွေးများ အန်ထုတ်ပစ်လိုက်၏။

ဆရာချုပ် ဒဏ်ရာရရှိသွားပြီ ဖြစ်လေသည်။

သူ၏ ဓားဖျားသည် ထိုလူ၏ အင်္ကျီလက်မောင်းကို စုတ်ပြဲသွားစေနိုင်ရုံမျှသာ တတ်နိုင်ခဲ့သည်။

ထိုလူက....

'ဒေါင်းနဂါးဂိုဏ်းချုပ် ဘယ်မှာလဲဗျ'

ဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချူး အသက်ပြင်းပြင်း ရှူရှိုက်လိုက်ပြီး....

'ကျူပ်နောက် လိုက်ခဲ့ပါ'

ဟု ပြောကာ ချာခနဲလှည့်ပြီး ထွက်သွားလေသည်။

ထိုလူသည်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဆရာချူးနောက်သို့ လိုက်ပါသွားလေတော့သည်။

....၁....

မြို့အရှေ့ဘက်တွင် ခြံဝင်းကြီးတစ်ခု ရှိပေသည်။ ထိုခြံဝင်းအတွင်း၌ မြို့တော်ဝန်ဂေဟာတမျှ ကြီးမား ခန့်ငြားလှသည့် အဆောက်အအုံကြီးတစ်လုံး ရှိနေသည်။

ထိုအဆောက်အအုံကြီးသည်ပင် ဓေါင်းနဂါးဂိုဏ်း၏ ဆိုးဘက် တပ်မထားသည့် ဌာနချုပ် ဖြစ်ပေတော့သည်။

ဆရာချူးသည် အနက်ရောင် ဝတ်ဆင် ထားသူအား အဆောက်အအုံအတွင်းသို့ ခေါ်ဆောင်သွားလေသည်။



အဆောက်အအုံအတွင်း၌ အစိမ်းရောင် ဝတ်ဆင်ထားပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူများဖြင့် တစ်းကြမ်းပြည့်နေသည်။

နဂါးလေးယန်ခွမ်းက အမိန့်ပေးလိုက်သည်နှင့် ဒုစရိုက်မှုများ အမျိုးမျိုးကျူးလွန်ရန် လက်မနှေးကြသူများဖြစ်ပေသည်။

ဆရာချူးသည် အနက်ရောင် ဝတ်ဆင်ထားသူအား သီးသန့်ခန်းမဆောင်ကြီးတစ်ခု အတွင်းသို့ ခေါ်ဆောင်သွားသည်။

ထိုခန်းမဆောင်အတွင်း၌ လူရှင်းနေပါ၏။

အစိမ်းရောင် ဝတ်ဆင်ထားသူများ၏ အရိပ်အယောင်ပင် မတွေ့ရချေ။

အခန်း၏ ပြတင်းပေါက်တစ်ခု၌ ပြတင်းပေါက်ဘောင်ကို မှီကာ အပြင်ဘက်သို့ ငေးမော ကြည့်နေသည့် လူရွယ်တစ်ယောက်ကိုသာ တွေ့ရပေသည်။

ဆရာချူးက....

'နဂါးလေး'

ဟု မတိုးမကျယ် ခေါ်လိုက်လေသည်။

အနက်ရောင် ဝတ်ထားသူအား အရေးနိမ့်ခဲ့သဖြင့် ကိုယ့်ကိုယ် အပြစ်ရှိသည်ဟု နားလည်ကာ မလုံမလဲ ဖြစ်နေ၏။

ယန်ခွမ်းက လှည့်မကြည့်ဘဲ....

www.burmeseclassic.com

www.burmeseclassic.com



'သူက ခင်ဗျားထက် သိုင်းပညာသာတယ်သို့ ခင်ဗျား ပြောချင်တာလား'

ဟု မေးလိုက်လေသည်။

ဆရာချုပ် ခေါင်းငုံ့သွားလေသည်။

ယန်ခွမ်းက....

'ခင်ဗျားက ကျောက်ပေါက်မာကို ဘယ်လိုအပြစ်ပေးမယ်လို့ စိတ်ကူးထားသလဲ'

ဟု မေးမြန်းသည်။

ယခုတစ်ကြိမ် ဆရာချုပ် မနေနိုင်တော့ဘဲ....

'သူ့ကို အပြစ်မပေးတော့ပါဘူး'

'ကောင်းပြီ၊ ခင်ဗျားက သူ့ကိုခွင့်လွှတ်တယ်ဆိုရင် ကျုပ်က လဲ ခင်ဗျားကို ခွင့်လွှတ်လိုက်မယ်၊ ခင်ဗျားသွားတော့'

ဆရာချုပ်က....

'နဲ....နဂါးလေး....သူဟာ....'

'သူ့ကို ခင်ဗျားခေါ်လာခဲ့တယ်ဆိုတာ ကျုပ်သိသားပဲ'

အနက်ရောင် ဝတ်ဆင်ထားသူ မဲ့ပြုံးပြုံးလိုက်သည်။

'ဒေါင်းနဂါးဂိုဏ်း နာမည်ကြီးနေတယ်ကွ၊ ခေါင်းဆောင်ဟာ ချာတိတ်ကလေးတစ်ယောက်ဖြစ်မယ်လို့ ငါမထင်ခဲ့ဘူး'

ဟု လှမ်းပြော၏။



ယန်ခွမ်းက....

'ခင်ဗျားက ကျုပ်ကိုအထင်သေးတယ်ဆိုရင်တော့ အကြီးအကျယ် မှားသွားမှာပဲ'

'ငါနားလည်ပါတယ်ကွာ၊ မင်းမှာ အရည်အချင်းမရှိဘူး ဆိုရင် ခုလိုနေရာမျိုးကို ဘယ်ရောက်လာနိုင်ပါ့မလဲ'

'ခင်ဗျားက နားလည်တတ်သားပဲ၊ ဘာကြောင့် ကျုပ်လူ တွေကို ထိပါးချင်ရတာလဲ'

ထိုလူ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား မင်းဘယ်လို ပြောလိုက်တာလဲကွ ငါ့လမ်းငါသွားနေတာကို မင်းလူတွေက လာပြီးထိပါးကြတယ် ဆိုတာကိုလဲ သတိထားစမ်းပါဦး'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'ဒီနေရာဟာ ဒေါင်းနဂါးဂိုဏ်းရဲ့ ပိုင်နက်ဗျ'

'ငါ့အတွက်တော့ ဘယ်နေရာမဆို အတားအဆီးမရှိ သွားနိုင် တယ်၊ ပိုင်နက်ဆိုတဲ့ စကားအဓိပ္ပာယ်ကို ငါနားမလည်ဘူးကွ'

'ကောင်းပါပြီဗျာ၊ ခင်ဗျားနားလည်အောင် ကျုပ်ရှင်းပြ ပါ့မယ်'

'စိန်လိုက်လေ'

ဆရာချုပ် ကမျာကယာ နောက်ဆုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် ဝတ်ဆင်ထားသူနှင့် ယန်ခွမ်းတို့ ရင်ဆိုင်ကြတော့မည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

အနက်ရောင် ဝတ်ထားသူက....

'မင်းသာ တစ်ခုခုဖြစ်သွားရင် ဒေါင်းနဂါးဂိုဏ်းရဲ့နာမည် ရေစုန်မျောသွားတော့မှာပဲ'

ဟု ပြောလေသည်။

ယန်ခွမ်းက....

'စိတ်ချပါဗျာ၊ ကျုပ်ကိုတစ်ခုခုဖြစ်မယ်ထင်တဲ့လူစားတွေ မရှုမလှုဖြစ်သွားကြရတာပါ၊ ပေါ့ပေါ့တန်တန် သဘောမထားဖို့ သတိပေးပါရစေ'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထိုလူနှင့်မျက်နှာချင်းဆိုင်လိုက်လေသည်။

ထိုလူက တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

သို့သော် သူတို့နှစ်ယောက်၏ ရင်ဆိုင်ပွဲဖြစ်ပေါ်လာခြင်း မရှိတော့ပါ။

အကြောင်းကား....

'ယန်ခွမ်း'

'အစ်ကိုကြီးဟူကျင်း'

နှစ်ယောက်သား တအံ့တသြရေရွတ်လိုက်ကြ၏။



ယန်ခွမ်းသည် ချက်ချင်းပင် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး နက်ရောင်ဝတ်ဆင်ထားသူထံ ပြေးသွား၏။

အနက်ရောင်ဝတ်ဆင်ထားသူက ဆီးကြိုပွေ့ဖက်ထားလိုက်သတော့သည်။

....ဝ....

ကျားငါးကောင် ဟူကျင်း....

ဟူကျင်းသည် ခရိုင်ငါးခုတွင် မင်းမှုထောင်းကျန်းနေသည့် ဆိုးကြီးတစ်ယောက်ဖြစ်ပေသည်။

ကျားတစ်ကောင်မက ကျားဆိုးငါးကောင်မျှ ဆိုးသည်ဟူ စားကာ ကျားငါးကောင်ဟူကျင်းဟု ခေါ်ကြခြင်း ဖြစ်သည်။

သခု....

ဟူကျင်းနှင့် ယန်ခွမ်းတို့ ပြန်လည်ဆုံတွေ့လိုက်ရပြီ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက...

'ခွေးကောင်လေး၊ မင်းကို ငါ အချုပ်ခန်းထဲမှာ ရှေ့ . . .
ကတည်းက သဘောကျခဲ့တာ သိုင်းဆရာ ဝေခုံးကို ရှင်းပစ်လို . . .
တော့ တစ်နေ့ မင်းဟာ ထိပ်ဆုံးအဆင့်ကို ရောက်လာလိမ့်မယ် . . .
ဟောကိန်းထုတ်ခဲ့တာ မင်း မမှတ်မိသေးဘူးလားကွ'

ယန်ခွမ်း ခေါင်းညိတ်လိုက်လေသည်။

'ကျွန်တော် မမေ့ပါဘူးဗျာ'

'ဟဲ...ဟဲ...ဟဲ... ခုတော့ ငါပြောတဲ့အတိုင်း ဖြစ်နေပြီပေ . . .
ဒါနဲ့ မင်းနဲ့အတူပါလာတဲ့ မီးသွေးတုံးဆိုတဲ့ကောင်လေးကော . . .'

ယန်ခွမ်း ပြုံးလိုက်သည်။

'သူနဲ့ ချူးရှာဟာ ငြိမ်ငြိမ်နေတယ်လို့မရှိဘူး၊ အားနေ . . .
တစ်နယ်ဝင်တစ်နယ်ထွက် ခရီးထွက်နေကြတာပဲ၊ ခုချိန်မှာတော . . .
သူတို့ ကြိုက်သလို နေနိုင်လုပ်နိုင်တဲ့ အခြေအနေ ရှိနေပါပြီ'

ဟူကျင်းက...

'ဒါပေါ့ကွာ၊ မင်းရဲ့ ဒေါင်းနဂါးဂိုဏ်းဟာ အတော် . . .
နာမည် . . .းနေပြီပဲ၊ . . .ပြီးကြီးစဉ်း၊ တစ်နေ့ မင်းဟာ ထိပ် . . .
ကို ရောက်လာမှာပဲ'

ဟု အားပေးလေသည်။

ယန်ခွမ်းက...

'ဒါထက် အစ်ကိုကြီးဟူကျင်း ဘယ်ကိုသွားမလို့လဲ'

ဟု မေးလေသည်။



ဟူကျင်းနှင့် အမည်မသိ သမားတော်တို့သည် သိုင်းဆရာ ဝေခုံးနှင့် ရင်ဆိုင်ပြီး ဒဏ်ရာပြင်းထန်စွာရထားသည့် ယန်ခွမ်းအား ဆေးကုပေးခဲ့ကြသည်။

တစ်နည်းဆိုလျှင် ယန်ခွမ်း၏အသက်ကို ကယ်တင်ခဲ့ကြခြင်း ဖြစ်လေသည်။ ယန်ခွမ်းအပေါ် ကျေးဇူးရှိကြသူများ ဖြစ်ပေသည်။

ထို့ကြောင့် မြင့်မားသောဘဝကို ပိုင်ဆိုင်နေပြီဖြစ်သည့် ယန်ခွမ်းသည် ပြန်လည်ကျေးဇူးဆပ်လိုပေသည်။

ဟူကျင်းသာ လက်ခံမည်ဆိုလျှင် ဆရာချူးထက် ပို၍ မြင့်မားသော နေရာ၌ ထားကာ လက်ကွဲသွားလိုစိတ် ရှိနေ၏။

ဟူကျင်း ပြုံးလိုက်သည်။

'ဘာလဲ၊ ငါ သွားစရာမရှိဘူးဆိုရင် ဒေါင်းနဂါးဂိုဏ်းမှာ နေဖို့ ငါ့ကို ခေါ်မလို့လားကွ'

ဟု မေးလေသည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ အစ်ကိုကြီးသာ သဘောတူမယ်ဆိုရင်...'

သူ၏စကားမဆုံးမီ ဟူကျင်းက ကြားဖြတ် ပြောလိုက်လေသည်။

'မဖြစ်ပါဘူးကွာ၊ သေွးဝိညာဉ်ဂိုဏ်းကဖိတ်ခေါ်တာတောင် ငါက လက်မခံဘဲ ငြင်းပယ်လိုက်သေးတာပဲကွ၊ ငါ့အသာ

www.burmeseclassic.com

www.burmeseclassic.com



သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်နိုင်တဲ့ဘဝကို ငါသဘောအ
ဆုံးပဲကွ'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

ဟူကျင်းသာသူနှင့်လက်တွဲမည်ဆိုလျှင် သူ့ အတွက်တစ်အ
တိုးခြင်းဖြစ်ပေသည်။

သို့သော် ဟူကျင်း၏ သဘောထားကို သိရသောအ
အတင်းအကျပ် ဖိတ်ခေါ်ခြင်းမပြုတော့ဘဲ....

'အစ်ကိုကြီးက ဒီဒေသကို ခရီးသွားဟန်လွဲ ရောက်လာခဲ့တ
လား၊ အလုပ်ရှိနေလို့လား'

ဟု မေးလိုက်၏။

ဟူကျင်း ရယ်မောလိုက်သည်။

'မပ်မဆိုးဘူး၊ ငါက အလုပ်ကြီးတစ်ခု လုပ်မလို့ကွ'

ယန်ခွမ်း စိတ်ဝင်စားသွားလေသည်။

'ဘာအလုပ်မျိုးမို့လဲ၊ ပြောစမ်းပါဦး အစ်ကိုကြီးရဲ့'

'ကျင်းလိမ်မြို့က သူဌေးကြီး ရှောဝ်စန်းရဲ့သမီး ရှောင်ရှော
ဟာ ဗျိုင်းနွစ်ကောဝ်တောင်ကြားက ဖြတ်ပြီး လုရန်မြို့ကိုသွ
လိမ့်မယ်၊ ဒါ ငါ့အတွက် အကွက်ကောင်းပဲကွ၊ သူဌေးသ
ရှောင်ရှောင်ကိုဖမ်းပြီး ငွေညှစ်လိုက်ရင် သူဌေးကြီးရှောင်စန်း
လက်မိုက်ကြည့်နေမှာတဲ့လားကွာ'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။



'ဗျိုင်းနွစ်ကောဝ် တောင်ကြားဟာ ဒေါင်းနဂါး ဂိုဏ်းရဲ့
ပိုင်နက်အပြင်ဘက်မှာ ဖြစ်နေတယ် အစ်ကိုကြီး'

'ကိစ္စမရှိဘူး၊ ငါ့ဘာသာ ကြည့်လုပ်သွားမှာပါ၊ မင်းကူညီ
မယ် ဆိုရင်လဲ ငါက လက်ခံမှာမဟုတ်ဘူးကွ၊ ဟား-ဟား-ဟား'

'အစ်ကိုကြီးကိုကူညီတာ လက်မခံဘူးဆိုရင် ဒီတစ်ညတော့
ကျွန်တော့်ဆီမှာ နေရမယ်၊ ကျွန်တော် ကျွေးမွေးပြုစုတာကို
လက်ခံရမယ်'

'ဟား....ဟား....ဟား....ဒီလောက်တော့ ဖြစ်ပါတယ်ကွာ'

'ဒါမှ အစ်ကိုကြီးဟူကျင်းကွ'

ယန်ခွမ်းသည် ကလေးတစ်ယောက်ပမာ အော်ဟစ်လိုက်
လေသည်။

ဟူကျင်းနှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းကြောင့် ယန်ခွမ်း
အမှန်ပင် ဝမ်းသာပျော်ရွှင်နေလေတော့သည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးသည် ခရီးရောက်မဆိုက်ပင် ယန်ခွမ်းထံရောက်ရှိလာလေသည်။

ယန်ခွမ်းက....

'မင်းပြန်ရောက်လာတာ နည်းနည်းလေး နောက်ကျသွားတယ်၊ အစ်ကိုကြီးဟူကျင်း ထွက်သွားပြီကွ'

မီးသွေးတုံး တအံ့တဩဖြစ်သွားသည်။

'မင်းပြောတာ ကျားငါးကောင် ဟူကျင်းမဟုတ်လား'

'သူကလွဲပြီး ဘယ်သူရှိဦးမှာလဲကွာ'

'ဟာ...မတွေ့လိုက်ရတာ နာတာပဲ'

'ငါလဲ ဆွဲထားသေးတာပဲကွ၊ သူ့မှာ ကိစ္စရှိနေတော့ ကြာကြာမနေနိုင်ဘဲ မနေ့ကမှ ပြန်သွားတာ'

မီးသွေးတုံးက....

'အစ်ကိုကြီးဟူကျင်းသာ မကယ်ရင် ငါတို့နှစ်ယောက်စလုံး မလွယ်ဘူး၊ သိုင်းဆရာဝေခုံး အခေါက်ကြံတာနဲ့ အချုပ်ခန်းထဲမှာ ဘဝဆုံးရမှာ သေချာတယ်၊ သူရောက်လာမယ်မှန်းသိရင် ငါအမြန်ဆုံးပြန်လာပါတယ်ကွာ'

ယန်ခွမ်း ရယ်မောလိုက်ပြီးမှ...

'ပြောစမ်းပါဦး၊ ဒီတစ်ခါ မင်း ဘယ်တွေ ရောက်ခဲ့သေးသလဲ'



'ရောက်တဲ့နေရာမှာတော့ မမေးနဲ့တော့၊ နယ်အစုံကို ရောက်တာ၊ ဒေါင်းနဂါးဂိုဏ်းကတော့ နေရာတိုင်းမှာကိုဩဇာညောင်းနေတာပဲ၊ ငါ့အတွက် အခုမှသိလေသေးမရှိဘူး၊ အေး-ငါဒီလိုပြောလို့ မင်းတော့နုပ်မသွားနဲ့ဦး၊ မကောင်းတဲ့ဘက်မှာ ကျော်ကျားနေတာကွ၊ တို့ဂိုဏ်းရဲ့နာမည်ကြားတာနဲ့ လူတိုင်းနာခေါင်းရှုံ့သွားကြတာပဲ၊ ဝေးလံတဲ့နေရာတွေမှာဆို ပိုတောင်ဆိုးသေးတယ်၊ ကိုလူတွေက ထစ်ဘိုင်းကျဲနေတာပဲကွ'

ယန်ခွမ်း သက်ပြင်းချလိုက်၏။

'မီးသွေးတုံးရယ်၊ ငါတို့ ရပ်တည်နေတာကိုက ဒုစရိုက်လောကထဲမှာ မဟုတ်လား၊ ဒီလောက်တော့ရှိမှာပေါ့ကွာ'

'ဩော်....မင်းက ဘဝမေ့နေပြီပေါ့၊ နိုင်ငံ့ထက်စီးနင်း လုပ်ထတ်တဲ့လူတွေဘက်က ရပ်တည်နေပြီပေါ့ ဟုတ်လား'

ထိုစကားကြားလျှင် ယန်ခွမ်း မျက်နှာပျက်သွားလေသည်။

မီးသွေးတုံးက ရိပ်မိသော်လည်း မသိချင်ဟန်ဆောင်ကာ ဆက်ပြောလိုက်၏။

'ဒေါင်းနဂါးဂိုဏ်းက လူတွေဟာ နေရာတကာမှာ ထင်ဘိုင်းကျဲနေကြတယ်၊ မကောင်းမှုမှန်သမျှ လုပ်ကြတယ်၊ ဒေါင်းနဂါးဂိုဏ်းကြောင့် မျက်ရည်နဲ့မျက်ခွက်ဖြစ်နေသူတွေ ရာထောင်ချီပြီးရှိနေပြီကွ၊ ငါတို့မရှိတော့တဲ့နောက်ပိုင်း လောက်ချန်းမြို့မှာတောင် အကျင့်ပျက်နေပြီ၊ ဦးဝိတို့ ကြီးစိုးခဲ့တုန်းကလို ပြန်ဖြစ်နေပြီ'

www.burmeseclassic.com



ယန်ခွမ်း၏မျက်ဝန်းထဲ၌ အတိဒုက္ခရောက်နေသူများအပေါ် တွင် ဒုစရိုက်သမားများက နိုင်ထက်စီးနင်းပြုလုပ်ခဲ့ကြပုံများ ပြန်လည်မြင်ယောင်လာလေသည်။

မီးသွေးတုံးက….

'ငါတို့ဟာ အနှိပ်စက်ခံဘဝက လာခဲ့ကြတဲ့ လူတွေပါကွာ နှိပ်စက်တဲ့လူ မဖြစ်ပါရစေနဲ့၊ ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် မကြာခင် ငါထွက်သွားရတော့မှာပဲ'

ယန်ခွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

မီးသွေးတုံးအား မျက်လုံးပြူး၍ကြည့်ကာ….

'မင်း ဘယ်သွားမလို့လဲ'

ဟု အထိတ်တလန့် မေးလိုက်၏။

မီးသွေးတုံးက….

'တစ်နေရာရာကိုသွားပြီး အေးအေးချမ်းချမ်း ဇာတ်မြှုပ်နေ မှာပေါ့ကွာ'

'မင်း သွားလို့မဖြစ်ဘူးကွ'

'မင်းက မသွားခိုင်းလဲ ငွေအိုးကြီးနဲ့ ဆရာချူးတို့ကတော့ သွားစေချင်နေကြတယ်ဆိုတာ ငါသိတယ်ကွ'

'မီးသွေးတုံး၊ ဒုက္ခရောက်တုန်းက အတူတူနေခဲ့ကြပြီး ခု ဘာကြောင့် ထွက်သွားချင်ရတာလဲကွာ၊ ငါတို့အတွက် ဘာမှ



ပူပင်ကြောင့်ကြစရာ မရှိတော့ဘူး မဟုတ်လား၊ မင်းသဘော မကျဘူးဆိုရင် ငါကြည့်ပြောလိုက်ပါ့မယ်'

မီးသွေးတုံး ပြုံးလိုက်သည်။

'မင်းကို ငါပြောတာ ဒါပါပဲဆို နှစ်ကြိမ်ရှိပြီယန်ခွမ်း၊ ငါ စောင့်ကြည့်လိုက်ပါဦးမယ်လေ၊ သုံးကြိမ်ပြည့်ရင်တော့ ငါ့ကို မတားပါနဲ့တော့ကွာ'

'စိတ်ချသူငယ်ချင်း၊ ငါကြည့်လုပ်လိုက်မယ်'

သူတို့နှစ်ယောက် ပြောဆိုနေကြစဉ်မှာပင် အစိမ်းရောင် ဝတ်ဆင်ထားသူ တစ်ယောက် ပြေးလွှား ဝင်ရောက်လာပြီး သတင်းထူးတစ်ခု လာပြောလေသည်။

ထိုသတင်းကြားလျှင် ယန်ခွမ်းနှင့် မီးသွေးတုံးတို့ အကြီး အကျယ် ထိတ်လန့်တုန်လှုပ်သွားကြလေတော့သည်။

….o….

www.burmeseclassic.com

www.burmeseclassic.com



တောင်းကင်တစ်ခွင်လုံး ကြည်ပြာရောင်သမ်းနေသည်။

တိမ်ဖြူအချို့ လေနှင့်အတူ လွင့်မျောနေ၏။

ဗျိုင်းနှင့်ကောင် တောင်ကြားသည် နေရောင်ခြည်အောက်တွင် ဖြောင့်ဖြူးသာယာလျက်ရှိပေသည်။

တောင်ကြားလမ်း၏ ဝဲယာ တစ်ဘက်တစ်ချက်ရှိ တောင်ကုန်းကြီးများသည် အဝေးမှကြည့်လျှင် ဗျိုင်းငှက်၏သဏ္ဌာန်နှင့် တူလှပေသည်။

ထို့ကြောင့်လည်း ဗျိုင်းနှစ်ကောင်တောင်ကြားဟု ခေါ်ကြခြင်း ဖြစ်ပေသည်။

'ခွပ်ခွပ်...ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းလှည်းတစ်စီးသည် တောင်ကြားလမ်းအတိုင်း အနောက်ဘက်သို့ ဦးတည်ကာ မောင်းနှင်လာနေ၏။

မြင်းဖြူလေးကောင်ဆွဲသည့် အဖိုးတန် ဓီရှိမြင်းလှည်းဖြစ်ပေသည်။

မြင်းလှည်းမောင်းသူမှာ အသက်ငါးဆယ်ခန့်ရှိ အတိုးအိုတစ်ယောက်ဖြစ်၏။

မြင်းလှည်းကို မနှေးလွန်း၊ မမြန်လွန်းသော အရှိန်ဖြင့် မောင်းနှင်လာ၏။



ဗျိုင်းနှင်ကောင် တောင်ကြားသည် ဖြတ်သန်းသွားလာသူများ နေ့စဉ်ရှိနေသော်လည်း ယခုအချိန်တွင်လူပြတ်သည်ဟု ဆိုနိုင်ပေသည်။

မြင်းလှည်းပြတင်းပေါက်မှ ခေါင်းကိုဖယ်ရှားကာလိုက်ပါလာသည့် မိန်းကလေးတစ်ယောက်သည် လမ်းဘေး ရှုမျှော်ခင်းများ ကြည့်ရှုနေလေသည်။

သူမသည် အသက်အစိတ်ရှမ်းနှစ်ခန့်ရှိပြီး လွန်စွာမှပင် ချောမောလှပသူကလေး ဖြစ်ပေသည်။

ထိုမိန်းကလေးသည် ကျင်းလိန်မြို့မှ သူဌေးကြီးရှောင်စန်း၏ သမီး ရှောင်ရှောင် ဖြစ်ပေသည်တကား။

ရှောင်ရှောင်သည် လုရန်မြို့ရှိ မိခင်ဘက်မှ ဆွေမျိုးသားချင်းများထံ သွားရောက်လည်ပတ်ရန် ခရီးထွက်လာခြင်းဖြစ်ပေသည်။

အဖော်မပါ၊ အစောင့်အရှောက်မပါဘဲ ယခုကဲ့သို့ ထွက်လာခဲ့ခြင်းမှာ သူမအား မည်သူကမျှ အန္တရာယ်မပေးဝံ့ဟု ယုံကြည်ထားခြင်းကြောင့် ဖြစ်ပေသည်။

သူမဖခင် သူဌေးကြီး ရှောင်စန်းသည် သိုင်းလောကမှ ထိပ်သီးသိုင်းသမားများနှင့် ခင်မင်ရင်းနှီးသည့်အပြင် နေပြည်တော်သို့ပင် ပေါက်ပေါက်ရောက်ရောက်ရှိသူ မဟုတ်ပါလား။

လူဆိုးဓားပြ၊ အနက်ရောင်သိုင်းသမားများသည် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ပြဿနာများကို ရှောင်ရှားခြင်းငှာ ကြသဖြင့် ဝေးဝေးမှ ရှောင်သွားတတ်ကြပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်း ခပ်မှန်မှန် မောင်းနှင်လာနေစဉ်မှာပင် တောင်ကြားလမ်း တစ်ဘက်မှ မြင်းစီးသမားတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမြင်းစီးသမားသည် မြင်းလှည်းဆီသို့ ဦးတည်ကာ ဒုန်းစိုင်းနှင်လာနေပါ၏။

၎င်းသည်ကို မြင်းလှည်းသမား အဘိုးအို သတိပြုမိသွားပြီး....

'သခင်မလေး....ကျုပ်တို့ဆီကို မြင်းစီးသမား တစ်ယောက်လာနေပါတယ်'

ဟု ပြောလိုက်သည်။

ရွှောင်ရှောဝ်သည် မြင်းလှည်း ပြတင်းပေါက်မှ ခေါင်းပြူကာ ကြည့်ရင်း...

'ဦးလေးရှမ်း...ခရီးသည် တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်၊ ကျွန်မတို့ ဆက်သွားကြမယ်'

ဟု ပြောလိုက်လေသည်။

ဦးလေးရှမ်းဟုသည့် မြင်းလှည်းသမားသည် ဗျိုင်းနှစ်ကောင်တောင်ကြားမှ ဖြတ်သွားရသည်ကို သဘောမကျပါ။

ခရီးသွားများ တဖွဲဖွဲ ဖြတ်သန်းသွားနေကြသည့် လမ်းဖြစ်သော်လည်း မကြာခဏ လုယက်မှု၊ ခေးပြတိုက်မှုများ ဖြစ်ပွားတတ်သည့် နေရာဖြစ်ကြောင်း နားလည်ထားပေသည်။



ယခုကဲ့သို့ လူပြတ်သော အချိန်၌ သူတို့ထံ ဦးတည်လာနေသည့် မြင်းစီးသမား တစ်ယောက်အား တွေ့မြင်လိုက်ရသောခါ ပို၍ သဘောမကျနိုင်အောင် ဖြစ်သွားရပေတော့သည်။

သို့သော် သခင်မလေး ရွှောဝ်ရွှောင်က ဆက်သွားရန် အမိန့်းလိုက်ခြင်းကြောင့် ဘာမျှ မပြောသာတော့ဘဲ ဆက်၍မောင်းနှင်သွားလေသည်။

မကြာပါချေ။ မြင်းစီးသမားသည် သူတို့အနီးသို့ ရောက်ရှိလာလေတော့သည်။

ဦးလေးရှမ်းက လှမ်းပြီး အကဲခတ်ကြည့်လိုက်၏။

မြင်းစီးသမားသည် အနက်ရောင်ဝတ်ဆင်ထားပြီး ခမောက်း တစ်လုံး ဆောင်းထား၏။

ရုတ်တရက် ဆိုသော် မည်သူမည်ဝါ ဖြစ်ကြောင်း ကွဲကွဲးပြား သိနိုင်မည် မဟုတ်ပါချေ။

ထိုလူသည် မြင်းလှည်းသွားရာ လမ်းရှေ့၌ မြင်းကို ကန့်လန့်ဘ် ရပ်ကာ လမ်းပိတ်ထားလိုက်သည်။

ဦးလေးရှမ်း ရင်ထိတ်သွား၏။

ဆက်၍ မောင်းနှင်သွားမည် ဆိုလျှင် မြင်းစီးသမားအားတိုက်မိတော့မည် ဖြစ်ပေသည်။

'ဟေ့....ရပ်လိုက်စမ်း'

ဦးလေးရှမ်းသည် မြင်းများကို အောင်ဂေါက်ရင်း ရပ်တန့်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟီး…ဟီး…ဟီး'

မြွှင်းဟီသံများ ထွက်ပေါ်လာသည်။

မြင်းလှည်း ရပ်တန့်သွားလေတော့သည်။

'ဦးလေးရှမ်း…'

ရှောဝ်ရှောင်၏ စိုးရိမ်ထိတ်လန့်သံကလေး ထွက်ပေါ်လ[illegible]

လေသည်။

ဦးလေးရှမ်းက…

'သခင်မလေး…လူတစ်ယောက်က လမ်း ပိတ်ထား တ[illegible] ဘာကိစ္စရှိသလဲ မသိဘူး၊ ကျုပ် မေးကြည့်လိုက်ဦးမယ်၊ မြ[illegible] လှည်းပေါ်က မဆင်းပါနဲ့'

ဟု သတိပေးလိုက်လေသည်။

ရှောင်ရှောင်သည် ပင့်သက်ရှိုက်ရပ်း အသင့် ဆောင်ထ[illegible] သည့် ဓားကို လှမ်းယူလိုက်လေသည်။

သူမသည် ချမ်းသာ ကြွယ်ဝသည့် မိဘမျိုးရိုးမှ ဆင်းသ[illegible] လာသူ ဖြစ်သည့်အတိုင်း စာပေ ပညာ၊ သိုင်းပညာနှင့် [illegible] ပညာ သင်ကြားတတ်မြောက်ထားပေသည်။

သို့သော် စိတ်ထား နူးညံ့သိမ်မွေ့ သူလေး ဖြစ်ရကား [illegible] ပညာ အသုံးပြု၍ ရင်ဆိုင်တိုက်ခိုက်ရမည့် ကိစ္စမျိုးကို အ[illegible] တာမည် ရှောင်ရှားခဲ့ပေသည်။



ယခုမူ အန္တရာယ်ပြုနိုင်သူနှင့် ဆုံတွေ့ရပြီဖြစ်ရာ လိုအပ်လျှင် မိမိကိုယ်ကို ကာကွယ်နိုင်ရန် ပြင်ထားလိုက်ခြင်း ဖြစ်၏။

သို့တိုင် အတွေ့အကြုံ မရှိသဖြင့် စိတ်လှုပ်ရှားနေပေတော့သည်။

ဦးလေးရှမ်းသည် မြင်းစီးသမားအား အကဲခတ်ကြည့်လိုက်ပြီးမှ…

'မိတ်ဆွေ လမ်းဖယ်ပေးရင် ကောင်းပါလိမ့်မယ်၊ ကျုပ်တို့ဟာ ကျင်းလိမ် သူဌေးကြီး ရှောင်စန်းရဲ့ လူတွေပါ၊ သူဌေးကြီး အကြောင်းကို မိတ်ဆွေ ကြားဖူးမှာပါ'

ဟု လှမ်းပြောလိုက်လေသည်။

လမ်းပိတ်ထားသည့် မြင်းစီးသမားက…

'ကြားဖူးလို့ လမ်းပိတ်ထားတာပေါ့ဗျာ'

ဟု အေးတိအေးစက် ပြန်ပြောလေသည်။

ဦးလေးရှမ်း ရင်ထိတ်သွား၏။

သူဌေးကြီး ရှောင်စန်း အကြောင်း သိလျက် နှောင့်ယှက်လာသူအား မောင်းထုတ်နိုင်ခြင်း မရှိဘဲ အလိုလိုထွက်သွားမည် မဟုတ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

ထိုလူက…

'သူဌေးကြီးနာမည်သုံးပြီး ကျုပ်ကို ခြိမ်းခြောက်ဖို့ မကြိုးစားမိပါနဲ့၊ ကျုပ်က ဂရုမစိုက်လို့ လာခဲ့တာ၊ ကဲ…သခင်မလေး ရှောင်ရှောင် မြင်းလှည်းပေါ်က ဆင်းလာခဲ့စမ်းပါ'

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရှမ်းက...

'မိတ်ဆွေက ဒုက္ခရောက်မှာ မတွေးမိဘူးထင်တယ်၊ အေးအေးဆေးဆေး ထွက်သွားပါကွာ၊ မိတ်ဆွေအကြောင်းကို ကျုပ်တို့ မေ့ပစ်လိုက်ပါ့မယ်'

'ဟား...ဟား...ဟား...ကျုပ် ဘယ်တော့မှ ထွက်မသွားဘူး'

မြင်းစီးသမားသည် ကျယ်လောင်စွာ အော်ဟစ် ရယ်မောရင်း မြင်းပေါ်မှ ခုန်ဆင်းကာ မြင်းလှည်းအနီးသို့ ခပ်သွက်သွက် လှမ်းလာ၏။

ဦးလေးရှမ်း မျက်နှာပျက်သွားသည်။

'သခင်မလေး နောက်ကြောင်း ပြန်လှည့်သွားပါ၊ ကျုပ်က သူ့ကို တားဆီးထားပါ့မယ်'

သခင်မလေး ရှောင်ရှောင်အား သတိပေးလိုက်သည်။

ရှောင်ရှောင်က ငြင်းဆန်လိုက်လေသည်။

'သူက နှောင့်ယှက်မယ်ဆိုတော့ ကျွန်မ လက်ပိုက်ကြည့်မနေနိုင်ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ဒုက္ခပေးလိုသူနှင့် တွေ့ရလေသောအခါ ဖြစ်လိုရာ ဖြစ်စေ ရင်ဆိုင်ရတော့မည်ဟု သူမ နားလည်ထားမေသည်။

'သခင်မလေး...

ဦးလေးရှမ်း စိုးရိမ်တကြီး ဖြစ်နေစဉ်မှာပင် မြင်းစီးသမားသည် မြင်းလှည်းအနီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ထိုလူသည် ဦးလေးရှမ်း အနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာရင်း...



'တော်တော်ရှုပ်တဲ့ အဘိုးကြီး၊ သေပေတော့'

အော်ဟစ်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သခင်မလေး ရှောင်ရှောင် မနေနိုင်တော့ချေ။

မြင်းလှည်းထံခါးကို ဝုန်းခနဲ တွန်းဖွင့်ကာ အပြင်ဘက် ခုန်ထွက်လိုက်၏။

နှောင့်ယှက်လာသူနှင့် ရင်ဆိုင်ရန် ဟန်ပြင်လိုက်စဉ်မှာပင်...

'ရပ်လိုက်'

ဟန့်တားသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ မြင်းစီးသမား ချက်ချင်း နောက်သို့ ခုန်ဆုတ်လိုက်၏။

သခင်မလေးရှောင်ရှောင်က လှမ်းကြည့်လိုက်သည်။ ထိုအခါ မြင်းကို လက်မှဆွဲ၍ လျှောက်လာနေသူ တစ်ယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

...o...

www.burmeseclassic.com

www.burmeseclassic.com



မြင်းကို လက်မှ ဆွဲလာသူသည် မြင်းလှည်းအနီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

သခင်မလေး ရှောင်ရှောင်သည် ထိုလူအား တွေ့မြင်လိုက်ရလျှင် ဝမ်းသာပျော်ရွှင်သွားလေတော့သည်။

'ဦးလေး ယန်ချင်း'
ဟု အော်ခေါ်လိုက်၏။

ထိုလူသည်လည်း သခင်မလေး ရှောင်ရှောင်းအား ပြုံးပြလိုက်ရင်း....

'ငါ့တူမကြီး ပါလာတာကိုး၊ အဝေးက မြင်ရကတည်းက ငါ့တူမကြီးရဲ့ မြင်းလှည်းနဲ့ တူပါတယ်လို့ ထင်နေတာ၊ ကဲ... ဘာတွေများ ဖြစ်နေကြတာလဲ၊ ပြောစမ်းပါဦး'
ဟု မေးလေသည်။

သခင်မလေး ရှောင်ရှောင်က အနက်ရောင် ဝတ်ဆင်ထားသူအား ညွှန်ပြရင်း....

'သူက ကျွန်မတို့ကို နှောင့်ယှက်နေလို့'
ဟု ပြောလိုက်၏။

ယန်ချင်း ဆိုသူသည် အနက်ရောင် ဝတ်ဆင်ထားသူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ထိုလူမှာ နောက်ဆုတ် ထွက်ပြေးသွားခြင်း မရှိပါချေ။
ယန်ချင်းကိုပင် ရှုသိုးသိုးဖြင့် ကြည့်နေ၏။



ယန်ချင်းက....
'သူဌေးကြီး ရှောင်စန်းရဲ့ မြင်းလှည်း ဆိုတာ မသိလို့ နှောင့်ယှက်မိတာဆိုရင် မင်းကို ငါခွင့်လွှတ်လိုက်မယ်'
ဟု ပြောလိုက်လေသည်။

အနက်ရောင်ဝတ်ထားသူ နှာခေါင်းရှုံ့လိုက်သည်။

'ကျုပ်က သိလျက်နဲ့ သခင်မလေးရှောင်ရှောင်ကို ဖမ်းခေါ်သွားမလို့၊ ခင်ဗျားဘာလုပ်ချင်သလဲ'

ဟု ပြန်မေးလိုက်၏။

ယန်ချင်းက ခါးမှဓားကို ပုတ်ပြလိုက်ပြီး....

'မင်းသိချင်ရင် ကျုပ်ရဲ့ဓားက ပြောပြလိမ့်မယ်'
ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

အနက်ရောင် ဝတ်ဆင်ထားသူက ဟားတိုက်ရယ်မောလိုက်လေသည်။

ယန်ချင်းက....

'လောတပါလခား ယန်ချင်းဆိုတဲ့ နာမည်ဟာ ရယ်စရာ မဟုတ်ဘူး'

စကားဆုံးသည်နှင့် ရှေ့သို့တိုးကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ယား'

အနက်ရောင်ဝတ်ထားသူကလည်း ပြာသံပေးရင်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်၏။

ထိုလူသည် လက်ချောင်းကလေး ဆယ်ချောင်းကို အဓိက အားကိုးပြီး တိုက်ခိုက်ခြင်းဖြစ်၏။

သူ၏တိုက်ကွက်မှာ ကျားဆိုးတစ်ကောင်က လက်သည်းဖြင့် ကုပ်ခြစ်တိုက်ခိုက်သည်နှင့် တူလှပေတော့သည်။

ယန်ချင်းသည် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်....

'လက်စသပ်တော့ မင်းဟာ ကျားငါးကောင်ဟူကျင်းကိုး'

ဟု ရေရွတ်ရင်း မြေပေါ် ခြေဆောင့်ကာ ခုန်၍ ရှောင်လိုက်၏။

အနက်ရောင်ဝတ်ထားသူက....

'သေချာတာပေါ့ဗျာ၊ လောကပါလခေါ်းဟာ မကောင်းသူ ယယ်၊ ကောင်းသူကယ်တဲ့နေရာမှာ နာမည်ကြီးနေလို့ ကျုပ်က တွေ့ချင်နေတာနဲ့ အတော်ပဲ၊ ယတိသာထားပေတော့'

အော်ပေါက်ကာ ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

အနက်ရောင် ဝတ်ထားသူမှာ ကျားငါးကောင် ဟူကျင်း ဖြစ်လေသည်။

ဟူကျင်းသည် ထုံးစံအတိုင်း သူ့သေကိုယ်သေ တိုက်ကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။



လောကပါလခေါ်း ယန်ချင်းသည် သိုင်းလောက၌ လူတိုင်း၏ ကြည်ညိုလေးစားခြင်း ခံရသော သိုင်းသမားကြီးတစ်ယောက် ဖြစ်ကြောင်း သူသိထား၏။

ယန်ချင်း၏ လက်ချက်ဖြင့် အမိုက်ဇာတ် သိမ်းသွားသည့် ဒုစရိုက်သမား အတော်များများ ရှိခဲ့ပေသည်။

ထို့ကြောင့်လည်း အနက်ရောင် သိုင်းလောက၌ လောကပါလခေါ်း ယန်ချင်းအား 'ပါးကွက်သားကြီး' ဟု ကင်ပွန်းတပ်ထားကြရပေတော့သည်။

ယန်ချင်းသည် ကျားငါးကောင်ဟူကျင်း၏ တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေသည်ကို တွေ့လျှင် မပေါ့ဆဝံ့တော့ဘဲ လောကပါလခေါ်းကိုထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။

ဝင်းလက်တောက်ပသည့် အလင်းရောင်များ ထွက်ပေါ်လာလေသည်။

လူနှစ်ယောက်ရှိ ရောထွေးသွားပြီးလျှင်....

'အား'

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာ၏။

ယန်ချင်းက ခပ်သွက်သွက် နောက်ဆုတ်သွား၏။

ကျားငါးကောင် ဟူကျင်းလည်း နောက်ဆုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ...ဒါ...ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးကွ'

'မင်းကသာ မဖြစ်နိုင်ဘူးလို့ပြောနေ၊ ဘောတဲ့လူက သေသွားပြီကွ'

မီးသွေးတုံး၏ စကားကြောင့် ယန်ခွမ်း ဒေါသွသွားလေသည်။

'ဩော်...မင်းကပါ အစ်ကိုကြီးဟူကျင်း သေသွားတာကို ဝမ်းသာနေတယ်ပေါ့၊ ကောင်းတာပေါ့ကွာ၊ သူ့ရဲ့ကျေးဇူးကို မင်းမေ့ပစ်လိုက်ပြီပေါ့'

မီးသွေးတုံး၏မျက်နှာ ညှိုးလျော်သွား၏။

ဟူကျင်းအတွက် ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

'ယန်ခွမ်း၊ အစ်ကိုကြီး ဟူကျင်းအတွက် မင်းခံစားရသလို ငါလဲ ခံစားနေရတယ်ဆိုတာ နားလည်စမ်းပါကွာ၊ ဒါပေမယ့် ငါက မင်းလို ပေါက်ကွဲမသွားတာဟာ ဒုစရိုက်လောကရဲ့အဖြေကို တွေးမိထားလို့ပဲကွ'

'ဘာ...ဘာပြောတယ်'

မီးသွေးတုံးက ရှင်းပြလိုက်လေသည်။

'မင်းစဉ်းစားကြည့်လေ၊ မကောင်းမှု ဒုစရိုက်လုပ်ငန်း လုပ်နေတဲ့ လူတစ်ယောက်ကို ဘယ်သူက ချီးကျူးကြမလဲ၊ လေးစားကြမလဲ၊ လူ့အသိုင်းအဝိုင်းအတွက် မလိုလားအပ်တဲ့ လူတွေ



အဖြစ် သတ်မှတ်ပြီး သုတ်သင်ဖယ်ရှားပစ်ဖို့ ကြိုးစားကြမှာပေါ့၊ ဒုစရိုက်လောကမှာ ဘယ်လိုပဲ မင်းမူနိုင်တယ်ဆိုပေမယ့် တစ်နေ့ ဒုက္ခတွေ့ရတာချည့်ပါပဲကွာ၊ ဝူးတီတို့၊ မအိတို့၊ ကျွဲကြီးတို့အဖြစ်ကို ကြည့်၊ ယင်းတိမ့်ကို ခေါ်နှစ်လက် မောင်စုကို ကြည့်ဦးမလား၊ သူ့အချိန်အခါနဲ့ သူ လက်မထောင်နိုင်ခဲ့တာချည့်ပဲ၊ ဒါပေမယ့် နောက်ဆုံး မရှုမလှဖြစ်ပြီး ဇာတ်သိမ်းသွားကြရတာချည့်ပဲ မဟုတ်လား'

ယန်ခွမ်း ငိုင်ကျသွားရလေသည်။

ဒုစရိုက်လောကသားများအတွက် သက်ဆိုး မရှည်သည်မှာ ထုံးစံတစ်ခု ဖြစ်ချေသည်။

ငယ်သားများသည်လည်းကောင်း၊ ခေါင်းဆောင်များသည်လည်းကောင်း တစ်နည်းမဟုတ် တစ်နည်းဖြင့် ဒုက္ခတွေ့ကာ အမိုက်ဇာတ်သိမ်းသွားရသည်ချည့် ဖြစ်လေသည်။

သူ၏ ဘဝသည် မည်သို့ ဇာတ်သိမ်းရမည်နည်း။ ယန်ခွမ်း တွေဝေနေစဉ်မှာပင် မီးသွေးတုံးက ဆက်ပြောလေသည်။

'အစ်ကိုကြီးဟူကျင်းဟာ နရိုဝင်ငါးခုမှာ ထင်တိုင်းကြဲခဲ့တယ်၊ သူ့ရဲ့လက်ချက်နဲ့ သေသွားရတဲ့လူ မနည်းဘူး၊ နောက်ဆုံးတစ်နေ့ကျတော့ သူကိုယ်တိုင် သူများလက်ချက်နဲ့ သေရတာပဲ မဟုတ်လား၊ ဒါကြောင့် သူ့အတွက် ငါ စိတ်မကောင်း ဖြစ်မိပေမယ့် တစ်နေ့ ဒီလိုကြုံရမှာပဲဆိုတာ ကြိုတင်သိထားတော့ သိပ်ပြီး တုန်လှုပ်မိဘူးပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက....

'မကောင်းတဲ့လူဟာ မကောင်းတဲ့လမ်းကို သွားရမယ်လို့ မင်းက ဆိုလိုတာပေါ့ ဟုတ်လား'

'သေချာတာပေါ့ကွာ၊ အများအကျိုး တိုင်းပြည်အကျိုး ဆောင်ရွက်တဲ့ လူတစ်ယောက် သေဆုံးသွားမယ်ဆိုရင် လူတိုင်း ဝမ်းနည်း ကြေကွဲကြမှာပဲ၊ ဒုစရိုက်လောကသား တစ်ယောက် သေသွားရင် ဘယ်သူက ဝမ်းနည်းကြမှာလဲ၊ သူ့အကြောင်း ထုတ်ဖော်ပြောပြီး ချီးကျူးမယ့်လူ ရှိနိုင်ပါ့မလား'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'တာပဲဖြစ်ဖြစ် အစ်ကိုကြီး ဟူကျင်းဟာ ငါ့ရဲ့ ကျေးဇူးရှင်ကွ၊ ဒါကြောင့် သူ့အတွက် ငါ လက်ပိုက်ကြည့်မနေနိုင်ဘူး'

မီးသွေးတုံး မျက်နှာပျက်သွားလေသည်။

ရန်ကြိုးကိုသာ လက်တုန့်ပြန်တတ်သည့်ယန်ခွမ်း၏အကြောင်းကို သူ ကောင်းကောင်းကြီး သိသွားပေသည်။

ယန်ခွမ်းသည် သူ့အား ထိပါးသည်ဟု ယူဆလျှင် မဖြစ်မနေ လက်တုန့်ပြန်တတ်သူ ဖြစ်ပေသည်။

ငယ်စဉ်ကပင် အတူတကွ နေထိုင်ခဲ့ခြင်းကြောင့် ယန်ခွမ်း၏ ကောင်းသည့် စိတ်ထားကိုလည်းကောင်း၊ မကောင်းသည့် ညာဉ်ဆိုးကိုလည်းကောင်း သိရှိထားပါ၏။

ယန်ခွမ်းကသာ ဟူကျင်း ခံလိုက်ရခြင်းသည် သူ့အား ထိပါးခြင်း ဖြစ်သည်ဟု ယူဆထားလျှင်....



မီးသွေးတုံး မျက်နှာပျက်သွားပြီး....

'ယန်ခွမ်း....မင်း သေသေချာချာ မစဉ်းစားဘဲ လုပ်တဲ့ အလုပ်တွေ တော်တော်များနေပြီကွ'

ဟု ပြောလိုက်လေသည်။

ယန်ခွမ်းက....

'ဒီကိစ္စဟာ စဉ်းစားစရာ မလိုတဲ့ ကိစ္စပါကွာ'

'မင်းက လောကပါလဓား ယန်ချင်းကို ရစ်ဆိုင်မယ်ပေါ့ ဟုတ်လား'

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူဟာ ငါ့အတွက်ပဲ ဖြစ်ရစေမယ်'

'မင်းမှားပြီ'

'ငါမမှားဘူး၊ တမလွန်ထိ စောင့်ကြည့်နေမယ်၊ အစ်ကိုကြီး ဟူကျင်းကို ကျေးဇူးဆပ်ဖို့ ဒီတစ်နည်းပဲရှိတယ်'

မီးသွေးတုံးသည် ဘာမျှ ထပ်မပြောတော့ဘဲ ယန်ခွမ်းအား တိတ်ဆိတ်စွာဖြင့် ငေးကြည့်နေလေသည်။

ယန်ခွမ်းက....

'မီးသွေးတုံး....ယန်ချင်းကို ရစ်ဆိုင်ပြီးတဲ့နောက်ပိုင်း ဒေါင်းနဂါးဂိုဏ်းဟာ မင်းဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဖြစ်ရစေမယ်၊ မင်း ဘယ်လို သဘောရသလဲ'

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံး ခေါင်းခါယမ်းလိုက်သည်။

'နောက်ကျသွားပြီကွ'

'ဘာ....ဘယ်လို'

မီးသွေးတုံးက....

'ဝမ်းနည်းပါတယ်ကွာ၊ ငါထွက်သွားဖို့ ဆုံးဖြတ်လိုက်ပြီကွ'

'မီးသွေးတုံး....မင်း....'

ယန်ခွမ်း အထိတ်တလန့် အော်ဟစ်လိုက်လေသည်။

မီးသွေးတုံးက....

'သူငယ်ချင်း...မင်းဟာ လမ်းဓပါမှာ ကျင်လည်ကျက်စာ နေရတဲ့ ဘဝမှာ ရှိနေမယ်ဆိုရင် ငါ ဘယ်တော့မှ လက်တွဲဖြုတ် သွားမှာ မဟုတ်ပါဘူးကွ၊ အခု မင်းမှာ ဩဇာအရှိန်အဝ ရှိတယ်၊ မိုင်တစ်ရာပတ်လည်အကွင်းမှာ သေဆိုသေ၊ ရှင်ဆိုရှင် လက်ညှိုးညွှန်ရာ ရေဖြစ်စေနိုင်တယ်၊ မင်းခိုင်းသမျှ လုပ်ပေး မယ့်လူ ရာနဲ့ချီပြီး ရှိနေပြီ၊ ငါတစ်ယောက် မင်းအနားမှာ မ တော့လို့ မင်းအတွက် ဘာမှ မဖြစ်နိုင်တော့ပါဘူးကွာ'

ယန်ခွမ်း ငိုင်နေ၏။

မီးသွေးတုံးက သူ့ အား စိုက်ကြည့်လိုက်ပြီး....

'ယန်ခွမ်း....ငါသွားတော့မယ်'

ဟု ပြောလေသည်။



ထွက်သွားရန် ခြေလှမ်းလည်း ပြင်လိုက်၏။

ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'မီးသွေးတုံး'

ဟု အက်ကွဲသော လေသံဖြင့် ခေါ်လိုက်၏။

မီးသွေးတုံးက....

'မင်း ဘာပြောချင်သလဲ သူငယ်ချင်း'

'မင်း မသွားလို့ မဖြစ်ဘူးလားဟင်'

မီးသွေးတုံး ပြုံးလိုက်သည်။

'သူငယ်ချင်း ဒေါင်းနဂါးဂိုဏ်းကို စွန့်ပြီး ငါနဲ့ လိုက်ခဲ့နိုင် မလား'

'မင်း....'

'မင်းလိုက်ဖို့ ခက်ခဲသလို ငါလဲ ဆက်နေဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူးကွာ'

'နေဦး....ချူးရှာ လာရင် ငါ ဘယ်လိုပြောရမလဲ၊ သူက မင်းကိုမေးမှာ သေချာတယ်'

'သူကလဲ ထွက်သွားတော့မှာပဲကွာ၊ မထူးပါဘူး၊ ငါ နှုတ်ဆက်ခဲ့တယ်လို့ ပြောလိုက်ပါ'

စကားဆုံးလျှင် မီးသွေးတုံးက ချာခနဲ လှည့်ထွက်သွား လေသည်။

ယန်ခွမ်းသည် တားဆီးရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့သော် မီးသွေးတုံးအား မည်သို့မျှ တား၍ရမည် မဟုတ်တော့မှန်း နားလည်မိလေသည်။

ထို့ကြောင့် တားဆီးခြင်း မပြုဘဲ လက်လျှော့လိုက်၏။ မီးသွေးတုံး၏ ခြေသံသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားပြီး နောက်ဆုံး ကွယ်ပျောက်သွားလေတော့သည်။

....ဝ....

ကြိုးမဲ့ လေတံခွန်

လေတံခွန်တစ်ခု ကောင်းကင်မြင့်ထက်ဝယ် ဝဲကြွားနေနိုင်ရန် ကြိုးသည် ထိန်းကွပ်ထား၏။

မှားယွင်းခြင်း နည်းစေရန် သတိနှင့် အသိသည် အထိန်းအကွပ် ဖြစ်သည်။

ထိန်းကွပ်ခြင်း မရှိလေသောအခါ ကြိုးမဲ့လေတံခွန်မှာ လေယူရာ လွင့်မျောရတတ်သည်။

လေငြိမ်လျှင် မြေခရတတ်ပေသည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



'ခွမ်း....'

အရက်အိုး အစိတ်စိတ် အမြွှာမြွှာ ကွဲအက်ကြေမွသွားလေတော့သည်။

ယန်ခွမ်း၏ မျက်လုံးများ ရဲရဲနီနေ၏။

ကြမ်းပြင်ပေါ်မှ အရက်အိုးကွဲများကို မျက်လုံးကြီးပြူးကာ ကြည့်နေသည်။ အရက်အိုးကွဲများကား တောင်ပုံရာပုံ ရှိနေပြီဖြစ်သည်။

အခန်းတွင်းဝယ် ယန်ခွမ်း၏ လှုပ်ရှားသံ၊ အရက်အိုးကွဲသံ တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်မှအပ အခြား အသံဗလံ မကြားရဘဲ ငြိမ်သက်နေ၏။

ယန်ခွမ်း၏ ဒေါသသည် အခန်းတွင်း၌ ချောက်ချားဖွယ်ကောင်းအောင် လွှမ်းမိုးနေပေတော့သည်။

ရုတ်တရက် ပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာ၏။ အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာသည်။

ငွေအိုးကြီး ဖြစ်လေသည်။

ငွေအိုးကြီးသည် ယန်ခွမ်း၏ အဖြစ်ကိုတွေ့လျှင် သဘောကျစွာ ပြုံးလိုက်လေသည်။

ယန်ခွမ်းအနီးသို့လျှောက်သွားပြီး ခုံတစ်လုံးဆွဲကာ မျက်နှာချင်းဆိုင် ထိုင်လိုက်၏။



ယန်ခွမ်းက ဘာမျှ မပြောဘဲ မျက်လုံးကြီးပြူးကာ ကြည့်လိုက်လေသည်။

ငွေအိုးကြီးက....

'မင်းနဲ့ငါ ပေါင်းလာတာ ငါးနှစ်ရှိပြီ၊ ခုမှပဲ မင်းဟာ ဂိုဏ်းခေါင်းဆောင် တစ်ယောက်နဲ့ တူလာတာကို တွေ့ရတော့တယ်ကွ'

ဟု ပြောလေသည်။

ရုတ်တရက်....

'ဟား....ဟား....ဟား'

ယန်ခွမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ငွေအိုးကြီးကလည်း ရယ်မောလိုက်ပြီး....

'နဂါးလေး....မင်းဟာ ငါ့ရဲ့လုပ်ရပ်တွေ မှားပြီလို့ ကိုယ့်ကိုကိုယ် အပြစ်တင်နေမိပြီ မဟုတ်လား၊ မင်း သေသေချာချာတွေးစမ်းပါကွာ၊ မင်းမမှားပါဘူး၊ မင်းကို မှားတယ်လို့ ပြောနေတဲ့သူတွေသာ မှားနေတာပါ'

ဟု ပြောလေသည်။

ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ဘာ....ခင်ဗျား ဘာပြောလိုက်တယ်'

'မင်း မမှားဘူးလို့ ပြောတာလေ၊ အမြင့်ဆုံး သစ်ပင်ဟာ လေတိုက်အခံရဆုံးဆိုတာ မင်းကြားဖူးမှာပါ၊ လူတိုင်းကမင်းလို

www.burmeseclassic.com



နေရာမျိုးကို လိုချင်ကြပေမယ့် ရနိုင်ကြတာမှ မဟုတ်ဘဲကွ၊ ဒီမှာ ယန်ခွမ်း....အကူအညီပေးမယ့်လူ မရှိတဲ့ အဖြစ်မျိုးနဲ့ လမ်းပေါ်မှာ ခြေသလုံးအိမ်တိုင် သွားနေမယ်၊ ကြုံရာ ကျဘမ်းအလုပ်မျိုး လုပ်နေမယ်ဆိုတဲ့ဘဝနဲ့ ခုလိုအခြေအနေကို မင်း လဲနိုင်မလား [illegible] စဉ်းစားကြည့်စမ်းပါဦးကွ'

ယန်ခွမ်းက....

'ဘယ်လဲနိုင်မလဲ'

ဟု လွတ်ခနဲ ပြောလေသည်။

ငွေအိုးကြီး ကျေနပ်သွားသည်။

'ဒါပဲပေါ့ကွာ၊ ဘယ်သူမဆို တည်ငြိမ်တဲ့ အနေအထားတစ်[illegible] ရောက်လာအောင် အစွမ်းကုန် ကြိုးစားကြရမှာပဲ၊ ကိုယ့်အ[illegible] တက်လမ်းမှာ ပိတ်ဆို့နေတဲ့ အတားအဆီးတွေကို ဖယ်ရှားပစ်[illegible] မှာပဲ၊ ကိုယ့်ကို ဒုက္ခပေးဖို့ ခြိမ်းခြောက်လာတဲ့ အန္တရာယ်တွေ[illegible] နှိမ်နင်းပစ်ရမှာပဲ၊ ဘဝရပ်တည်ရေးအတွက် ရှင်းကန်တိုက်ခိုက်[illegible] နေရတဲ့ နေရာမှာ မှားတယ်ဆိုတာ မရှိဘူးကွ'

ယန်ခွမ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလ[illegible] တောက်ပလာသည်။

'ခင်ဗျားပြောတာ မှန်တယ်'

ဟု ချက်ချင်းထောက်ခံလိုက်၏။



သူ၏စိတ်ထဲ၌ ထိပါးလာသူအား ရန်ငြိုးသိကာ လက်တုန့်ပြန်တတ်သကဲ့သို့ ဆင်းရဲဒုက္ခဖုံးလွှမ်းနေသည့် ခြေသလုံးအိမ်တိုင်ဘဝအား အမုန်းကြီး မုန်းတီးနေသည့် စိတ်များလည်း ကိန်းအောင်းနေသည်တကား...

မီးသွေးတိုးနှင့် ချူးရှာသည် ယန်ခွမ်း၏ အငြိုးကြီးပုံကို သိရှိနားလည်ခဲ့ကြသည်။

သို့သော် ငွေအိုးကြီးကဲ့သို့ ခြေသလုံးအိမ်တိုင်ဘဝ ပြန်ရောက်ရမည်ကို အကြီးအကျယ် စိုးရိမ်နေသည့်စိတ်ကို သတိမမူမိခဲ့ကြပါချေ။

ငွေအိုးကြီးသည် ယန်ခွမ်းနှင့်ဆက်ဆံခဲ့သည်မှာ မကြာသေးသော်လည်း မါးနပ်လိမ္မာသူပီပီ ယန်ခွမ်း၏စိတ်ခေတ်ကို ကောင်းစွာ အိမြင်နိုင်ခဲ့ပေတော့သည်။

ယန်ခွမ်းက ထောက်ခံလိုက်သည်နှင့် ငွေအိုးကြီးက သဘောကျစွာပြုံးကာ....

'အခု အခြေအနေမှာ မင်းဘာလုပ်ချင်သလဲ၊ အကုန်ဖြစ်တယ်၊ ဒါ့ကြောင့် ကိုယ့်ကိုကိုယ် ဖျက်ဆီးပစ်မယ်ဆိုရင် မင်းလောက် မိုက်မဲတဲ့လူ ရှိတော့မှာမဟုတ်ဘူး ယန်ခွမ်း၊ ထမင်းတစ်လုတ်စားရဖို့ အပင်ပန်းခံစရာ မလိုတော့ပါဘူး၊ ဆိုးမိုက်စရာ မလိုတော့ပါဘူးကွာ'

ယန်ခွမ်းမှာ ငွေအိုးကြီး၏ သဘောတရားများကို အနှစ်တရားဟု လက်ခံသွားပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ချူးရှာနဲ့ မီးသွေးတုံးတို့ မိုက်မဲခဲ့ကြပေမယ့် ကျုံစ်ကတော့ ကိုယ့်ကိုကိုယ် ဘယ်တော့မှ ဖျက်ဆီးမှာမဟုတ်ဘူးဗျ'

ဟု ပြောလေသည်။

ငွေအိုးကြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ဒီလိုမှပေါ့ကွာ၊ ကဲ...အဖိုးတန်တဲ့ အချိန်တွေကို ဖြုန်းမပစ်နေလို့ မဖြစ်ဘူးကွ၊ ငှက်ဆိုးဂိုဏ်းကိုဆုံးမဖို့ မင်းကြိုးစားရလိမ့်မယ်၊ မင်းရဲ့ဖိတ်ကြားချက်ကို ဝေမင်းထင်က ငြင်းလိုက်တယ်'

'ဘာ...'

ယန်ခွမ်း ဝုန်းခနဲ ထရပ်လိုက်၏။

ဝေမင်းထင်ဆိုသူမှာ ငှက်ဆိုးဂိုဏ်းခေါင်းဆောင် ဖြစ်လေသည်။

ငှက်ဆိုးဂိုဏ်းနှင့် ဒေါင်းနဂါးဂိုဏ်းသည် မိတ်ဆွေဖွဲ့ထားကြပြီး ပိုင်နက်နယ်မြေ သတ်မှတ်ကာ ကိုယ့်နယ်နှင့်ကိုယ် ကျက်စားနေကြသည့် လူဆိုးဂိုဏ်းများ ဖြစ်ကြပေသည်။

ငှက်ဆိုးဂိုဏ်းခေါင်းဆောင် ဝေမင်းထင်သည် ဒေါင်းနဂါးဂိုဏ်းသို့ လာရောက် လည်ပတ်ဖူးသကဲ့သို့ ယန်ခွမ်းသည်လည်း ငှက်ဆိုးဂိုဏ်းသို့ သွားရောက် လည်ပတ်ခဲ့ဖူးပေသည်။

သို့သော် သစ္စာတရား ခေါင်းပါးလှသည့် ဒုစရိုက်နယ်မြေတွင် ယခုပင် မိတ်ဆွေ၊ ယခုပင် ရန်သူ ဖြစ်သွားတတ်ကြသည် မဟုတ်ပါလား။



ယန်ခွမ်းသည် ဝေမင်းထင်အား ဥပါဒ်တမျှဉ်ဖြင့် ဒေါင်းနဂါးဂိုဏ်းသို့ ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

ဝေမင်းထင်သာရောက်ရှိလာမည်ဆိုလျှင် သုတ်သင်ရှင်းလင်းပစ်ရန် အစီအစဉ်များ ကြိုတင်ပြုလုပ်ထားခဲ့ပေသည်။

ဝေမင်းထင်သည် မြွေမြွေချင်းခြေမြင်သူဖြစ်ရကား ယန်ခွမ်း၏ ဖိတ်ကြားချက်ကို ငြင်းပယ်လိုက်လေတော့သည်။

ငွေအိုးကြီးက...

'တို့တွေ ထိပ်တိုက်ရင်ဆိုင်ဖို့ကလွဲပြီး တခြားနည်းလမ်းမရှိတော့ဘူးကွ၊ ငှက်ဆိုးဂိုဏ်းက တို့လူတွေကို ပြောင်ပြောင်တင်းတင်းဒုက္ခပေးနေပြီ'

ဟု ပြောလေသည်။

ယန်ခွမ်း အမူးပြေသွားချေပြီ။

မျက်မှောင်ကုပ်ကာ အတန်ကြာ စဉ်းစားလိုက်ပြီးမှ...

'ဝေမင်းထင်ဟာ ကျုပ်တို့ကိုမယုံကြည်လို့ မိတ်ဖွဲ့ခဲ့တာပဲ၊ အခု သူက ဂရုမစိုက်သလို လုပ်လာတာဟာ ခိုင်လုံတဲ့အကြောင်း ရှိရမယ်'

'မှန်တာပေါ့ကွာ၊ သူ့မှာ ကျောထောက်နောက်ခံ တစ်ခုခု ရှိနေပြီဆိုတာ သေချာတယ်၊ မင်းရင်ဆိုင်နိုင်ပါ့မလား'

ယန်ခွမ်း ဒေါသ ထောင်းခနဲ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က ဘာဆို့ကြောက်နေရမှာလဲ'

'ကောင်းတယ်၊ ဒါမှ မင်းဟာ နဂါးတစ်ကောင်နဲ့တူလာမှာ'

'ဝေမင်းထင် ဘယ်မှာလဲ'

'သူ့ရဲ့ဌာနချုပ်မှာ ရှိနေမှာပေါ့'

'သူ့ကို ကျုပ်သွားတွေ့မယ်'

ငွေအိုးကြီး ခေါင်းယမ်းလိုက်သည်။

'သွားတွေ့စရာ မလိုပါဘူး၊ အချိန်တန်တော့ တွေ့ရမှာပါ၊ ခုချိန်မှာ ဒေါသကိုရှေ့မထားတဲ့ ခေါင်းအေးအေးနဲ့လုပ်နိုင်ဖို့က အရေးအကြီးဆုံးပဲ၊ ငှက်ဆိုးဂိုဏ်းကိုဖြိုပြီးရင် မင်းကိုမေ့ကြည့်ရဲတဲ့လူ ရှိတော့မှာ မဟုတ်ဘူးကွ'

ယန်ခွမ်းက....

'သူ့ကို သွားမတွေ့ရင်....'

'မဟုတ်ဘူး၊ သူ့ကို ဘယ်လိုဆုံးမရမယ်ဆိုတာ ခေါင်းဖြီးပါပြီ၊ အရေးကြီးတာက မင်းရဲ့စိတ်ထဲမှာ သူတို့ကို ဆုံးမပြီးမှ တခြားကိစ္စတွေ လုပ်ဖို့ပဲ'

ယန်ခွမ်း မဲ့ပြုံးပြုံးလိုက်သည်။

'စိတ်ချပါဗျာ'

'ကဲ... မင်း အေးအေးဆေးဆေး အနားယူလိုက်ဦး၊ အခုချိန်မှာ မင်းအတွက် အလိုအပ်ဆုံးက အနားယူဖို့ပဲ'



စကားဆုံးလျှင် ငွေအိုးကြီး ထိုင်ရာမှထလိုက်သည်။

ယန်ခွမ်းအားနှုတ်ဆက်ပြီး အခန်းတွင်းမှ ထွက်သွား၏။

အခန်းတွင်း၌ ယန်ခွမ်း တစ်ယောက်တည်း အဖော်မဲ့စွာ ကျန်ရစ်ခဲ့လေတော့သည်။

...o...

ဝေမင်းထင်သည် အသက်ငါးဆယ်ခန့်ရှိပြီ ဖြစ်လေသည်။

အရပ်ပုပု၊ တုတ်တုတ်ခိုင်ခိုင်ရှိသူဖြစ်သည်။

ဘဝတစ်လျှောက်လုံး ဒုစရိုက်လောကထဲ၌ ကျင်လည်ကျက်စားခဲ့သူဖြစ်ရာ ဂိုဏ်းခေါင်းဆောင်ဖြစ်လာချိန်၌ အလွန်ရက်စက်ကြမ်းကြုတ်သူဟု ထင်ရှားခဲ့ပေတော့သည်။

ဝေမင်းထင်သည် အခန်းတံခါးပေါက်ဆီသို့ မျက်နှာမူကာ လှုပ်မယှက် ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်တစ်ဘက်သည် ရှေ့၌ရှိနေသော စားပွဲပေါ် တင်ထားသော်လည်း ကျန်လက်တစ်ဘက်မှာ စားပွဲအောက်၌ ရှိထား၏။

သူသည် မည်သူ့ကိုမျှ ယုံကြည်စိတ်ချသူမဟုတ်ပါ။

ထို့ကြောင့်လည်း ယခုတိုင် အသက်ရှင်နေပြီး လူဆိုးလူမိုက်များ၏ ခေါင်းဆောင်အဖြစ် ရပ်တည်နေနိုင်ခြင်းဟု ဆိုရမည်ဖြစ်လေသည်။

ယခု ဝေမင်းထင်သည် တစ်စုံတစ်ယောက်အား စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

သူ ကြာကြာမစောင့်လိုက်ရပါချေ။

ခြေသံများထွက်ပေါ်လာပြီး အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့မြင်ရလေသည်။

●ဝေမင်းထင်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။

ဝင်လာသူအား စိုက်ကြည့်ရင်း....

'မင်း အချိန်မှန်သားပဲ'

ဟု ပြောလေသည်။

ဝင်လာသူသည် ဝေမင်းထင်ရှေ့သို့ ရောက်လာ၏။

ထိုလူမှာ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး စာပေဟောမား တစ်ယောက်အသွင် ရှိလေသည်။



ခန္ဓာကိုယ် ပိန်ပိန်ပါးပါး၊ ရောဂါဝေဒနာခံစားနေရသူကဲ့သို့ ဝါကျင့်ကျင့် အသားအရည်ရှိ၏။

ရုတ်တရက်ကြည့်လျှင် လေတိုက်ရုံဖြင့် လဲကျသွားတော့မည် ထင်ရ၏။

သို့သော် ထိုလူမှာ ကျောက်တုံးကြီးတစ်တုံး ပိကျလာလျှင်ပင် လဲကျသွားမည့်သူမဟုတ်ကြောင်း ဝေမင်းထင် ရိပ်မိထားလေသည်။

ထိုလူက....

'ခင်ဗျားက အချိန်ကိုလေးစားမှ သဘောကျတယ်ဆိုတာ ကျုပ်သိတယ်၊ အလုပ်လက်မခံခင် ကျုပ်အလုပ်ရှင်ရဲ့အကြောင်းကို ကြိုတင်လေ့လာရတာ ကျုပ်ရဲ့စည်းကမ်းပဲ'

ဟု ပြောလေသည်။

ဝေမင်းထင် ပြုံးလိုက်သည်။

'မင်းကို သဘောကျသွားပြီ၊ မင်းဟာ အသက်ချွေလူမမာ 'ကျောင်းစုလှေ' လို့ ကျော်ကြားနေတာ အကြောင်းမဲ့မဟုတ်ဘူးလို့ ငါယုံကြည်ပြီးသားပါ၊ မင်း လက်ခံလိုက်ပြီဆိုရင် ဘာလုပ်ရမယ်ဆိုတာ ငါပြောပြမယ်'

အသက်ချွေလူမမာ ကျောင်းစုလှေသည် သိုင်းလောကမှ နာမည်ကြီး ကြေးစား လူသတ်သမားတစ်ယောက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အမည်မှာ ကျောင်းစုလေး ဖြစ်သော်လည်း လူမမာနှင့်တူပြီး အခုကြေးငွေယူကာ အသက်ချေးရာ၌ လက်စွမ်းထက်မြက်လှသဖြင့် 'အသက်ချေးလူမမာ' ဟု တင်စားခေါ်ကြခြင်း ဖြစ်ပေသည်။

ကျောင်းစုလေးသည် ဒုစရိုက်လောကတွင် ဈေးအကြီးဆုံး ကြေးစားတစ်ယောက်လည်း ဖြစ်သည်။

သူ့ အား ငှားရမ်းတိုင်းလည်း သူက လက်ခံသည် မဟုတ်ဘဲ သာကိုယ်တိုင် စိတ်ပါလက်ပါရှိမှသာလျှင် လက်ခံတတ်သူဖြစ်ပေသည်။

ဝေမင်းထင်က အလုပ်အကြောင်းပြောလိုက်သည်နှင့် ကျောင်းစုလေးက လက်ဝါးဖြန့်လိုက်ပြီး....

'အလုပ်ရမယ်ဆိုတာ မကြာခင် ကျုပ်အတွက် ကျသင့်ငွေတစ်ဝက် အရင်ပေးရမယ်၊ ဒါ ကျုပ်ရဲ့စည်းကမ်းပဲဗျ'

ဟု ပြောလေသည်။

ဝေမင်းထင် ရယ်မောလိုက်သည်။

'စိတ်ချပါဗျာ၊ မင်းသာ အောင်မြင်အောင် လုပ်နိုင်မယ်ဆိုရင် ကျုပ်က ကျသင့်ငွေရဲ့ နှစ်ဆအောင် ပေးလိုက်ဦးမှာပါ'

သို့ကားကြားလျှင် ကျောင်းစုလေး ငြိမ်ကျသွားလေသည်။ အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'ကောင်းပြီလေ၊ ကျုပ်ဘာလုပ်ရမလဲဆိုတာ ပြောပါ'

ဟု မေးလိုက်၏။



ဝေမင်းထင်က....

'နဂါးလေးကို ရှင်းပေးရမယ်'

ဟု ခပ်ပြတ်ပြတ်ဘင် ပြောလိုက်သည်။

ယန်ခွမ်းသည် နဂါးလေးဟူသောအမည်ဖြင့် ဒုစရိုက်လောက၌ ထင်ရှားနေခဲ့ပြီ ဖြစ်လေသည်။

ဒေါင်းနဂါးဂိုဏ်း၏ ဩဇာ အရှိန်အဝါ တစ်နေ့တခြားကြီးမားလာသည်နှင့်အမျှ ယန်ခွမ်း၏အမည်ကိုလည်း ပို၍ လူသိများလာသည်။

ကျောင်းစုလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ခင်ဗျားက ခေါမပစ်မှတ်ကိုမှ ပစ်ချင်တာကိုး'

'ငါကမပစ်ရင် သူကပစ်တော့မှာကွ'

'ထားပါလေ၊ ခင်ဗျားတို့ကိစ္စတွေကို ကျုပ်စိတ်မဝင်စားပါဘူး၊ ကျုပ်အတွက် အချိန်ဘယ်လောက်ရမလဲ ဆိုတာကိုပဲ ပြောပါ'

ဝေမင်းထင် ဆက်ကာပြောလိုက်သည်။

'ကျုပ်မှာ အစီအစဉ်ရှိတယ်၊ နားထောင်ပါ၊ နဂါးလေးဟာ ကျုပ်ကိုအပြတ်ရှင်းဖို့ လဆန်းငါးရက်နေ့မှာ ကျွန်းညီနောင်တောအုပ်ကနေ ဖြတ်လာလိမ့်မယ်၊ မင်းက ကျုပ်လူတွေနဲ့အတူ ကိုတင်စောင့်နေပြီး သူတို့ရောက်လာတာနဲ့ သုတ်သင်ပစ်လိုက်ရုံ'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစုလေး၏မျက်နှာတွင် ထူးခြားသည့်အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

ဝေမင်းထင်ကို စိုက်ကြည့်ရင်း....

'တခြားအစီအစဉ် မရှိတော့ဘူးလား'

ဟု မေးလိုက်၏။

ဝေမင်းထင် ခေါင်းယမ်းလိုက်သည်။

'ဒီထက်ကောင်းတာ မရှိဘူး၊ ဒါအကောင်းဆုံးပဲ၊ နဂါးလေးဟာ လူယုံတော်တစ်ချို့နဲ့ ကျွန်းညီနောင် တောအုပ်ကို ဖြတ်ပြီး ကျုပ်ရဲ့ပိုင်နက်ထဲကို ဝင်လာလိမ့်မယ်၊ သူတို့ကို အလစ်တိုက်ခိုက်ပြီး ရှင်းပစ်လိုက်ပါ'

ကျောင်းစုလေးသည် ဝေမင်းထင်အား စိုက်ကြည့်လိုက်လေတော့သည်။

အတွေ့အကြုံ ရင့်ကျက်သူပီပီ ဝေမင်းထင်သည် အကြောင်းအရာ အတော်များများကို ထိန်ချန်ထားမှန်း ရိပ်မိ၏။

ကျွန်းညီနောင်တောအုပ်၌ သူ့အား မားစခံလုပ်ခြင်းသာ ဖြစ်ရမည်ဟု နားလည်မိတော့သည်။

သို့သော် လုံးဝဖွင့်မပြောတဲ....

'ကောင်းပြီလေ၊ ခင်ဗျားကြိုက်သလို ဖြစ်ရပါစေမယ်'

ဟု ပြောလိုက်၏။

ဝေမင်းထင် ပြုံးလိုက်သည်။ —



'ဟဲ ဟဲ မင်းကိုအားကိုးရကျိုးနပ်မယ်လို့ ငါမျှော်လင့်ပါတယ်ကွာ'

'စိတ်ချ၊ နဂါးလေးဟာ ကျွန်းညီနောင်တောကိုကျော်ပြီး ခင်ဗျားဆီကို ရောက်မလာစေရဘူး- ကျုပ်နဲ့အတူ လိုက်မယ့် ခင်ဗျားလူတွေကို အဆင်သင့်ပြင်ခိုင်းပါ၊ ကျုပ် မြို့လယ်က တည်းခိုခန်းမှာ ရှိနေမယ်'

စကားဆုံးလျှင် ကျောင်းစုလေး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

သူထွက်သွားပြီး မရှေးမနှောင်းတွင် လူတစ်ယောက် လှမ်းဝင်လာသည်။

ဝေမင်းထင်က ထိုလူအား လှမ်းမေးလိုက်သည်။

'သူသွားပြီလား တုဖုံး'

'ဟုတ်ကဲ့ဆရာ သွားပါပြီ'

'ကောင်းတယ်၊ ငါက သူ့ကို အသုံးချမယ်ဆိုတာ သူရိပ်မိနေတယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူးကွာ၊ ကျွန်းညီနောင်ကို ငါတို့လူတွေ စုရုံးပြီးသွားကြတယ်လို့ နဂါးလေး ယူဆသွားရင် ရလေဒ်ကပါပြီ'

တုဖုံးဆိုသူက...

'ဆရာ နဂါးလေးတို့လူစုဟာ ကျွန်းညီနောင်ကို ဖြတ်ပြီး ခင်တော်တို့ပိုင်နက်ထဲ ဝင်လာလိမ့်မယ်၊ ပြီးရင် လူစုခွဲမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရောင်ဖျောက်ပြီး ကျွန်တော်တို့ ရွှာနန်းချုပ်ကို ဝင်စီးကြမယ် လို့ သတင်းကြားခဲ့ရတာ အမှန်ပဲဆိုရင်ကော ဘယ်လိုလုပ်မလဲဟင်'

ဟု မေးလေသည်။

ဝေမင်းထင်က....

'မင်းက ငါ့တပည့်လုပ်ပြီး ဒီလောက်တောင် ညံ့ရသလားကွ၊ နဂါးလေးလာမယ်ဆိုတာ တစ်မင်းလုပ်ကြံ သတင်းလွှင့်လိုက်တာကွ၊ ဉာဏ်သိပ်များတဲ့ ငွေအိုးကြီးလက်ချက်ပဲ၊ ငါတို့က ယုံကြည်ပြီး ကျွန်းညီနှောင်မှာ သွားစောင့်နေကြမယ်ဆိုရင် သူက တစ်ခြားတစ်နေရာက တိတ်တိတ်ကလေးဝင်လာပြီး ငါ ရွှာနန်းချုပ်ကို ဖျက်ဆီးသွားမှာကွ'

တူဖိုး ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝေမင်းထင်က...

'အဓိက အရေးအပါဆုံးက ဟောဒီအခန်းပဲ၊ ဒီအခန်းထဲ ငါရှိနေမယ်ထင်ပြီး နဂါးလေးဝင်လာမှာပဲ၊ ငါတို့က သူ လှည့်ကွက်ကို မသိတဲ့ပုံဖြဲ၊ ငါတို့ရွှာနန်းချုပ်ထဲ သူတို့ထိုးဖော ဝင်လာတဲ့အချိန်အထိ စောင့်ရမယ်၊ သူတို့ရောက်လာပြီဆိုရင်မှ အင်အားအလုံးအရင်းနဲ့ ဝိုင်းပြီး ချေမှုန်းပစ်ရလိမ့်မယ်၊ နဂါးလေးနဲ့ တကယ်တမ်း ရင်ဆိုင်ရမယ့်လူဟာ မင်းပဲ'

'ဗျာ'



တူဖိုး တအံ့တသြဖြစ်သွားလေသည်။

ဝေမင်းထင်က....

'ငါတို့ရွှာနန်းချုပ်ကို ဝင်စီးတဲ့အခါ ငါအမြဲရှိနေတတ်တဲ့ ဒီအခန်းထဲကို နဂါးလေးက ရအောင် ထိုးဖောက်ဝင်လာမှာပဲ၊ သူရောက်လာတာနဲ့ မင်းက ဆီးပြီး ရှင်းပစ်လိုက်ပေတော့'

'ဆရာ...ကျွန်တော်...'

'တူဖိုး၊ နဂါးလေးရဲ့လျှို့ဝှက်ချက်ကို ငါပြောပြမယ်၊ သူဟာ သိုင်းပညာ လုံးဝမတတ်ဘူးကွ'

'ဗျာ'

'ဘယ်လိုလဲ မင်းယှဉ်ဝံ့ပါ့မလား'

တူဖိုးသည် တွေးတောစဉ်းစားခြင်းမပြုတော့ဘဲ....

'သူဟာ သိုင်းပညာမတတ်ဘူးဆိုတာ သေချာတယ်၊ မယှဉ်ရဲစရာ အကြောင်းမရှိပါဘူး ဆရာ'

'စိတ်ချ၊ ငါ တိတိကျကျ သိထားပြီးသားပဲ ဘာမှမပူနဲ့၊ နဂါးလေးကို မင်းအနိုင်ရမှာပဲ'

'ကျွန်တော် ကြိုးစားပါ့မယ် ဆရာ'

ဝေမင်းထင် ကျေနပ်သွားလေသည်။

'မင်းအနိုင်ရမယ်ဆိုရင် ဒေါင်းနဂါးဂိုဏ်းကို ဆုအဖြစ် မင်း ငါပေးမယ်၊ ကဲ...သွားပေတော့'

တူဖိုး ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အရှိအသေပြုကာ ထွက်သွားလေသည်။ တုပ်မြင်ကွင်းမှ ကွယ်ပျောက်သွားသောအခါမှ ဝေမင်းထင် သက်ပြင်းချလိုက်သည်။

ကျောင်းစုလွှအား ကျွန်းညီနောင်တော အုပ်ချုပ်ရန် တာဝန်ပေး လိုက်ပြီး တုပ်ဖုံးအား လှည့်ကွက်ဆင်လာမည့် နဂါးလေး၏ နောက်ထပ် လမ်းတစ်သွယ်ကို ပိတ်ဆို့ရန် တာဝန်ပေးလိုက်ခြင်း ဖြစ်သည်။

နဂါးလေး၏ ဖိတ်ကြားချက်ကို ငြင်းပယ် လိုက်သည်နှင့် သူ့အား ထိုးနှက်တိုက်ခိုက်ရန် ကြံစည်တော့မည် ဖြစ်ကြောင်း သူ နားလည်ထားပါသည်။

သူ၏ အပ်အှားနှင့် ဩဇာအရှိန်အဝါသည် နဂါးလေး ကွာခြားလှသည် မဟုတ်ပါ။

နဂါးလေး၏ လူများထက် ပို၍ ယုံကြည်စိတ်ချရပြီး အ အကြုံ ရင့်ကျက်သည့် တပည့်တပန်းများ သူ့တွင် ပို၍ များ သည်။

အမှန်အတိုင်းဆိုလျှင် ငှက်ဆိုးဂိုဏ်းနှင့် ဒေါင်းနဂါးဂိုဏ်း ရင်ဆိုင်မည်ဆိုပါက သူ၏ ငှက်ဆိုးဂိုဏ်းက အလေးသာသည် ဆိုရပေမည်။

သို့သော် ဝေမင်းထင်သည် စေ့စပ်သေချာလှသူ ဖြစ်သော နဂါးလေးနှင့် ဘက်ပြိုင်ရန် ဆုံးဖြတ်ပြီးကတည်းက နဂါးလေး အကြောင်းကို လေ့လာထားပေသည်။



နဂါးလေးသည် ငယ်ငယ်ရွယ်ရွယ်နှင့် ထိပ်သီး ဂိုဏ်း ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်လာသည်မှာ တော်ရုံတန်ရုံ အရည်အချင်းကြောင့် မဟုတ်ပါ။

နဂါးလေးသည် ကြောက်စရာကောင်းသူဖြစ်မှန်း နားလည် ထား၏။

ထို့ကြောင့် သူ၏ လူများသည် ဒေါင်းနဂါးဂိုဏ်းအား ဖြိုခွဲ နိုင်လိမ့်မည်ဟု ယုံကြည်ထားကြသည့်တိုင် သူက ပေါ့ပေါ့ တန်တန် သဘောမထားခဲ့ချေ။

သူ၏ အစွမ်းအစဖြင့် ဖြိုခွဲပစ်ရန် စီစဉ်ရာ၌ တစ်စုံတစ်ခု ချွတ်ချော်တိမ်းယွင်းသွားခဲ့ပါလျှင် သူ့အား ကူညီနိုင်မည့်သူနှင့် ကြိုတင် အဆက်အသွယ် ပြုလုပ်ထားလိုက်၏။

နဂါးလေးသည် မည်မျှပင် အစွမ်းထက်နေပါစေ သူ၏ အဆက်အသွယ်အား မည်သို့မျှ ယှဉ်နိုင်မည် မဟုတ်ဟု လုံးဝ ယုံကြည်စိတ်ချထားပေတော့သည်။

ကျောင်းစုလွှအား ငှားရမ်းလိုက်ခြင်းသည် တကယ်တော့ အပိုသက်သက် ဖြစ်နေ၏။

သို့သော် တစ်ခါတစ်ရံတွင် ပို၍ စီမံထားသည့်တိုင် လိုနေ တတ်သေးသည် မဟုတ်ပါလား။

ကျောင်းစုလွှနှင့် တုပ်ဖုံးတို့အတွက် သူ ချမှတ်ပေးသော တာဝန်များသည် နဂါးလေးအား ရင်ဆိုင်ရာ၌ အရံအတား သဘောမျိုးသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ရင်ဆိုင်မည့် အစီအစဉ်များကိုမူ သူ၏ ရင်တွင်း၌ လျှို့ဝှက်စွာ သိမ်းဆည်းထားပေတော့သည်။

....၁....

ယန်ခွမ်းအတွက် အရေးကြီးနေသောအချိန်တွင် မီးသွေးတုံးသည် လက်တွဲဖြုတ်ကာ ထွက်သွားလေသည်။

ထိုသော် ချူးရှာ ပြန်လည်ရောက်ရှိလာ၏။

ယန်ခွမ်းသည် ချူးရှာပါ သူ့အား စွန့်ခွာသွားမည်ကို စိုးရွံ့နေမိ၏။

ချူးရှာက သူ့အား စွန့်ခွာမသွားပါ။

ငှက်ဆိုးဂိုဏ်းနှင့် ရင်ဆိုင်ရာ၌ တစ်တပ်တအား ပါဝင်ကူညီမည်ဟု ကတိပေးခဲ့လေသည်။

ယခု...

ချူးရှာ၊ ငွေအိုးကြီး၊ ဆရာချူးနှင့်ယန်ခွမ်းတို့သည် စားပွဲမျက်နှာချင်းဆိုင် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။



ငွေအိုးကြီးသည် ငှက်ဆိုးဂိုဏ်းအား မည်သို့မည်ပုံ ရင်ဆိုင်ချေမှုန်းရမည်ကို ရှင်းလင်းပြောပြနေခြင်း ဖြစ်ပေတော့သည်။

'ကျွန်းညီနောင်တော့အုပ်ကနေ ကျုပ်တို့ ဖြတ်လာမယ်လို့ ကြိုတင်သတင်းလွှင့်ထားလိုက်လို့ ငှက်ဆိုးကြီးကကျောင်းစုလေ့ဆိုတဲ့ ကြေးစားတစ်ယောက်ကိုငှားပြီး ကြားဖြတ် တိုက်ခိုက်ဖို့ အစီအစဉ်လုပ်နေတယ်လို့ သိရတယ်'

ဆရာချူး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ကျောင်းစုလေ့ဆိုတာ အသက်ချေ လူမမာကိုပြောတာမဟုတ်လား'

ဟု မေးလေသည်။

ငွေအိုးကြီးက....

'သေချာတာပေါ့၊ နဂါးလေးကိုရှင်းဖို့ သူက အပေါစားကြေးစားကိုငှားလို့ ဘယ်ဖြစ်ပါ့မလဲ'

'ဒါဆိုရင်တော့ သတိထားရတော့မယ်၊ ကျောင်းစုလေ့ဟာ သိုင်းလောကမှာ ကြေးအကြီးဆုံး ကြေးစားဗျ'

ဆရာချူးထိတ်လန့်နေမှုန်း ငွေအိုးကြီး၊ ယန်ခွမ်းနှင့်ချူးရှာတို့ ရိပ်မိလိုက်ကြ၏။

ယန်ခွမ်းက....

'သူ့ကို ကျုပ် တာဝန်ယူမယ်'

ဟု ပြောလိုက်လေသည်။

ခေါင်းဆောင်ဟူသည် အခက်ခဲဆုံးအန္တရာယ်ကို ရွေးချယ်ရင်ဆိုင်ရမည် မဟုတ်ပါလား။

ငွေအိုးကြီး လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နဂါးလေး၊ ကျောင်းစုလွှနဲ့ ပတ်သက်ပြီး ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ သူ့အတွက် ကျုပ်တာဝန် ထားပါ'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ဆရာချူး တအံ့တသြ ဖြစ်သွားလေသည်။ ငွေအိုးကြီးသည် ယန်ခွမ်းကဲ့သို့ပင် စကားကို တိတိကျကျ ပြောတတ်သူ ဖြစ်ပေသည်။

သူက တာဝန်ယူမည်ဆိုလျှင် ဘာမျှ လှည့်ကြည့်စရာ လိုတော့မည် မဟုတ်ပါချေ။

ငွေအိုးကြီးက ဆက်ပြောသည်။

'ဝေမင်းထင်ဟာ ဒေါင်းနဂါးဂိုဏ်းကို ရင်ဆိုင်ဖို့ ကြိုတင်စီစဉ်နေတာ ကြာပြီ၊ သူကစပြီး တိုက်ခိုက်ဖို့မကြံစည်ဘဲ ခုခံမယ့်သဘော ရှိတယ်၊ ခံစည်းကို လုံအောင်ထားပြီး တိုက်စစ်ကို ချေဖျက်ပစ်မယ်၊ ဒေါင်းနဂါးဂိုဏ်း တပ်လန်သွားပြီဆိုမှ သူက စုစည်းထားတဲ့အင်အားကို တင်းရှိတည်းထုတ်သုံးပြီး ပြတ်ပြတ်သားသား ချေမှုန်းမယ့်သဘောရှိတယ်၊ ဒါပေမယ့် သူ့ရဲ့အပြင်စည်းဝိုင်းမှာ တာဝန်ယူထားတဲ့ လူတွေဟာ ကျုပ်ရဲ့ အိမ်ထဲ ရောက်နေပြီဆိုတာ သူ မသိရှာဘူး'

ဤတွင် ချူးရှာက....

'ကျောင်းစုလွှနဲ့ခင်ဗျား အပေးအယူလုပ်ထားပြီးပြီပေါ့ ဟုတ်လား'

ဟု မေးလိုက်လေသည်။

ငွေအိုးကြီး ခေါင်းညိတ်လိုက်လေသည်။



'ဟုတ်တယ်၊ သူကဒေါင်းနဂါးဂိုဏ်းမှာတာဝန်ထမ်းဆောင်ချင်စိတ် ရှိနေတယ်'

ယန်ခွမ်း ကျေနပ်သွားလေသည်။

'သူ့ကို စည်းရုံးသိမ်းသွင်းနိုင်တယ်ဆိုရင်တော့ ခင်ဗျားကို ချီးကျူးရမှာပဲဗျ'

ငွေအိုးကြီး ရယ်မောလိုက်လေသည်။

'ဟား... ဟား....ဟား....ကျုပ်က ဝေမင်းထင်ရဲ့ အပြင်စည်းဝိုင်းကို မားတစ်ချက်မခုတ်ရဘဲ သိမ်းပိုက်နိုင်ခဲ့ပြီးပြီဗျ၊ ကျုပ်တို့ ရင်ဆိုင်ဖို့ ကျန်နေတာ အတွင်းစည်းဝိုင်းပဲ'

'ဝေမင်းထင်မှာ ဘယ်လိုအစီအစဉ်တွေ ရှိနေလို့လဲ'

ချူးရှာက မေးလိုက်သည်။

ငွေအိုးကြီးက....

'ဝေမင်းထင်ဟာ လောင်ချီမြို့မှာ ငှာနချုပ်ဖွင့်ပြီး နေတယ်ဆိုတာ အားလုံး သိကြတာပဲ၊ ကျုပ်တို့အတွက်တော့ လောင်ချီမြို့ဟာ တွင်းနက်ကြီးတစ်ခုလို ဖြစ်နေတယ်၊ ဘာဆိုဘာမျှ မမြင်တွေ့ရဘူး၊ သူ့ကိုရှင်းဖို့ဆိုရင် လောင်ချီမြို့ထဲမဝင်ဘဲ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

'ခင်ဗျားရဲ့ အစီအစဉ်က....'

'ကျုပ် ဘာမှ မစီစဉ်ရသေးဘူး'

'ဘာဖြစ်လို့လဲဗျ'

'ကျုပ်သိထားတဲ့သတင်းအတိုင်းဆိုရင်လောင်ချီမြို့ထဲဝင်ပြီး ဝေမင်းထင်ကိုရှင်းဖို့ သိပ်လွယ်နေလို့ပဲ'

ချူးရှာ ပါးစပ်ပိတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချူးကားဘာမျှမပြောဘဲ ငွေကြီးသိုင်ကာ နားထောင်နေသည်မှာ ကြာပြီဖြစ်လေသည်။

ယန်ခွမ်းက....

'ဝေမင်းထင်ဟာ သူ့ရဲ့ အပြင်စည်းစိုင်းတွေကို စိတ်ချမှုမရှိလို့ လောင်ချိုမြို့မှာ သောင်ချောက်ဆင်ထားတယ်လို့ ခင်ဗျား ဆိုလိုချင်တာလား'

ဟု မေးလိုက်၏။

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ် တတ်နိုင်တဲ့နည်းလမ်း အကုန်သုံးပြီးပြီ၊ ကြားရတဲ့သတင်းအားလုံးဟာ ဝေမင်းထင်ကို ရှင်းပစ်ဖို့အင်မတန် လွယ်တယ်လို့ ညွှန်ပြနေကြတယ်၊ ဒါကို ကျုပ် သဘောမကျဘူး'

'ခင်ဗျားရတဲ့ သတင်းတွေဟာ ခိုင်လုံမှုမရှိတဲ့ အပေါ်ယံသတင်းတွေ ဖြစ်နေတယ်လို့ ခင်ဗျား ထင်နေတာလား'

ငွေအိုးကြီး ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး၊ တကယ့်အတွင်းလူတွေဆီကရတဲ့ သတင်းတွေမို့ ကျုပ်စိတ်ထဲက ဇဝေဇဝါ ဖြစ်နေရတာ'

'ဒါဖြင့် ခင်ဗျားသိရတဲ့အတိုင်း မှန်ချင်လဲမှန်နေမှာပေါ့'

ငွေအိုးကြီးက....

'ဒါလဲ မဖြစ်နိုင်ဘူး၊ ဝေမင်းထင်ဟာ ခေတ္တဲ့လူမှမဟုတ်တာ၊ သူ့ကို လွယ်လွယ်နဲ့ ရှင်းလို့ ရနိုင်ရိုးလားကွ'



'ဒါဆိုရင်....'

'လောင်ချိုမြို့မှာ ကျုပ်တို့ လက်လှမ်းမမီတဲ့ သောင်ချောက်တစ်ခု ရှိနေတာ သေချာပြီ'

ယန်ခွမ်း ပြုံးလိုက်လေသည်။

'ကိစ္စမရှိဘူး၊ ခင်ဗျားက လမ်းဖွင့်ထားပြီးပြီပဲ၊ ကျုပ် ဝင်မသွားရဲစရာ အကြောင်းမရှိပါဘူး'

'ယန်ခွမ်း၊ မင်း....'

'ကျုပ်က မဝင်ရဲဘူးဆို နဂါးလေးဆိုတဲ့နာမည် ရေစုန်မျောသွားတော့မှာပေါ့၊ ဝေမင်းထင်နဲ့ပတ်သက်ပြီး ဘာမှ တွေးမနေကြပါနဲ့တော့၊ သောင်ချောက်ထဲကို ဘယ်အချိန်ဝင်မယ်ဆိုတာပဲ စဉ်းစားကြပါ၊ တကယ်လို့ ဘယ်သူမှ မလိုက်ရဲကြဘူးဆိုရင် ကျုပ်တစ်ယောက်တည်းပဲ ဝင်သွားမယ်'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ငွေအိုးကြီးသည် ခေါင်းနဂါးဂိုဏ်း၏ကံကြမ္မာကို ဖန်တီးနိုင်လောက်အောင်ပင် ထြာအရှိန်အဝါ ကြီးမားပေသည်။

သို့သော် တကယ့်ခေါင်းဆောင်မှာယန်ခွမ်းသာဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေ၏။

အခိကဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ယန်ခွမ်းသည်ပြတ်သားဆုံး လူတစ်ယောက်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းကဲ့သို့ မည်သူက ဆုံးဖြတ်နိုင်ပါမည်နည်း။ ထို့ကြောင့်လည်း ယန်ခွမ်းသည် ဓေါင်းဆောင်ဖြစ်နေရခြင်း မဟုတ်ပါလား။

....၁....

လော်ချိမြို့....

လော်ချိမြို့သည် အလွန်စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်လေသည်။

မြို့အရှေ့ဘက်၌ ရေကန်ကြီးတစ်ကန်ရှိပြီး ကန်စပ်တွင် ဖွင့်လှစ်ထားသည့် ပျော်လွှားစားသောက်ဆိုင်မှာ အလွန်နာမည်ကြီးသော စားသောက်ဆိုင်ဖြစ်လေသည်။

နံနက်စာစားချိန်နှင့် ညနေပိုင်းအချိန်များတွင် လာရောက်စားသောက်ကြသူများဖြင့် ပွဲတော်ကြီးတမျှ စည်ကားနေတတ်ပေသည်။



ယနေ့လည်း လူစည်ကားနေချိန်တွင် လူတစ်စုရောက်ရှိလာကြလေသည်။

ထိုလူစုသည် ဆိုင်ထဲသို့ရောက်သည်နှင့်....

'ထွက်ကြစမ်း'

'ဆိုင်ထဲက မြန်မြန်ထွက်သွားကြစမ်း'

ဟု အော်ဟေါက်လိုက်ကြ၏။

အေးအေး ဆေးဆေး ဝိုင်းဖွဲ့စားသောက်နေသူများအား ရိုက်မောင်းပုတ်မောင်း ပြုလုပ်ရန်ဟန်ပြင်ကြလေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဆိုင်ထဲရောက်ရှိနေသူအပေါင်း အထိတ်တလန့် ဖြစ်သွားကြရလေသည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များလည်း အံ့ဩကုန်ကြ၏။ ဆိုင်လုလင်များသည် ချက်ချင်းပင် ပြေးထွက်လာကြပြီး....

'ဟေ့ လူတွေ ခင်ဗျားတို့ဘာလုပ်တာလဲ'

'ဘယ်လို လူတွေလဲကွ'

'ငါတို့ဆိုင်မှာလာပြီး နှောင့်ယှက်ရင် ဒုက္ခရောက်သွားမယ်ဆိုတာ မသိဘူးလားကွ'

'ဆရာကြီးဝေမင်းထင်ဆီ အကြောင်းကြားကြစမ်း'

ဟူ၍ တစ်ယောက်တစ်ပေါက် ပြစ်တင်မာန်မဲလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အစိမ်းရောင်ဝတ်ဆင်ထားသူများသည် ရှင်းပြပြောဆိုခြင်းအလျဉ်းမရှိကြဘဲ ဆိုင်လုလင်များအား ထိုးကြိတ်ကန်ကျောက်လိုက်ကြလေတော့သည်။

'ဝုန်း....'

'အား....'

'အမယ်လေး'

ရှုံးရှုံးကျယ်လောင်သောအသံများ တစ်ခဲနက် ထွက်ပေါ်လာ၏။

ဆိုင်လုလင်များမှာ လဲသူလဲ၊ ကွဲသူကွဲဖြင့် ဖရိုဖရဲ ဖြစ်သွားကြ၏။ အချို့ကား နောက်ဆုတ်ကာ တစ်ချိုးတည်းထွက်ပြေးသွားကြလေသည်။

ထိုအဖြစ်အပျက်ကိုမြင်လျှင် စားသောက်နေကြသူများ ဆက်မနေဝံ့ကြပါတော့ချေ။ ခေါင်းကလေးများငုံ့ကာ အလျှိုအလျှိုထွက်သွားကြ၏။

တစ်ခဏအတွင်းပင် ဆိုင်ထဲ၌ လူရှင်းသွားလေတော့သည်။ ထိုအခါမှ အစိမ်းရောင်ဝတ်ဆင်ထားသူများက ကျန်ရှိနေသေးသော ဆိုင်လုလင်များနှင့် ဆိုင်ရှင်အားရှေ့ရှုံးစေပြီး....

'ကျုပ်တို့ရဲ့အကြီးအကဲမကြာခင်ရောက်လာလိမ့်မယ်၊ လိုလေသေးမရှိ ညှော်ခံကျွေးမွေးဖို့ပြင်ထားပါ'

ဟု အမိန့်ပေးလိုက်လေသည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များမလွန်ဆန်ဝံ့ကြတော့ပါ။



ချက်ချင်းပင် ခိုင်းသည့်အတိုင်း ပြုလုပ်ပေးလိုက်ကြလေသည်။ ဟင်းလျာအမျိုးမေါင်း ငါးဆယ်ကျော်ပါသော စားပွဲတစ်ခုပြင်ဆင်ပြီးသွားချိန်၌ ဆိုင်ထဲသို့လူငါးယောက် လှမ်းဝင်လာကြလေတော့သည်။

....၁....

ယန်နွမ်းသည် စားချင့်စဖွယ် ပြင်ဆင်ထားသည့်စားပွဲကို မျက်နှာပြုကာ ထိုင်နေ၏။

သူ၏ဘေးဘက်၌ ဆရာချူးနှင့် ငွေအိုးကြီးတို့ ရပ်နေကြ၏။ ယာဘက်တွင်မူ ချူးရှာနှင့် ကျောက်ပေါက်မာတို့ ရပ်နေကြလေသည်။

ယန်နွမ်းက စားသောက်ဖွယ်ရာများအား လက်ဖျားနှင့်ပင် မတို့သကဲ့သို့ ချူးရှာတို့ကလည်း စိတ်ဝင်စားဟန်မပြချေ။

သူတို့သည် စားသောက်ဖွယ်ရာများထက် ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည့် ကိစ္စတစ်ခုကြောင့် ရောက်ရှိလာခဲ့ကြခြင်း မဟုတ်ပါလား....

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် ဝတ်ဆင်ထားသူများသည် သူတို့၏ အနောက်ဘက် မလှမ်းမကမ်း၌ စိတ်နိုး၍ ရပ်နေကြလေသည်။

သူတို့အားလုံး စားသောက်ဆိုင် အပေါက်ဝသို့ မျက်တောင်မခတ် ကြည့်နေကြ၏။

မကြာပါချေ။ ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေ၏။

ထိုလူမှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။ အင်္ဂလိပ်ဘတ်ရှေ့၌ ငှက်တစ်ကောင်၏ ရုပ်ပုံကို ရွှေချည်ထိုး သရုပ်ဖော်ထားရာ ငှက်ဆိုးဂိုဏ်းမှ အရေးပါသူတစ်ယောက် ဖြစ်ကြောင်း သိနိုင်လေသည်။

ထိုလူသည် ဆိုင်ထဲ၌ နေရာယူထားသည့် ယန်ခွမ်းတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး ရှေ့တိုးလာ၏။

ယန်ခွမ်းတို့လူစု တုပ်တုပ်မျှ မလှုပ်ကြချေ။

ထိုလူအား စိုက်ကြည့်နေကြလေသည်။

ထိုလူက....

'ပျံလွှားစားသောက်ဆိုင်မှာ လူတစ်စု သောင်းကျန်းနေတယ်ဆိုတဲ့သတင်း ကြားလို့ ကျုပ်လာခဲ့တာပဲ၊ မင်းတို့ ဘယ်သူတွေလဲ ပြောစမ်း'

ဟု ခပ်မာမာ မေးလာလေသည်။

ယန်ခွမ်းက ဆရာချုပ်ကို ကြည့်လိုက်သည်။

ဆရာချုပ်က ကျောက်ပေါက်မအား ခေါင်းညိတ်ပြလိုက်လေသည်။



ကျောက်ပေါက်မက ဘာမျှမပြောဘဲ ရှေ့သို့ လှမ်းထွက်သွားလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူသည် ကျောက်ပေါက်မကို ကြည့်ကာ မဲ့ပြုံးပြုံးလိုက်ပြီး....

'မင်းက ဘာတတ်နိုင်မှာမို့လဲ'

ပြောရင်း လက်သီးဖြင့် လှမ်းထိုးလိုက်လေသည်။

ကျောက်ပေါက်မက ရှောင်တိမ်းခြင်းမပြုဘဲ ထိုလူ၏ လက်ကောက်ဝတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချပစ်လိုက်လေတော့သည်။

'ဖျောင်း'

'အား'

စူးရှကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာသည်။

အဖြူရောင် ဝတ်ထားသူမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

သူ၏မျက်နှာရှုံ့မဲ့နေပြီး ကျောက်ပေါက်မအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ကျောက်ပေါက်မက....

'ဝေမင်းထင်ကိုပြောလိုက်၊ သူ့ကိုဆုံးမဖို့ နဂါးလေး ရောက်နေတယ်၊ မွန်းတည့်ချိန်ရောက်လို့ သူရောက်မလာရင် ငှက်ဆိုးဂိုဏ်း ဌာနချုပ်ကို ဖျက်ဆီးပစ်ဖို့ ကျုပ်တို့လာခဲ့မယ်၊ ကဲ...သွားပေတော့'

www.burmeseclassic.com



ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

အဖြူရောင် ဝတ်ထားသူ ဘာမှမပြောဘဲ ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

....၁....

နေမွန်းတည့်ပြီ ဖြစ်သည်။

သို့သော် ဝေမင်းထင် ရောက်ရှိလာခြင်း မရှိချေ။

ထို့ကြောင့် ယန်ခွမ်းတို့လူစုသည် ငှက်ဆိုးဂိုဏ်းဌာနချုပ်သို့ ဦးတည်လာခဲ့ကြလေတော့သည်။

လေချင်ချိမြို့သည် ငှက်ဆိုးဂိုဏ်း၏ ချုပ်ကိုင်မှုအောက်တွင် ရှိပေသည်။ ငှက်ဆိုးဂိုဏ်းသားများ ရာနှင့်ချီပြီး မှီတင်းနေထိုင်သည့် မြို့ကြီးဖြစ်သည်။

သို့တိုင် ယန်ခွမ်းတို့လူစုအား တန့်တားမည့်သူ တစ်ယောက်တစ်လေမျှ ထွက်ပေါ်လာခြင်း မရှိခဲ့ချေ။

ယန်ခွမ်းတို့လူစုသည် ငှက်ဆိုးဂိုဏ်းဌာနချုပ် အဆောက်အအုံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ကြလေတော့၏။



ငှက်ဆိုးဂိုဏ်း၏ အဆောက်အအုံတံခါး ဟာလာဟင်းလင်းဖွင့်ထား၏။ အစောင့်အကြပ်မှုရှိလည်း မတွေ့ရပါ။

ဖြစ်ရိုးဖြစ်စဉ် ကိစ္စမဟုတ်ဘဲ ဆန်းကြယ်နေမှန်း ယန်ခွမ်းတို့ ရိပ်မိကြပါ၏။

သို့သော် သူတို့ နောက်ဆုတ်ကြမည် မဟုတ်ပါချေ။

ငှက်ဆိုးဂိုဏ်း သို့မဟုတ် ဒေါင်းနဂါးဂိုဏ်းသည် မကြာမီ လောကပေါ်မှ ကွယ်ပျောက်သွားရလိမ့်မည် မဟုတ်ပါလား။

ရှုတစ်ခုထဲ ခြသေ့်နှစ်ကောင် အောင်းရိုးထုံးစံမရှိချေ။

ချူးရှာက...

'ယန်ခွမ်း၊ ဝေမင်းထင်က ဘာတွေ ကြံစည်ထားသလဲ မသိရခင် စိတ်လိုက်မာန်ပါ မလုပ်စေနဲ့'

ဟု သတိပေးလိုက်လေသည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါကွာ၊ ငါ့အနေနဲ့ သူ့ရဲ့ထောင်ချောက်ထဲမဝင်လို့ မဖြစ်တော့ဘူးဆိုတာ မင်းသိပါတယ်'

ထိုအချိန်တွင် အဆောက်အအုံ အတွင်းမှ အဖြူရောင်ဝတ်ဆင်ထားသူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ယန်ခွမ်းအား ဦးညွှတ်လိုက်ပြီး....

'သခင် ဝေမင်းထင်ဟာ ကောက်ကာ ငင်ကာ နေထိုင်မကောင်းဖြစ်လာလို့ ကိုယ်တိုင်ထွက်ပြီး ကြိုဆိုနိုင်တာ ခွင့်လွှတ်ပါချေ၊ မိတ်ဆွေတို့ အထဲကို ကြွကြပါ'

ဟု လေးလေးစားစား ဖိတ်ခေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ပြုံးလိုက်သည်။

'ဩော်...သူက နေထိုင်မကောင်းဖြစ်နေတာကိုး၊ ကောင်းပြီလေ၊ ကျုပ် ဝင်ခဲ့ပါမယ်'

စကားဆုံးလျှင် အဆောက်အအုံအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

ချူးရှာ၊ ငွေအိုးကြီး၊ ကျောက်မေါက်မာနှင့် ဆရာချူးတို့ကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်လာကြလေသည်။

သူတို့၏လူများဖြစ်ကြသည့် အစိမ်းရောင်ဝတ်ဆင်ထားကြသူများကလည်း ခြံရံလျက် လိုက်လာကြလေသည်။

အဆောက်အအုံ အတွင်းဘက်သို့ ရောက်ရှိသွားသည်နှင့် ဧည့်ခန်းမဆောင်ကြီးအတွင်း၌ ခုတင်တစ်လုံး ချထားပြီး လူတစ်ယောက် လဲလျောင်းနေသည်ကို လည်းကောင်း၊ ထိုလူနှင့် လက်တစ်ကမ်းအကွာ၌ ထိုင်နေသူနှစ်ယောက်ကို လည်းကောင်း တွေ့လိုက်ရလေသည်။

ယန်ခွမ်း မျက်မှောင်ကြုတ်သွား၏။

ခုတင်ပေါ်၌ လဲလျောင်းနေသူမှာ ဝေမင်းထင်ဖြစ်ကြောင်း သတိပြုမိလိုက်သည် မဟုတ်ပါလား။

ဝေမင်းထင် အဘယ့်ကြောင့် ရောဂါ ဝေဒနာသည်တစ်ယောက်ပမာ ခုတင်ပေါ်၌ ရှိနေပါသနည်း။

မလှမ်းမကမ်း၌ရှိနေကြသူ နှစ်ယောက်မှာလည်း ငှက်ဆိုးဂိုဏ်းမှလူများ မဟုတ်ကြောင်း သတိပြုမိလိုက်၏။



ငှက်ဆိုးဂိုဏ်းနှင့် ခေါင်းနဂါးဂိုဏ်းတို့ သင့်မြတ်စဉ်အချိန်က သူတို့သည် မိတ်ဆွေရင်းချာပမာ ဆက်ဆံခဲ့ကြသည် မဟုတ်ပါလား။

သူတို့အား ကြိုဆိုခေါ်ဆောင်လာခဲ့သည့် အဖြူရောင် ဝတ်ဆင်ထားသူက....

'ခေါင်းနဂါးဂိုဏ်းက အကြီးအကဲ နဂါးလေး ရောက်လာပါတယ် ခင်ဗျာ'

ဟု အစီရင်ခံလိုက်လေသည်။

ဝေမင်းထင်သည် ခေါင်းငဲ့ကြည့်လိုက်ပြီး ယန်ခွမ်း ရောက်ရှိလာသည်ကို တွေ့မြင်ရသော်လည်း ဘာမျှမပြောချေ။

သူ့အနီး၌ ထိုင်နေသူ နှစ်ယောက်အနက် တစ်ယောက်က လက်ဝေ့ ယမ်းပြလိုက်ပြီး....

'နေရာထိုင်ခင်း ပေးလိုက်ပါ'

ဟု အမိန့်ပေးလိုက်လေသည်။

အဖြူရောင်ဝတ်ဆင်ထားသူက ယန်ခွမ်းတို့ လူစုအတွက် ကြိုတင် အသင့်ပြင်ထားဟန်ရှိသော ထိုင်ခုံများ၌ နေရာချပေးသည်။

'ထိုင်ကြပါဗျာ'

ယန်ခွမ်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်က ထိုင်ဖို့လာခဲ့တာ မဟုတ်ဘူး'

ဟုလည်း ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေမင်းထင်အနီး၌ ထိုင်နေသူနှစ်ယောက်မှာ တစ်ယောက်သည် အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ကျ တစ်ယောက်သည် အနက်ရောင် အဝတ်အစားများ ဝတ်ဆင် ထားလေသည်။

ငွေအိုးကြီးသည် ဧည့်ခန်း အတွင်းသို့ ရောက်ရှိလာသည် အချိန်မှစပြီး ထိုလူနှစ်ယောက်အား အကဲခတ်ကြည့်နေပါ၏။

ထိုလူနှစ်ယောက်မှာ အသက်ငါးဆယ်ခန့်ရှိပြီး သိုင်းပညာ တစ်မြောက်ထားကြဟန် ရှိလေသည်။

ငွေအိုးကြီးသည် အကဲခတ်ကြည့်နေရာမှ ရုတ်တရက် နှစ်ယောက်အား သတိရလာလေသည်။

တစ်ချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြ ခဲ့ပြီးမှ လူမသိ သူမသိ ကွယ်ပျောက်သွားကြသူများ ဖြစ် သည်။

ထိုလူနှစ်ယောက်အား သိုင်းလောကသားများက ဘီလူးဖြ နှင့် ဘီလူးမည်းခေါ်ကြလေသည်။

ယခု တွေ့မြင်နေရသူနှစ်ယောက်မှာ ဘီလူးဖြူနှင့် ဘီလ မည်းတို့ဖြစ်သည်ဟု အမှတ်ရလာလျှင် ငွေအိုးကြီး မျက်နှာပျ သွားလေတော့သည်။

'ယန့်ခွမ်း...တို့ပြန်မှဖြစ်မယ်'

ဟု တီးတိုး သတိပေးလိုက်၏။



သူ၏ အသံ တိုးလွန်းသဖြင့် ယန်ခွမ်း မကြားလိုက်ချေ။ ငွေအိုးကြီး တီတွေး မျိုချလိုက်၏။

ဝေမင်းထင်သည် အဘယ့်ကြောင့် သူတို့အား အမှုမထားဘဲ နေရသည်ကို နားလည် သဘောပေါက်လာပြီးဖြစ်သည်။

ဒေါင်းနဂါးဂိုဏ်းအား ရင်ဆိုင်ရန်အတွက် ဝေမင်းထင်သည် အကူအညီများ ရရှိထားသည် မဟုတ်ပါလား။

သူတို့လူစုသည် ထောင်ချောက် အတွင်းသို့ အမှန်တကယ် ရောက်ရှိနေပြီး ပြန်ထွက်နိုင်ကြတော့မည် မဟုတ်ဟု ယုံကြည်နေ မိလေတော့သည်။

အဖြူရောင် ဝတ်ဆင်ထားသူမှာ အသက် ငါးဆယ် ရှိပြီး ဥပဓိရုပ်တောင်းသူ ဖြစ်ပေသည်။

ယန်ခွမ်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'မင်းက နဂါးလေး ဟုတ်လား'

ဟု မေးလေသည်။

ယန်ခွမ်း မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျားက ဝေမင်းထင်ကို အကာအကွယ် ပေးချင်တယ် ဆိုရင် ကျုပ်တို့ ရင်ဆိုင်လိုက်ဖာ အကောင်းဆုံးပါပဲဗျာ။ အဓိပ္ပာယ်မရှိကဲ့ စကားတွေပြောပြီး အချိန်ဖြုန်းမနေပါနဲ့'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်မိသည်။

အဖြူရောင်အဘိုးအို ပြုံးလိုက်သည်။

'မဆိုးဘူး၊ မင်းရဲ့ပြတ်သားမှုဟာ သဘောကျစရာ ကောင်း သားပဲ၊ ကျုပ်က အဓိပ္ပာယ်မရှိတာတွေ ပြောပြီး အချိန်ဖြုန်း

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး၊ ဒါကြောင့် ဝေမင်းထင်နဲ့ မင်း စကားပြောကြည့်လိုက်ပါ'

စကားဆုံးလျှင် ဘေးဖယ်ပေးလိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသည့် အဘိုးအိုကလည်း ထိုင်ရာမှထကာ ဘေးဖယ်ပေးလိုက်လေသည်။

ဝေမင်းထင်ထံသို့ သွားရန် လမ်းပွင့်သွားပြီ ဖြစ်လေသည်။

ယန်ခွမ်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ရှေ့သို့လှမ်းသွား၏။

ဝေအိုးကြီး ထိတ်လန့်သွား၏။

'နဂါးလေး သတိထား'

ဟု လှမ်းပြီး သတိပေးလိုက်လေသည်။

သို့သော် ယန်ခွမ်းက ဘာဆိုဘာမျှ အရေးမစိုက်တော့ချေ။

ဝေမင်းထင်သည် သူ့အား စိန်ခေါ်ခဲ့သူ ဖြစ်သည်။ ဝေမင်းထင်အား အနိုင်ရမှသာလျှင် သူ ခေါင်းဆောင်တစ်ယောက်အဖြစ် ဆက်လက် ရပ်တည်နိုင်မည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် ထောင်ချောက်မှန်း ရိပ်မိသော်လည်း ဂရုမစိုက်ဘဲ လှမ်းသွားခြင်း ဖြစ်ပေတော့သည်။

ဝေမင်းထင်သည် ခုတင်ပေါ်၌ မလှုပ်မယှက် လှဲလျောင်းနေ၏။

ကောက်ကျစ်စဉ်းလဲသည့် မြေခွေးတစ်ကောင်ကပင် အရှုံးပေးရမည့်လူသည် မည်သို့သော အကြံအစည်ဖြင့် ခုတင်ပေါ်၌ လှဲလျောင်းနေရပါသနည်း။



ယန်ခွမ်းသည် ဝေမင်းထင်နှင့် လက်တစ်ကမ်းအကွာ ရောက်သည်အထိ တိုးကပ်သွားလိုက်သည်။

ဝေမင်းထင် တုပ်တုပ်မျှ မလှုပ်ပါ။

ယန်ခွမ်းက...

'ခင်ဗျား လက်သည်းထုတ်ဖို့ ခုချိန်ထိ မကြိုးစားသေးဘူးလား'

ဟု မေးလိုက်လေသည်။

ကြောင်တစ်ကောင်သည် ကြွက်ကိုဖမ်းယူခြင်း မပြုသေးသမျှ လက်သည်း ဝှက်ထားတတ်သည် မဟုတ်ပါလော။

ဝေမင်းထင် ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

'ငါ့လက်သည်းတွေ ကျိုးပဲ့ကုန်ပြီကွ'

ဟု ပြောလေသည်။

ယန်ခွမ်း မျက်မှောင်ကြုတ်သွား၏။

ငယ်စဉ်ကပင် အန္တရာယ်နှင့် အမြဲလိုလို ထိတွေ့နေခဲ့ရသည်မို့ အန္တရာယ် ကျရောက်တော့မည်ဆိုလျှင် အငွေ့အသက်ကို သတိပြုမိစမြဲ။

ယခုတော့ ဝေမင်းထင်ထံမှ အန္တရာယ်ပြုမည့် အငွေ့အသက်များ ထွက်ပေါ်နေခြင်း လုံးဝမရှိသဖြင့် အံ့ဩရပေသည်။

ထို့အပြင် ဝေမင်းထင်သည် လူမမာတစ်ယောက်ကဲ့သို့ ရှိနေသည်ဟု ယူဆလာ၏။

ဝေမင်းထင်ကို စိုက်ကြည့်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



‘ခင်ဗျား လက်သည်းတွေကို ဘယ်သူက ချိုးပစ်လိုက်တာလဲ’

ဟု မေးလိုက်လေသည်။

ဝေမင်းထင်က....

‘သွေးဝိညာဉ်ဂိုဏ်းက ပေါ့’

‘ဘာဗျ’

ယန်ခွမ်း ထိတ်လန့်သွားလေသည်။

ဝေမင်းထင်က....

‘ယန်ခွမ်း၊ ဒုစရိုက်လောကမှာ ဒေါင်းနဂါးဂိုဏ်းနဲ့ ရက်ဆိုးဂိုဏ်းလောက် ကြီးမားတဲ့ဂိုဏ်း အဖွဲ့အစည်းမရှိသလောက်ဘဲ၊ ဒေါင်းနဂါးဂိုဏ်းကို ဖြိုခွဲနိုင်ရင် ငါဟာ အမှောင်လောကရဲ့ ရာဇာဖြစ်လာမှာပဲ၊ ဒါကြောင့် မင်းကိုရှင်းဖို့ ငါကြံစည်ခဲ့တာပဲ’

ဟု ပြောလေသည်။

ယန်ခွမ်း ဘာမျှပြန်မပြောဘဲ နားထောင်နေလိုက်၏။

ဝေမင်းထင်က ဆက်ပြောလေသည်။

‘ဒေါင်းနဂါးဂိုဏ်းကိုရှင်းဖို့ မလွယ်ဘူးဆိုတာ ငါသိတယ်၊ ဒါကြောင့် ငါ့ဘက်က မားမားမတ်မတ်ရပ်ပြီး အကူအညီပေးမယ့်လူကိုရှာဖွေခဲ့တယ်’

‘ဒါဖြင့် မင်းကဘာကြောင့် ကျုပ်ကိုသတ်ဖို့ မကြိုးစားတာလဲဗျ၊ ကျုပ်ကခင်ဗျားရဲ့ထောင်ချောက်ထဲ ဝင်လာခဲ့ပြီမဟုတ်လား’



ဝေမင်းထင် သက်ပြင်းချလိုက်သည်။

‘ကျုပ်ပြောပြီးပြီပဲ၊ ကျုပ်ရဲ့လက်သည်းတွေ ချိုးခံလိုက်ရတယ်လေ၊ လိုလေသေးမရှိအောင် ကူညီမယ်ဆိုတဲ့လူတွေဟာပဲ ကျုပ်ကိုဖျက်ဆီးပစ်လိုက်ကြတယ်’

ယန်ခွမ်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝေမင်းထင်က....

‘သူတို့က ကျုပ်အစား မင်းကိုပို့ပြီး သဘောကျတယ်တဲ့၊ မင်းကို မြေတောင်မြှောက်ပေးတဲ့သဘောနဲ့ ကျုပ်ကိုဖျက်ဆီးလိုက်တာပဲ၊ ကျုပ်ကိုအကူအညီပေးတော့မလို့နဲ့ မင်းကိုကူညီပေးတော့မလို့နဲ့ မင်းကိုကူညီလိုက်ကြတာကွ’

ယန်ခွမ်း ပင့်သက်ရှိုက်လိုက်သည်။

ဝေမင်းထင်၏ခြေရင်းနှင့် ခေါင်းရင်း၌ လူခွဲကာချုပ်နေသူ နှစ်ယောက်တို့ မျက်လုံးဝေ့ကြည့်မိ၏။

ဝေမင်းထင်က....

‘သိုင်းလောကတစ်ခုလုံး ခေါင်းကိုက်ခဲ့ရတဲ့ တီလူးဖြူနဲ့ တီလူးမည်းသေဒဏ်ကျခံခဲ့ရတဲ့အချိန်က မင်းမွေးတောင်မမွေးဦးမှာ မဟုတ်ဘူး၊ သူတို့က မင်းကိုသဘောကျကြလို့တဲ့’

မျက်ခုံးနှာကြည့် သောသလဲဖြစ်၍ ပြောရင်း ဟားတိုက် ရယ်မောလိုက်လေသည်။

ရယ်ရင်း ဆူ၍နှာခေါင်းထဲမှ သွေးမည်းများ ယိုစီးကျလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အရပ်ရပ်ကို ယန့်ခွမ်း နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

ဝေမင်းထင်သည် ဒေါင်းနဂါးဂိုဏ်းအား ဖြိုခွဲရန် ကြိုတင်ကြံစည်ထားခဲ့ပြီး သေချာပြီဟုယူဆမှ ယန့်ခွမ်းအား စိန်ခေါ်ခဲ့လေသည်။

သို့သော် သစ္စာဖောက်ခြင်းခံရပြီးနောက် ပြိုင်ပွဲမစမီ အလိုလိုအရေးနိမ့်သွားခဲ့ချေပြီ တကား...

ဝေမင်းထင်က...

'ဘီလူးဖြူနဲ့ ဘီလူးမည်းက မင်းကို ထိပ်ဆုံးရောက်အောင်ကူညီကြလိမ့်မယ်၊ ဘာကြောင့်လဲဆိုရင် သွေးဝိညာဉ်ဂိုဏ်းဟာမင်းကိုသဘောကျနေလို့ပဲ'

'သွေးဝိညာဉ်ဂိုဏ်း ဟုတ်လား'

'ဟုတ်တယ် နဂါးလေး၊ ခုချိန်ကစပြီး မင်းကိုမော့ကြည့်ဝံ့တဲ့လူမရှိအောင် သူတို့ကူညီကြလိမ့်မယ်၊ ဒါပေမယ့် မင်းကိုယ်တိုင်ကလဲ သူတို့ကိုမော့မကြည့်ဝံ့တဲ့ အခြေအနေ ရောက်သွားရမှာပဲ'

ယန့်ခွမ်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်က လက်ခံမှာ မဟုတ်ပါဘူးဗျာ'

ထို့စဉ်...

'ဝေမင်းထင်၊ ခင်ဗျားစကားပြောတာ များသွားပြီ မောနေပါ့မယ်'

အနက်ရောင်ဝတ်ဆင်ထားသူက ဝင်ပြောလိုက်၏။

ထိုလူသည် ဘီလူးမည်းဖြစ်လေသည်။



ဝေမင်းထင်က...

'ကျုပ်အမှန်အတိုင်းပြောတာကို ခင်ဗျားတို့သဘောမကျနိုင်ကြဘူး မဟုတ်လား'

'ခင်ဗျားက ဒေါင်းနဂါးဂိုဏ်းနဲ့ လက်တွဲဆောင်ရွက်သင့်တယ်'

'စကားလုံးလှအောင် ပြောမနေနဲ့ဗျာ၊ ကျုပ်ကိုဒူးထောက်ခိုင်းတယ်လို့ ပြောစမ်းပါ'

ယန့်ခွမ်း အံ့သြနေ၏။

သွေးဝိညာဉ်ဂိုဏ်းအား ကိုယ်စားပြုထားသည့် ဘီလူးဖြူနှင့် ဘီလူးမည်းသည် ဝေမင်းထင်အား အကြပ်ကိုင်ကာ ဒူးထောက်ခိုင်းနေပြီ ဖြစ်လေသည်။

'နဂါးလေး၊ သူတို့က ငါ့ကိုအဆိပ်ခတ် ထားကြတယ်ကွ၊ မင်းကိုအရှုံးပေးဒူးထောက်မှ အဆိပ်ဖြေဆေးပေးမယ်တဲ့၊ ဘယ်လောက် ရယ်စရာကောင်းလိုက်သလဲ၊ ငါလဲ လူဆိုးကြီးတစ်ယောက်ပါကွာ၊ ဒီလောက် သတ္တိမနည်းသေးပါဘူး'

ဟု လှမ်းပြောလေသည်။

ဘီလူးမည်းသည် ချက်ချင်းပင် ရှေ့တိုးလာပြီး ဝေမင်းထင်၏ ရင်ဝကိုလက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'အွတ်...'

ဝေမင်းထင် မသဲမကွဲ ညည်းညူလိုက်၏။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာပြီး ဇက်ကျိုးကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း အထိတ်တလန့်ဖြစ်ကာ နောက်သို့စုန်ဆုတ်လိုက်လေသည်။

ဝင်းမင်းထင်သည် သူ၏မျက်စိရှေ့မှောက်မှာပင် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

....၀....

ဝေမင်းထင် သေဆုံးသွားပြီဖြစ်လေသည်။

ယန်ခွမ်း မျက်နှာပျက်သွား၏။

ထိုအချိန်မှာပင် ဘီလူးဖြူနှင့် ဘီလူးမည်းသည် သူ၏ရှေ့သို့ ရောက်ရှိလာကြလေသည်။

ယန်ခွမ်း၏မျက်နှာ ထင်းမာခက်ထန်လာ၏။

ဘီလူးမည်းက...

'မင်းအတွက် ပြိုင်ဘက်မရှိတော့ဘူး'

ဟု ပြောလေသည်။

ယန်ခွမ်း မလှုပ်မယှက် ရပ်နေ၏။



ဘီလူးမည်းက ထပ်ပြောသည်။

'မင်းဟာ သွေးဝိဉာဉ်ဂိုဏ်းကို သစ္စာစောင့်သိလိမ့်မယ် မဟုတ်လား'

ယန်ခွမ်း မဲ့ပြုံးပြုံးလိုက်သည်။

'နဂါးလေးဆိုတဲ့ နာမည်ဟာ သွေးဝိဉာဉ် ဂိုဏ်းကြောင့် ရလာတာမှမဟုတ်တာ'

'မင်း သေချာရဲ့လား'

'ဒေါင်းနဂါးဂိုဏ်းဟာ သွေးဝိဉာဉ်ဂိုဏ်းကို အမှီသဟဲပြုပြီး ဖြစ်ပေါ်လာတာမှ မဟုတ်တာ'

ဘီလူးမည်းက...

'ယန်ခွမ်း၊ မင်းနဲ့ မီးသွေးကုန်းဟာ သိုင်းလောကဝေခုံးကြောင့် ဒုက္ခရောက်နေတုန်းက သွေးဝိဉာဉ်ဂိုဏ်းရဲ့နာမည်ကြောင့် လွတ်မြောက်ခဲ့ရတာကို မေ့နေပြီလား'

'ဗျာ...'

ယန်ခွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကျားငါးကောင် ဟူကျင်း၏ အကြံပေးမှုကြောင့် သွေးဝိဉာဉ်ဂိုဏ်း၏အမည်ကို အသုံးပြုခဲ့သဖြင့် သူတို့ လွတ်မြောက်လာခဲ့ရပေသည်။

ထိုအချိန်ကတည်းက သွေးဝိဉာဉ်ဂိုဏ်းသည် သူ့အပေါ် ကျေးဇူးပြုခဲ့ဖူးသည်ဟု ဆိုရမည်မဟုတ်ပါလား။

ဘီလူးမည်းက...

'ယန်ခွမ်း၊ သွေးဝိဉာဉ်ဂိုဏ်းဟာ အနက်ရောင်သိုင်းလောက တစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်ထားတယ်ဆိုတာ မင်းနားလည်

www.burmeseclassic.com

www.burmeseclassic.com



ထားစမ်းပါ၊ မင်းကိုစောင့်ကြည့်နေခဲ့တာ ကြာပြီကွ၊ မင်းဟာ တကယ်ကို အရည်အချင်းရှိတဲ့လူတစ်ယောက်ဆိုတာ သေချာလို့ နောက်ကွယ်ကနေ မင်းကို အကူအညီပေးနေတာ'

'ကျုပ်ကိုကူညီခဲ့တယ် ဟုတ်လား'

'သိပ်မှန်တာပေါ့၊ မင်းအနားမှာတစ်ချိန်လုံးရှိနေတဲ့ ငွေအိုးကြီးဟာ ဘယ်သူဘယ်ဝါဆိုတာ မင်းသိရဲ့လား'

ယန်ခွမ်းက ငွေအိုးကြီးအား လှမ်းကြည့်လိုက်သည်။

ငွေအိုးကြီး၏မျက်နှာ ပြုံးရွှင်လာသည်။

'ကျုပ်ကိုကူညီမယ့်လူတွေ အဆင့်စောင့်နေလိမ့်မယ်ဆိုတာ ခင်ဗျားတို့ဖြစ်နေကြတာကိုး၊ ခင်ဗျားတို့ကို တွေ့ကာစက စိတ်ပူသွားရသေးတယ်၊ ဒါပေမယ့် ကိုယ့်လူအချင်းချင်းဖြစ်နေမှတော့ ပူစရာမလိုတော့ပါဘူးဗျာ၊ ငှက်ဆိုးဂိုဏ်းဆိုတဲ့အမည်ကို ဖျောက်ပြီး ဒေါင်းနဂါးဂိုဏ်းနဲ့ ပေါင်းပစ်လိုက်ရုံ ရှိတော့တာပေါ့ဗျာ၊ ဟား....ဟား...ဟား'

ငွေအိုးကြီး ကျေနပ်နှစ်သိမ့်နေပုံရလေသည်။

ယန်ခွမ်းက....

'လက်စသတ်တော့ ခင်ဗျားဟာလဲ သေွးဝိညာဉ်ဂိုဏ်းရဲ့ လူပဲကိုး'

ဟု ရေရွတ်လိုက်၏။

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်ကွာ၊ သွေးဝိညာဉ်ဂိုဏ်းရဲ့ တာဝန်ပေးမှုကြောင့် မင်းဆီကို ငါလာခဲ့တာပဲကွ'



'ခင်ဗျားက ကျုပ်ကိုကူညီခဲ့တာတွေဟာ သွေးဝိညာဉ်ဂိုဏ်းရဲ့ သွန်ကြားချက်ကိုး'

'ဟုတ်တယ်၊ အသက်ချွေလှမမာ ကျောင်းစုလွှေကို ကျုပ်သို့ အဆင့်မျိုးနဲ့ စည်းရုံးသိမ်းသွင်းနိုင်မယ်လို့ ထင်သလား၊ သူဟာ သွေးဝိညာဉ်ဂိုဏ်းကြောင့် ကျုပ်တို့နဲ့ပူးပေါင်းလာတာပဲ၊ မင်းကို အခံမယ့်လူတွေ၊ ဒုက္ခပေးမယ့်လူတွေကို ရှယ်လင့်တကူ ရှင်းပစ်နိုင်ခဲ့တာ သွေးဝိညာဉ်ဂိုဏ်းကြောင့်ပဲ'

ယန်ခွမ်း၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေသည်။

သူသည် လောက်ချန်းမြို့မှစတင်ကာ မြေအောက်လောကသို့ နေရာရရှိလာခဲ့ပေသည်။

ထိုမှနေ၍ သူ၏ဩဇာအရှိန်အဝါ တိုးတက်ကြီးမားလာခဲ့သည်မှာ သွေးဝိညာဉ်ဂိုဏ်းက နောက်ကွယ်မှာ ကူညီပံ့ပိုးနေခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ယခုမှသိလိုက်ရပြီး ဖြစ်လေသည်။

ငွေအိုးကြီးက....

'ဝေမင်းထင်ကို ရှင်းပစ်လိုက်နိုင်ရုံနဲ့ ငှက်ဆိုးဂိုဏ်းသားတွေက မင်းကို သူတို့ရဲ့ခေါင်းဆောင်အဖြစ် ပြောင်းလဲလက်ခံနိုင်ပါ့မလား၊ လက်ခံဖို့ဆိုတာ ရုတ်တရက် မလွယ်တဲ့ကိစ္စပါကွာ၊ ဒါပေမယ့် မင်း အနိုင်ယူခဲ့သူတွေရဲ့ နောက်လိုက်တွေဟာ မင်းရဲ့ ခြေဖဝါးအောက်ကိုအသာတကြည်ပဲ ခိုလှုံခဲ့ကြတာဟာ နောက်ကွယ်ကနေ သွေးဝိညာဉ်က ဖိအားပေးခဲ့လို့ပဲကွာ'

ယန်ခွမ်းမှာ ကြမ်းပြင်ပေါ် လဲကျသွားတော့မည်ဟုပင် ခံစားလိုက်ရလေသည်။ သူသည် အသက်ကိုရင်းကာ ပြိုင်ဘက်များကို တိုက်ခိုက်ခဲ့ပေသည်။

www.burmeseclassic.com



သူ၏အစွမ်းအစသည် ဒေါင်းနဂါးဂိုဏ်း ကျော်ကြားလာခြင်း၌ အဓိကအကျဆုံးဖြစ်သည်ဟု ယုံကြည်ထား၏။

ရှေးဦးစွာ မီးသွေးတုံးနှင့် ချူးရှာတို့က သူ့အား ပံ့ပိုးပေးခဲ့ကြ၏။

နောက်ပိုင်း ငွေအိုးကြီး ဆရာချူးတို့နှင့် လက်တွဲမိသောအခါ သူ၏အရှိန်အဝါ ပို၍ကြီးမားလာစေရန် အထောက်အကူပြုခဲ့လေသည်။

ချူးရှာနှင့် မီးသွေးတုံးပင်လျှင် သူ၏အရှိန်အဝါ ကြီးမားလာမှုကို စိုးရိမ်ထိတ်လန့်ခဲ့ကြသည်။

ဒုစရိုက်နယ်ထဲမှာ ရုန်းမထွက်နိုင်ဘဲရှိမည်ကို စိုးရိမ်ခဲ့ကြလေသည်။ သွေးဝိညာဉ်ဂိုဏ်းကသာ နောက်ကွယ်မှာ ပံ့ပိုးကူညီနေခဲ့သည်ကို သိသွားပါလျှင်

မီးသွေးတုံးက သူ့အား ကျောခိုင်းထွက်သွားပြီ ဖြစ်သည်။ ချူးရှာသည်လည်း မကြာမီ ထွက်သွားမည်မှာ သေချာလှပေတော့သည်။

သူသည်လည်း ဒေါင်းနဂါးဂိုဏ်း ခေါင်းဆောင်ဘဝတွင် ဆက်လက် နေထိုင်သွားမည်လော။

သွေးဝိညာဉ်ဂိုဏ်း၏ လက်စေခံဘဝတွင် နေထိုင်သွားရမည်ဆိုလျှင် ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'သွေးဝိညာဉ်ဂိုဏ်းရဲ့ ပံ့ပိုးမှုကြောင့် ဒေါင်းနဂါးဂိုဏ်း အရှိန်အဝါ မြင့်မားလာရတယ်ဆိုရင်တော့...'

သူက စကားကိုရပ်ကာ ငွေအိုးကြီး ဘီလူးဖြူနှင့် ဘီလူးမည်းတို့အား စေ့စေ့ကြည့်လိုက်သည်။



ထို့နောက်....

'လမ်းပေါ်ကို ကျုပ် ပြန်သွားတော့မယ်'

ဟု ခပ်ဖြတ်ဖြတ်ပြောလိုက်၏။

ထို့နောက် လှည့်ထွက်သွားလေသည်။ ငွေအိုးကြီး ဘီလူးဖြူနှင့် ဘီလူးမည်းတို့ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ချူးရှာသည် ငေးကြည့်နေရာမှ သတိဝင်လာသည်။

'ယန်ခွမ်း၊ ငါ့ကို စောင့်ပါဦး'

အော်ပြောကာ နောက်မှ ပြေးလိုက်သွားလေတော့သည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

ဘာရိုဒ်

လက်ကြွပ်မကျွာ လိုက်ပါခြင်း၏ သဏ္ဍာန်တူသည် ပုံရိပ် ဖြစ်သည်။

လူတစ်ယောက်၏အရိပ်သည် လူပုံသာ ထွက်မည်။

ဆပ်ပင်တပ်ပင်၏အရိပ်သည် သစ်ပင်ပုံသဏ္ဍာန်သာထွက်မည် ဖြစ်သည်။

ထို့ကြောင့် အကုသိုလ်၏အရိပ်သည် အကုသိုလ်သာဖြစ်မှာ ပေလိမ့်မည် မဟုတ်ပါသလား။

...o...



ကောင်းကင်ပေါ်၌ တိမ်ညိုတိမ်မည်းများ အလိပ်လိုက် အလိပ်လိုက် တက်လာ၏။ လေအေးများ တဟူးဟူးမြည်ကာ တိုက်ခတ်နေ၏။

လျှပ်နွယ်လျှပ်ပန်းများ ပြိုးခနဲပြက်ခနဲ ဝင်းလက်သွား၏။

'ဂျိမ်း'

မိုးခြိမ်းသံတစ်ချက် ထွက်ပေါ်လာသည်။

မိုးသီးမိုးပေါက်များသည် ကမ္ဘာမြေပေါ်သို့ အငြိုးကြီးစွာ ကျဆင်းလာလေသည်။

လူနှစ်ယောက်သည် မိုးရေထဲဝယ် လျှောက်လှမ်းလာနေကြ ပါသည်။

လူသူဝေးလံခေါင်းပါးလှသည့် တောလမ်းခရီးတစ်နေရာ ဝယ် မိုးခိုစရာနေရာ တွေ့ရန်မလွယ်လှပါ။

ထိုလူနှစ်ယောက်သည် သစ်ပင်များ၏ အရိပ်အောက်၌ မိုးခို ရန်လည်း စဉ်းစားပုံမရကြချေ။

တစ်ကိုယ်လုံး မိုးရေ ရွဲရွဲစိုနေသည့်တိုင် တောလမ်းလေး အတိုင်း ရှေ့ဆက် လျှောက်သွားနေကြလေသည်။

ထိုလူနှစ်ယောက်မှာ ယန်ခွမ်းနှင့် ချူးရှာတို့ ဖြစ်ကြလေ၏။ ယန်ခွမ်းသည် မိုးရေစက်များအောက်၌ ခြေဦးတည့်ရာ လျှောက် သွားနေ၏။

ချူးရှာက သူ၏နောက်မှ လိုက်သွားနေခြင်း ဖြစ်လေသည်။

ယန်ခွမ်းသည် ရွှံ့ဗွက်များ ဖြစ်ပေါ်နေသော တောလမ်း အတိုင်း လျှောက်လာရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား....ဟား'

ရုတ်တရက် ရူးသွပ်နေသူ တစ်ယောက်ပမာ ဟားတိုက် ရယ်မောလိုက်လေသည်။ ချူးရှာ ခေါင်းယမ်းလိုက်သည်။

'ယန်ခွမ်း၊ မင်းလိုဒီပဲ လျှောက်သွားနေတော့မှာလား'

ဟု လှမ်းပြီး သတိပေးလိုက်လေသည်။

သူတို့နှစ်ယောက်သည် ငှက်ဆိုးဂေဟာမှ ထွက်လာခဲ့ကြသည်မှာ တစ်လခန့်ရှိပြီ ဖြစ်လေသည်။

ဒေါင်းနဂါးဂိုဏ်းချုပ်ဟူသည့် အဆောင်အယောင်ကို ခွာချလိုက်ပြီးနောက် ယန်ခွမ်းသည် သူ့အမှန်းဆုံးဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့လေတော့သည်။

ဥစ္စာခနမရှိ အဆောင်အယောင် မရှိသည့် လမ်းပေါ်နေ လမ်းပေါ်စားဘဝမှ လွတ်မြောက်နိုင်ရန် ကြိုးစားရင်း လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားမှုကို ရပြီးသည့်နောက်ပိုင်း ယခုလို အခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိသွားမည်ဟု မည်သူထင်မှတ်ကြမည်နည်း။

ယန်ခွမ်းသည် ချူးရှာကိုပြုံး၍ကြည့်ရင်း ...

'တကယ်လို့ မျှားနဲ့ နိုင်ငံထက်စီးနင်း လုပ်ကြတာတွေ မရှိဘူးဆိုရင် အတော်ကို ပျော်စရာကောင်းမှာပဲကွ'

ဟု ပြောလိုက်လေသည်။

သူက မည်သည့်အဓိပ္ပာယ်နှင့် ပြောသည်ကို ချူးရှာ နားလည်ပါ၏။



သို့သော် ယန်ခွမ်း ကျေနပ်သွားစေရန်....

'ဟုတ်တယ်'

ခေါင်းညိတ်ကာ ပြောလိုက်လေသည်။

ယန်ခွမ်းက....

'ဒေါင်းနဂါးဂိုဏ်း ခေါင်းဆောင်ဘဝကို ငါ့ဒကျေနပ်ခဲ့တာ အမှန်ပဲကွ၊ တစ်ချို့ကိစ္စတွေဟာ မတရားဘူးဆိုတာ ငါသိတယ်၊ ဒါပေမယ့် ဖြစ်ရိုးဖြစ်စဉ်တွေပဲလို့ သဘောထားပြီး ငါမသိချင်ဟန်ဆောင်နေခဲ့တယ်၊ ဒါကို မီးသွေးတုံးက သဘောမကျဘူးလေကွာ၊ ဒါကြောင့် သူထွက်သွားတာပေါ့၊ ငါ သူ့ကို တွေ့ချင်လိုက်တာကွာ၊ ခုလိုအခြေအနေမျိုးနဲ့ ငါ့ကိုတွေ့မယ်ဆိုရင် သူ ဘာပြောမလဲ သိချင်လိုက်တာ'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ချူးရှာ၏ရင်ထဲ လှိုက်ခနဲ ဖြစ်သွားလေသည်။

ယန်ခွမ်းကို စေ့စေ့ကြည့်ရင်း....

'မင်းက တကယ်ပဲ မီးသွေးတုံးကို တွေ့ချင်သလား'

ဟု မေးလိုက်သည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ဘယ်လိုပြောလိုက်ပါလိမ့်၊ သူစွန့်ခွာထွက်သွားကတည်းက ငါမှားနေပြီဆိုတာကို ငါရိပ်မိခဲ့တာပဲ'

ချူးရှာ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခုလို အခြေအနေမျိုးနဲ့ မင်းကိုတွေ့လိုက်ရမယ်ဆိုရင် သူဝမ်းသာသွားမှာပဲကွ'

'ငါ သူ့ကို သိပ်တွေ့ချင်တယ်'

'စိတ်ချ၊ သူ့ကိုတွေ့ရမှာပေါ့'

ယန်ခွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ချူးရှာကို စိုက်ကြည့်ရင်း....

'သူဘယ်မှာရှိတယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

ချူးရှာက....

'သေသေချာချာတော့ မသိဘူး၊ ဒါပေမယ့် သူ့ကို ခရေမြို့ဆိုတဲ့ ရွာကလေးမှာ တွေ့ရနိုင်တယ်'

'ခရေမြို့ ဟုတ်လား'

'ဟုတ်တယ်၊ မင်းမကြားဘူးတာ မဆန်းပါဘူး၊ မင်းက ဒေါင်းနဂါးဂိုဏ်း ဌာနချုပ်မှာနေပြီး ဖြိုပ်ဘက် အားလုံးကို ကျော်ဖြတ်နိုင်ဖို့ ကြိုးစားနေတဲ့ အချိန်မှာ ငါနဲ့မီးသွေးတုံးက နေရာခွဲ လျှောက်သွားနေကြတော့ မင်းထက်ပိုပြီး နေရာစုံအောင် ရောက်ခဲ့တာပေါ့'

ယန်ခွမ်း သက်ပြင်းချလိုက်လေသည်။

ချူးရှာပြောသည့်အတိုင်း မှန်ပေသည်။ ငွေအိုးကြီးနှင့် ဆရာချူးတို့သည် ဒုစရိုက်လောက၏ အခြေအနေများကို အမြဲမပြတ် ပြောဆိုကာ ဒေါင်းနဂါးဂိုဏ်းထိပ်ဆုံးသို့ တက်လှမ်းနိုင်ရန် အချိန်တိုင်း ကြံစည်ကြိုးစားနေကြလေသည်။



သူသည်လည်း ငွေအိုးကြီးတို့နှင့် လက်ရေတပြင်စီး ရှိခဲ့သည် မဟုတ်ပါလား....

ဒုစရိုက်လုပ်ငန်းများနှင့် လုံးထွေးကာ အချိန်ကုန်နေချိန်၌ မီးသွေးတုံးနှင့် ချူးရှာတို့သည် အနယ်နယ်အရပ်ရပ်သို့ ခရီးနှင်နေခဲ့ကြပေသည်။

သူတို့နှစ်ယောက်နှင့် ဝေးသွား၍လည်း ငွေအိုးကြီးတို့နှင့် ပို၍နီးစပ်သွားခဲ့ရခြင်း ဖြစ်ပေသည်။

ချူးရှာက ဆက်ပြောသည်။

'ငါတို့ဟာ မင်းအတွက် ခရီးထွက်နေခဲ့ကြတာကွ၊ မင်းတွေ့ချင်တဲ့ ယန်ယင်းပင်ဆိုတဲ့လူကို လိုက်ရှာနေခဲ့ကြတာပဲ'

ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဟုတ်တယ်၊ သူ့ကို ငါတွေ့ချင်တယ်'

ဟု အငမ်းမရ ပြောလိုက်၏။

ဒေါင်းနဂါးဂိုဏ်း ခေါင်းဆောင်တစ်ဝဖြင့် ပြဿနာများနှင့် လုံးထွေးနေခဲ့သဖြင့် ယန်ယင်းပင်အား ရှာဖွေရန် အသိပင် မေ့ပျောက်နေခဲ့ရသလို ရှိပေသည်။

ထို့နောက် ယန်ယင်းပင်အား ရှာဖွေရန်မှာ သူ၏ ဘဝပေးတာဝန် မဟုတ်ပါလား။

ယခု အဆောင်အယောင်များ ခွာချလိုက်ပြီးဖြင့်ရာ ဖွတ်လုပ်သူ တစ်ယောက် ဖြစ်သွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကလို တစ်နယ်ဝင် တစ်နယ်ထွက် ခြေသလုံးအိမ်တိုင် ဘဝဖြင့် လှည့်လည်ရှာဖွေရမည်ကို စိုးရိမ်သည့် စိတ်များလည်း မရှိတော့ပါ။

ယန်ခွမ်းသည် အတွေ့အကြုံရင့်ကျက်ခဲ့ပြီး၊ အရွယ်ရောက်ခဲ့ပြီ မဟုတ်ပါလား။

ချူးရှာက....

'ငါတို့ ငယ်ရွယ်စဉ်က အတွေးမှားခဲ့တာတွေ ပြီးပါစေတော့ကွာ၊ ယန်ယဝ်းပင်ဟာ မင်းအဖေမဟုတ်လား၊ သူ့ကို မင်း တွေ့အောင် ရှာသင့်တယ်ထင်လို့ ငါတို့က မင်းကိုယ်စားလိုက် ရှာပေးကြတာပဲ၊ အေး....ဒီလိုရှာရင်းနဲ့ မီးသွေးတုံးဟာ ခရေခြံ ရွာက မိန်းကလေးတစ်ယောက်ကို မျက်စိကျခဲ့တယ်ကွ'

ဟု ပြောလေသည်။

ယန်ခွမ်း အားရပါးရ ပြုံးလိုက်သည်။

'လက်စသတ်တော့ သူဟာ သံယောဇဉ်တွယ်ဇရာ ရသွားပြီ ကိုး၊ ကောင်းတယ်၊ ခရေခြံရွာမှာ သူရှိနေမှာပဲ၊ ငါတို့ သွားကြရအောင်'

ချူးရှာ လက်ကာပြလိုက်သည်။

'နေဦး၊ သူ့ဆီ သွားသင့် မသွားသင့် ငါတို့ အရင်ဆုံး စဉ်းစားကြရအောင်'

ယန်ခွမ်း မျက်မှောင်ကြုတ်သွား၏။

ချူးရှာအား နားမလည်နိုင်စွာကြည့်ကာ....



'ဘာဖြစ်လို့လဲကွ'

'ငါတို့က လူဆိုးတွေ ဖြစ်ခဲ့ကြဖူးတယ်ဆိုတာ မေ့လို့ မရ သေးဘူးလေ'

'ဘာ....'

ယန်ခွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ချူးရှာက....

'ဒေါင်းနဂါးဂိုဏ်းကလူဆိုရင် လူဆိုးတွေလို့ပဲ လူတွေက သတ်မှတ်ထားကြတာကွာ'

'ငါ....ငါက....'

'တကယ်လို့ သာ မီးသွေးတုံးက အေးချမ်းတဲ့ ဘဝတစ်ခု ရနေပြီဆိုရင် ငါတို့ ပြောင်ပြောင်တင်းတင်းသွားလို့ မကောင်း တော့ဘူးကွ၊ မတော်တဆငါတို့အကြောင်းသိတဲ့လူတစ်ယောက် ယောက်ရှိနေခဲ့ရင် မီးသွေးတုံးဘဝ ပျက်သွားမှာပဲ'

ယန်ခွမ်း မျက်နှာပျက်သွားလေတော့သည်။

ဒုစရိုက်လောက၌ ကျင်လည်ကျက်စားခဲ့ဖူးသည့် အရိပ်မည်း ကြီး၏ စိုးမိုးမှုခံနေရပြီဖြစ်ကြောင်း ပထမဆုံးအကြိမ် သတိပြုမိ လိုက်လေသည်။

သူကိုယ်တိုင် မကောင်းမှု၊ မတရားမှုများ ပြုလုပ်ခဲ့သည် မဟုတ်သော်လည်း ဒေါင်းနဂါးဂိုဏ်းသည် ဒုစရိုက်ဂိုဏ်းဖြစ်ခဲ့ရာ ကား သူသည်လည်း လူကောင်းတစ်ယောက် ဘယ်သောအခါမှ ဖြစ်နိုင်တော့မည် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာက....

'ငါတို့ သွားတွေ့တာပေါ့၊ ဒါပေမယ့် အခြေအနေကြည့်ပြီးမှ သွားအင့်တယ်မဟုတ်လား'

ယန်ခွမ်း ဘာမျှမပြောတော့ပါ။

ခေါင်းငိုက်စိုက် ကျသွားလေသည်။

ချူးရှာက....

'ဝမ်းမနည်းပါနဲ့ သူငယ်ချင်းရာ၊ မင်းအကြောင်းငါသိပါတယ်၊ ကဲ....ကဲ....သွားကြရအောင်'

ပြောပြီး ယန်ခွမ်း၏မခုံးကို လှမ်းပုတ်လိုက်သည်။

ထို့နောက် လှည့်ထွက်သွား၏။

ယန်ခွမ်းသည် အသက်ကင်းမဲ့သည့် ယန္တရားရုပ် တစ်ရုပ်အလား နောက်မှလိုက်ပါသွားလေတော့သည်။

....၁....



ခရေခြံရွာသို့ သွားသည့်လမ်းမှာ စီးချူးမြို့သို့သွားသည့် လမ်းမကြီးမှ ခွဲထွက်သွားသည့် မြေနီလမ်းဖြစ်ပေသည်။

လမ်းမကြီးနှင့် မြေနီလမ်းကလေးဆုံရာ လမ်းဆုံလမ်းခွ၌ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင် ရှိပါ၏။

ယခုနေ့....

မိုးစင်စင် လင်းချိန်၌ ထိုလက်ဖက်ရည်ဆိုင်ကလေးသို့ လူနှစ်ယောက် ရောက်ရှိလာကြသည်။

ထိုလူနှစ်ယောက်မှာ ယန်ခွမ်းနှင့် ချူးရှာတို့ ဖြစ်ကြလေသည်။

သူတို့နှစ်ယောက်သည် လယ်သမားများကဲ့သို့ အညိုရောင်ဖျင်ကြမ်းအင်္ကျီများ ဝတ်ဆင်ထားကြပြီး ခမောက် တစ်လုံးစီ ဆောင်းထားကြ၏။

ပိုသိဖတ်သိ ဖြစ်အောင် တမင် ပြုလုပ်ထားကြသဖြင့် တကယ့် လယ်သမားများနှင့် တူလှပေတော့သည်။

ယန်ခွမ်းသည် ဟိုဟိုသည်သည် အကဲခတ်ကြည့်နေ၏။ လမ်းပေါ်၌ ခြင်းတောင်းများ၊ အထုပ်အပိုးများ သယ်ဆောင်လာကြသူများသည် စီချူးမြို့သို့ ဦးတည်ကာ ခပ်သုတ်သုတ် သွားနေကြသည်ကို တွေ့မြင်ရလေသည်။

ချူးရှာက လက်ဖက်ရည်နှင့် မုန့်များ မှာကြားလိုက်ပြီးလျှင်....

www.burmeseclassic.com

www.burmeseclassic.com



'ခရေခြံက လူတွေဟာ စီချူးမြို့ကို သွားပြီး ဈေးရောင်းကြတယ်ကွ၊ ဒါဟာ သူတို့ရဲ့ အဓိက အသက်မွေးဝမ်းကျောင်းအလုပ်ပဲ၊ မီးသွေးကုံး သဘောကျနေတဲ့ မိန်းကလေးဟာ ခရေပန်း ရောင်းတဲ့ လူပေါ့၊ မနက်စောစော လာလေ့ရှိတယ်'

ဟု ရှင်းပြလေသည်။

ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'မီးသွေးကုံးက အဲဒီ မိန်းကလေးဆီကို လာမှာ သေချာရဲ့လား'

ဟု မေးလေသည်။

ချူးရှာ ပြုံးလိုက်သည်။

'သေချာပါတယ်၊ ဝါဝါနဲ့ သူနဲ့ အဆင်ပြေနေပြီလား တော့ မဆိုနိုင်ဘူး၊ ဝါဝါကလဲ သူ့ကို သဘောကျပုံ ရတယ်ကွ'

ယန်ခွမ်း ရယ်မောလိုက်သည်။

'ခရေပန်းသည်လေးရဲ့ နာမည်ဟာ ဝါဝါတဲ့လား'

'ဟုတ်တယ်....ဟုတ်တယ်'

ယန်ခွမ်းက....

'မီးသွေးကုံးလို မည်းနက်နေတဲ့ လူတစ်ယောက်ကို ကြိုက်တဲ့ မိန်းကလေးရှိတာ အံ့သြစရာပဲ၊ ငါက ဒီတစ်သက် သူ မိန်းမ ရတော့မယ်လို့ကို မထင်ခဲ့ဘူးကွ၊ ဟား ဟား ဟား'



ချူးရှာလည်း ရယ်မောလိုက်သည်။

'ချစ်ခြင်းမေတ္တာမှာ မျက်စိ မရှိဘူးလေကွာ၊ တစ်နေ့နေ့ မင်းကိုကြိုက်တဲ့ မိန်းကလေး တစ်ယောက် ပေါ်မလာဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ'

'ဟေ....'

ယန်ခွမ်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ သူ၏ ဘဝတစ်လျှောက်စွင် မည်သည့် မိန်းကလေးကိုမျှ စိတ်မကူး ခဲ့ဖူးပါ။

မိန်းကလေးများနှင့် အလွန်ကင်းရှင်းခဲ့သူ ဖြစ်သည်။

သူ၏ဘဝသည် အိမ်ထောင်ပြုရန် စိတ်မကူးဝံ့သည့် ဘဝ မဟုတ်ပါလား။

ချူးရှာက....

'ယန်ခွမ်း....ငါတို့ဟာ အတိတ်က ဖြစ်ရပ်တွေကို မေ့ပစ်လိုက်ပြီး ဘဝသစ် ထူထောင်ဖို့ လိုနေပြီ၊ မီးသွေးကုံးကိုပဲ ဥပမာကြည့်လေ၊ သူဟာ ဝါဝါနဲ့ အိမ်ထောင်ကျသွားပြီဆိုရင် ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နေတော့မှာပဲ'

ဟု ပြောလေသည်။

ယန်ခွမ်း ပင့်သက်ရှိုက်လိုက်သည်။

'မီးသွေးကုံး ပျော်ရွှင်ပါစေလို့ ဆုတောင်းပါတယ်ကွာ'

'မင်းအတွက်ကော'

'ငါ့အတွက် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက အနည်းငယ် စဉ်းစားလိုက်ပြီး....

'ငါ့အဖေကို တွေ့အောင်ရှာဖို့ အရေးကြီးဆုံးဆိုတာ မင်းသိပါတယ်'

ဟု တွေးတွေးဆဆ ပြောလေသည်။

ချူးရှာ ပြုံးလိုက်သည်။

ထိုအချိန်တွင် ခရေခြံရွာဘက်မှ ဈေးသည်တစ်စု လျှောက်လာနေသည်ကို တွေ့ရလေသည်။

ချူးရှာက....

'ဟိုမှာ ကြည့်စမ်း'

ဈေးသည်များကို ညွှန်ပြရင်း ပြောလိုက်၏။ ယန်ခွမ်း လှည့်ကြည့်လိုက်၏။

ထိုအခါ ဈေးသည်များနှင့်အတူ အသားမည်းမည်း လူရွယ်တစ်ယောက် ပါလာသည်ကို တွေ့မြင်ရလေသည်။

ယန်ခွမ်း မျက်လုံးပြူးသွား၏။

'မီးသွေးတုံးပဲ'

လွှတ်ခနဲရေရွတ်ကာ ထိုင်ရာမှထရပ်လိုက်လေသည်။ ချူးရှာလည်း ထရပ်လိုက်၏။

လက်ဖက်ရည်ဆိုင်၌ လူရှင်းနေသည်ဖြစ်ရာ သူတို့ထရပ်လိုက်သောအခါ ထင်းထင်းကြီးပေါ်လွင်သွားလေသည်။

ဈေးသည်များမှာ သတိမပြုမိကြသော်လည်း လမ်းပေါ်၌ ကျင်လည်ကျက်စားခဲ့ဖူးသည့် မီးသွေးတုံးမှာ ထူးခြားမှုကို ချက်ချင်းသတိပြုမိသွားမည် ဖြစ်ပေသည်။



ရုတ်တရက် မီးသွေးတုံး၏ခြေလှမ်း တုန့်ခနဲရပ်သွား၏။ ထို့နောက် လူအုပ်ထဲမှဖဲ့ထွက်ကာ ယန်ခွမ်းတို့ထံသို့ ခပ်သွက်သွက်လှမ်းလာလေတော့သည်။

....o....

ယန်ခွမ်းနှင့် ချူးရှာတို့ မားမားမတ်မတ် ရပ်နေကြလေသည်။

မီးသွေးတုံးသည် ခြင်းတောင်းတစ်လုံးလက်မှဆွဲကာ သူတို့အနီးသို့ ရောက်ရှိလာလေသည်။

ယန်ခွမ်းတို့နှစ်ယောက် လယ်သမားပုံရုပ်ဖျက်ထားကြသော်လည်း မီးသွေးတုံးက ချက်ချင်းမှတ်မိသွားလေသည်။

သူ၏မျက်နှာတွင် အံ့သြဝမ်းသာသည့် အရိပ်အယောင်များ ကြီးစိုးနေ၏။

'မင်း...မင်းတို့ ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာကြတာလဲ၊ အလုပ်လုပ်စရာ ရှိလို့လား'

ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ပြုံးလိုက်သည်။

'ငါတို့ မင်းကိုလာရှာတာကွ'

'ဟေ'

'မင်းက ငါတို့ကိုမေ့နေပေမယ့် ငါတို့ကတော့ မင်းကိုမမေ့ပါဘူးကွာ'

ရုတ်တရက် မီးသွေးတုံး မျက်နှာပျက်သွားလေသည်။ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။

ယန်ခွမ်း မျက်မှောင်ကြုတ်သွားပြီး....

'မီးသွေးတုံး၊ ငါတို့ကိုတွေ့ရတာတောင် မင်းဝမ်းသာပုံမရသလိုပါတဲ့လားကွာ'

ဟု မေးလိုက်လေသည်။

မီးသွေးတုံးက အာလုပ်သံကြီးဖြင့်....

'ငါမလိုက်နိုင်တာ ခွင့်လွှတ်ပါကွာ၊ ငါ့ကိုမေ့ပစ်လိုက်ကြပါတော့'

ဟု ပြောလာလေသည်။

ယန်ခွမ်း ပြုံးလိုက်သည်။

'လက်စသပ်တော့ မင်းကိုလာခေါ်တယ်လို့ ထင်နေတာကိုးကွ'

'ငါ့ကို လာခေါ်တာ မဟုတ်ဘူးလား'

'မင်းဘာသာ အေးအေး ဆေးဆေးနေတာ၊ ငါတို့ကမခေါ်ပါဘူးကွ'

'တကယ်'



'တကယ်ပေါ့'

မီးသွေးတုံး၏မျက်နှာ တဖြည်းဖြည်း ပြုံးရွှင်လာလေတော့သည်။

ယန်ခွမ်းက ခုံးလှမ်းပုတ်လိုက်ပြီး...

'ငါတို့မတွေ့ရတာ အတော်ကြာပြီ၊ တွေ့တုန်းဆုံတုန်း အေးအေးဆေးဆေး စကားပြောကြရအောင် ဘယ်လိုလဲ'

ရုတ်တရက် မီးသွေးတုံးမျက်လုံးပြူးသွားပြီး...

'ဟာ ငါအချိန်ဖြုန်းနေလို့ မဖြစ်သေးဘူးကွ၊ ခရေပန်းတွေ သွားပို့ရဦးမယ်'

ဟု ပြောလေသည်။

ယခုတစ်ကြိမ် မျက်နှာပျက်သွားရသူမှာ ယန်ခွမ်းဖြစ်လေသည်။

ချူးရှာက...

'မီးသွေးတုံး'

ဟု သတိပေးသလိုခေါ်လိုက်၏။

ထိုအခါမှ မီးသွေးတုံးလည်း သတိဝင်သွားဟန် ရှိသည်။ အားတုန့်အားနာ ဖြစ်သွားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

ယန်ခွမ်းက...

'သူငယ်ချင်း၊ ခရေပန်းရောင်းဖို့ကိစ္စဟာ ငါတို့ထက်တောင် အရေးကြီးနေပြီလားကွာ'

ဟု ပြောလေသည်။

www.burmeseclassic.com

မီးသွေးတုံး ခေါင်းငိုက်စိုက်ကျသွားပြီး....

'ငါကိုခွင့်လွှတ်ပါကွာ၊ သူနေမကောင်းဘူးကွ၊ ခရေပန်းပို့ပြီး ရတဲ့ပိုက်ဆံနဲ့ ဆေးဝယ်ရမှာ'

ယန်ခွမ်း၏မျက်လုံးအောက်မှ ကြွက်သားများ တဆတ်ဆတ်လှုပ်ရှားသွားလေသည်။

'မင်း ငွေလိုနေတာကိုး၊ ဘာမှမပူနဲ့ ငါတို့ရှိတယ်'

သူတို့သည် ငယ်ပေါင်းများ ဖြစ်ပေသည်။

တစ်ယောက် ဒုက္ခရောက်နေလျှင် တစ်ယောက်က ကူညီစောင့်ရှောက်ရလိမ့်မည် မဟုတ်ပါလား။

ယန်ခွမ်းက အင်္ကျီအိတ်ထဲမှ ငွေတုံးကလေးများကို နှိုက်ယူလိုက်၏။

မီးသွေးတုံး၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်လာသည်။

ယန်ခွမ်းက....

'ရော့...ယူသွား သူငယ်ချင်း၊ လိုတဲ့ဆေးအားလုံးဝယ်'

ပြောရင်း ငွေတုံးကလေးများကို ပေးလိုက်၏။

မီးသွေးတုံး၏ခြင်းတောင်းထဲမှ ခရေပန်းများကို ရောင်းချလျှင် ငွေငါးဆယ်ခန့်သာ ရပေမည်။

ယန်ခွမ်းပေးသည့် ငွေတုံးကလေးများ၏ တန်ဖိုးသည် ငွေငါးထောင်ခန့် ရှိနေသည်မဟုတ်ပါလား။

မီးသွေးတုံးသည် ငွေတုံးကလေး များအား လှမ်းယူရန် ဟန်ပြင်လိုက်၏။



ရုတ်တရက် မြွေဆိုးတစ်ကောင်ကို တွေ့လိုက်ရသည့်ပမာ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး နောက်ဆုတ်လိုက်၏။

တစ်ဆက်တည်းမှာပင် ဦးခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး....

'ငါ...ငါမယူပါရစေနဲ့ကွာ'

ဟု ငြင်းဆန်လိုက်လေသည်။

ယန်ခွမ်း ကြောင်အမ်းအမ်းဖြစ်သွား၏။

'ယူလေကွာ မီးသွေးတုံး၊ မင်းဘာဖြစ်လို့လဲကွ'

'ငါမယူပါရစေနဲ့ကွာ'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

မီးသွေးတုံး အဘယ့်ကြောင့် ငြင်းဆန်နေသည်ကို သူသဘောပေါက်နားလည်သွားပြီ ဖြစ်လေသည်။

သူ၏ငွေများကို မသန့်ရှင်းသည့်ငွေများဟု မီးသွေးတုံးက ယူဆထားသည် မဟုတ်ပါလား။

ထိုငွေများသည် သူ၏လုပ်အားဖြင့် ရလာသည့်ငွေ မဟုတ်သည်မှာ အမှန်ပင်ဖြစ်လေသည်။

ဒေါင်းနဂါးဂိုဏ်း၏ ခေါင်းဆောင်ဘဝတွင် လက်ညှိုးညွှန်ရာရေဖြစ်နိုင်သည့်အတွက် ငွေဟူသည် သူ့အတွက် တန်ဖိုးရှိသည့်အရာ မဟုတ်တော့ချေ။

သူအလိုရှိလျှင် အလိုရှိသလောက် ချက်ချင်းရနိုင်ပြီး သုံးဖြုန်းမည် ဆိုပါကလည်း စိတ်ထိုင်းကျ သုံးဖြုန်းပစ်သည့်တိုင် ကုန်နိုင်မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သိဆောင် အဆောင်အယောင်များကို ခွာချပြီး ကိုယ်တာ
ကိုယ်ရပ်တည်သောအခါ ငွေသည် အခက်အခဲနေမှ ပါဝင်လာ
လေတော့သည်။

သူ့ အိတ်ထဲမှငွေသည် လုပ်အားဖြင့်ရသည့်ငွေ မဟုတ်သဖြင့်
သန့်ရှင်းမှုရှိမရှိ အတတ်မပြောသာချေ။

မီးသွေးတုံးက....

'ငါ့ကိုခွင့်လွှတ်ပါ သူငယ်ချင်း'

ဟု တောင်းပန်လိုက်၏။

ယန်ခွမ်းက....

'မီးသွေးတုံး၊ ခုချိန်မှာ ဆေးဝယ်ဖို့ လိုနေတယ်မဟုတ်လား၊
ငါပေးတဲ့ငွေကိုယူပြီး ဝယ်နိုင်ပါ၊ တော်ကြာ လူမမာ တစ်ခုခု
ဖြစ်သွားမှာ စိုးရိမ်ရတယ်ကွ'

ဟု ပြောလေသည်။

မီးသွေးတုံး ခေါင်းယမ်းလိုက်သည်။

'သူက ဝေဒနာခံစားနေတဲ့ လူမမာမဟုတ်ပါဘူးကွာ၊ ငါ့
အတွက် ငွေလိုတယ်ဆိုပေမယ့် ဒီလောက်အရေးတကြီး မဟုတ်
ပါဘူးကွ'

'သူငယ်ချင်း၊ ခေါင်းမမာစမ်းပါနဲ့ကွာ၊ ယူသွားစမ်းပါ'

'ယန်ခွမ်း'

မီးသွေးတုံးက တည်တည်ကြီး စိုက်ကြည့်ကာ ခေါ်လိုက်
သဖြင့် ယန်ခွမ်း မျက်မှောင်ကြုတ်သွားပြီး...



'မင်း ဘာပြောချင်လို့လဲ'

'ငါ အမှန်အတိုင်းပြောမယ်၊ ငါ့မိန်းမ ကိုယ်ဝန်အရင့်အမာ
ကြီးနဲ့ကွ၊ မကြာခင် မီးဖွားတော့မှာမို့ လိုအပ်တဲ့ဆေးဝါးလေး
ဘာလေး ဝယ်ထားဖို့ပဲလိုတာ၊ အရေးမကြီးဘူး၊ ငါ့ဘာသာ
ရှာလို့ရတယ်၊ ဒါကြောင့် ငါမယူဘူး'

ဟု ရှင်းပြလေသည်။

ယန်ခွမ်း မျက်လုံးပြူးသွားသည်။

'လက်စသပ်တော့ မင်းက အိမ်ထောင်ကျနေပြီကိုး'

'ဟုတ်တယ်၊ မကြာခင် ကလေးတောင် ရတော့မှာကွ၊
ဟား...ဟား...ဟား'

မီးသွေးတုံးသည် သူ၏စကားကို သူ့ဘာသာ သဘောကျ
သွားဟန်ဖြင့် ရယ်မောလိုက်လေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့လည်း ရယ်မောလိုက်ကြ၏။

အခြေအနေကို စောင့်ကြည့်နေသည့် ချူးရှာသည် အခွင့်
အရေးကို လက်လွတ်မခံဘဲ ရယ်မောပြီးသည်နှင့်...

'မီးသွေးတုံး၊ ငါတို့က ဒေါင်းနဂါးဂိုဏ်းကို အပြီးတိုင်
စွန့်ခွာပြီး ထွက်လာခဲ့ကြတာကွ'

ဟု ပြောလေသည်။

မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် မီးသွေးတုံး
လှုပ်ရှားရှားဖြစ်သွား၏။

'ဟင်...မင်း...မင်း တကယ်ပြောတာလားဟင်'

'တကယ်ပေါ့ကွာ၊ အခုဆိုရင် ဒေါင်းနဂါးဂိုဏ်းဟာ ငါတို့နဲ့
ဘယ်လိုမှ မပတ်သက်တော့ဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ...ဝမ်းသာလိုက်တာ သူငယ်ချင်းရာ'

မီးသွေးတုံး အမှန်ထကယ်ပင် ဝမ်းသာသွားလေသည်။

ချူးရှာက...

'ဒေါင်းနဂါးဂိုဏ်းဟာ ငှက်ဆိုးဂိုဏ်းကို အနိုင်ရသွားပြီ၊ ဒုစရိုက်လောကမှာ ပြိုင်ဘက်ကင်းတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်လာပြီပေါ့၊ ဒါပေမယ့် အခုလို အချိန်အခါ ကြီးမားလာတာဟာ သေနဝိဇ္ဇာဂိုဏ်းရဲ့ နောက်ကွယ်က ပံ့ပိုးပေးမှုကြောင့်ပဲ'

သေနဝိဇ္ဇာဂိုဏ်းက နောက်ကွယ်မှ ကြိုးကိုင်စီစဉ်ခဲ့ပုံများအား ရှင်းလင်းပြောပြလိုက်လေသည်။

သူ၏စကားအဆုံးတွင် ယန်ခွမ်းက....

'မတရားမှုတွေ၊ နိုင်ငံ့ထက်စီးနင်းလုပ်မှုတွေကို ငါလုံ့ရှုံမုန်းပါတယ်ကွာ၊ ဆက်နေရင် ငါကိုယ်ထိုင် လူဆိုး လူယုတ်မာကြီးတစ်ယောက် ဖြစ်ရတော့မယ်၊ ဒါကြောင့် ကျောခိုင်းလိုက်တာပဲ'

ဟု ပြောလေသည်။

မီးသွေးတုံး ထခုန်လိုက်သည်။

'မင်း ခုလို အမြင်မှန်ရလာတာကို ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ ငါ့အိမ်လိုက်ခဲ့ကြပါဦးကွ'

ယခုမှ ပျူပျူငှာငှာ ဖိတ်ခေါ်လာလေတော့သည်။

မီးသွေးတုံး လမ်းခွဲသွားခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီ ဖြစ်လေသည်။



လမ်းပေါ်တွင် ကျင်လည်ကျက်စားနေသည့်ဘဝမှ လွတ်ကာ အေးချမ်းစွာ အခြေချနေနိုင်ပြီဖြစ်၍ ယန်ခွမ်းတို့သည်း ဝမ်းသာနေကြပါ၏။

မီးသွေးတုံး၏အိမ်သို့ လိုက်လံလည်ပတ်ရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

....၀....

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ခရေခြံရွာကလေးသည် အနောက်ဘက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ခရေခြံရွာရှိ မီးသွေးတုံး၏အိမ်မှာ တဲအိမ်ကလေးတစ်လုံးမျှသာ ဖြစ်ပေသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးသည် ဇနီးသည်နှင့်အတူ ပျော်ပျော် ရွှင်ရွှင် နေထိုင်နိုင်ခဲ့ပေသည်။

မီးသွေးတုံးသည် လူသားတစ်ယောက်အတွက် လိုအပ်ချက်ဖြစ်သည့် ဘဝတစ်ခုကို ရရှိသွားခဲ့ပြီဖြစ်သည်။

ချူူးရှာနှင့် ယန်ခွမ်းတို့အတွက်သည်ကား....

သူတို့နှင်ယောက်သည်ပခုံးချင်းယှဉ်ကာ တောင်ဘက်စူးစူးသို့ ဦးတည် ခရီးနှင်သွားနေ၏။

သူတို့ခြေလှမ်းများ ပေါ့ပါးသွက်လက်နေသည်။

မီးသွေးတုံးကြောင့် ဘဝသင်ခန်းစာ ရခဲ့ကြပြီ မဟုတ်ပါလား။

နောက်နှစ်မှာ တောင်းကင်ပေါ် တစ်စထက်တစ်စ မြင့်တက်လာ၏။

နေမွန်းတည့် အချိန်သို့ပင် ရောက်မှန်းမသိ ရောက်ရှိလာလေသည်။

အရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်ချိန် ချူူးရှာက ခြေလှမ်းရပ်လိုက်သည်။

နဖူးပေါ်မှစီးကျလာသည့် ချွေးများကို သုတ်ပစ်လိုက်ပြီး....

'ယန်ခွမ်း....ငါတို့ ကျင်းလိန်မြို့ကိုသွားကြရင် မကောင်းဘူးလား'

ဟု မေးလေသည်။

ယန်ခွမ်းပြုံးလိုက်သည်။

'သဘောပဲလေ'

'ကောင်းပြီ၊ ကျင်းလိန်မြို့ကိုပဲသွားမယ်'



ချူူးရှာက ဆုံးဖြတ်ချက်ချလိုက်သံဖြင့် ပြောလေသည်။

ယန်ခွမ်းက သူ့အားစိုက်ကြည့်ရင်း....

'ချူူးရှာ...မင်းကို ငါ တစ်ခုမေးချင်တယ်'

'မင်း ဘာမေးမလို့ လဲ၊ မေးလေ'

'မီးသွေးတုံးရဲ့အခြေအနေကို မင်း ဘယ်လို သဘောရသလဲ'

ချူူးရှာက စဉ်းစားခြင်းပင်မပြုဘဲ....

'ဟာ... ဒါမှ တကယ့်ဘဝပေါ့ကွာ၊ သူ့ဇနီးသည်ကလဲ သူ့ကို အသေအချစ်ဖိုရတာမဲ၊ ကောင်းပါတယ်၊ ဘာဖြစ်လို့ လဲ'

'မင်းကော သူ့လိုဘဝမျိုးကို သဘောမကျဘူးလား'

ချူူးရှာ ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား... ဘယ်လို ပြောလိုက်ပါသိမ့်ကွာ၊ သဘောကျတာပေါ့ကွ၊ ဒါပေမယ့် ငါ့ကိုကြိုက်မယ့်လူမှမရှိတာ ဟား...ဟား...ဟား'

ယန်ခွမ်း ပြုံးလိုက်သည်။

'ကြိုက်မယ့်လူရှိရင်ကော....'

'ဘာကေတာလိုက်လို့ ၊ အိမ်ထောင်ပြုလိုက်ရုံပေါ့ကွ'

ယန်ခွမ်း သက်ပြင်းချလိုက်လေသည်။

'အင်း...မင်းလဲ ခုအချိန်ကစပြီး ကိုယ့်ဘဝကိုယ် ဖန်တီးဖို့ ကောင်းပြီလို့ ငါထင်တယ် ဘုငယ်ချင်း'

'ဟေ...'

'ငါနဲ့အတူလိုက်နေမယ့်အစား မင်းဘဝရပ်တည်ရေးအတွက် အကောင်းဆုံး ဖြစ်နိုင်မယ့် အခြေအနေကို ရွေးချယ်တာပိုကောင်းလိမ့်မယ်လို့ ငါထင်တယ်'

www.burmeseclassic.com



ချူးရှာက....

'ယန်ခွမ်း....မင်းက ငါ့ကိုနှင်ထုတ်နေတာလားကွ၊ ဒီမှာ ငါ ပြောမယ် နားထောင်၊ တကယ်လို့ တစ်နေ့မှာ ငါ့အတွက် မြတ်နိုးရမယ့်လူရှိလာရင် ငါသွားမယ်၊ ဒါမှ မဟုတ်ရင်တော့ မင်းနဲ့ခွဲသွားမှာမဟုတ်ဘူး၊ ကဲ...မင်း ဘယ်လိုသဘောရသလဲ'

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'သိပ်ကောင်းတာပေါ့ကွာ'

'နေဦး၊ ငါ့ကိုပဲပြောနေ၊ မင်းကကော....'

'ငါလား....ငါက ငါ့အဖေကို တွေ့အောင် ရှာရဦးမယ်လေ ကွာ'

'မင်းရဲ့အဖေကိုမတွေ့ခင် ဘဝကြင်ဖော် တွေ့ခဲ့မယ်ဆိုရင် ကော၊ မင်း ဘယ်လိုလုပ်မလဲ'

ယန်ခွမ်း ခေါင်းယမ်းလိုက်သည်။

'ငါ့အဖေကို မတွေ့ရသေးဘဲ ငါ့အတွက် ဘဝကြင်ဖော်ဆို တာ ရှိမလာနိုင်ပါဘူးကွာ'

'ဒီလိုမပြောနဲ့ သူငယ်ချင်း၊ လူ့ဘဝ လူ့ကြမ္မာဆိုတာ သိရ ခက်တယ်၊ တစ်နေ့ မင်းအတွက်....'

ချူးရှာ စကားဆုံးအောင်မပြောလိုက်ရပါချေ။

အကြောင်းမှာ မလှမ်းမကမ်းတစ်နေရာမှ ဆူဆူညံညံ အသံ များ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေ သည်။

ယန်ခွမ်းနှင့် ချူးရှာတို့ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်မိကြ၏။



ချူးရှာက....

'တိုက်ပွဲ ဖြစ်နေတာပဲ၊ ငါတို့ သွားကြည့်ရင် မကောင်းဘူး လား'

ဟု ပြောလေသည်။

ယန်ခွမ်းမှာ တိုက်ပွဲများနှင့် ဝေးဝေးရှောင်လိုရကား....

'ငါတို့နဲ့ မဆိုင်....'

သူ၏ စကားမဆုံးမီ ချူးရှာက ကြားဖြတ် ပြောလိုက်လေ သည်။

'တကယ်လို့များ တစ်စုံ တစ်ယောက်ဟာ သူတစ်ပါးရဲ့ နိုင်ထက်စီးနင်း ပြုလုပ်တာကို ခံနေရတယ်ဆိုရင်ကော'

ယန်ခွမ်း သက်ပြင်းချလိုက်ပြီး....

'ကောင်းပြီ၊ သွားကြည့်ကြစို့'

ဟု ပြောလိုက်လေသည်။

သူတို့ နှစ်ယောက်သည် ဆူဆူညံညံ အသံများ ထွက်ပေါ် လာရာဆီသို့ ဦးတည် ပြေးလွှားသွားကြလေတော့သည်။

....၁....

www.burmeseclassic.com

www.burmeseclassic.com



တောအုပ် အတွင်းဘက်၌ မြက်ခင်းပြင်တစ်ခု ရှိလေသည်။

မြက်ခင်းပြင်ပေါ်၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေလေသည်။

လူတစ်စုသည် အဖြူရောင် ဝတ်ဆင်ထားသူ တစ်ယောက်ကို ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်ပေသည်။

အဖြူရောင် ဝတ်ထားသူမှာ ဓားတစ်လက် ဆွဲကိုင်ကာ ခုခံနေပါသော်လည်း အများနှင့်တစ်ယောက် ရင်ဆိုင်နေရခြင်းကြောင့် အရေးနိမ့်နေလေသည်။

ထိုလူ၏ အဝတ်အစားများ စုတ်ပြဲကာ ဒဏ်ရာများရလျက် သွေးများ စွန်းထင်း ပေကျံနေသည်ကို တွေ့နိုင်ပေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့ ရောက်ရှိသွားသောအခါ ထိုလူမှာ အခြေအနေ အတော်ဆိုးနေပြီ ဖြစ်သည်ကို တွေ့ရလေသည်။

ချူးရှာက....

'ယန်ခွမ်း....ငါတို့ ဝင်ကူမှ ဖြစ်မယ်'

ဟု ပြောလိုက်လေသည်။

ယန်ခွမ်း လတ်ကာပြုလိုက်သည်။

'မစောနဲ့ဦး၊ သူတို့ ဘယ်လိုဖြစ်ကြသလဲဆိုတာ မသိရသေးဘဲ ဝင်ကူလို့ မဖြစ်သေးဘူး'

သူ၏ တားမြစ်ချက်ကြောင့် ချူးရှာ မကျေမနပ် ဖြစ်သွားသော်လည်း ဘာမျှ မပြောတော့ဘဲ ငြိမ်နေလိုက်လေသည်။

တိုက်ပွဲကို သေသေချာချာ အကဲခတ်ကြည့်လိုက်သောအခါ အဖြူရောင်ဝတ်ထားသူမှာ လက်တစ်ဘက်က ဓားကိုင်ထားပြီး ကျန်လက်တစ်ဘက်က အထုပ်ကလေးတစ်ထုပ် ကိုင်ထားသည်ကို တွေ့ရလေသည်။



ထိုအထုပ်ကလေးအား လိုချင်မက်မောသဖြင့် လူတစ်စုက ဝိုင်းဝန်း တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း ပေါ်လွင်လာလေသည်။

ယန်ခွမ်း စဉ်းစားတွေးတောနေစဉ်မှာပင်...

'မင်းလက်ထဲက အထုပ်ကလေးကို ချပြီး အသာတကြည် ထွက်သွားရင် မင်း အသက်ချမ်းသာရာ ရမယ်၊ ဒါမှမဟုတ်ရင် မင်းရဲ့အလောင်းတွေလဲ ပေသွားရမှာပဲကွ'

လူတစ်ယောက်၏ အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အဖြူရောင်ဝတ်ထားသူက...

'ငါတို့ သတ္တုရှင်အသမဂ္ဂနာက ပစ္စည်းကို လိုချင်ရင် ငါ့ကို နိုင်အောင် တိုက်ကြရမယ်'

ဟု အော်ဟစ်ရင်း သူ့အား ရန်မူနေသူများကို မြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ချူးရှာက ယန်ခွမ်းကို ကြည့်လိုက်၏။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ငါတို့ ဝင်ကူတာ မမှားဘူး'

စကားဆုံးသည်နှင့် တိုက်ပွဲ ဖြစ်ပွားရာသို့ ပြေးသွားလေတော့သည်။

ချူးရှာ ဓားဆွဲသွားပြီး ထက်ကြပ်မကွာ လိုက်သွားလေတော့သည်။

သူတို့နှစ်ယောက် ပြေးလွှားလာသည်ကို မြင်လျှင် ဝိုင်းရံ တိုက်ခိုက်နေသူများ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာက....

'သတ္တိရှင် အာမခံဌာနက လူကို ဘယ်သူက နှောင့်ယှက်ဝံ့တာလဲ၊ သေဖို့သာ ပြင်ထားကြ'

ဟု အသံကုန် တစ်အော်လိုက်၏။

ဤတွင် သတ္တိရှင်အာမခံဌာနမှ လူများသည် ဒုက္ခရောက်နေသူအတွက် အကူအညီပေးရန် လိုက်လာကြပြီဟု ဝိုင်းတိုက်နေသူများ ယူဆသွားကြလေတော့သည်။

ထိုအတောအတွင်း ယန်ခွမ်းက လျင်မြန်စွာ ပြေးဝင်သွားပြီး သူ့အား ဆီးကြိုတိုက်ခိုက်ရန် ဟန်ပြင်နေသူ တစ်ယောက်အား လက်သီးဖြင့် ထိုးချလိုက်ရာ....

'ခွပ်'

'အား'

ထိုလူ ပုံလျက်သား လဲကျသွားသည်ကိုမြင်လျှင် ကျန်လူများ မနေဝံ့ကြတော့ဘဲ နောက်ဆုတ် ထွက်ပြေးသွားကြလေတော့သည်။

အဖြူရောင်ဝတ်ဆင်ထားသူသည် ယန်ခွမ်းနှင့် ချူးရှာအား ပါးစပ်အဟောင်းသားနှင့် ငေးကြည့်ရင်း ဒဏ်ရာပြင်းထန်စွာ ရထားပြီးဖြစ်၍ မဟန်နိုင်တော့ဘဲ မြေပေါ် တအိအိ ပြိုလဲကျသွားလေတော့သည်။

....၁....



'ဒုက္ခပဲ'

ချူးရှာ ညည်းညူလိုက်လေသည်။

လူဆိုးများကား ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

သို့သော် အဖြူရောင်ဝတ်ဆင်ထားသူမှာ မြေပေါ် လဲကျနေပြီ မဟုတ်ပါလား။

ထိုလူသည် အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေသည့်တိုင် အထုပ်ကလေးကိုမူ တင်းကြပ်စွာဆုပ်ကိုင်ထားဆဲ ဖြစ်လေသည်။

ယန်ခွမ်းနှင့်ချူးရှာတို့လည်း သက်သာမကင်းသည့်အကြည့်ဖြင့် ကြည့်နေ၏။

ချူးရှာက ထိုလူအား ပြုံးပြရင်း....

'ခင်ဗျားကို ဒုက္ခပေးမယ့်လူတွေ ထွက်ပြေးသွားပြီဗျ'

ဟု ပြောလိုက်လေသည်။

ထိုလူ ဘာမျှပြန်မပြောပါ။

ချူးရှာက....

'ကျုပ်တို့က ခင်ဗျား ဒုက္ခရောက်နေတာတွေ့လို့ ဝင်ကူကြတာ'

ဟု ပြောလိုက်ပြန်သည်။

ယခုတစ်ကြိမ် ထိုလူမှာ သံသယစိတ်များ လျော့ပါးသွားပုံရလေသည်။

'မင်း....မင်းတို့ ဘယ်သူတွေလဲ'

အားယူပြီး မေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာက...

'ကျုပ်က ချူးရှာ၊ သူက ယန်ခွမ်း၊ ကျွမ်းလိန်မြို့ကိုကို သွားမယ့် ခရီးသွားတွေဗျ၊ ခင်ဗျားရဲ့အခြေအနေ မဟန်ဘူး၊ သမားတော်တစ်ယောက်ဆီကို ကျုပ်တို့ လိုက်ပို့ပေးမယ်'

ဟု ပြောလိုက်မြန်သည်။

ထိုလူ ပင့်သက်ရှိုက်လိုက်လေသည်။

'မဟုန်တော့ပါဘူးကွာ၊ မင်းတို့ဟာ သတ္တိရှင်အာမခံရှာနက လူတွေမဟုတ်မှန်း သိတယ်၊ သူတို့ ပြန်လာကြလိမ့်မယ်'

'မပူပါနဲ့ကွာ၊ ပြန်လာတော့လဲ မောင်းထုတ်ပစ်လိုက်တာ ပေါ့'

ထိုလူက...

'မင်းတို့ ကျွင်းလိမ်မြို့ကို သွားမှာလား'

'ဟုတ်တယ်၊ ခင်ဗျားကိုးခေါ် သွားရမှာပဲဗျ'

'ကျုပ်ကအရေးမကြီးပါဘူး၊ ဟောဒီအထုပ်ကလေးကိုသာ သူဌေးကြီးရှောင်စန်းလက်ထဲ ရောက်အောင်ပို့ပေးပါ'

ချူးရှာနှင့် ယန်ခွမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထိုလူက...

'ကျုပ်တို့တာဝန်ကျေတယ်ဆိုတာပြောပေးပါ၊ ကျုပ်က...'

ထိုလူ စကားဆုံးအောင် မပြောနိုင်ပါချေ။

ချောင်းတဟွတ်ဟွတ်ဆိုးလာပြီး ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်သည်။

'ဟော့ လူ ခင်ဗျား...'



ချူးရှာ အထိတ်တလန့်ဖြင့် အနီးသို့ ချဉ်းကပ်သွားရန် ဟန်ပြင်၏။

ထိုလူက....

'သူဌေးကြီးရှောင်စန်း လက်ထဲ ရောက်အောင်....'

ပြောရင်းပြောရင်း အသံတိမ်ဝင်သွား၏။

ချူးရှာနှင့် ယန်ခွမ်းတို့ လျင်မြန်စွာ ချဉ်းကပ်သွားကြလေသည်။

အနီးသို့ရောက်သောအခါ ထိုလူ သေဆုံးနေပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရလေတော့သည်။

မမျှော်လင့်ဘဲ သူတို့အတွက် အလုပ်တစ်ခု ရရှိလာခဲ့ပြီ ဖြစ်လေသည်။

....o....

www.burmeseclassic.com



ကျွင်းလိန်မြို့...

ကျွင်းလိန်မြို့မှာ အနှင့်စည်ကားအားသိမြို့ကလေးသည့်မြို့ကြီးတစ်မြို့ဖြစ်လေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့သည် ကျွင်းလိန်မြို့သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်သည်။

သူတို့နှစ်ယောက်သည် လယ်သမားအသွင် ဝတ်ဆင်ထားကြသဖြင့်...

ထို့ကြောင့် မြို့ကြီးပြကြီးတစ်ခုတွင် သူတို့၏ ဘဝပြင်မှာ ထင်ထင်ရှားရှားကြီး ပေါ်လွင်နေပေတော့သည်။

ဉာဏ်ကို ရှိပ်မိသော ချူးရှာက...

'ယန်ခွမ်း၊ သူဌေးကြီးရှောင်စန်းဆီကိုအရင်မသွားခင် ငါတို့ပုံသဏ္ဌာန်ပြောင်းပစ်လိုက်ကြရအောင်၊ မြို့ထဲမှာ လယ်သမားအဝတ်အစားတွေနဲ့ သိပ်မနိပ်ဘူးကွ'

ယန်ခွမ်း သဘောတူလိုက်သည်။

'ကောင်းပြီလေ'

သူတို့နှစ်ယောက်သည် အထည်အလိပ်ဆောင်းချသည့် ဆိုင်ကစ်ဆိုင်၌ ဝတ်စုံနှစ်စုံဝယ်ယူကာ လဲလှယ်ဝတ်ဆင်လိုက်ကြ၏။ လယ်သမားကြီးအသွင်မှ မြို့ကြီးသားအသွင် ပြောင်းလဲသွားသေသည်။

သူတို့၌ ရှိနေသည့် ငွေမှာ မီးသွေးတုံးအား ပေးခဲ့ပြီး ဘာကြီးတစ်ဝက်သာယူခဲ့ကြသဖြင့် အဝတ်အစားဝယ်ပြီးလျှင် ငွေမှာ လုနီးနီး ဖြစ်သွားကြလေသည်။



ချူးရှာက...

'သူဌေးကြီးရှောင်စန်းဆီကို ဒီအထုပ်လေး သွားပို့ပြီးရင်တော့ ငါတို့အလုပ်တစ်ခုလုပ်မှ ဖြစ်တော့မယ်၊ နို့မဟုတ်ရင်....'

'ငါနားလည်ပါတယ်ကွာ၊ မြန်မြန် သွားပို့လိုက်ကြရအောင်'

သူဌေးကြီး ရှောင်စန်းမှာ နာမည်ကြီး သူဌေးကြီးဖြစ်ရာ ကျွင်းလိမ်မြို့မှာ လူတိုင်းလိုလို သိရှိထားကြပေတော့သည်။

တစ်ခဏတာမျှ မေးမြန်းပြီးသည်နှင့် သူဌေးကြီးရှောင်စန်း၏ ရတနာစံအိမ်တည်ရှိနေသည့် နေရာကို သိလိုက်ကြရ၏။

ထို့ကြောင့် နှစ်ယောက်သား ခပ်သွက်သွက် ထွက်လာခဲ့ကြလေသည်။ သူဌေးကြီးရှောင်စန်း၏ ရတနာစံအိမ်မှာ မြို့အရှေ့ပိုင်း၌ တည်ရှိပေသည်။

ကျယ်ဝန်းလှသည့် ခြံဝင်းကြီးတစ်ခုအတွင်း၌ ဆောက်လုပ်ထားသည့် စံအိမ်ကြီး ဖြစ်လေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့ ရောက်ရှိလာကြသောအခါ ခြံဝင်းရှေ့၌ အစောင့်အကြပ်များ ရှိနေသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ယန်ခွမ်းက....

'ချူးရှာ မင်းသွားပေးလိုက်ပါလား၊ ငါအပြင်ကပဲ စောင့်နေမယ်'

ဟု ပြောလေသည်။

ချူးရှာ ပခုံးတွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဖြစ်မလဲကွ၊ ငါတစ်ယောက်တည်း မဝင်ချင်ဘူး၊ မင်းပါ လိုက်ခဲ့ရမယ်'

'မင်းစခဲ့တဲ့ကိစ္စ မင်းပဲဆုံးအောင် ရှင်းပေါ့'

'လာစမ်းပါကွာ၊ ငါတို့ကို သူတို့ကိုက်မစားပါဘူး၊ မြန်မြန် ပေးပြီး မြန်မြန်ပြန်ကြတာပေါ့'

ချူးရှာက အတင်းခေါ်နေသဖြင့် ယန်ခွမ်းလည်း မတတ်သာဘဲ လိုက်ပါသွားရလေသည်။

ထိုအချိန်တွင် ခြံဝင်းအတွင်းမှ မြင်းလှည်းတစ်စီး ထွက်လာသည်ကို တွေ့မြင်ကြရလေသည်။

မြင်းလှည်းသည် ယန်ခွမ်းနံဘေးမှ အရှိန်ပြင်းစွာ မောင်းနှင်သွား၏။ မြင်းလှည်းအတွင်း၌ လိုက်ပါသွားသူအား ရိပ်ခနဲ မြင်တွေ့ရလေသည်။

ချူးရှာ မကျေမနပ် ဖြစ်သွားသည်။

'တော်တော်ရမ်းကားတဲ့ မြင်းလှည်းသမားပဲ'

ဟု ပြစ်တင် ပြောဆိုလိုက်လေသည်။

ယန်ခွမ်းကား မြင်းလှည်းအတွင်း၌ လိုက်ပါသွားသူအား မြင်းဖူးသည်ဟု ထင်မှတ်မိသဖြင့် မျက်မှောင်ကြုတ်ကာ စဉ်းစား လိုက်ပါသော်လည်း မည်သူမည်ဝါဖြစ်ကြောင်း မမှတ်မိချေ။

ဤသို့ဖြင့် သူတို့နှစ်ယောက် ခြံဝင်းရှေ့သို့ ရောက်သွားလျှင်....

'ရပ်လိုက်စမ်း၊ မင်းတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ'

အစောင့်တစ်ယောက်က အော်ငေါက်ကာ မေးမြန်းလာလေတော့သည်။



ချူးရှာက....

'သူဌေးကြီးရှောင်စန်းနဲ့တွေ့ဖို့ လာခဲ့တာဗျ၊ သူ့အတွက် ပစ္စည်းတစ်ခု ပေးစရာရှိလို့'

လက်ထဲမှအထုပ်ကလေးကို မြှောက်ပြကာ ပြောလိုက်လေသည်။

အစောင့်သည် ယန်ခွမ်းနှင့် ချူးရှာတို့အား သေသေချာချာ အကဲခတ်ကြည့်လိုက်၏။

ချူးရှာ၏လက်ထဲမှ အထုပ်ကို စိတ်ဝင်စားသွားဟန် ရှိလေတော့သည်။

'ဘာပစ္စည်းလဲ မင်းတို့ ဘယ်သူတွေလဲ'

ဟု ထပ်မေးလာလေသည်။

ချူးရှာက....

'ဘာပစ္စည်းလဲဆိုတာတော့ ကျုပ်တို့လဲမသိဘူး၊ သတ္တိရှင်အာမခံဌာနက လူတစ်ယောက် လူကြုံပေးလိုက်တာ'

သတ္တိရှင်အာမခံဌာနဟူသော အမည်ကြားလျှင် အစောင့်များ၏မျက်နှာထား ပြောင်းလဲသွားလေသည်။

ချက်ချင်းပင် ဖော်ဖော်ရွေရွေ ဖြစ်လာသည်။

'ဪ...သတ္တိရှင်အာမခံဌာနကကိုး၊ လာ လာ...သူဌေးကြီး ရှိပါတယ်၊ ခင်ဗျားတို့ကို မျှော်နေတာဗျ'

ပြုံးပြုံးရွှင်ရွှင်ဖြင့် ဖိတ်ခေါ်လေသည်။

ရတနာစံအိမ်ဆီသို့လည်း ကိုယ်တိုင်ကိုယ်ကျပင် လိုက်ပို့ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းတို့အား ဧည့်ခန်းကျယ်ကြီးတစ်ခုအတွင်း၌ နေရာချထားပေး၏။

ခြံဝင်းအဝင်ဝတွင် အစောင့်အကြွပ်များ ရှိသော်လည်း ရတနာ့စံအိမ်၌မူ တစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

ယန်ခွမ်းနှင့် ချူးရှာတို့သည် သူဌေးကြီး ရှောင်ဝန်းအား စောင့်ဆိုင်းရင်း ဟိုဟိုသည်သည် အကဲခတ် ကြည့်မိကြလေသည်။

ဧည့်ခန်းအကွင်း၌ အမွှေးပွ ကော်ဇောခင်းကျင်းထားပါ၏။ အသုံးအဆောင် ပရိဘောဂ ပစ္စည်းတိုင်းလိုလို အဖိုးတန် အကောင်းစား ပစ္စည်းများချည့်သာ ဖြစ်ပေသည်။

နံရံများပေါ်၌ ပန်းချီကားချပ်များ ချိတ်ဆွဲထား၏။ ဧည့်ခန်းအပြင်အဆင်ကို တွေ့မြင်ရရုံဖြင့် သူဌေးကြီးရှောင်ဝန်းသည် အလွန် ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း သိနိုင်ပေတော့သည်။

ယန်ခွမ်းသည် မီးသွေးတုံး၏ တဲအိမ်ကလေးကို မျက်လုံးထဲ မြင်ယောင်လာလေသည်။

ချမ်းသာကြွယ်ဝမှုခြင်းကား ဆီနှင့်ရေပမာ ကွာခြားလှပေသည်။

သို့သော် မီးသွေးတုံးသည် စိတ်ချမ်းသာမှုကို ပိုင်ဆိုင်ထားသည်။ သူဌေးကြီးရှောင်ဝန်းသည် ချမ်းသာကြွယ်ဝမှုကို ပိုင်ဆိုင်သော်လည်း စိတ်ချမ်းသာမှု ရရှိထားပါမည်လော...

စိတ်ချမ်းသာမှုမရှိက ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှုသည် အချည်းနှီးပင် ဖြစ်ချေသည်။



ယန်ခွမ်း ထိုသို့တွေးတောစဉ်းစားနေတုန်းမှာပင် ပြေးလွှားလာသည့် ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လှမ်းကြည့်လိုက်သောအခါ...

'ဖေဖေ၊ သမီးရဲ့ကြိုးလှောင်အိမ်ကို မမြင်မိပေးတော့ဘူးလား'

ချိုလွင်သာယာလှသည့် စကားသံနှင့်အတူ လှပချောမောလွန်းသည့် မိန်းကလေးတစ်ယောက် ပြေးဝင်လာသည်ကို တွေ့မြင်ရလေသည်။

ရုတ်တရက်မို့ ယန်ခွမ်းတို့ ကြောင်အမ်းအမ်း ဖြစ်သွား ကြသလို မိန်းကလေးလည်း တန့်ခနဲရပ်သွားပါ၏။

လူစိမ်းနှင့်ယောက်ကို တွေ့မြင်လိုက်ရသည်ဖြစ်၍ ရှက်သွေး ဖြန်းကာ သူမ၏ပါးပြင်နှစ်ဘက် နီရဲသွား၏။

ယန်ခွမ်းနှင့် ချူးရှာအား တစ်ချက် စေ့ကြည့်လိုက်ပြီးလျှင် အခန်းအပြင်ဘက်သို့ လှစ်ခနဲပြန်လည် ပြေးထွက်သွားလေသည်။

သူမ မြင်ကွင်းမှကွယ်ပျောက်သွားသည်နှင့်...

'တော်တော်ချောတဲ့ မိန်းကလေးပဲကွ'

ဟု ချူးကျူးလိုက်၏။

ယန်ခွမ်း ဘာမျှမပြောချေ။

'သူဌေးကြီးရှောင်ဝန်းရဲ့ သမီး ဖြစ်မယ်ထင်တယ်၊ မင်း သဘောမကျဘူးလား'

ဟု မေးလိုက်သည်။

ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ချူးရှာ မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ တော်ကြာ သူဌေးကြီး ကြားသွားရင်....'

သူ၏စကားဆုံးအောင် မပြောလိုက်ရပါချေ။

ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဥပဓိရုပ်ကောင်းသူ ဖြစ်လေသည်။

ထိုလူ၏ဝတ်စားဆင်ယင်ပုံကို မြင်ရရုံဖြင့် သူဌေးကြီးရွှေဘင်စန်း ဖြစ်ကြောင်း ယန်ခွမ်းတို့ ရိပ်မိလိုက်ကြ၏။

သူတို့ ထိုင်ရာမှ ထလိုက်ကြသောအခါ ထိုလူက....

'ထိုင်...ထိုင်ကြပါ၊ ကျုပ် ချက်ချင်း ထွက်မလာနိုင်တာကို ခွင့်လွှတ်ကြပါ'

ဟု ပျူပျူငှာငှာ ပြောလေသည်။

ထိုလူရောက်လာမှ မိမိတို့အား ထိုင်စောင့်ခိုင်းသော်လည်း ဧည့်ခံကျွေးမွေးခြင်း မရှိဘဲ လျှင်လျူရှုထားသည့် အဖြစ်ကို ယန်ခွမ်း သတိပြုမိလာလေသည်။

ထိုလူသည် ယန်ခွမ်းတို့အနီးသို့ ရောက်လာပြီး....

'မင်းတို့က ကျုပ်အတွက် ပစ္စည်းတစ်ခု လာပို့ပေးကြတယ်လို့ ကျုပ်လူတစ်ယောက် လာပြောတယ်၊ အဲဒါ....'

စကားကိုရပ်ကာ စေ့ကြည့်လေသည်။

ချူးရှာက....

'ဦးဟာ သူဌေးကြီးရွှေဘင်စန်း ဟုတ်ပါသလား ခင်ဗျာ'

ဟု မေးလိုက်သည်။



ထိုလူ ပြုံးလိုက်သည်။

'ကျုပ်ပါပဲကွယ်'

ချူးရှာက အထုပ်ကလေးကို လှမ်းပေးလိုက်လေသည်။

သူဌေးကြီးရွှေဘင်စန်း လက်ခံယူလိုက်သော်လည်း ဖွင့်မကြည့်ချေ။ ချူးရှာက သတ္တိရှင်အာမခံဌာနမှလူနှင့် တွေ့ဆုံခဲ့ရပုံကို ရှင်းပြလိုက်လေသည်။

ထိုအခါ သူဌေးကြီးရွှေဘင်စန်းက တအံ့တသြ ဖြစ်သွားပြီး....

'လူကိစ္စသတ်တော့ မင်းတို့က သတ္တိရှင် အာမခံဌာနက မဟုတ်ဘဲကိုး'

ပြောပြောဆိုဆို အထုပ်ကလေးအား ဖွင့်ကြည့်လိုက်လေ၏။

အထုပ်ပြေသွားသောအခါ ယန်ခွမ်းနှင့် ချူးရှာတို့ စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်သွားရပါသည်။

အကြောင်းကား အထုပ်ထဲ၌ ပြိုးပြိုးပျက်ပျက် ဝင်းလက်နေသည့် အဖိုးတန် လက်ဝတ်ရတနာများ ပါရှိနေသည် မဟုတ်ပါလား....

သူဌေးကြီးရွှေဘင်စန်းသည် ရတနာပစ္စည်းများအား စစ်ဆေးကြည့်လိုက်ပြီးလျှင် အထုပ်ကလေးကို ပြန်ထုပ်လိုက်သည်။

သူ၏မျက်နှာတွင် အံ့သြသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

ယန်ခွမ်းနှင့် ချူးရှာအား စေ့ကြည့်လိုက်ပြီး....

'အဖိုးတန်ပစ္စည်းတွေ ပါတယ်ဆိုတာ မင်းတို့ မသိကြဘူးလား'

ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းနှင့် ချူးချာတို ဘာမှမပြောဘဲ နေလိုက်ကြသည်။
သူဌေးကြီးရှောင်ဇန်း သက်ပြင်းချလိုက်သည်။

'ဒီပစ္စည်းတွေဟာ အနည်းဆုံး ငွေ နယ် သိန်း ဖိုး လောက်တန်ဖိုးရှိတယ်ကွ၊ မင်းတို့လာမပေးဘဲ ယူသွားကြမယ်ဆိုရင် ကျုပ်ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး'

ချူးရှာက...

'ကျွန်တော်တို့ ယူပြေးမယ့်လူတွေ မဟုတ်ပါဘူးခင်ဗျာ'

'ဟာ ဟုတ်တယ်...ဟုတ်တယ်၊ မင်းတို့ကို ကျုပ်က ချီးကျူးတာပါ၊ ခုလိုလာပို့တဲ့အတွက် ကျေးဇူးဆပ်မှာပါ၊ ကဲ ထိုင်ကြပါဦး'

ယန်ခွမ်း ခေါင်းယမ်းလိုက်လေသည်။
'ကျွန်တော်တို့မှာ သွားစရာရှိသေးလို့ မထိုင်ပါရစေနဲ့တော့ ခင်ဗျာ'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ သွားစရာရှိသေးလို့ပါ'

ချူးရှာကလည်း ဝင်ပြောလိုက်လေသည်။

သူဌေးကြီး ရှောင်ဇန်းက...
'မင်းတို့ ဘယ်ကိုသွားကြမလို့လဲကွ'
'ဟို...'

ချူးရှာနှင့် ယန်ခွမ်းတို့ ရုတ်တရက် မည်သို့ ဖြေရမှန်းမသိဖြစ်သွားကြ၏။



သူဌေးကြီးရှောင်ဇန်း ပြုံးလိုက်သည်။
'ဘာလဲ...မင်းတို့က ငါ့ကို အားနာနေလို့လား၊ မလိုပါဘူး၊ မင်းတို့ကြောင့် ငါ့ပစ္စည်းတွေ ဆုံးရှုံးခဲ့ရတာ၊ ငါ့ဆီမှာ တစ်ရက် နှစ်ရက်လောက် နေမသွားဘူးဆိုရင် ငါကျေနပ်နိုင်မှာ မဟုတ်ဘူး၊ မင်းတို့ကို ကျေးဇူးဆပ်ဖို့ ငါ့မှာ တာဝန်ရှိပါတယ်'

ယန်ခွမ်းနှင့် ချူးရှာတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပါသည်။

ချူးရှာက...

'ငါတို့မှာ ငွေမြှတ်နေတာနဲ့ အတော်ပဲ၊ ဒီမှာ တစ်ရက်လောက် နေလိုက်ကြရအောင်၊ နောက်မှ မီးစင်ကြည့်ကကြတာပေါ့'

ဟု တိုးတိုး ပြောလေသည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်၏။

'ကောင်းသားပဲ'

ထိုသို့ သဘောတူပြီးမှ မှားများ မှားသွားလေပြီလားဟု သံသယဝင်မိပြန်ပါသည်။

သူဌေးကြီးရှောင်ဇန်း၏ ဖိတ်ခေါ်ချက်ကို အဘယ့်ကြောင့် အလွယ်တကူ လက်ခံလိုက်ရပါသနည်း။

သူတို့အခု ငွေပြတ်သွားသည်မှာ အဓိကအကြောင်းမဟုတ်မှန်း နှစ်ယောက်စလုံး နားလည်ထားကြပေသည်။
တစ်ဒင် တွေ့မြင်လိုက်ရသည့် မိန်းကလေးကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း မဆုံးဖြတ်တတ်တော့ပါ။ သူဌေးကြီးရှောင်စန်းသည် သူတို့နှစ်ယောက်အား ဝမ်းသာအားရ လက်ခံ၍ ကျွေးမွေးပြုစုခဲ့လေတော့သည်။

....၀....

ည....

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

အေးမြသော လရောင်အောက်တွင် ပန်းဥယျာဉ်ကြီးမှာ သာယာလှပနေပေသည်။

ညဉ့်နက်ပြီ ဖြစ်သော်လည်း ယန်ခွမ်း အိပ်မပျော်သေးပါ။ သူတို့အတွက် စီစဉ်ပေးထားသည့် အခန်း၏ ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက်သို့ ငေးမောကြည့်နေမိသည်။

ကောင်းကင်ပေါ်မှ လဝန်းကို ကြည့်လိုက်သော အခါ မိန်းကလေးတစ်ယောက်၏ ပုံရိပ် ထင်ဟပ်နေသည်ကို တွေ့လေသည်။



ထိုမိန်းကလေးသည် ညှော်ခန်းအတွင်း၌ အမှတ်မထင် တွေ့မြင်ခဲ့ရသည့် မိန်းကလေး ဖြစ်ပေသည်။

သူမသည် သူဌေးကြီး ရှောင်စန်း၏ သမီး ဖြစ်ကြောင်း ထင်ရှားနေချေပြီ။

သူ၏ဘဝနှင့် သူမ၏ဘဝမှာ ကွာခြားလွန်းလှသည် မဟုတ်ပါလား။

ဥစ္စာဓန ကုံလုံကြွယ်ဝခြင်းမရှိသည့်အပြင်တစ်ချိန်ကဒုစရိုက်သမားများဖြင့် ဖွဲ့စည်းထားသည့် ဒေါင်းနဂါးဂိုဏ်းအား ဦးဆောင်ခဲ့သူတစ်ယောက် ဖြစ်ခဲ့ပေသည်။

အတိတ်မှ အရိပ်မည်းကြီးသည် သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလျက် ရှိနေ၏။

'ငါက မီးသွေးတုံးကို အားကျနေလို့များလား'

ယန်ခွမ်း တီးတိုး ရေရွတ်မိသည်။

လူမှန်လျှင် အချိန်အရွယ်ရောက်သောအခါ ဘဝကြင်ဖော် ရှာဖွေတတ်ကြရိုးထုံးစံ ရှိပေသည်။

သူ့အတွက်မူကား....

ယန်ခွမ်း သက်ပြင်းအခါခါ ချမိတော့သည်။

ဆက်လက် တွေးတောခြင်း မပြုတဲ့ အိပ်စက်တော့မည်ဟု ဆုံးဖြတ်ကာ ပြတင်းပေါက်အနီးမှ ခွာလိုက်သည်။

ထိုအချိန်မှာပင် ချိုလွင်သာယာသော စောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ယန်ခွမ်းချက်ချင်းပင် ပြတင်းပေါက်ဘက် ပြန်လှည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စောင်းသံသည် ပန်းဥယျာဉ်အတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

စောင်းသံကို ကြားရသည်မှာ စိတ်ကြည်နူးဖွယ် ကောင်းလှပေသည်။

ယန်ခွမ်း စိတ်ဝင်စားသွား၏။

'အယ်သူများ တီးခတ်နေတာပါလိမ့်'

စောင်းတီးနေသူအား တွေ့လိုစိတ်များ မြင့်မြလာ၏။

ထို့ကြောင့် ပြတင်းပေါက်တံခါးကို ကျော်၍ အပြင်ဘက် ထွက်လိုက်လေသည်။ အပြင်ဘက်၌ လေပြည်လေညင်း ငြိမ့်ငြိမ့် တိုက်ခတ်နေပါ၏။

မွေး ကြိုင် သင်း ပျံ့ သည့် မန်းရနံ့များ လွင့်ပျံ့နေသည်။ ယန်ခွမ်းသည် စောင်းသံ ထွက်ပေါ်လာရာဆီသို့ မှန်းဆကာ လျှောက်သွားသည်။

ပန်းပင်များကြားမှ အတန်ကြာ ကွေ့ပတ်လျှောက်သွားပြီးလျှင် ပန်းဥယျာဉ်အား အလှဆင်ရန် တူးဖော်ထားသည့် ရေကန်ကလေးအနီးရှိ ကျောက်ခုံပေါ်ဝယ် မိန်းကလေးတစ်ဦး ထိုင်ကာ စောင်းတီးခတ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ယန်ခွမ်း ရှေ့ဆက်မတိုးဝံ့တော့ပါ။

သစ်ပင်တစ်ပင်နောက်၌ ရပ်ကာ ငေးကြည့်နေမိလေသည်။

မိန်းကလေးသည် ပန်းရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

လရောင်အောက်တွင် ငွားငွားစွင့်စွင့် ဖူးပွင့်နေသည့် ပန်းကလေးများနှင့် အလှချင်းပြိုင်နေသူလေး ဖြစ်ပေသည်။



'ညနေခင်းမှာတွေ့ခဲ့ရတဲ့ မိန်းကလေးပါလား'

ယန်ခွမ်း စိတ်ထဲမှ ရေရွတ်မိ၏။

မှန်ပေသည်။

ထိုမိန်းကလေးမှာ သူဌေးကြီးရှောင်စန်း၏သမီး သခင်မလေး ရှောင်ရှောင် ဖြစ်လေသည်။

ရှောင်ရှောင်သည် ပတ်ဝန်းကျင်ကိုမေ့လျော့ကာ လွမ်းဆွေးဖွယ်ကောင်းသည့် တေးသွားအလိုက် တစ်ခုကို ညင်သာစွာ တီးခတ်နေပါ၏။

ယန်ခွမ်းသည် ရှောင်ရှောင်၏ အလှတွင် ယစ်မူးသွားလေသည်။

သူမအား ငေးမောကြည့်နေရင်း အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်ကိုပင် သတိမပြုမိခဲ့ချေ။

စောင်းသံ တဖြည်းဖြည်း တိုးတိတ် ကွယ်ပျောက်သွား၏။

ရှောင်ရှောင်သည် စောင်းကိုပိုက်ကာ ထိုင်ရာမှထလိုက်လေသည်။

ငေးကြည့်နေသည့် ယန်ခွမ်း ယခုမှသတိဝင်လာသည်။

မိန်းကလေးတစ်ယောက်အား အသိမပေးဘဲ ခိုးကြည့်နေသည်မှာ သိက္ခာကင်းမဲ့သည့်လုပ်ရပ် ဖြစ်သည်ဟု သတိပြုမိလိုက်သည်နှင့် ကမျာကယာနောက်ဆုတ်ရန် ဟန်ပြင်လိုက်လေသည်။

ကျွိုင်...

'ဖြောက်...'

www.burmeseclassic.com

www.burmeseclassic.com



သစ်တိုင်းခြောက်တစ်ခုအား တက်နင်းမိလိုက်ရာ သစ်ကိုင်းကျိုးသံ ထွက်ပေါ်လာ၏။

တိတ်ဆိတ်နေသည့်ညဥ့်ယံတွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ဟု ထင်မှတ်ရလေသည်။

ယန်ခွမ်း လန့်ဖျပ်သွား၏။

ရှောင်ရှောင်လည်း ရင်ထိတ်သွားပုံရလေသည်။

'ဘယ်သူလဲ'

မေးရင်း ခပ်သွက်သွက် လှမ်းလာ၏။

ယန်ခွမ်း ရှောင်တိမ်းသွားရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

ရှောင်ရှောင်သည် သူ၏အနီးသို့ ရောက်ရှိလာပြီးလျှင်....

'ဘယ်သူလဲ ပြောစမ်း'

အော်ငေါက်ကာ စောင်းဖြင့် ရိုက်ချလာလေသည်။

ယန်ခွမ်းမှာ ရှင်းပြရန်အချိန်မရဘဲ လက်ဖြင့် ကပျာကယာ ခုခံပေးလိုက်ရ၏။

'ခွမ်း....'

ဗျတ်စောင်း ကွဲအက်သွားသည့်အသံ ထွက်ပေါ်လာ၏။

ရှောင်ရှောင်သည် စောင်းကို လွှတ်ချလိုက်ပြီး လက်ဝါးနှစ်ဘက်ဖြင့် ထပ်မံတိုက်ခိုက်လေသည်။

ယန်ခွမ်း နောက်သို့ ခုန်ရှောင်လိုက်၏။

'ရှင် ဘယ်သူလဲ၊ ဘာကြောင့် ခြံဝင်းထဲကို ကျူးကျော်ဝင်လာရတာလဲ'



ရှောင်ရှောင်က လက်ရဖမ်းဆီးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပို၍ ပြင်းထန်စွာ တိုက်ခိုက်လာပါ၏။

သူမ၏တိုက်ကွက်များကြောင့် ယန်ခွမ်း ထွက်ပြေးသွားရန် မဖြစ်နိုင်တော့ပါချေ။

ရှောင်ရှောင်၏ လက်ဝါးရိုပ်များသည် သူ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်ပြီ မဟုတ်ပါလား။

နုနယ်ချောမောသည့် မိန်းကလေးတစ်ယောက် သိုင်းပညာ ထက်မြက်လိမ့်မည်ဟု ယန်ခွမ်း မထင်ခဲ့ပါ။

တအံ့တသြ ဖြစ်နေစဥ်မှာပင် ရှောင်ရှောင်၏ လက်ဝါး တစ်ချက် ထိသွားသဖြင့်....

'ဝုန်း....'

'အွန့်....'

ယန်ခွမ်း ဒယီး ဒယိုင်ဖြင့် နောက်ဆုတ်သွားရ လေတော့သည်။

သို့တိုင်....

ရှောင်ရှောင်က အလွတ်မပေးပါချေ။

ယန်ခွမ်းထံသို့ လျှပ်တစ်ပြက်ခုန်ဝင်လာပြီး ထပ်မံတိုက်ခိုက် လိုက်လေသည်။

ယန်ခွမ်းမှာ သူမ၏ လက်ဝါးရိုက်ချက်ကြောင့် အတော်ကလေး နာသွားပြီ ဖြစ်သည်။

ထို့ကြောင့် ထပ်မံတိုက်ခိုက်ခြင်းခံရပါလျှင် သက်သာမည်မဟုတ်ဟု တွေးမိသဖြင့် ကပျာကယာ မြေပေါ်လူးလိမ့်ကာ ရှောင်တိမ်းလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ပြေးလို့ လွတ်မလား'

ရှောင်ရှောင်က ထက်ကြပ်မကွာ လိုက်လံ တိုက်ခိုက်လေသည်။

ယန်ခွမ်းသည် ရှောင်တိမ်းနေသည့်ကြားမှ လွတ်မြောက်ရန် လမ်းမမြင်တော့သဖြင့် တိတ်လန့်သွား၏။

သူ၏ဘဝတစ်လျှောက် ရန်သူက တစ်ချက် တိုက်ခိုက်လျှင် တစ်ချက် ပြန်လည်တိုက်ခိုက်ခဲ့သည်ချည်း ဖြစ်သည်။

အရွယ်ရောက်လာသည့်အခါ ဒေါင်းနဂါးဂိုဏ်း ခေါင်းဆောင် ဖြစ်လာသည့်အခါ သူ့ကပင် လက်ဦးမှုယူကာ တိုက်ခိုက်နိုင်ခဲ့သည်ချည်း ဖြစ်လေသည်။

ထို့ကြောင့် ရှောင်တိမ်းရာ၌ ဟန်မကျပန်မကျ ဖြစ်ခဲ့ရသလို သဘောလွှတ်သွားသည်။

တဒင်္ဂ အချိန်ကလေးတွင် ပြန်လည် တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

အနှုတ်မဆင် လှူးလိမ့်ရင်း ခြေထောက်ဖြင့် လှမ်းကန်လိုက်မိသည်။

ရှောင်ရှောင့်မှာ တရကြမ်း ပြေးလိုက်လာသည့် ဖြစ်ရာ ယန်ခွမ်း၏ ကန်ချက်သည် ခြေ့ခြေချင်း လှမ်းချိတ်လိုက်သကဲ့သို့ ဖြစ်သွားပြီး....

'အမယ်လေး'

ရှောင်ရှောင်၏ ညည်းညူသံကလေး ထွက်ပေါ်လာ၏။

သူမ၏ ခန္ဓာကိုယ်လေး ယိမ်းယိုင်သွားပြီး ယန်ခွမ်း၏ကိုယ်ပေါ်သို့ လဲကျလာလေသည်။



သူမ တစ်စုံတစ်ခုဖြစ်သွားမည်ကို စိုးရိမ်မိသော ယန်ခွမ်းကပျာကယာ ဆီးကြိုပွေ့ဖက်ထားလိုက်၏။

ဤတွင် ရှောင်ရှောင်သည် ယန်ခွမ်း၏ရင်ခွင်ထဲ ရောက်ရှိသွားလေတော့သည်။

ယန်ခွမ်းသည်သူမအားပွေ့ဖက်ထားမိသကဲ့သို့ ရှောင်ရှောင်မှာ ရုတ်တရက် ရုန်းထွက်ရန် သတိမေ့နေ၏။

သို့သော် တစ်ခဏအတွင်း သတိဝင်လာပြီး....

'လွှတ်စမ်း'

အော်ဟစ်ကာ ယန်ခွမ်း၏ရင်ခွင်ထဲမှ ရုန်းထွက်လိုက်၏။ ယန်ခွမ်းလည်း သတိဝင်လာပြီး လွှတ်ပေးလိုက်လေသည်။

နှစ်ယောက်သားခုန်ထမိလိုက်ကြသည်နှင့် ရှောင်ရှောင်က....

'လူယုတ်မာ'

အော်ဟစ်ရင်း ယန်ခွမ်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ယခုတစ်ကြိမ်တွင် ယန်ခွမ်းသည် ပြန်လည်တိုက်ခိုက်ရန် စိတ်မကူးသကဲ့သို့ ခုခံရန်လည်း စိတ်မကူးတော့ချေ။

ရှောင်ရှောင်ကို ငေးကြည့်ကာ မလှုပ်မယှက် ရပ်ကြည့်နေလေသည်။ လရောင် ဖြာကျနေပါသည်။

သူတို့နှစ်ယောက် နီးကပ်စွာ ရှိနေသဖြင့် တစ်ယောက်ကို တစ်ယောက် တွေ့မြင်နေကြရ၏။

ရှောင်ရှောင်သည် ယန်ခွမ်း၏မျက်နှာကို သေသေချာချာ တွေ့မြင်ရလျှင် သူမ ဖခင်၏ ညီသည်ဖြစ်မှန်း မှတ်မိသွားပုံ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....ရှင်....ရှင်'

ယန်ခွမ်းလည်း သတိဝင်လာသည်။

'ကျုပ်က အိပ်မပျော်တာနဲ့ စောင်းသံကြားလို့ ဆင်းလာမိတာပါ၊ ညီမကို တမင်ဒုက္ခပေးချင်လို့ မဟုတ်ပါဘူး'

ဟု ရှင်းပြလိုက်လေသည်။

ရွှောင်ရွှောင်၏ပါးပြင်နှစ်ဘက် နီရဲလျက်ရှိနေပါ၏။ ယန်ခွမ်းအား စိုက်ကြည့်နေရာမှ မျက်လုံးချင်း မဆိုင်ဝံ့တော့သကဲ့သို့ မျက်လွှာကလေး ချလိုက်လေသည်။

ယန်ခွမ်းက....

'ညီမကို နှောင့်ယှက်သလိုဖြစ်သွားရင် အစ်ကို့ကို ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်ကွယ်'

ဟု သူ၏တစ်သက်တာတွင် အညင်သာဆုံးလေသံဖြင့် ပြောလိုက်လေသည်။

ရွှောင်ရွှောင်၏ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်ခါသွား၏။

ယန်ခွမ်းက....

'အစ်ကို တောင်းပန်ပါတယ်၊ ခုလိုဖြစ်ရတာ ဝမ်းနည်း....'

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားရ၏။

အကြောင်းမှာ ရွှောင်ရွှောင်သည် သူ၏ရှေ့မှ သုတ်ခနဲ ပြေးထွက်သွားခြင်းကြောင့် ဖြစ်လေသည်။

'ညီမ'

ယန်ခွမ်းက ခေါ်လိုက်သော်လည်း သူမလှည့်မကြည့်တော့ပါ။



ပန်းပင်များကြားမှဖြတ်ကာ ပြေးသွားပြီး တစ်ခဏအတွင်း ပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

ယန်ခွမ်း ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့၏။

သူ၏နှလုံးသားမှာ ရွှောင်ရွှောင် နောက်သို့ ပါသွားပြီဟု ခံစားနေရလေတော့သည်။

....၁....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်နေလေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့သည် မြင်းကိုယ်စီဖြင့် ခရီးနှင်နေကြ၏။

သူတို့သည် ကျင်းလိန်မြို့မှ ထွက်လာခဲ့ကြပြီ ဖြစ်လေသည်။ ယန်ခွမ်း၏မျက်နှာ တစ်ချိန်လုံး ညှိုးလျော်နေခဲ့သည်ကို ချူးရှာ သတိပြုမိလေသည်။

ကျင်းလိန်မြို့နှင့် အတော်ဝေးဝေးသို့ရောက်လာမှ မအောင့် အည်းနိုင်တော့ဘဲ....

'ယန်ခွမ်း၊ မင်းဘာဖြစ်နေတာလဲ ပြောစမ်းပါဦးကွ'

www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းမေးလိုက်၏။

ယန်ခွမ်း ခေါင်းယမ်းလိုက်သည်။

'ဘာမှ မဖြစ်ပါဘူးကွာ'

'ဘာမှ မဖြစ်ဖူးသာ ပြောတယ်၊ မင်းမျက်နှာ မှုန်ကုပ်ကုပ်ကြီး ဖြစ်နေပါလားကွ'

ယန်ခွမ်း ငြိမ်နေလိုက်လေသည်။

ချူးရှာက....

'ဘာလဲ၊ မင်းက သူဌေးသမီး ရှောင်ရှောင်ကို သဘောကျနေလို့လားကွ'

ဟု မေးလေသည်။

ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ဟာကွာ မဟုတ်မဟာ၊ ငါ့လို ခြေသလုံးအိမ်တိုင်သမားတစ်ယောက်နဲ့ ရှောင်ရှောင်လို သူဌေးသမီး ဘယ်လိုလုပ် နီးစပ်နိုင်မှာလဲကွာ'

သူ၏စကားသည်ပင် သူ၏မျက်နှာ အဘယ့်ကြောင့် မှုန်ကုပ်ကုပ်ဖြစ်နေရကြောင်း ပေါ်လွင်ထင်ရှားပေတော့သည်။

ချူးရှာ ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား၊ မင်းကသာ မနီးစပ်နိုင်ဘူး ပြောနေ၊ ရှောင်ရှောင်က မင်းကိုသဘောကျနေတာ သေချာတယ်'

'ဘယ်လို'

'ယန်ခွမ်း မင်းက ငါ့ကို လူနုံလူအတစ်ယောက်လို့ မြင်ထင်နေသလား၊ ငါလူကဲခတ် မညံ့ပါဘူးကွ၊ ရှောင်ရှောင်ဟာ ငါတို့ထွက်သွားတော့မယ်ဆိုတော့ မျက်နှာမကောင်းဖြစ်နေတာ



ရယ်၊ ငါတို့အတွက် မြင်းနဲ့စားနပ်ရိက္ခာ ပြင်ဆင်ပေးဖို့ စီစဉ်နေတာရယ်၊ ဒါတွေကို မင်းသတိမထားမိပေမယ့် ငါသိခဲ့ရတယ်ကွ'

ယန်ခွမ်း အံ့ဩသွားလေတော့သည်။

သူတို့သည် သူဌေးကြီးရှောင်စန်း၏ရတနာစံအိမ်ဘွင့် တစ်ညတာ အိပ်စက်ပြီးနောက် ထွက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

နံနက်ပိုင်းအချိန်က ရှောင်ရှောင်သည် ဖခင်ဖြစ်သူနှင့် တစ်တွဲရှိနေခဲ့ပြီး သူတို့အား အကဲခတ်နေခဲ့ပေသည်။

သူဌေးကြီး ရှောင်စန်းကိုယ်တိုင်ကပင် သမီးဖြစ်သူနှင့် မိတ်ဆက်ပေးခဲ့သေး၏။

သူမ၏မျက်နှာ ညှိုးနေလေရာ ညကအဖြစ်အပျက်ကြောင့်ဟု ယန်ခွမ်း ထင်ခဲ့မိလေသည်။

ချူးရှာပြောသကဲ့သို့ စေ့စေ့ပေါက်ပေါက် သတိမထားမိခဲ့ပါချေ။

ချူးရှာက....

'ယန်ခွမ်းရေ၊ မင်းဘာကြောင့် ခေါင်းမာချင်နေရတာလဲ၊ တကယ်ဆို သူဌေးကြီး ရှောင်စန်းက သူ့ဆီမှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းနေတာကို လက်ခံလိုက်ဖို့ ကောင်းတာပေါ့'

ယန်ခွမ်း သက်ပြင်းချမိသည်။

သူဌေးကြီးရှောင်စန်းသည် သူတို့အား သဘောကျနေပုံရပြီး သူ့ထံတွင် အလုပ်လုပ်ရန် ဖိတ်ခေါ်ခဲ့လေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့မှာ သူဌေးကြီးရှောင်စန်း တားမြစ်နေသည့်ကြားမှ ဇွတ်အတင်းထွက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ချူးရှာ၊ ငါ့အဖေကို တွေ့အောင်ရှာဦးမယ်ဆိုတာ မင်းသိပါတယ်ကွာ၊ ဒါကြောင့် သူနဲ့ပတ်သက်ရင် ဘာမှထပ်မပြောပါနဲ့၊ တောင်းပန်ပါတယ်ကွာ'

ယန်ခွမ်း၏ စကားကြောင့် ချူးရှာ စိတ်မကောင်းဖြစ်သွားလေသည်။

'ကောင်းပြီလေ၊ မင်းသဘောမကျဘူးဆိုရင်လဲ ငါမပြောတော့ပါဘူး၊ ကဲ....တို့ရှေ့ဆက်....'

ရုတ်တရက် အဝေးမှ မြင်းခွာသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ချူးရှာ၏စကား တစ်ပိုင်းတစ်စဖြင့်ရပ်သွားလေသည်။

အရှေ့ဘက်သို့လည်း လှမ်းမျှော် ကြည့်လိုက်ကြလေသည်။

ထိုအခါ ရှေ့ဟူရှုဆီမှ မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်ရလေသည်။

ထိုမြင်းစီးသမားများအနက် ရှေ့ဆုံးမှလူမှာ အဝါရောင်ဝတ်ဆင်ထားသည့် ခေါင်းတုံးကြီးတစ်ယောက် ဖြစ်ပေသည်။

'ရှောင်လင်ကျောင်းတော်ကလူတွေပဲ'

ချူးရှာ မှတ်ချက်ချလိုက်၏။

ယန်ခွမ်းလည်း သတိထားနေလိုက်ရလေသည်။

မြင်းစီးသမားများသည် တစ်ခဏအတွင်းမှာပင် သူတို့အနီးသို့ ရောက်ရှိလာကြသည်။

ခေါင်းဆောင်ဖြစ်ဟန်ရှိသည့် ခေါင်းတုံးကြီးက....

'ဟေ့သူငယ်တွေ၊ ဒီဘက်ကို လူတစ်ယောက် ပြေးလာတာ တွေ့မိလိုက်ကြသလား'



ဟု မေးလေသည်။

ယန်ခွမ်း ခေါင်းယမ်းလိုက်၏။

'ဘယ်သူ့ကိုမှ မတွေ့မိပါဘူး'

'ဒုက္ခပဲ၊ တစ်နေရာရာ ဝင်ပုန်းနေပြီတင်တယ်'

ခေါင်းတုံးကြီးသည် သူ၏လူများအား လက်ဝေ့ယမ်းပြလိုက်ပြီး....

'နောက်ကြောင်းပြန်လှည့်ပြီး ရှာကြမယ်'

ဟု အော်ပြောလိုက်၏။

ထို့နောက် မြင်းဒုန်းစိုင်းစီးနင်းကာ နောက်ကြောင်း ပြန်လှည့်သွားကြလေသည်။

လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထသွား၏။

ခေါင်းတုံးကြီးဦးဆောင်သည့် ရှောင်လင်ကျောင်းမှလူများသည် တစ်ခဏအတွင်း၌ပင် မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေသည်။

ထိုအခါမှ ချူးရှာက....

'သူတို့ ဘယ်သူ့ကို လိုက်ရှာနေသလဲ မဆိုနိုင်ဘူး'

ဟု ညည်းညူလိုက်၏။

ယန်ခွမ်းက....

'သူတို့လိုက်ရှာနေတဲ့လူဆိုတာ အဖော်ကိုအဖရေးပါလို့လားမှ မသိတာ'

'ဖြစ်နိုင်တယ်၊ ငါတို့လိုက်ကြည့်ကြရင် မကောင်းဘူးလား'

ချူးရှာ၏ စကားကို ယန်ခွမ်းလည်း သဘောကျသွားလေသည်။

www.burmeseclassic.com



သူတို့နှစ်ယောက်သည် မြင်းစီးသမားများနောက်သို့လိုက်ရန် ပြင်လိုက်ကြ၏။

ထိုအချိန်မှာပင် သူတို့၏ဘဲဘက်ရှိ ချုံပုတ်တစ်ခု အနည်းငယ် လှုပ်ယမ်းသွားသည်ကို ယန်ခွမ်း သတိပြုမိလိုက်၏။

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး....

'မိတ်ဆွေ...သူတို့မရှိတော့ပါဘူး၊ ကျေးဇူးပြုပြီးထွက်လာခဲ့ပါဗျာ'

ဟု လှမ်းပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ချုံပုတ်ထဲမှ လူတစ်ယောက် တိုးထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူ၏မျက်နှာ ပြုံးစေ့စေ့ဖြစ်နေ၏။

ချူးရှာက...

'ခင်ဗျား ဘယ်သူလဲဗျ'

ဟု ခပ်တည်တည် မေးလိုက်၏။

ထိုလူက ယန်ခွမ်းအား ညွှန်ပြကာ...

'မင်းက ငါ့ကို မမှတ်မိတော့ဘူးလား'

ဟုပြန်မေးလေသည်။

ယန်ခွမ်း ငိုင်သွား၏။

ရုတ်တရက် ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း သူမမှတ်မိပါချေ။

ထိုလူ နှာခေါင်းရှုံ့လိုက်သည်။

'ခုတော့ ငါ့ကိုမေ့သွားပြီပေါ့လေ၊ မင်းကို ငါသာ ဆေးကု မပေးခဲ့ရင် ခုနေသာက်တောင် အသက်ရှင်နေနိုင်ဖို့ မလွယ်ဘူး'

ဟု ခပ်ခေါက်ခေါက် ပြောလေသည်။

ယန်ခွမ်း ငိုင်သွား၏။

သူ့အား မည်သူ ဆေးကုပေးခဲ့ပါသနည်း။

ယန်ခွမ်း တွေးတောစဉ်းစားရစ်း သိုင်းဆရာဝေခုံး၏ လက်ချက်ဖြင့် ဒဏ်ရာရခဲ့စဉ်က ကျားငါးကောင်ဟုကျော်၏မိတ်ဆွေ သမားတော်သည် သူ့အား ကုညီခဲ့သူဖြစ်ကြောင်း သတိရလာလေတော့သည်။

ချုံပုတ်ထဲမှ ထွက်လာသူကို စိုက်ကြည့်ရင်း တဖြည်းဖြည်း မှတ်မိလာလေတော့သည်။

ယန်ခွမ်း၏မျက်နှာ ပြုံးရွှင်သွားပြီး....

'လက်စတပ်တော့ ခင်ဗျားဟာ သမားတော်ကိုး'

'မှန်တာပေါ့ကွာ၊ ငါဆေးကုပေးလိုက်လို့ မင်း အသက်ရှင် နေတာ၊ နို့မဟုတ်ရင်တော့ မလွယ်ဘူးကွ'

ချူးရှာက....

'နေပါဦး၊ ခင်ဗျားက မကြီးမငယ်နဲ့ ဘာကြောင့်ချုံပုတ်ထဲ ဝင်ဆော့နေရတာလဲ၊ ဆေးပင်ဆေးမြစ်တွေ လိုက်တူးနေတာ လား'

ဟု ကြားဖြတ်မေးလိုက်လေသည်။

သမားတော် ဒေါပွသွားလေသည်။

'မင်းအဘတွေက ငါ့နောက်လိုက်ကြတာမတွေ့ဘူးလားကွ'

'ကျုပ်အဘတွေ မဟုတ်ဘူး၊ ခင်ဗျား အဘတွေပါ'

'ဘာကွ'

www.burmeseclassic.com



ပြောရင်း ပြောရင်း အခြေအတင် ဖြစ်လာမည်ကို စိုးရိမ်သဖြင့် ယန်ခွမ်းက ကြားဝင်လိုက်လေသည်။

'ကဲ....တော်ပါတော့ဗျာ၊ ခင်ဗျားကို ခုလို ပြန်ပြီး အကူအညီ ပေးလိုက်နိုင်တာကိုပဲ ဝမ်းသာလှပါပြီ'

သမားတော် လက်ကာပြလိုက်သည်။

'မင်း မကူညီရင် အရေးမကြီးဘူး၊ ငါ့ကို သူတို့တွေအောင် ရှာနိုင်ကြတာမှမဟုတ်တာ'

ယန်ခွမ်း ပြုံးလိုက်သည်။

'ဒီနေရာအနီးတစ်ဝိုက်မှာ မရှိနိုင်ဘူးလို့ ကျွန်တော်ပြောတဲ့ စကားကြောင့် ထွက်သွားကြတာပါ၊ ကဲ....ဒါတွေ ထားလိုက်ပါတော့လေ၊ အခု ခင်ဗျားဘယ်သွားမှာလဲဗျ'

သမားတော် မျက်မှောင်ကြုတ်သွားပြီး....

'နေစမ်းပါဦး၊ ငါလဲ ပြန်မေးပါရစေဦး၊ မင်းက ဒေါင်းနဂါးဂိုဏ်းရဲ့ ခေါင်းဆောင် ဖြစ်နေတယ်မဟုတ်လား'

ဟု မေးလေသည်။

ယန်ခွမ်းက....

'အရင်ကတော့ ဟုတ်ပါတယ်၊ ခု မဟုတ်တော့ပါဘူး'

'ဟေ....မင်းစကားက ဘယ်လိုကြီးလဲကွ'

'ဒေါင်းနဂါးဂိုဏ်းကို ကျွန်တော် ကျောခိုင်းလိုက်ပါပြီ'

ထိုစကားကြားလျှင် သမားတော် အားမလိုအားမရ ဖြစ်သွားလေသည်။

'တောက်....မင်းလောက်ညံ့တဲ့လူ လောကပေါ်မှာ ရှိတော့မှာမဟုတ်ဘူး'



'ကျွန်တော့်ကို ကြိုက်သလိုပြောနိုင်ပါတယ်ခင်ဗျာ'

'နေစမ်းပါဦး မင်းက....'

သမားတော်၏စကားမဆုံးမီ အဝေးမှမြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သမားတော် မျက်နှာပျက်သွား၏။

'ဒုက္ခပဲ၊ ဟိုလူတွေ ပြန်လှည့်လာပြီထင်တယ်'

ပြောရင်း ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

ယန်ခွမ်းက....

'ကျွန်တော့် မြင်းပေါ် တက်ခဲ့'

လှမ်းပြောလိုက်ရာ သမားတော် စွေ့ခနဲ ခုန်တက်လာလေသည်။

ယန်ခွမ်းက ချက်ချင်းပင် မြင်းကိုကြောက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလိုက်၏။

ချူးရှာက နောက်မှလိုက်လာ၏။

သူတို့သည် ရှောင်လင်ကျောင်းမှ လူများ ရောက်မလာမီ အလျင်အမြန် ထွက်ခွာသွားကြလေတော့သည်။

....ဓ....

www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်ကလေးအတွင်း၌ လူရှင်းနေ၏။

ချောင်ကျကျစားပွဲတစ်လုံး၌ ချူးရှာ၊ ယန်ခွမ်းနှင့် သမားတော်တို့ ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

သူဌေးကြီးရှောင်စန်းက ကျေးဇူးဆပ်သည့် အနေနှင့် ငွေအတော်များများပေးလိုက်သည်ဖြစ်ရာ သူတို့အတွက် စားရေးသောက်ရေး ပူပင်စရာ မလိုတော့ချေ။

သမားတော်သည် အရက်သုံးလေးခွက်မျှဆင့်ကာ သောက်လိုက်ပြီးမှ ဟူးခနဲ သက်ပြင်းချလိုက်လေသည်။

တစ်ဖန် ယန်ခွမ်းကိုကြည့်ရင်း....

'လောကပေါ်မှာ မင်းလောက် လိမ်မာတဲ့လူ ရှိတော့မှာမဟုတ်ဘူး'

ဟု ပြောလေသည်။

ထိုစကားကြောင့် ယန်ခွမ်း တဒြတ်အံ့ ဖြစ်သွားရပါ၏။

မကြာသေးမီကပင် လောကပေါ်၌ သူ့လောက်မိုက်မဲသူမရှိဟု ပြောခဲ့သည် မဟုတ်ပါလား။

'ခင်ဗျား ဘာယ်လိုပြောလိုက်တာလဲဗျ'

'ဟဲ....ဟဲ...မင်းက လောကပါလမေးကိုကြောက်လို့ ဒေါင်းနဂါးဂိုဏ်းကို ကျောခိုင်းလိုက်တာ မဟုတ်လား၊ ဟူကျစ်းက မင်းအပေါ် တော်တော် သံယောဇဉ်ရှိတာကွ၊ မင်းရဲ့သတင်းကို အမြဲတမ်း နာ ရှင့်နေတာ၊ သာပြောပြလို့ ဒေါင်းနဂါးဂိုဏ်းမှာ မင်း ခေါင်းဆောင်ဖြစ်နေပြီဆိုတာ ငါသိခဲ့ရတာ၊ အင်း....အခုတော့ ဟူကျင်းတစ်ယောက်လဲ သွားရှာပြီ'

ယန်ခွမ်း၏ခန္ဓာကိုယ် တောင့်တင်းသွားလေသည်။



သူ၏အသက်ကို ကယ်တင်ခဲ့သည့် ကျားငါးကောင်ဟူကျင်းမှာ လောကပါလမေး ယန်ချင်း၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရသည် မဟုတ်ပါလား။

သမားတော်က....

'အခုတလော လောကပါလမေးဟာ ဆိုင်းလောကက အနက်ရောင် သိုင်းသမားတွေကို သဲကြီးမဲကြီး လိုက်ရှာပြီး သုတ်သင်ရှင်းလင်းပစ်နေတယ်၊ သူ့ကြောင့် တခြား အဖြူရောင်သိုင်းသမားတွေပါ အားကျလာတာနဲ့ ငါတို့လို လူစားတွေ ပြေးရလွှားရနဲ့ ဒုက္ခရောက်တာပေါ့ကွာ'

ဟု ပြန်ပြောလေသည်။

လောကပါလမေးယန်ချင်းသည်မကောင်းသူပယ် ကောင်းသူကယ်သည့် အဖြူရောင်သိုင်းသမားကြီးတစ်ယောက် ဖြစ်လေသည်။

အေးချမ်းစွာနေထိုင်လိုသည့် လူကောင်းများ၏ မိတ်ဆွေဖြစ်သော်လည်း မကောင်းမှုမျိုးစုံကို တွင်ဘွင်ကြီး ပြုလုပ်နေကြသည့် ဒုစရိုက်သာခုးများအဘွက်မူ ရန်သူကြီး ဖြစ်နေပေတော့သည်။

ယန်ခွမ်းက သမားတော်အား စေ့စေ့ကြည့်ရင်း....

'ခင်ဗျားကို အဖြူရောင် သိုင်းသမားတွေက ရှင်းပစ်ဖို့ ကြိုးစားနေကြတယ် ဟုတ်လား'

ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်က....

'ငါ့ကိုမှမဟုတ်ဘူး၊ ဒုစရိုက်သမားဆို တစ်ယောက်မှ ချန်မှာမဟုတ်ဘူးကွ၊ မင်းက ဒေါင်းနဂါးဂိုဏ်းကို ကျော်ခိုင်းလိုက်တာမှန်သွားတယ်၊ ဒါပေမယ့် လူတွေက မင်းကို မမေ့ကြသေးဘူး၊ တာကယ်လို့များ နဂါးလေးဟာ မင်းဆိုတာ သိသွားရင် မင်းနောက်ကို တစ်ပြုံ့တစ်မကြီး လိုက်လာကြတော့မှာပဲကွ'

ယန်ခွမ်း ရင်လေးသွားလေသည်။

ဒုစရိုက်နယ်ပယ်၌ကျင်လည်ကျက်စားခဲ့သဖြင့် ထင်ကျန်ရစ်ခဲ့သော အရိပ်ကြီးအား မည်သို့ ဖျောက်ဖျက်ပစ်ရပါမည်နည်း။

သမားတော်က....

'ငါက တောင်ပိုင်းကိုပြေးမယ်လို့ စိတ်ကူးထားတယ်၊ မင်းတို့ကော လိုက်ကြမလား'

ယန်ခွမ်းနှင့်ချူးရှာတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

သမားတော်က....

'ပြည်မမှာ ဆက်နေရင် တစ်နေ့မဟုတ်တစ်နေ့ဒုက္ခတွေ့မှာပဲ၊ လူဆိုးလူမိုက်တွေအတွက် နေရာကျဉ်းသွားပြီကွ၊ ငါသွားမှဖြစ်တော့မယ်'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'ကျွန်တော် မလိုက်သေးဘူး၊ နေရစ်ခဲ့ဦးမယ်'

'ဘာဖြစ်လို့လဲကွ'

'လုပ်စရာလေးတွေ ရှိနေသေးလို့ပါဗျာ'



'အင်း....မင်းက ဘယ်တော့မဆို ကိုယ့်လမ်း ကိုယ်လျှောက်ချင်တဲ့ လူစားမျိုးပဲ၊ ငါလဲ မင်းတို့နဲ့ ကြာကြာမနေနိုင်ဘူး၊ ရော့....မင်းအတွက် ဆေးနည်းနည်းပေးခဲ့မယ်'

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှဆေးပုလင်းကလေးတစ်လုံး ထုတ်ယူပေးလေသည်။

ယန်ခွမ်း မျက်မှောင်ကြုတ်သွားပြီး....

'ဘာဆေးလဲ'

ဟု မေးလိုက်၏။

သမားတော်က....

'မင်း တော်တော်ညံ့တာပဲ၊ မင်းကို ဆေးပေးနေတဲ့လူဟာ အဆိပ်နဲ့ပတ်သက်ရင် တစ်တက်ကမ်းခတ် ကျွမ်းကျင်တယ်ဆိုတာ မင်း မသိဘူးလား၊ ငါ့ရဲ့ အဆိပ်ဖြေဆေးကို ဆောင်ထား၊ မင်းကို ဘယ်သို့အဆိပ်မျိုးမှ ဒုက္ခမပေးနိုင်ဘူး'

ယန်ခွမ်းသည် သမားတော်ကိုကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သည့် ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သူ့အား သမားတော်နှင့် ကျားငါးကောင် ဟူကျင်းတို့သည် သွေးသားရင်းခြာပမာ ကူညီစောင့်ရှောက်ခဲ့သည် မဟုတ်ပါလား။

ယန်ခွမ်း သက်ပြင်းချလိုက်ပြီး....

'ကျွန်တော့်အတွက် အဆိပ်ဖြေဆေး လိုအပ်မယ် မထင်ပါဘူးဗျာ'

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက....

'ယန်နွမ်း မင်းငယ်ပါသေးတယ်ကွာ၊ မင်းကို ငါရှင်းရှင်းပြောလိုက်မယ်၊ မင်းနဲ့ ဒေါင်းနဂါးဂိုဏ်းကို သွေးဝိညာဉ်ဂိုဏ်းက ဩဇာ လွှမ်းမိုးလာတာကို သဘောမကျလို့ မင်းက ကျောင်းခိုး ထွက်သွားတယ်ဆိုတာ ငါကြားပြီးပြီ၊ သူတို့က မင်းကို လျစ်လျူရှုထားမယ် မထင်လေနဲ့၊ မင်းဟာ အဖြူရောင် သိုင်းသမားတွေနဲ့ကော ဒုစရိုက်လောကကို ချုပ်ကိုင်ထားတဲ့ သွေးဝိညာဉ်ဂိုဏ်းနဲ့ပါ ရင်ဆိုင်ရလိမ့်မယ်၊ မင်းအတွက် ဘာမဆို လိုအပ်သာနိုင်တယ်၊ ရော့...ရော့...ဆောင်ထား'

ပြောပြောဆိုဆို အဆိပ်ဖြေဆေးပုလင်းကလေးကို လက်ထဲ အတင်းထည့်ပေးရာ ယန်နွမ်း မတတ်သာဘဲ ယူထားလိုက်ရလေသည်။

သမားတော်က....

'ယန်နွမ်း ခုချိန်ကစပြီး သတိနဲ့နေပေတော့၊ သွေးဝိညာဉ်ဂိုဏ်း အရှိန်အဝါကြီးမားလာနေသလို အဖြူရောင် သိုင်းသမားတွေကလဲ ဒုစရိုက်သမားတွေကို ဖိဖိစီးစီး နှိပ်ကွပ်နေပြီ၊ မကြာခင်မှာ တရားဥပဒေကို လေးစားလိုက်နာသူတွေနဲ့ တရားမဲ့သူတွေ လိပ်ကိုက်ရင်ဆိုင်တွေ့ကြတော့မယ်၊ မမျှော်မှန်းနိုင်တဲ့ ဖြစ်ရပ်တွေ ဖြစ်ပေါ်လာလိမ့်မယ်၊ သတိမပြတ်ရှိနေမှ အသက်ရှင်နိုင်လိမ့်မယ်'

စကားဆုံးလျှင် ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်ပြီး...

'ကဲ...ငါသွားမယ်၊ ငါပြောခဲ့တဲ့စကားတွေကို ဘယ်တော့မှ မမေ့နဲ့'



ယန်နွမ်း စိတ်လှုပ်ရှားသွားလေသည်။

သမားတော်အား ဟန့်တားရန် ဟန်ပြင်ပြီးမှ တားဆီးဖို့ မသင့်မှန်း တွေးမိသဖြင့် ငြိမ်နေလိုက်သည်။

သမားတော်သည် ယန်နွမ်းအား နှုတ်ဆက်ကာ အရက်ဆိုင်ကလေးအတွင်းမှ တိတ်တဆိတ် ထွက်ခွာသွားလေတော့သည်။

....၀....

အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများသည် လမ်းမပေါ် ဝယ် ဥဒဟို သွားလာနေကြပေသည်။

ယန်နွမ်းနှင့် ချူးရှာတို့သည် ဟိုဟိုသည်သည် ငေးမော ကြည့်ရှုရင်း လျှောက်လာခဲ့ကြ၏။

တစ်နေရာသို့ အရောက်တွင် လမ်းဘေး တစ်နေရာမှ လူ တစ်ယောက်သည် သူတို့အား ပြုံး၍ကြည့်နေသည်ကို တွေ့မြင် လိုက်ရလေသည်။

ပထမဦးစွာ သတိပြုမိလိုက်သူမှာ ချူးရှာဖြစ်လေသည်။

ချူးရှာက ယန်နွမ်းအား လက်တုပ် သတိပေးလိုက်သည်။

'ယန်နွမ်း ဟိုလူကိုကြည့်စမ်း'

ယန်နွမ်း လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကိုမြင်လျှင်....

'ဟာ ငွေအိုးကြီးပါလား....'

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ချူးရှာက....

'သတိထား'

ဟု တိုးတိုး သတိပေးလိုက်၏။

ယန်ခွမ်း ပင့်သက်ရှိုက်လိုက်သည်။

'ငါတို့ မမြင်ချင်ဟန်ဆောင်ပြီး ထွက်သွားကြမယ်'

ဟု လေသံမျှဖြင့် ပြောကာ တစ်ဘက်သို့ ချာခနဲ လှည့်ထွက်သွား၏။ ချူးရှာကလည်း ထက်ကြပ်မကွာ လိုက်သွားလေ၏။

သူတို့နှစ်ယောက် ခြေလှမ်းလေးလှမ်းမျှသာ လှမ်းရပါသေးလေသည်။

ငွေအိုးကြီးသည် သူတို့ထံသို့ ခပ်သွက်သွက် လှမ်းလာပြီး....

'နဂါလေး ချူးရှာ မင်းတို့ကို ရှာလိုက်ရတာကွာ၊ ခုမှပဲ တွေ့ရတော့တယ်၊ ငါဖြင့် ဘယ်လိုဝမ်းသာသွားမှန်း မသိဘူး'

ဟု ပြောလာလေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့ ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့ပါချေ။

ခြေလှမ်းရပ်ကာ ငွေအိုးကြီးနှင့် မျက်နှာချင်း ဆိုင်လိုက်ကြလေသည်။

ငွေအိုးကြီး ရယ်မောလိုက်သည်။

'မင်းတို့ကိုတွေ့ရလို့ ဝမ်းသာလိုက်တာ၊ တစ်နေရာရာမှာ အေးအေးဆေးဆေးသွားပြီး စကားပြောကြရအောင်'



ယန်ခွမ်းက ရယ်မောခြင်း မရှိပါ။

ငွေအိုးကြီးအား တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးခြင်း မရှိသလို ခပ်စိမ်းစိမ်းကြည့်ရင်း....

'ကျုပ်တို့ကို ဒုက္ခမပေးချင်ပါနဲ့ဗျာ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ငွေအိုးကြီး သက်ပြင်းချလိုက်သည်။

'နဂါးလေး....ငါက မင်းရဲ့ကောင်ကျိုးအတွက် အစွမ်းကုန် ကြိုးစားခဲ့တဲ့ လူပါကွာ၊ ငါ့အပေါ် အထင်မမှားစေချင်ဘူး၊ ငါတို့နဲ့ ပြန်ပြီး လက်တွဲပါ၊ ခေါင်းနဂါးဂိုဏ်းဟာ မင်း စပြီး ထူထောင်လာတာမို့ မင်းပဲ ပြန်ပြီး ဦးဆောင်မှ ဖြစ်မယ်'

'ကျုပ်ပြောပြီးပါပြီ၊ ကျုပ်ကို ဒုက္ခမပေးပါနဲ့ဗျာ'

'နဂါးလေး....'

'ကျေးဇူးပြုပြီး ခင်ဗျား သွားပါတော့ဗျာ'

ယန်ခွမ်း၏လေသံ တဖြည်းဖြည်း ခက်ထန်လာလေသည်။

ငွေအိုးကြီး မျက်နှာပျက်သွား၏။

'ကောင်းပြီ၊ မင်းဟာ သွေးဝိညာဉ်ဂိုဏ်းကိုအာခံတဲ့အတွက် ဒုက္ခလှလှကြီး တွေ့ရလိမ့်မယ်၊ သွေးဝိညာဉ်ဂိုဏ်းချုပ်က မင်းအပေါ် ဒီလောက် သက်ညှာနေတာတောင် မင်းက ခေါင်းမာနေရင် ငါ့အပြစ်မရှိတော့ဘူးပေါ့'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်လေသည်။

ယန်ခွမ်း အံကြိတ်လိုက်၏။

ချူးရှာဘက်သို့ လှည့်ကာ....

'ချူးရှာ....'

www.burmeseclassic.com



'ဩော်....သူငယ်ချင်း'

'မင်းသွားဖို့ကောင်းပြီ'

'ဟော....'

'ငါနဲ့ ဆက်နေရင် မင်းပါ ဒုက္ခရောက်လိမ့်မယ်၊ ဒုက္ခရောက်ချိန်မှာ ထွက်သွားတာ အကောင်းဆုံးပဲ'

ယန်ခွမ်း၏ စကားအဆုံးတွင်....

'ဟား....ဟား....ဟား'

ဇူးရှ ကျယ်လောင်စွာ အော်ဟစ် ရယ်မောလိုက်လေသည်။

လမ်းသွားလမ်းလာများက သူ့အား အရူးတစ်ယောက်ဟု ထင်မှတ်ကာ ဝိုင်းကြည့်လာကြမည်ကိုပင် ဂရုမစိုက်ပါချေ။

ယန်ခွမ်းက သူ့အား စိုက်ကြည့်နေ၏။

ချူးရှာက အတန်ကြာ ရယ်မောပြီးမှ....

'ဘာလဲ.ဲ.ငါက မီးသွေးတုံးလို တွယ်တာစရာ ရှိနေပြီလို့ မင်းထင်နေသလား၊ ယန်ခွမ်း လောင်ချုံမြို့က လမ်းထွေမှာ ကျက်စားနေခဲ့တုန်းကတောင် ငါ ဘာမှ မဖြစ်ခဲ့သေးတာပဲ၊ ခုချိန်ရောက်မှ ဘာများ ဖြင်နိုင်ဦးတော့မှာလဲကွာ'

ဟု ပြောလေသည်။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'မင်း မသွားဘူးပေါ့'

'ဟုတ်တယ်၊ ငါမသွားဘူး၊ အခက်အခဲ ဒုက္ခကြုံတွေ့နေရတဲ့ အချိန်မှာ ပစ်ပြီး ထွက်သွားတာ မိတ်ဆွေသူငယ်ချင်းကောင်းမှု မဟုတ်တာ'

ယန်ခွမ်း ပြုံးလိုက်သည်။



'ကောင်းပြီ၊ မင်းမသွားရင် ငါသွားမယ်'

စကားဆုံးသည်နှင့် ချာခနဲ လှည့်ကာ ခပ်သွက်သွက် ထွက်သွားလေသည်။ ချူးရှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ယန်ခွမ်း....မင်း....မင်း....'

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်ပြီးမှ သတိဝင်လာပြီး ပြေးလိုက်သွားလေသည်။

ယန်ခွမ်းကား ပြန်လှည့်မကြည့်ဘဲ သုတ်သုတ်သွားနေ၏။

သို့တိုင် ပြေးလိုက်လာအညီ ချူးရှာမှာ ယန်ခွမ်းကို မီသွားလေသည်။

'ယန်ခွမ်း...မင်း ဘယ်လိုလုပ်လိုက်တာလဲကွ'

ဖြစ်တာစ် ပြောဆိုနေစဉ်မှာပင်....

'ခွပ် ခွပ်...ခွပ် ခွပ်'

မြင်းလှည်းတစ်စီးသည် သူတို့ထံသို့ ဦးတည် မောင်းနှင်လာနေသည်ကို တွေ့မြင်ရ၏။

အမှတ်တမဲ့ပို့ ယန်ခွမ်းနှင့် ချူးရှာတို့ လမ်းဖယ်ပေးရန် ဟန်ပြင်လိုက်ကြ၏။

သို့သော် မြင်းလှည်းမှာ မောင်းသူ ပါမလာသည်ကို သတိပြုမိလိုက်သည်နှင့် ရှေ့သို့ ခုန်ထွက်ကာ မြင်းဇက်ကြိုးကို ဖမ်းဆွဲရင်း ဟန့်တားလိုက်လေသည်။

'ဟော....ဟော'

'ရပ်လိုက်စမ်း'

ယန်ခွမ်းနှင့် ချူးရှာတို့၏ အော်ငေါက်သံကြောင့် မြင်းများ ရပ်တန့်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းရပ်ထားစဉ် မြင်းများသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် လန့်ဖျပ်ကာ ထွက်ပြေးလာပုံ ရသည်ဟု ထင်မှတ်မိကြသည်။

ထို့ကြောင့် နောက်မှလိုက်လာသူရှိလိုရှိငြားဟိုဟိုသည်သည် လှမ်းကြည့်လိုက်၏။

မြင်းလှည်းနောက်သို့ လိုက်လာသူဟူ၍ အရိပ်အယောင်မျှ မတွေ့ရချေ။

ယန်ခွမ်း မျက်မှောင်ကြုတ်သွား၏။

'ဘယ်လိုဖြစ်တာလဲ'

ဟူ၍ ညည်းညူလိုက်စဉ်မှာပင် ချူးရှာက....

'မြင်းလှည်းထဲမှာ လူရှိချင်ရှိနေမှာ'

'မြင်းလှည်းထဲမှာ လူရှိချင်ရှိနေမှာ'

ဟု ရင်းမြင်းလှည်းတံခါးကို ဆွဲဖွင့်လိုက်လေသည်။

မြင်းလှည်းတံခါး ပွင့်သွားသည်နှင့်....

'ဝုန်း ...'

အတွင်းဘက်မှ လူတစ်ယောက်ပြုတ်ကျလာလေသည်။

'သတိထား'

ယန်ခွမ်းနှင့် ချူးရှာတို့ကပျာကယာ နောက်သို့ခုန်ဆုတ်လိုက်ကြ၏။

မြင်းလှည်းအတွင်းမှ ထွက်ကျလာသူမှာ သက်ရှိလူသား တစ်ယောက်မဟုတ်တဲ့ အသက်ဝိညာဉ် ကင်းကွာနေပြီဖြစ်သည့် အလောင်းတစ်လောင်း ဖြစ်နေပေတော့သည်။

အလောင်းမှာ မြေပေါ်တွင် စန့်စန့်ကြီးရှိနေ၏။



ယန်ခွမ်းနှင့် ချူးရှာတို့သည် သေဆုံးနေသူ၏မျက်နှာကိုမြင် တွေ့လိုက်ရလျှင်....

'သမားတော်'

ဟု လွှတ်ခနဲရေရွတ်မိလိုက်ကြလေတော့သည်။

...o...

သမားတော်ကား သေဆုံးနေချေပြီ။

သူ၏ရင်ဝ၌ ဓားမြှောင်တစ်ချောင်း စိုက်ဝင်နေ၏။ ဓားမြှောင်ပေါ်၌ စာရွက်တစ်ရွက် ကပ်ထားလေသည်။

ယန်ခွမ်း မျက်နှာပျက်သွားလေသည်။

ချူးရှာက စာကိုအသံထွက် ဖတ်ကြည့်လိုက်၏။

'နဂါးလေးအတွက် သင်ခန်းစာ'

ဟု ရေးထားခြင်း ဖြစ်လေသည်။

'တောက်'

ယန်ခွမ်း တက်ခေါက်လိုက်၏။

ချူးရှာက....

'ဖြစ်မှ ဖြစ်ရလေတယ်ကွာ၊ ငါတို့နဲ့ လမ်းခွဲပြီးထွက်သွားတာ တာမှမကြာသေးဘူး၊ ငွေအိုးကြီးက လက်မြန်လှချည်လား'

'ချူးရှာ မင်းလဲသွားတော့'

www.burmeseclassic.com

www.burmeseclassic.com



'ငါမသွားဘူး'

'မင်း....'

'ငါဘယ်တော့မှ မသွားဘူးကွ'

ယန်ခွမ်းသည် ချူးရှာအပေါ် အံ့ဩသွားရလေသည်။ သူ့အတွက် မိတ်ဆွေကောင်းတစ်ယောက် ရရှိထားပြီ မဟုတ်ပါလား။

ချူးရှာက....

'ငွေအိုးကြီးက ငါတို့ကိုမျက်ခြည်မပြတ် စောင့်ကြည့်နေပုံရတယ်ကွ၊ ယန်ခွမ်း သတိထား၊ ခုချိန်မှာ ထိပ်တိုက်တွေ့လို့ မဖြစ်သေးဘူး၊ မီးသွေးတုံး ရှိသေးတယ်'

ဟု သတိပေးလေသည်။

မီးသွေးတုံးဟူသော အမည်ကြားလိုက်ရသည်နှင့် ယန်ခွမ်း၏ မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

ငွေအိုးကြီးသည် သူတို့အား မျက်ခြည်မပြတ် စောင့်ကြည့်နေသည်ဆိုပါလျှင် မီးသွေးတုံးအကြောင်းလည်း သိရှိနေပေလိမ့်မည်။

မီးသွေးတုံးသည် အိမ်ထောင်ရှင်တစ်ယောက်ဖြစ်နေချေပြီ။ သူ၏အေးချမ်းသာယာသော ဘဝအတွက် အစွမ်းကုန် ကာကွယ်စောင့်ရှောက်ပေးရန် မိမိတွင်တာဝန်ရှိနေပြီဟု ယန်ခွမ်းနားလည်မိ၏။

ငွေအိုးကြီးသည် မီးသွေးတုံးအား ဓားစာခံပြုလုပ်ကာ မိမိအားအကြပ်ကိုင်ရန်မကြံစားပါစေနှင့်ဟုကြိတ်ပြီးဆုတောင်းနေရလေတော့သည်။



ထိုအချိန်တွင် လမ်းသွားလမ်းလာများသည် သမားတော်၏ အလောင်းကိုတွေ့မြင်သွားကြပြီး စိတ်ဝင်စားစွာ ဝိုင်းကြည့်လာကြ၏။

တဖြည်းဖြည်း လူအုံလာလေသည်။ ဆက်၍ မနေသင့်တော့မှန်း ယန်ခွမ်းနားလည်လိုက်၏။

ထို့ကြောင့် ချူးရှာအား မျက်ရိပ်ပြကာ မသိမသာ ရှောင်ထွက်လာခဲ့ကြလေတော့သည်။

....ဝ....

လေပြင်းတစ်ချက် ဝေ့ယမ်းတိုက်ခတ်သွား၏။

ယန်ခွမ်း၏ အဝတ်အစားများ တဖျပ်ဖျပ် လှုပ်လွန့်သွားလေသည်။

ယန်ခွမ်းနှင့် ချူးရှာတို့သည် စကားမပြောဖြစ်ကြဘဲ နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် လှမ်းသွားနေကြ၏။

သူတို့၏မျက်လုံးထဲ၌ သမားတော်၏အလောင်းကိုမြင်ယောင်နေမိ၏။

သမားတော်ကား သူတို့အတွက် ဓားစာခံဖြစ်ခဲ့ရပေသည်။

ရုတ်တရက်....

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ခြေလှမ်းတုန့်ခနဲရပ်သွားပြီး....

'သွေးဝိညာဉ်ဂိုဏ်းက ငါ့ကိုစိန်ခေါ်လိုက်တာပဲ'

ဟု ရေရွတ်လိုက်၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ချူးရှာ လန့်ဖျပ်သွားသည်။

ယန်ခွမ်းအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

ယန်ခွမ်းသည် လမ်းပေါ်၌ ကျင်လည်ကျက်စားခဲ့စဉ်က မိမိအား အနိုင်ကျင့်လာသူများအပေါ် လက်တုန့်ပြန်ကာနီး၌ တွေ့ရသည့်အမူအရာမျိုး ယခုပြန်လည်တွေ့မြင်နေရပြီ ဖြစ်လေသည်။

သွေးဝိညာဉ်ဂိုဏ်းသည် သမားတော်အား သုတ်သင်လိုက်ခြင်းဖြင့် ယန်ခွမ်းအား သတိပေးလိုက်ခြင်း ဖြစ်ပေသည်။

ဒေါင်းနဂါးဂိုဏ်းသို့ ပြန်မလာပါက ဒုက္ခရောက်လိမ့်မည် ဟူသည့်သဘော ဖြစ်ပေသည်။

မည်သို့ဆိုစေ။ သမားတော်ခံလိုက်ရသည့်အတွက် ယန်ခွမ်းသည် သွေးဝိညာဉ်ဂိုဏ်းအား အငြိုးထားတော့မည်မှာ သေချာလှ၏။

ယန်ခွမ်းနှင့် သွေးဝိညာဉ်ဂိုဏ်းတို့ ထိပ်တိုက်တွေ့ကြပါလျှင်–

ချူးရှာ တွေးတောစဉ်းစားရင်း မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်လာလေသည်။

သမားတော် ပြောသွားသည့်စကားများ သွေးထွက်အောင် မှန်ကန်နေသည် မဟုတ်ပါလား။

'ချူးရှာ'



ယန်ခွမ်း၏ အော်သံကြောင့် ချူးရှာ သတိဝင်လာသည်။

ပတ်ဝန်းကျင်ကို ဖျပ်ခနဲ အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ သူတို့နှစ်ယောက်နှင့် မလှမ်းမကမ်းကတစ်ဆစ်ချိုး နေရာမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်လေသည်။

ချူးရှာက သက်ပြင်းရှိုက်လိုက်သည်။

သွေးဝိညာဉ်ဂိုဏ်းသည် ဒေါင်းနဂါးဂိုဏ်းသို့ ယန်ခွမ်း ပြန်လာရေးအတွက် ဖိအားပေးလာနေပြီ မဟုတ်ပါလား။

'မင်း နောက်ဆုတ်လိုက်'

ယန်ခွမ်းက ပြောလာပြန်သည်။

သူပြောသည့်အတိုင်းပင် ချူးရှာက နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်လိုက်သည်။

ယန်ခွမ်းကား မြေပေါ်၌ ခြေနှစ်ဘက်မြဲမြဲစွာရပ်လျက် လက်နှစ်ဘက်ကို တွဲလောင်းချထားလိုက်သည်။

ရုတ်တရက်ကြည့်လျှင် ဖြစ်သလိုရပ်နေသည် ထင်ရပေမည်။ သို့သော် ယန်ခွမ်းသည် ဘယ်သောအခါမှ ဖြစ်သလိုမနေတတ်မှန်း ရင်းနှီးသူအားလုံး အကြောင်းသိကြပေတော့သည်။

လမ်းတစ်ဆစ်ချိုးကွေ့မှ ထွက်လာသူမှာ သူတို့ထံသို့ဦးတည်ကာ တစ်လှမ်းချင်း လှမ်းလာနေပါ၏။

ထိုလူသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါး၌ ဓားတစ်လက် ချိတ်ဆွဲထားသည်။

သူ၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံဖြင့် ထိပ်တန်းသိုင်းသမား တစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ယန်ခွမ်းနှင့် ခြေသုံးလှမ်းမျှအကွာတွင် ခြေလှမ်းရပ်လိုက်သည်။

ယန်ခွမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'နဂါးလေးဆိုတာ မင်းလား'

ဟု မေးလာသည်။

ယန်ခွမ်းက....

'ကျုပ် ဘယ်သူမှန်းသိလျက်နဲ့ အပိုတွေ ပြောမနေပါနဲ့ဗျာ၊ ခင်ဗျားက စမလား၊ ဒါမှမဟုတ် ကျုပ်ကစရမလား'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

ထိုလူ ပြုံးလိုက်သည်။

'မင်းမဆိုးဘူး၊ ငါ့နာမည် မင်းကိုပြောပြမယ်၊ ဒါမှမင်းဟာ ဘယ်သူ့လက်ချက်နဲ့ သေရတယ်ဆိုတာ သိသွားနိုင်မှာ၊ လူတွေက ငါ့ကို အသက်ချွေ လူမမာလို့ပြောကြတယ်၊ ငါ့နာမည်အရင်းကတော့ ကျောင်းစုလေ့ပဲ'

'လက်စသပ်တော့ ခင်ဗျားကိုး'

ယန်ခွမ်းသည် ကျောင်းစုလေ့အား စိုက်ကြည့်လိုက်ပြီး....

'သမားတော်သေသွားတာ ဘယ်သူ့လက်ချက်လဲ'

ဟု မေးလိုက်သည်။

ကျောင်းစုလေ့ သဘောကျစွာ ရယ်မောလိုက်သည်။

'လူမမာနဲ့ သမားတော် တွေ့ကြုံဆုံခန်းတယ်ကွ၊ သမားတော်ဟာ လူမမာကြောင့် သေရတယ်ဆိုတော့ ရယ်စရာတော်တော်ကောင်းနေပြီ'

ယန်ခွမ်း ဒေါသ ထောင်းခနဲထွက်သွားသည်။



သမားတော်အား ရှင်းပစ်လိုက်သူမှာ ကျောင်းစုလေ့ဖြစ်ကြောင်း သိလိုက်ရပြီမဟုတ်ပါလား။

'ခင်ဗျားမှားသွားပြီ'

'ဘာကွ၊ ငါမှားတယ် ဟုတ်လား'

'ဟုတ်တယ်၊ သမားတော်ကို ရှင်းပစ်လိုက်တာ ခင်ဗျားရဲ့ မဟာအမှားပဲ'

စကားဆုံးလျှင် ယန်ခွမ်းသည် ရှေ့သို့ မြားတစ်စင်းပမာ ခုန်ထွက်သွားကာ ကျောင်းစုလေ့၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်သည်။

ကျောင်းစုလေ့မှာလည်း ခေသူမဟုတ်ပါ။

ခါးမှဓားကိုဆွဲထုတ်ကာ ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်လေသည်။

ယန်ခွမ်းသည် နဂါးလေးဟူသောအမည်ဖြင့် ထင်ရှားလာသည်မှာ အကြောင်းမဲ့သက်သက်မဟုတ်ပါ။

ထိုနည်းတူ ကျောင်းစုလေ့ နာမည်ကြီးနေသည်မှာလည်း အကြောင်းရှိပေသည်။

ယန်ခွမ်းသည် သိုင်းပညာ လုံးဝမတတ်သော်လည်း သူ၏ လက်သီးမှာ အားမာန်ပါလှပြီး နွားရိုင်းတစ်ကောင်ကို ပစ်လဲကျသွားအောင် ထိုးနိုင်စွမ်းရှိပေသည်။

ကျောင်းစုလေ့သည်လည်း ဓားပါးတစ်လက်ဖြင့် မြိုင်ဘက်၏ ဇီဝိန်ကို ချွေပစ်ခဲ့သည်ချည့်ပင်။

ယခု သူတို့နှင့်ယောက် ထိပ်တိုက် ရင်ဆိုင်လိုက်ကြပြီဖြစ်လေသည်။

www.burmeseclassic.com

နှစ်ယောက်သား လူချင်းပူးကပ်မိသည်နှင့်....
'ဝုန်း....'
'အား....'
စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။
ကျော့ခင်းစုံလှေကော ယန်ခွမ်းပေါ်အောင်ဟစ်ညည်းညူလိုက်ကြပြီး နှစ်ယောက်စလုံး မြေပေါ် ဘိုင်းခနဲတိုင်းခနဲ လဲကျသွားသည်။
ချူးရှာ မျက်လုံးပြူးသွားသည်။
ယန်ခွမ်းဆီပြေးသွားရန် ဟန်ပြင်လိုက်၏။
ထိုစဉ်မှာပင် လမ်းတစ်ဆစ်ချိုးကွေ့မှ အဖိုးတန် ဇီရှိမြင်းလှည်းတစ်စီး ထွက်ပေါ်လာပြီး သူတို့ထံဦးတည်မောင်းနှင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဒုတိယပိုင်း ပြီး၏။
တတိယပိုင်းဇာတ်သိမ်းကို ဆက်လက်ဖတ်ရှုပါရန်။

ဗဏ္ဏအောင်

www.burmeseclassic.com